Inya
Economics

ပင်အပ်မှသည် ကိုယ်ပိုင်စီးစစ်ရေးအမှတ် အထိ
အရင်းရှင်စနစ်ရဲ့ သမိုင်းအကျဉ်းချုပ်။ စာ -

မညီမျှမှု၏ သမိုင်း၊ ကျေးကျွန်
လူ့အဖွဲ့အစည်းများ။ စာ -

# Economic Readings

2026
JAN

## in Burmese Language

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) အတွဲ (၂) ၊ စာစဉ် (၁)

**စီးပွားရေးမူဝါဒ၏**
**မူလဘူတ အခြေခံဥပဒေ**
**(အစိုးရစီးပွားရေးမူဝါဒသည်**
**နိုင်ငံတော်အခြေခံဥပဒေမှ**
**ပေါက်ဖွားလာသည်။)** စာ -



Inya Economics

# Economic Readings in Burmese Language

EEP

ERBL. Volume (2). Issue (1). January 2026

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)၊ အတွဲ (၂) ၊ စာစဉ် (၁) ဇန်နဝါရီ၊ ၂၀၂၆

## မာတိကာ စာမျက်နှာ

၁။ ဥယျောဇဉ် ........ ၁

၂။ စီးပွားရေးမူဝါဒ၏ မူလဘူတ အခြေခံဥပဒေ ........ ၃
(အစိုးရစီးပွားရေးမူဝါဒသည် နိုင်ငံတော်အခြေခံဥပဒေမှ ပေါက်ဖွားလာသည်။) (ကိုညာဏ)

၃။ ပင်အပ် (Pin) မှသည် ကိုယ်ပိုင်စီစစ်ရေးအမှတ် (Personal Information Number – PIN) အထိ ........ ၂၀
အရင်းရှင်စနစ်ရဲ့ သမိုင်းအကျဉ်းချုပ် (ထွန်းနောင်)

၄။ မညီမျှမှု၏ သမိုင်း၊ ကျေးကျွန် လူ့အဖွဲ့အစည်းများ (မောင်လူအေး) ........ ၈၈

# ဥယျာဇဉ်

EEP

စာဖတ်သူများခင်ဗျာ....

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပါပြီ။

နှစ်သစ်တွင် အသွင်သစ်ဖြင့် ကျွန်တော်တို့ ဝိုင်းတော်သားများ ကြိုးစားထုတ်ဝေလိုက်ကြပါ၏။

ခရစ်နှစ် ၂၀၂၆ခု၏ ပထမဆုံးစာစောင်တွင် ဘာသာပြန်ဆောင်းပါး သုံးပုဒ် ပါရှိပါသည်။ ပထမဆောင်းပါးမှာ ပါမောက္ခ ဂျိန်းဘူခါနန်၏ ဘောဂဗေဒသိပ္ပံဆိုင်ရာ နိုဘယ်ဆုအတွက် သူ၏ အစိုးရရွေးချယ်မှုသီဝရီအကြောင်း ပို့ချချက် ဖြစ်ပါသည်။ သီဝရီအသစ်ဆိုင်ရာ တိုက်ရိုက်ပို့ချချက် ဖြစ်သည့်အတွက် ဘာသာပြန်သူသည် သေချာပေါက် အခက်အခဲ တွေ့ခဲ့ပါလိမ့်မည်။ စာဖတ်သူများ၏ ဉာဏ်နှင့် ဝီရိယအား ယုံကြည်လေးစားစွာဖြင့် ပါမောက္ခဘူခါနန်၏ စာပေပို့ချချက်ကို အဆင့်မလျှော့ချဘဲ ဘာသာပြန်ဆိုခဲ့သည်ဟု ဆိုပါသည်။ ကျွန်တော့် အမြင်အရ ထိုဆောင်းပါးနှင့် သီဝရီ၏ ထူးခြားချက်များစွာ ရှိပါသည်။ ထူးခြားချက်များစွာ အနက် မှတ်မှတ် ထင်ထင် ဖြစ်သည်ဟုပင် ဆိုဆို၊ နှလုံးသားနှင့် လှုပ်ခါယမ်းနိုင်ခဲ့သည့် အချက်၂ချက် ရှိပါသည်။ ပထမအချက်မှာ သာမန်ပြည်သူတစ်ဦးချင်း ကြုံတွေ့ရသော အခက်အခဲနှင့် ပြဿနာများကို သာမန်ပြည်သူတစ်ဦးချင်းထက် မည်သည့် ပညာရှင်ကသော်လည်းကောင်း၊ မည်သည့် နိုင်ငံရေးကိုယ်စားလှယ်ကသော်လည်းကောင်း ပို၍ မသိနိုင်ပါ။ ဒုတိယအချက်မှာ သီဝရီ၏ ပန်းတိုင်သည် အာဏာပိုင်သူများကို အာဏာကန့်သတ်နိုင်ရန် ရည်ရွယ်လျက် အခြေခံဥပဒေများကို ပြောင်းလဲနိုင်သော စည်းမျဉ်းများအဖြစ် သတ်မှတ်ရေး ဖြစ်ပါသည်။ အဆိုပါအချက်မှာ ဘရန်နန်၊ ဘူခါနန် ရေးသားချက်များတွင် အခြေခံဥပဒေရေးမပြီးခင်အခြေအနေ အဖြစ် ယူဆရန် ရဲရဲ တင်းတင်း ဖော်ပြသည်ကိုပင် တွေ့ရပေမည်။ မြန်မာပြည်အတွက် ကောင်းစွာ အကျိုးရှိစေမည့် ပို့ချချက် ဖြစ်သည်ဟု မိမိ အတ္တနောမတိဖြင့် ယူဆမိပါသည်။

Copyright © 2026. Economic Education Program, Inya Economics.

ကိုထွန်းနောင်၏ ဘာသာပြန်ဆိုမှုသည်လည်းကောင်း၊ မောင်လူအေး၏ ဘာသာပြန်ဆိုမှုသည် လည်းကောင်း ဆောင်းပါးနှစ်ခုစလုံးသည် ကမ္ဘာ့စီးပွားရေးသမိုင်းကို ဝေဖန်သုံးသပ်ကြခြင်း ဖြစ်ပါသည်။ မြင်နိုင်စွမ်းသလောက် မြင်ခဲ့ရသောသမိုင်းကလည်းကောင်း၊ ထိုသမိုင်းအပေါ် နားလည်မှုကလည်းကောင်း ယနေ့၏ ကျွန်တော်တို့နှင့် အနာဂတ်ကာလ၏ ကျွန်တော်တို့ကို မွေးထုတ်ပေးရာ ဘောဂဗေဒသမိုင်း ဆောင်းပါးများသည် အကျိုးထူးပြီး ယနေ့ခေတ်ကဲ့သို့ နိုင်ငံတကာတက္ကသိုလ်အများစုတွင် ဘောဂဗေဒသမိုင်း မသင်ကြားကြချိန်ဝယ် ဘောဂဗေဒ လေ့လာသူများအတွက် ကွက်လပ်ကြီး ဖြည့်ဆည်းပေးနိုင်သည့်အတွက် ဝမ်းမြောက်မိပါသည်။

အားကောင်းချက်များအတွက် ဝမ်းမြောက်လင့်ကစား အားနည်းချက်များအတွက်လည်း ကျွန်တော်တို့ ပိုမို ကြိုးစားရပါဦးမည်။

အစပိုင်း နိဒါန်းချီသလိုပင် …
စာဖတ်ပရိသတ်များခင်ဗျာ.. နှစ်သစ်ရောက်ပါပြီ။
“ဇေယျတု သဗ္ဗမင်္ဂလံ။”
“သမဂ္ဂနံ တပေါ သုခေါ။”

သန်းထွန်း
ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)
ဘောဂဗေဒပညာရေးပရိုဂရမ်

Copyright © 2026. Economic Education Program, Inya Economics.

# စီးပွားရေးမူဝါဒ၏ မူလဘူတ အခြေခံဥပဒေ

## (အစိုးရစီးပွားရေးမူဝါဒသည် နိုင်ငံတော်အခြေခံဥပဒေမှ ပေါက်ဖွားလာသည်။)

The Constitution of Economic Policy

Nobel Prize Lecture of Professor James Buchanan

For Public Choice Theory

**ဘာသာပြန်သူ - ကိုညာဏ**

## နိဒါန်း

ပြည်သူ့ဘဏ္ဍာရေးဘာသာရပ်တွင် နိုင်ငံရေးအခြေအနေများကို အမြဲတစေ ရှင်းရှင်းလင်းလင်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ လွန်လေပြီးသော နှစ်ပေါင်းများစွာက နိုင်ငံရေးဒဿနများအပေါ် အခြေခံထားသည့် သမရိုးကျ အခွန်စည်းကြပ်ကောက်ခံရေး အခြေခံမှုများအစား ဖွံ့ဖြိုးတိုးတက်စေရန် စိတ်ရှည်သန်ကာ မသိနားမလည် ကြသေးသောကြောင့် ဆန်းဆန်းကြယ်ကြယ် တည်ခံနေသည့် အတားအဆီးများကို ဖြိုခွင်းသင့်၊ အဖြေထုတ်သင့်ပါသည်။

ဆွီဒင်ဘောဂဗေဒပညာရှင် ကေနူးဝစ်ဆယ်လ်၏ အတွေးအခေါ်များသည် ကျွန်ုပ်၏ စာပေလက်ရာများအပေါ်တွင် များစွာ လွှမ်းမိုးပါသည်။ အနီှုပုဂ္ဂိုလ်ကြီး၏ အတွေးအခေါ်များ မပါလျှင် ကျွန်ုပ်သည် ဤစာပေလက်ရာများကို ရေးသားနိုင်မည် မဟုတ်ပါ။ ကျွန်ုပ် ယခုစင်မြင့်ပေါ်သို့ ရောက်လာရခြင်းအတွက် အနီှုပုဂ္ဂိုလ်ကြီး၏ ကျေးဇူး အထူးကြီးမားပါသည်။ ကျွန်ုပ်၏ စာပေလက်ရာများ အထူးသဖြင့် နိုင်ငံရေးဘောဂဗေဒနှင့် အစိုးရဘဏ္ဍာရေး သီဝရီများသည် အနီှုပုဂ္ဂိုလ်ကြီး ဖော်ထုတ်ဆင်ခြင်ခဲ့သည့် အကြောင်းခြင်းရာများအား အခြေအနေအရပ်ရပ်များ အတွက် ဆီလျော်အောင် (မူလပါရမီဆယ်ပါးကို အပြားသုံးဆယ်ပြုကာ) ပြန်လည်ရေးသားခြင်းများ၊ ဖွင့်ဆို ရှင်းပြရေးသားခြင်းများ၊ ချဲ့ထွင်ရေးသားခြင်းများသာ ဖြစ်ချေသည်။ ယခုကျွန်ုပ်၏ ပို့ချချက်သည်ပင် မူလပင်ရင်းသည် အနီှုပုဂ္ဂိုလ်ကြီး အတွေးနှင့် သူ့အရေးများသာ ဖြစ်ပေသည်။

ကေနူးဝစ်ဆယ်လ်၏ လူမသိသူမသိ *Finanztheoretische Untersuchungen* ကျမ်းကို ရှီကာဂိုမြို့ ဟာပါစာကြည့်တိုက်ဟောင်း၏ ဖုန်ထူထူ ချောင်တစ်နေရာတွင် ၁၉၄၈ခုဌ် ကျွန်ုပ် ရှာတွေ့ခဲ့ပါ၏။ ကျွန်တော်



Copyright © 2026. Economic Education Program, Inya Economics.

ပါရဂူကျမ်း ရေးအပြီး ပညာရပ်လောက ဝင်ရောက်ကာစ အချိန်အားလပ်သဖြင့် အကြောင်းအရာတစ်ခုကို စိတ်အေးလက်အေး စိမ်ပြေနပြေ လေ့လာသင်ယူနိုင်ချိန်မျိုးတွင် အဆိုပါကျမ်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဝစ်ဆယ်လ်ရဲ့ အခွန်စည်းကြပ်ရေးတွင် မျှမျှတတဖြစ်စေရေး အခြေခံမူအသစ်တွေက ကျွန်တော့်ကို ယုံကြည်မှု တိုးစေခဲ့ပါသည်။ (ဆိုလိုသည်မှာ ဝစ်ဆယ်လ်နှင့် ဆင်တူသော အမြင်များသည် ဘူခါနန်တွင် နဂိုကပင် ရှိခဲ့သော်လည်း မပြောရဲ မဆိုရဲ မထုတ်ဖော်ရဲ ဖြစ်နေရာမှ ဝစ်ဆယ်လ်လို ပုဂ္ဂိုလ်ကြီးက ကျမ်းထဲတွင် တခုတ်တရ အတိအလင်း ရေးသားထားသည်ကို သူ့အတွေးများသည် သူတစ်ယောက်တည်း၏ အတွေးများမဟုတ်၊ ပညာရပ် စာပေတွင် တင်ကြို အခြေခံတည်ဆောက်ပေးသူ ရှိပြီး ဖြစ်ကြောင်း ဖတ်ရ၊ သိရလို့ ဘူခါနန် ဝမ်းမြောက် သွားပါသည်။) ပြည်သူ့ဘဏ္ဍာရေးသီဝရီတွင် ရှေးဦးမဆွကတည်းက လက်ခံ ယုံကြည်ထားကြသည် များကို ဝစ်ဆယ်လ်က စိန်ခေါ်လိုက်ပါသည်။ အခြေခံယူဆချက်များ ပြောင်းလဲသင့်နေပြီ ဆိုသော ကျွန်တော့် အမြင်နဲ့ များစွာ ကိုက်ညီနေပါသည်။ ဝစ်ဆယ်လ်၏ ပညာရပ်အမြင်များကို လူအများက သိရှိနားလည် သင့်ပါသည်။ ပုဂ္ဂိုလ်ကြီး၏ ပညာရပ်အမြင်များကို လူအများ ဖတ်ရှုလေ့လာနိုင်ရန် ကျွန်တော် ဘာသာပြန်ဆိုဖို့ ချက်ချင်း ဆုံးဖြတ်ခဲ့ပါသည်။ တစ်ယောက်တည်း မနိုင်သည့်အတွက် အဲလီဇဘတ်ဟန်ဒါဆန်ကို အကူအညီတောင်း ခဲ့ရပါသည်။

ဝစ်ဆယ်လ်၏ ပညာရပ်အမြင်များသည် သက်သေပြစရာ မလိုလောက်အောင် ဖတ်လိုက်တာနှင့် ရှင်းရှင်း လင်းလင်း နားလည်နိုင်ပြီး အခြေခံကျပါသည်။ ဝစ်ဆယ်လ်၏ ပညာရပ်အမြင်များကို ကိုင်စွဲပြီး ပြည်သူ့ ဘဏ္ဍာရေးသီဝရီများ၏ အကောက်အယူဟောင်းများကို စိန်ခေါ်နိုင်ရန် သတ္တိရှိလာပါသည်။ အမှန်အကန် သစ္စာတရားများကို တွေ့ရှိကိုင်ဆွဲပြီးနောက် မမှန်ကန်မှုကို ရင်ဆိုင်ပြုပြင်နိုင်ရန် ရဲရင့်လာခဲ့ပါသည်။

ဘောဂဗေဒပညာရှင်များသည် နိုင်ငံရေးအခြေအနေကို ထည့်သွင်းစဉ်းစားပြီးမှ တိုင်းပြည်အုပ်ချုပ်သူများအား အကြံဉာဏ် ပေးသင့်ပါသည်။ နိုင်ငံရေးအခြေအနေကို ဖယ်ခွာ စဉ်းစားပြီး ပညာရပ်ပိုင်းနှင့် တိုင်းတာမှု အပိုင်းကိုသာ အခြေပြုသော မူဝါဒ အကြံပေးချက်များသည် ပြဿနာ ရှိနိုင်ပါသည်။ နိုင်ငံရေးအခြေအနေကို ကြည့်သည် ဆိုရာဝယ် နိုင်ငံရေးဆုံးဖြတ်ချက်များကို မွေးထုတ်နေသည့် နိုင်ငံရေးစနစ်တည်ဆောက်ပုံကို ကြည့်ရန် ဆိုလိုပါသည်။ မိတ်ဆွေ ဘောဂဗေဒပညာရှင်များကို နိုင်ငံရေးစနစ်တည်ဆောက်ပုံကို ကြည့်ရန် ထည့်သွင်းစဉ်းစားရန် ကျွန်တော် ဆောင်းပါးများ ရေးသားပြီး ရှင်းပြ တိုက်တွန်းခဲ့ပါသည်။ နိုင်ငံရေးစနစ် တည်ဆောက်ပုံကို မည်သည့်အရာက သတ်မှတ်ပြဋ္ဌာန်းပါသနည်း။ နိုင်ငံတော်အခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်း ပါသည်။ စီးပွားရေးမူဝါဒ လုပ်ခွင်များ၊ အကန့်အသတ်များကို မည်သည့်အရာများ သတ်မှတ်ပြဋ္ဌာန်းပါသနည်း။ နိုင်ငံတော်အခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းပါသည်။ မူဝါဒချမှတ်နိုင်သည့် စီးပွားရေးရော၊ နိုင်ငံရေးရော



Copyright © 2026. Economic Education Program, Inya Economics.

အရေးကြီးနှစ်ရေးစလုံး၏ မူလဘူတသည် နိုင်ငံတော်အခြေခံဥပဒေမှ ဆင်းသက်လာသည်။ အဆိုပါသဘောတရားကို မြင်အောင် ကြည့်နိုင်ရန် အရေးကြီးပါသည်။ နိုင်ငံရေး၊ စီးပွားရေးတို့၏ မူလဘူတ နိုင်ငံတော်အခြေခံဥပဒေကို ကြည့်ရန်ဆိုသည်မှာ ချမှတ်ထားသော စည်းမျဉ်းများကို စစ်ဆေးရန်ကို ဆိုလိုပါသည်။ အဆိုပါစည်းမျဉ်းများသည် နိုင်ငံရေးလုပ်ပိုင်ခွင့်ရှိသူများ အဘယ်ကဲ့သို့ လုပ်ကိုင်နိုင်သည်ကို ကန့်သတ်ပေးပါသည်။ ပညာရှင်ကြီးဝစ်ဆယ်လ်လိုပင် ကျွန်တော်သည်လည်း သိပ္ပံနည်းကျ သက်သေပြခြင်းထက် စံတန်ဖိုးများကို ပိုမိုအလေးထားကာ ယင်းသည်ပင် ကျွန်တော့်၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ မူဝါဒဆေးညွှန်းများ မဖော်ထုတ်ခင် လူတစ်ဦးချင်းနှင့် နိုင်ငံတော်အကြား ဆက်ဆံရေးတွင် ကျွန်တော်သည် ရှေးရိုးစွဲဘောဂဗေဒအသွင်ကို ဖယ်ခွာထုတ်ရန် ရှေးရှုပါသည်။

ဝစ်ဆယ်လ်သည် (အစိုးရများ၏ အပြုအမူကို ရှင်းပြနိုင်သော) ခေတ်သစ် အစိုးရရွေးချယ်မှုသီဝရီ[1] ၏ အရေးကြီးဆုံး ရှေ့ဆောင်ပုဂ္ဂိုလ်ကြီး ဟူသော ဂုဏ်ပုဒ်နှင့် သေချာပေါက် ထိုက်တန်ပါသည်။ “တစ်ကိုယ်ရည်ပုဂ္ဂလဝါဒကို နည်းလမ်းတကျ သတ်မှတ်ခြင်း”၊ “ဘောဂဗေဒနည်းကျ ကျိုးကြောင်းနည်းလမ်းကျသော လူသားများ”၊ “နိုင်ငံရေး ဟူသည် လဲလှယ်/ဖလှယ်မှုတစ်မျိုးပင် ဖြစ်သည်” ဟူသော အချက်များသည် ခေတ်သစ်အစိုးရရွေးချယ်မှုသီဝရီ၏ အဓိကအစိတ်အပိုင်း သုံးခု ဖြစ်ပါသည်။ အဆိုပါ အစိတ်အပိုင်းသုံးခုစလုံးကို ဝစ်ဆယ်လ်၏ ၁၈၉၆ခုထုတ် ပါရဂူကျမ်းတွင် ကျွန်တော်တို့ တွေ့ရှိရပါသည်။ အဆိုပါ အစိတ်အပိုင်းများအကြောင်း နောက်ပိုင်းတွင် အကျယ်တဝင့် ဆွေးနွေးပါဦးမည်။ အဆိုပါ သဘောတရားသုံးခုစလုံးသည် အနောက်တိုင်း လစ်ဘရယ် လူ့အဖွဲ့အစည်း၏ သမိုင်းနှင့်ချီ စွဲမြဲစွာ ဆုပ်ကိုင်ထားသော စံတန်ဖိုးများ ဖြစ်ပါသည်။ အနှီပုဂ္ဂိုလ်ကြီး၏ ကြိုးစားအားထုတ်မှုများသည် ပညာရပ်နယ်ပယ်တွင် ကျော်ရှဲမရသော အထင်ကရလက်ရာများအဖြစ် မော်ကွန်းဝင်နေသော်လည်း ဥပဒေများ၊ အခြေခံဥပဒေများ ပြုပြင်ပြောင်းလဲရေးတွင်မတော့ မပြောင်းမလဲ မယိုင်မလဲ အတည်ဆိုးဖြင့် တည်ခံနေသည်ကို တွေ့ရပေမည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် နိုင်ငံတော်များအကြား ဆက်ဆံရေးသည် နိုင်ငံရေးဒဿနိကနယ်ပယ်တွင် တည်ရှိပါသည်။ အဆိုပါဆက်ဆံရေးအပေါ် ဘောဂဗေဒပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများသည် ပုဂ္ဂလ-နိုင်ငံတော် ဆက်ဆံရေး ပညာရပ်အငြင်းအခုံကို ပိုမိုကျယ်ပြန့်လာစေပါမည်။

[1] အများစုက Public Choice Theory ကို အများပြည်သူရွေးချယ်မှုသီဝရီ၊ လူထုရွေးချယ်မှုသီဝရီ ဟု အလွယ် ဘာသာပြန်ကြပါသည်။ တကယ်ဆိုလျှင် လူထုသည် မူဝါဒများကို တိုက်ရိုက်အမြဲ ရွေးချယ်ခွင့် မရခြင်း၊ သီဝရီကိုယ်တိုင်က ရှင်းပြလိုရင်း အုပ်ချုပ်သူများ အပြုအမူ သို့မဟုတ် အစိုးရများ အပြုအမူကို ညွှန်းဆိုနေခြင်း၊ Public Finance ဆိုတာကိုယ်၌က အစိုးရဘဏ္ဍာရေးကို ထင်ရှားစွာ ညွှန်းဆိုနေခြင်း၊ အဆိုပါ အချက်သုံးချက်ကို ထောက်ထား/ထောက်ရှုလျက် Public Choice Theory ကို အစိုးရရွေးချယ်မှုသီဝရီလို့ ဗမာဘာသာဖြင့် ဝိဂြိုဟ်ပြုလိုက်ရပါသည်။ အဆိုပါဝိဂြိုဟ်ပြုချက်သည် MEA ထုတ် ဆောင်းပါးများပါ ဘာသာပြန်ချက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။

Copyright © 2026. Economic Education Program, Inya Economics.

## တစ်ကိုယ်ရည် ပုဂ္ဂလဝါဒကို နည်းလမ်းတကျ သတ်မှတ်ခြင်း

**လူ့အဖွဲ့အစည်းတစ်ခုတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင် ပုဂ္ဂိုလ်တစ်ဦး၏ စိတ်ကျေနပ်မှုသည် သုည ဖြစ်နေပါက အဆိုပါ လူ့အသိုက်အမြုံ၏ စုစုပေါင်း စိတ်ကျေနပ်မှုသည်လည်း သုညအပြင် အခြားဖြစ်နိုင်စရာ မရှိပါချေ။ (ဝစ်ဆယ်လ်, စာ၇၇)**

ဘောဂဗေဒပညာရှင်တစ်ဦးသည် သူလုပ်ကိုင်နေသော မိုဒယ်များ၏ တင်ကြိုယူဆချက်များကို ရှင်းပြခဲ့ပါသည်။ ဘောဂဗေဒသမားများသည် လူပုဂ္ဂိုလ်တစ်ဦး ဆိုရာဝယ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတိုင်းကို အကျိုးရလဒ်များကို ကောင်းစွာ အကဲဖြတ်နိုင်သော၊ ရွေးချယ်နိုင်သော၊ လုပ်ကိုင်ဆောင်ရွက်နိုင်သော လူပုဂ္ဂိုလ်များအဖြစ် ရိုးရှင်းစွာ ယူဆလက်ခံလိုက်ကြပါသည်။ ကောင်းစွာ ရွေးချယ်လုပ်ကိုင်နိုင်သည် ဆိုရာဝယ် မည်ကဲ့သို့သော ပတ်ဝန်းကျင် အခြေအနေမျိုးတွင် အခြားရွေးချယ်စရာမှ ရွေးချယ်စရာတစ်ခု မည်ကဲ့သို့ (ဘယ်လို) ရွေးချယ်လုပ်ကိုင်သွားသည် ဆိုသည့် ဖြစ်စဉ်မှာ အမှန်ပင် ရှုပ်ထွေးပွေလီပါသည်။ ဖြစ်တန်ချေရှိသော ရှုပ်ထွေးပွေလီမှုများနှင့် စည်းမျဉ်းဥပဒေ တည်ဆောက်ပုံတို့ကို မစဉ်းစားဘဲ (ဝါ) အရေးပါမှုကို လျော့ချစဉ်းစားပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရွေးချယ်မှုများကိုသာ ဘောဂဗေဒသမားများက အလေးထား စဉ်းစားပါသည်။ ဈေးကွက်ယန္တရားနှင့် ပုဂ္ဂလိကကဏ္ဍ အပြန်အလှန် သက်ရောက်မှုများတွင် ဖြစ်စဉ်၏ ရှုပ်ထွေးပွေလီမှုများသည် စိန်ခေါ်နိုင်လောက်အောင် မကြီးမားပါ။ ရောင်းသူများနှင့် ဝယ်သူများအကြား ဥပဒေက ခွင့်ပြုထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ လဲလှယ်/ဖလှယ်ခြင်းသည် ၎င်းတို့ကိုယ်တိုင်၏ ဆန္ဒကို ကျော်လွန်ပြီး တစ်စုံတစ်ဦး သို့မဟုတ် သတ်မှတ်ထားသော ဥပဒေများကို လိုက်နာစရာ မလိုအပ်။ အဆိုပါ ဖြစ်စဉ်မျိုးတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် အကဲဖြတ်စစ်ဆေးခြင်းများ၏ ရင်းမြစ်များ ဖြစ်ပါသည်။ သို့သော် အချို့ဖြစ်စဉ်များတွင် စစ်ဆေးဖော်ထုတ်ထားခြင်း မရှိသေးသော ဦးစားပေးမှုများ ပေါ်ပေါက်လာသောအခါ၊ ပါဝင်လာသောအခါ ဖြစ်စဉ်သည် ရှုပ်ထွေးပွေလီလာပြီး ဘောဂဗေဒသမားများသည် အဆိုပါဖြစ်စဉ်များကို ရှင်းပြရန်နှင့် ဖြေရှင်းပေးရန် သေချာပေါက် တာဝန်ရှိလာပါသည်။

စည်းမျဉ်းမူဘောင်တစ်ခုအတွင်း လူပုဂ္ဂိုလ်အချင်းချင်း ဆန္ဒအလျောက် ကုန်စည်များအား လဲလှယ်/ဖလှယ်ကြသည်ကို ၁၈ရာစုတွင် ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ယင်းဖြစ်စဉ်သည် အပေါင်းလက္ခဏာဆောင်သော ရလဒ်များကို ဆောင်ကျဉ်းပေးခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များကို “ဘောဂဗေဒ” ဆိုသော ခေါင်းစဉ်အောက်တွင် ပညာရပ်အနေဖြင့် စတင် လေ့လာလာခဲ့ကြပါသည်။ ဈေးကွက်ကို လုပ်ငန်းသဘောအဓိပ္ပာယ်ကောက်ယူကြပြီး စီးပွားရေးအဆောက်အအုံဟု ခေါ်ဆိုသောအခါ တန်ဖိုးကို ရနိုင်သမျှ အမြင့်ဆုံးဆွဲတင်မည် ဆိုသည့် ရည်ရွယ်ချက်နဲ့ သုံးစွဲကြပါသည်။ အဆိုပါအခြေအနေတွင် အပေါင်းလက္ခဏာဆောင်သော ဈေးကွက်ဖြစ်စဉ်နှင့် စည်းမျဉ်းမူဘောင်များ၏ ဝိသေသလက္ခဏာဖြစ်စဉ်များသည် တိတိကျကျ ခွဲခြား



Copyright © 2026. Economic Education Program, Inya Economics.

မရတော့ပါချေ။ ဤတွင် အရင်းအမြစ် ခွဲဝေသုံးစွဲရာတွင် လိုအပ်သော ထိရောက်မှုဆိုသည်ကို လူပုဂ္ဂိုလ်များ တစ်ဦးချင်း ရွေးချယ်မှုဖြစ်စဉ်မှ သီးခြားလွတ်လပ်သွားအောင် ဆွဲထုတ်ယူလိုက်ကြတော့သည်။

အစောက အနက်အဓိပ္ပာယ် ဖော်ထုတ်သုံးသပ်ခြင်းက နိုင်ငံရေးဘာသာတွေမှာ သုံးနေကြ ဖြစ်လို့ မဆန်း သော်လည်း ဘောဂဗေဒမှာတော့ ခပ်ဆန်းဆန်း ဖြစ်နေနိုင်ပါသည်။ နိုင်ငံရေးနှင့် နိုင်ငံရေးဒဿနိကဗေဒတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလုပ်ကိုင်နေကြသည်မှာ ရာစုနှစ်ချီ ရှိနေပါပြီ။ "နိုင်ငံရေးအဆောက်အအုံ"နှင့် "စီးပွားရေးအဆောက်အအုံ" ဟူသည် တန်းညီ၊ ဘက်ညီသော အပြန်အလှန်အားဖြည့်ပေးနိုင်သည့် စကားလုံးများ ဖြစ်သည်ဟု အလွယ် ကောက်ချက်ချချင်စရာ ရှိပါသည်။ သေချာစီစစ် အကဲဖြတ်လိုက်သောအခါ "စီးပွားရေး အဆောက်အအုံ"ဆိုသည့် စကားလုံးတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း ရွေးချယ်မှုဆိုသည်ကို ဖြစ်စဉ်များ ဖယ်ရှား ထားပြီး တန်ဖိုးကို အမြင့်ဆုံး ဆွဲတင်မည်ဆိုသော ရည်မှန်းချက်သာ မင်းမူနေပါသည်။ ဆွဲတင်လိုသော အမြင့်ဆုံးတန်ဖိုးသို့ ရောက်အောင် မည်သို့ ဖြစ်ပေါ်လာမည်ဆိုသည်ကို ချန်လှပ်ခဲ့ခြင်းကြောင့် ဈေးကွက်မှသည် နိုင်ငံရေးသို့ ဆွဲယူအသုံးပြုသောအချိန်တွင် အံ့မဝင်သော အစိတ်အပိုင်းများ ပေါ်ပေါက်လာရပါသည်။ ဘောဂဗေဒအတွေးအခေါ်များကို နိုင်ငံရေးအားပြိုင်ကြမည်ဆိုလျှင် အဒမ်စမစ်နှင့် ပြိုင်နိုင်မည့်သူ မရှိနိုင်ပါ။ သို့ပါ၍ အစိုးရကဏ္ဍအပေါ် ဘောဂဗေဒသီအိုရီ လက်ရုံးဆန့်တန်း ရှင်းပြနိုင်ရန် ဝစ်ဆယ်လ်နှင့် ဥရောပ ဘောဂဗေဒပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများ မေ့မှိန်ပျောက်ကွယ်နေရသည်မှာ အံ့သြစရာမရှိ။

လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် အမြဲအခြေခံသည့် ဘောဂဗေဒသီဝရီတိုင်းသည် လှုပ်မရလောက်အောင် တင်းကြပ်သော နည်းနာများကို အမြဲ လိုအပ်ကောင်းမှ လိုအပ်ပါလိမ့်မည်။ ဘောဂဗေဒသီဝရီ၏ ထုံး ဖြစ်သော တန်ဖိုးအမြင့်ဆုံးပြုခြင်းကို လူတစ်ဦးချင်း ရွေးချယ်မှုအဆင့်တွင်သာ ကန့်သတ်ထားပြီး အားလုံး၏ စုပေါင်း ရွေးချယ်မှုအဖြစ် မဆွဲဆန့်လျှင် မတူညီသော စည်းမျဉ်းများအောက်တွင် မတူညီသော ရွေးချယ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း အသေးစိတ် လေ့လာဆန်းစစ်ရာတွင် အခက်အခဲများစွာ ရှိတော့မည် မဟုတ်ပါချေ။ ပန်းသီးနှင့် လိမ္မော်သီးအကြား ရွေးချယ်နိုင်သည်၊ ရွေးချယ်စရာရှိသည်ဟု ဆိုသော်လည်း လူတစ်ဦးသည် အခြေအနေတစ်ခုအောက်တွင် တူညီသော ရွေးချယ်မှု အဖန်ဖန် ပြုပါမည်။ ပန်းသီး၊ လိမ္မော်သီးနေရာဝယ် ကိုယ်စားလှယ်ဦးကောင်း၊ ကိုယ်စားလှယ်ဦးဖိုးလှိုင် ရွေးချယ်စရာ နှစ်မျိုး ရှိသည် ဆိုသော်ငြား လူတစ်ဦးက တူညီသော အခြေအနေတစ်ခုအောက်တွင် တူညီသော ရွေးချယ်မှုကိုသာ ပြုလုပ်ပါမည်။ **မတူညီသော အခြေအနေ၊ ဤနေရာတွင် မတူညီသော စည်းမျဉ်းမူဘောင်များသည် ရွေးချယ်မှု ဝါ ရွေးချယ်သည့် အပြုအမူ ကို ပြောင်းလဲစေသည်။** ခေတ်သစ် အစိုးရရွေးချယ်ရေးသီဝရီ အများစုသည် အထက်ပါ ဆက်စပ်ချက်မျိုးကို ရှင်းပြနေကြပါသည်။ ကျွန်တော်က ဤနေရာတွင် အခြေခံကျသော အချက်ကို တင်ပြချင်ပါသည်။ **လူပုဂ္ဂိုလ် တစ်ဦးချင်း၏ လွတ်လပ်သော ရွေးချယ်မှုဆိုသည်မှာ ရွေးချယ်ခွင့် ရှိ/ရ သော ပတ်ဝန်းကျင်အောက် ကျရောက်**

Copyright © 2026. Economic Education Program, Inya Economics.

**နေပါသည်။** ရွေးချယ် ခွင့်ရှိ/ရ သော ပတ်ဝန်းကျင်များ ပြောင်းလဲမှု၊ ဝါ မတူညီသော ရွေးချယ် ခွင့်ရှိ/ရ သော ပတ်ဝန်းကျင်များအကြား နှိုင်းယှဉ်သုတေသန လုပ်လိုက်သောအခါ ရလဒ်အမျိုးမျိုး ခန့်မှန်းလေ့လာ၍ ရလာတော့သည်။ အဆိုပါလေ့လာမှုပုံစံသည် ဈေးကွက်နှင့် နိုင်ငံရေးတည်ဆောက်ပုံများအကြား အပြန်အလှန် သက်ရောက်မှုများကို လေ့လာရာတွင် များစွာ အကျိုးရှိလေသည်။ ရရှိလာသော ခန့်မှန်းတွက်ဆမှုများနှင့် အနုစိတ်လေ့လာချက်များနှင့် တွေ့ရှိချက်များသည် စံသတ်မှတ်ထားသည်များနှင့် အပြည့်အဝ ကင်းလွတ် နေပါ တော့သည်။

## ဘောဂဗေဒနည်းကျ ကျိုးကြောင်းနည်းလမ်းကျသော လူသားများ

တိုင်းပြည်အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရမင်းများသည်လည်းကောင်း၊ တိုင်းပြည်ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော် ကိုယ်စားလှယ်များသည်လည်းကောင်း ၎င်းတို့၏ အပြုအမူ၊ ရွေးချယ်မှုများသည် တည်ဆဲ/ လက်ရှိ သီဝရီများက ရှင်းပြထားသလို အများပြည်သူ အကျိုးစီးပွားအတွက်သာ အခါခပ်သိမ်း ဆောင်ရွက် ရွေးချယ် လုပ်ကိုင်နေသည် ဆိုသည်မှာ မဟုတ်ပါချေ။ သူတို့သည်လည်း လူသားများသာ ဖြစ်သည့်အတွက် လူသားဆန်ဆန် အကျိုးစီးပွား အတွက် လုပ်ကိုင်နိုင်ကြပြီး သူတို့မြင်သော အကျိုးစီးပွားများတွင် အများပြည်သူ အကျိုးစီးပွားအပြင် အခြားသော အရာများလည်း ပါဝင်နိုင်ပါသည်။ **ပြည်သူ့ကိုယ်စားလှယ်ဆိုသူများ၏ အများပြည်သူ အကျိုးစီးပွားအတွက် စေတနာသည် အများပြည်သူတစ်ဦးချင်းနှင့် ထပ်တူသာ ဖြစ်ပြီး ပြည်သူ့ကိုယ်စားလှယ် ဆိုသူများက အများပြည်သူတစ်ဦးချင်းထက် ကျင့်ဝတ်ပိုင်းအရပင်ဖြစ်စေ စေတနာအရာတွင် ထူးကဲသာလွန် ပေသည် ဆိုသည်မှာ လုံးဝ မဟုတ်ပါ (ဝစ်ဆယ်လ်၊ စာ-၈၆၊ ၈၇)။**

လူတစ်ဦးချင်း၏ စိတ်ကျေနပ်မှုအပေါ် သီဝရီပြုရန် စတင်လုပ်ဆောင်စဉ် မည်သို့သော အချုပ်အနှောင်၊ အကန့်အသတ်မျှ ချမှတ်ထားစရာ မလိုအပ်ပါ။ အကန့်အသတ် မရှိဘဲ ဖွင့်ဆိုထားသော လူတစ်ဦးချင်း စိတ်ကျေနပ်မှုဆိုင်ရာ အနုစိတ်လေ့လာမှုသည် သိပ္ပံနည်းကျ သက်သေပြနိုင်သော ဖြစ်နိုင်ချေများကို မွေးထုတ် ပေးနိုင်ပါသည်။ (ဆိုလိုသည်မှာ လူတစ်ဦးချင်း ဝိသေသ လက္ခဏာတွင် ကျမ်းရိုးဟောင်းသီဝရီမှာလို အရည်အချင်းများကို အကန့်အသတ်အဖြစ် မထားရှိလျှင်သော်လည်း သိပ္ပံနည်းကျ ကျိုးကြောင်းနည်းလမ်း ကျသော ဖြစ်နိုင်ချေများကို အနုစိတ်လေ့လာမှုများက မွေးထုတ်ပေးနိုင်ပြီး အဆိုပါဖြစ်နိုင်ချေများသည် သီဝရီ၏ အစိတ်အပိုင်းများ ဖြစ်လာချေမည်။) ကျွန်တော်တို့သည် *သေချာမစစ်ဆေးရသေးသော ဝိသေသလက္ခဏာများကို ခန့်မှန်းချက်သက်သက်ဖြင့် ဒါသည်ပင် လူတစ်ဦးချင်း၏ ဝိသေသလက္ခဏာများဟု သတ်မှတ်ခြင်းကို လက်မခံနိုင်ပါ။* ထိုသို့ ခန့်မှန်းသတ်မှတ်ထားသော (အရင်အသုံး - ယူဆသတ်မှတ်ထားသော) ဝိသေသလက္ခဏာ များသည် လူတစ်ဦးချင်းရွေးချယ်မှုကို ရှင်းပြရာတွင် အမှန်တကယ် ဖြစ်နိုင်ခြေအချို့ကို စာရင်းထဲမှ ထုတ်ပယ်


Copyright © 2026. Economic Education Program, Inya Economics.

လိုက်သည့် အန္တရာယ်ကို ရင်ဆိုင်ရပါတော့သည်။ ကျွန်တော်တို့သာ ဝိသေသလက္ခဏာများကို ကြိုတင်ခန့်မှန်း မသတ်မှတ်ထားပါက လက်ရှိသီဝရီများအား ချဲ့ထွင်ကောင်းချဲ့ထွင်နိုင်ပေမည်။ ဥပမာအနေဖြင့် တည်ဆဲ/ လက်ရှိ အများယုံကြည်လက်ခံထားကြသည့် သီဝရီရှင်းပြချက်များကို ကြည့်ကြပါစို့။ “ပန်းသီး”နှင့် “လိမ္မော်သီး” နှစ်ခုစလုံးကို “ကောင်းမွန်သည်”ဟု တန်ဖိုးထားဆုံးဖြတ်ထားပြီးနောက် “ပန်းသီး”ဈေးနှုန်းသည် “လိမ္မော်သီး” ဈေးနှုန်းထက် သက်သာသွားလျှင် “ပန်းသီး”သည် ရောင်းအားတက်သွားပေမည်။ (စာဖတ်သူများခင်ဗျာ... မှန်ကန်သည်ဟု ယူဆပါသလား၊ အဖြေထုတ်ပြောစရာမလို၊ ခဏသိမ်းဆည်းပြီး ဘူခါနန်ပေးမည့် နောက်ထပ် ဥပမာကို ဆက်လက်ကြည့်ပါအုံ့....) “ဝင်ငွေ”ကို “ကောင်းမွန်သည်” ဟု တန်ဖိုးထား ဆုံးဖြတ်ထားပြီးနောက် ဝင်ငွေရင်းမြစ်နှစ်ခုမှ ဝင်ငွေရင်းမြစ်တစ်ခုကို အခွန်နှုန်းထား ပိုမိုစည်းကြပ်လိုက်သဖြင့် အခြားဝင်ငွေရင်းမြစ် တစ်ခုကို လူများ ပြောင်းရွှေ့ အလုပ်လုပ်ကိုင်ကြပေမည်။ “လှူဒါန်းမှု”ကို “ကောင်းမွန်သည်”ဟု တန်ဖိုးထား ဆုံးဖြတ်ထားပြီးနောက် “လှူဒါန်းမှုပမာဏ”အတွက် အခွန်နှုန်းထား လျှော့ချစည်းကြပ်သော် “လှူဒါန်းမှု”ကို လူတို့ ပိုမိုရွေးချယ်ကြပေမည်။ (စာဖတ်သူများခင်ဗျာ ဖြစ်စဉ်တစ်ခုလုံး စဉ်းစားကြည့်သင့်ပြီး ဗျူခါနန်ပေးမည့် နောက်ထပ်ဥပမာကို ဆက်လက်ကြည့်ကြပါအုံ့။) ဈေးကွက်အရ ဈေးတက်နိုင်သော “အိမ်ငှားခ”ကို အပေါင်း လက္ခဏာဟု တန်းဖိုးထား ဆုံးဖြတ်ထားပြီးနောက် နိုင်ငံရေးကိုယ်စားလှယ်တစ်ဦးသည် အဆိုပါအိမ်ငှားခ မြင့်တက်မှုကို ခွဲဝေရန် (လျှော့ချရန် မဟုတ်သည်ကို သတိပြုပါ) အာဏာရှိသည့်အခါ လူတစ်ဦးချင်သည် ထိုသို့ခွဲဝေမှုကို “ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန် ခေါင်းစဉ်အောက်တွင်” အဆိုပါနိုင်ငံရေးကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်ပါသည်။ (စာဖတ်သူများခင်ဗျာ.. ဥပမာတိုင်းကို ဘူခါနန်က တူညီသော ကျိုးကြောင်း နည်းလမ်းတစ်ခုဖြင့် ဝိသေသလက္ခဏာများကို ကြိုတင်ခန့်မှန်းတွက်ချက်ထားပြီး ရည်ရွယ်ချက်ရှိရှိ တင်ပြထားပါသည်။) **စိတ်ကျေနပ်မှုများ မည်သို့အလုပ်လုပ်သည်ကို ရွေးထုတ်ကြခြင်း၊ အဆိုပါ ရွေးထုတ်ပြီး ထွက်ပေါ်လာသည့် အဆိုတင်သွင်းမှုမှသည် အလုပ်ဖြစ် ရလဒ်ထွက်ပေါ်လာခြင်းအထိ မည်သို့ ဖြစ်ပေါ်လာသည့် အမှန်ဖြစ်စဉ်၊ စဉ်းစားမှုဖြစ်စဉ်ကို အသေအချာ ဂရုစမ္မ ထားသင့်ကြောင်း ပြောချင်ပါသည်။** အသားတင် ချမ်းသာကြွယ်ဝမှု၊ အသားတင် ဝင်ငွေများသည် ရွေးချယ်ရန် အပြုအမူများအကြောင်း ဈေးကွက်၌ လည်းကောင်း၊ နိုင်ငံရေးအရ အပြန်အလှန်သက်ရောက်မှု၌လည်းကောင်း ဘောဂဗေဒသီဝရီပြု လှုပ်ရှားရှန်းကန် ရန် မဖြစ်မနေ စူးစိုက်သင့်သည့် ကိန်းရှင်များ မဟုတ်ပါချေ။

လူတစ်ဦးချင်း၏ ကျိုးကြောင်းနည်းလမ်းကျသော အပြုအမူမှသာ နိုင်ငံရေးဆီသို့ ချဲ့ထွင်သော လေ့လာမှု ပုံစံတိုင်း(မိုဒယ်)တွင် ဖြစ်နိုင်ခြေများ ရွေးထုတ်ပြီး အဆိုတင်ပြရခြင်းက တဖက်၊ ရွေးချယ်တင်ပြသော အဆိုများ၏ အခြားအဆိုများအပေါ် ရှိသည့် အလေးချိန်က တဖက်နှင့် ကွာခြားချက်ကြီး ရှိနေပါသည်။ ဘောဂဗေဒသီဝရီတိုင်းသည် အသားတင် ချမ်းသာကြွယ်ဝမှုကို အမြင့်ဆုံးပြုမည် ဟူသည်ကို မဖြစ်မနေ ရှိရမည့်


Copyright © 2026. Economic Education Program, Inya Economics.

သီဝရီတိုင်း၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းကြသည်မှာ ဝေဖန်အခံရဆုံး ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံရေးနှင့်ပတ်သတ်သော ဘောဂဗေဒသီဝရီများတွင် ဝေဖန်မှုအနည်းဆုံးဖြစ်နိုင်ရန် ကျွန်တော်တို့ လျှော့ချနိုင်သော ကောက်ယူချက်မှာ လူတစ်ဦးချင်းဖြစ်စဉ်များတွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို ကိုယ်စားပြုသော ဝင်ငွေ၊ ချမ်းသာကြွယ်ဝမှု၊ လူတန်းစားဖြစ်တည်မှု စသည်တို့ကို "ကောင်းမွန်သည်"ဟု တန်ဖိုးထား ဆုံးဖြတ်ထားကြပါသည် ဟူသတတ်။ သို့သော်ငြား ကျွန်တော်တို့က လျှော့ချလိုက်ပါလျှင် **လူတန်းစားအရေးတွင် လည်းကောင်း၊ လူမှုအဆင့်တစ်ခုရပ်တည်မှုတွင် လည်းကောင်း တစ်ပါးသူများအား လွှမ်းမိုးချုပ်ကိုင်လိုသည့် လူတစ်ဦးချင်း၏ ဖြစ်နိုင်ခြေရှိသော လောဘကို ဘောဂဗေဒက ရှင်းပြထားပါလျက် ပျောက်ဆုံးရပေတော့မည်။** နိုင်ငံရေးကိုယ်စားလှယ်များတွင် ပိုင်ဆိုင်ထားသော အာဏာကို အသုံးချပါက ဖြစ်နိုင်ချေရှိသော လောဘများကို ပယ်ဖျောက်ရာ ရောက်ပေလိမ့်မည်။ **ဒီလို ဒီလို ကျိုးကြောင်းဆင်ခြင်မှုကြီးကို ထောက်ထားလျက် ကျွန်တော်တို့သည် ဘောဂဗေဒ၏ စံတော်ဝင်ယူဆချက်ဖြစ်သည့် "လူသားတိုင်းသည် ၎င်းတို့အကျိုးစီးပွားကို အမြင့်ဆုံးဆွဲတင်/ အများဆုံးရယူကြပေလိမ့်မည်" ဆိုသည်ကို ဆက်လက်ကိုင်စွဲရပေလိမ့်မည်။** ဈေးကွက်နှင့် နိုင်ငံရေး အကြား သက်ရောက်မှုများတွင် စည်းမျဉ်းမူဘောင်နှင့် စနစ်တည်ဆောက်ပုံ ကွာခြားချက်ကို ထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပြီး ၎င်းကွာခြားချက်သည် လူပေါ် မူမတည်၊ မူပေါ် သာ တည်နေပေတော့သည်။ (လူတို့သည် စနစ်အောက်တွင် တည်ရှိနေပြီး လူတို့အမြတ်ထုတ်ကြပုံကို စနစ်က လွှမ်းမိုးထားသည်ဟု ဆိုလို။)

## နိုင်ငံရေးသည် လဲလှယ်/ဖလှယ်မှု

**လူတစ်ဦးကို သူ့အကျိုးစီးပွားအတွက် မဟုတ်သော၊ ထို့ထက်ပိုဆိုးပါက သူ့အကျိုးစီးပွားကိုပင် ထိခိုက်စေနိုင်သော အလုပ်တစ်ခုကို အတင်းအကျပ် ဖိအားပေး စေခိုင်းခံရပါက ထိုသို့သော ဖိအားပေး စေခိုင်းမှုသည် တရားမမျှတမှုကို ပြောင်ကျကျ ကျူးလွန်ခြင်းပင် ဖြစ်ချေသည်။ (ဝစ်ဆယ်လ်၊ စာ၈၉)**

ရွေးချယ်ဖော်ထုတ်နိုင်သော စီးပွားရေးအကျိုးအမြတ်သည် အပေါင်းလက္ခဏာဆောင်သည် ဟု တန်ဖိုးထား ဆုံးဖြတ်လျှင် နိုင်ငံရေးနယ်ပယ်တွင် ဖြစ်စေ၊ ဈေးကွက်တွင် ဖြစ်စေ "ကုန်စည်" တစ်မျိုးပင် ဖြစ်ပါသည်။ သို့သော် ဈေးကွက်ဟူသည် ပြည်သူများ ကုန်စည် ဖလှယ်နိုင်သော စနစ်မူဘောင် ဖြစ်ပါသည်။ ပြည်သူများသည် သူတို့တစ်ဦးချင်း ကိုယ်ကျိုးစီးပွားအတွက် ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ကြပါသည်။ ပြည်သူများသည် သူတို့တစ်ဦးချင်း ကိုယ်ကျိုးစီးပွားထက် ကျော်လွန်ပြီး ရည်ရွယ်လုပ်ဆောင်ခဲ့ကြခြင်း မရှိပါချေ။ (အကယ်၍ ကျော်လွန်စဉ်းစားလာပြီး စုစည်းလာပါကလည်း အရင်က မမျှော်မှန်းထားသော အကျိုးရလဒ် ရှိလာနိုင်ပါသည်။) သာမန်အခြေအနေတွင် တစ်ဦးချင်း ရွေးချယ်မှု၊ တစ်ဦးချင်း အကျိုးအမြတ် ဟူ၍သာ ရှိနိုင်ပြီး စီးပွားရေး



Copyright © 2026. Economic Education Program, Inya Economics.

အဆောက်အအုံကို လွှမ်းချုံရှုမြင်သော စီးပွားရေးအဆောက်အအုံအတွင်း အရင်းအမြစ်များ ခွဲခြမ်းခြင်း၊ မျှဝေခြင်းတို့အတွက် ရည်ရွယ်ချက် ရှိရှိ ရွေးချယ်မှုမျိုး မရှိနိုင်ပါချေ။

အဆိုပါ တစ်ဦးချင်း ရွေးချယ်မှု သဘောတရားဖြင့် နိုင်ငံရေးနယ်ပယ်တွင် စဉ်းစားတွေးခေါ်လိုက်သော် အကောင်းမြင်သော်လည်း လွဲမှားနေသည့် ရှေးရိုးအမြင်ဖြစ်သည့် "လူတစ်ဦးချင်းသည် နိုင်ငံရေးနယ်ပယ်တွင်းသို့ ဝင်ရောက်လာသည်မှာ အများကောင်းကျိုး ဆောင်ကျဉ်းရန်၊ အမွန်အမြတ်တရားများကို အကောင်အထည်ဖော်ရန် ဖြစ်သည်" ဆိုသည်ကို ရဲရဲကြီး ရင်ဆိုင်နိုင်ပါပေသည်။ နိုင်ငံရေးဒဿနိကလာ ရှေးရိုးအမြင်အရ နိုင်ငံရေးဟူသည် တစ်ဦးချင်းအကျိုးစီးပွားထက် များစွာကြီးမားသော ပန်းတိုင်များကို ထမ်းဆောင်ရန် ဖြစ်လေသည်။

ဝစ်ဆယ်လ် အမှုးပြု ရှေ့ဆောင်ခဲ့ပြီး ယနေ့ခေတ် ခေတ်သစ်အစိုးရရွေးချယ်မှု သီဝရီရှင်များသည် အထက်ပါ ရှေးရိုးအမြင်ကို လက်မခံကြတော့ပါချေ။ **ဈေးကွက်နယ်ပယ်နှင့် နိုင်ငံရေးနယ်ပယ်တို့အကြား ခြားနားချက်သည် နိုင်ငံရေးသမားများနှင့် စီးပွားရေးသမားများ ရှာဖွေသော စံနှုန်းများ မဟုတ်ဘဲ ဈေးကွက်နယ်ပယ်နှင့် နိုင်ငံရေးနယ်ပယ်တို့၏ အခြေအနေ၊ စနစ်တည်ဆောက်ပုံမှုဘောင်များသာ ဖြစ်ချေသည်။** နိုင်ငံရေးနယ်ပယ်ဆိုသည်မှာ ဈေးကွက်နယ်ပယ်မှာလို ရိုးရှင်းသော ဖလှယ်ပုံ/နည်းများနှင့် လုံခြုံစွာ လုပ်ဆောင်နိုင်သော နယ်ပယ် မဟုတ်ပါချေ၊ နိုင်ငံရေးနယ်ပယ်ဆိုသည်မှာ တစ်ဦးချင်း အကျိုးစီးပွားများအတွက် ထိထိရောက်ရောက် ဖြစ်စေရန် ရှုပ်ထွေးပွေလီသော ဖလှယ်ပုံ/နည်းများဖြင့် စုပေါင်းရယူကြသည့် တည်ဆောက်မှုနယ်ပယ် ဖြစ်ပါသည်။ တစ်ဦးချင်းအကျိုးစီးပွား မရှိပါက အကျိုးစီးပွားမရှိ ဖြစ်ပြီး မည်သည့်အရာမှ အကောင်အထည်မဖော်နိုင်ပါ။ ဈေးကွက်နယ်ပယ်တွင် "ပန်းသီး"အတွက် "လိမ္မော်သီး"ဖြင့် ရိုးရှင်းစွာ ဖလှယ်ကြပါသည်။ နိုင်ငံရေးနယ်ပယ်တွင် လူတစ်ဦးချင်းစီသည် ဒေသန္တရမီးသတ်စခန်း တည်ဆောက်ခြင်းမှသည် တရားသူကြီး ခန့်အပ်ရေးအထိ အားလုံး သဘောတူညီသည့် ကုန်ကျစရိတ်၊ ထည့်ဝင်မှုများဖြင့် ဖလှယ်ကြရပါသည်။

**နိုင်ငံရေးသဘောတူညီချက် ရရှိရန် အားလုံးက ဆန္ဒအလျောက် ဖြစ်ခြင်း ဆိုသော အချက်သည် နိုင်ငံရေးကို အာဏာလုပ်ပိုင်ခွင့်အဖြစ် ကောက်ယူသော ကျွန်တော်တို့၏ ခေတ်သစ် အနုစိတ်လေ့လာမှုကို ရင်ဆိုင်နိုင်ပါသည်။** နိုင်ငံတော်လုပ်ဆောင်ချက်ဟု ဆိုသည်နှင့် အာဏာဖိအားများ ပါဝင်နေခြင်းက လူတစ်ဦးချင်း ဆန္ဒအလျောက် ဖလှယ်မှုများတွင် စေ့စပ်ညှိနှိုင်းရန် သို့မဟုတ် လိုက်လျောညီထွေ တစ်သားတည်း ပါဝင်နိုင်စေရန် ခက်ခဲနိုင်ပါသည်။ သို့သော်ငြား မည်သည့်ရည်ရွယ်ချက်အတွက် အင်အားသုံး လိုက်လျောစေရသနည်း။ အင်အားသုံး လိုက်လျောစေမှုကို လူတစ်ဦးချင်းက ဘာကြောင့် ငုံ့ခံ/ အသာတကြည် လက်ခံရပါမည်နည်း။ နိုင်ငံတော်ဆိုတာ၏ အင်အားသုံးမှုကို လူတစ်ဦးချင်းက အသာတကြည် လက်ခံရန် အခြေခံဥပဒေက ပြဋ္ဌာန်းသော



Copyright © 2026. Economic Education Program, Inya Economics.

ဖလှယ်မှု လိုအပ်ပါသည်။ **လွတ်လပ်သော လူမှုစနစ်ကို အခြေခံပြီး လူတစ်ဦးချင်း လိုလားသည့် စံနှုန်းများနှင့်အညီ နိုင်ငံတော်က ဝါ နိုင်ငံတော်လုပ်ဆောင်မှုများက ကိုက်ညီနေသရွေ့ နိုင်ငံတော်သည် အင်အားသုံးနိုင်သည်။**

## စီးပွားရေးမူဝါဒများ၏ မူလဘူတ နိုင်ငံတော် အခြေခံဥပဒေ

**နိုင်ငံသားတစ်ဦးချင်း အလုပ်လုပ်ရမည့် လုပ်ငန်းတာဝန်၏ အကျိုးအမြတ်နှင့် စရိတ်ကို အဆိုပါ နိုင်ငံသားတစ်ဦးချင်းထက် မည်သူကမျှ ပိုမိုကောင်းမွန်စွာ တွက်ချက် ဆုံးဖြတ်ချက်ချနိုင်မည် မဟုတ်ပါ။ (ဝစ်ဆယ်လ်၊ စာ-၇၉)**

နိုင်ငံရေးနယ်ပယ်အတွင်း ဖလှယ်ခြင်းဆိုင်ရာ သဘောတရား ရှာဖွေတည်ဆောက်မှုသည် စီးပွားရေးမူဝါဒလမ်းညွှန်များ အဆင့်ဆင့် ရယူတွက်ချက်ရာတွင် အရေးပါပါသည်။ နိုင်ငံရေး အခြေအနေ မည်မျှ တိုးတက်သည်ဆိုသည်ကို လူတစ်ဦးချင်း ဆန္ဒထက် ကျော်လွန်သော လူ့အဖွဲ့အစည်း၏ စံတန်ဖိုးများဖြင့် မဟုတ်ဘဲ လူတစ်ဦးချင်းဆန္ဒနှင့် လိုအပ်ချက်များအား မည်မျှ ဖြည့်ဆည်းပေးနိုင်သည် ဆိုသည့်ပေတံဖြင့်သာ တိုင်းတာရပေမည်။ လူတစ်ဦးချင်း ဆန္ဒသည် များစွာသော လူတို့အတွက် သာမန်သာ ဖြစ်နိုင်သော်လည်း နိုင်ငံရေးဖလှယ်မှုဟု ဆိုလျှင် နိုင်ငံရေးရည်မှန်းချက်များ တူညီသည်အထိ မျှဝေနိုင်ခြင်းသည် အခရာကျပါသည်။ သို့သော်ငြား နိုင်ငံရေးရည်မှန်းချက်များကို စံတစ်ခု သတ်မှတ်ကာ ဆွဲတင်ကြပြီး လူတစ်ဦးချင်း အကဲဖြတ်မှုကို ဖိနှိပ်ခြင်းသည် ခွင့်ပြုနိုင်စရာ မဟုတ်ပါချေ။ နိုင်ငံရေးရည်မှန်းချက်များ မျှဝေနိုင်ရာမှ ဖြစ်ပေါ်လာသော နိုင်ငံရေးသဘောတူညီချက်များသည် လူတစ်ဦးချင်း၏ ရွေးချယ်မှုများမှသာလျှင် သဘောတရားအရ ပေါက်ဖွားလာရပေမည်။ **နိုင်ငံရေးဘုံသဘောတူညီချက်များသည် လူတစ်ဦးချင်း ရွေးချယ်မှုပြင်ပမှ အဓိပ္ပာယ်သတ်မှတ်ချက်များ မှသော်လည်းကောင်း၊ "ကောင်းမွန်သည်"ဟု ပြင်ပမှ တန်းဖိုးထား ဆုံးဖြတ်ထားပါသဖြင့် လူတစ်ဦးချင်းက လိုချင်ချင်၊ မလိုချင်ချင် သဘောတူသင့်ကြောင်း သတ်မှတ်ချက်များမှသော်လည်းကောင်း ကင်းလွတ်ရပေမည်။**

ထိန်းချုပ်ကန့်သတ်ထားသော စီးပွားရေးမူဝါဒ စဉ်းစားပုံများမှာလည်း "ဆေး" ထက် "ဘေး" ပိုများပါလိမ့်မည်။ မူဝါဒများကို တိုက်ရိုက်အကဲဖြတ်ရာတွင် စံချိန်စံညွှန်း သတ်မှတ်ချက်မျိုး မရှိပါ။ တိုက်ရိုက်မဟုတ်သော အကဲဖြတ်မှုများတွင် လူတစ်ဦးချင်း ဦးစားပေးချက်များမှသည် လေ့လာတွေ့ရှိနိုင်သော မူဝါဒရလဒ်များအထိ ခင်းကျင်းပေးသော နိုင်ငံရေးဖြစ်စဉ်သည် အတိုင်းအတာတစ်ခုအထိ အရေးပါပါသည်။ တဖန် မူဝါဒအကဲဖြတ်



Copyright © 2026. Economic Education Program, Inya Economics.

ချက်များ၏ အဓိကအချက်သည်လည်း မူဝါဒအဆုံးသတ်အခြေအနေ၊ မူဝါဒအဆုံးသတ်ရလဒ်များနှင့် ကွာခြားနိုင်ပါသေးသည်။ မူဝါဒအကျိုးရှင်များ၊ မူဝါဒဦးတည်ရာရှိ လူတစ်ဦးချင်းတို့၏ ဦးစားပေးချက်များ အမှန်တကယ်လက်တွေ့အကောင်အထည်ပေါ်လာစေရန် စည်းမျဉ်းမူဘောင်များ ပြောင်းလဲနိုင်မှသာ စစ်မှန်သော "တိုးတက်မှု" ဟု ကျွန်တော်တို့ သတ်မှတ်နိုင်ပေမည်။ **ဝစ်ဆယ်လ်ချဉ်းကပ်မှုနှင့် အစဉ်အလာချဉ်းကပ်မှုအကြား အဓိကခြားနားချက်မှာ မူဝါဒများကိုသာ ပြုပြင်ပြောင်းလဲခြင်းထက် မူဝါဒများ၏ မူလဘူတ အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါသည်။ ဝစ်ဆယ်လ်ချဉ်းကပ်မှုသည် မူဝါဒ ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ပတ်သတ်နေသော အခွင့်အာဏာ ကိုင်ဆောင်ထားနိုင်သောသူများ အားလုံး၏ ကစားပွဲစည်းမျဉ်းများကို ပြင်ဆင်ရေးဆွဲရန် အရေးကြီးသည်ဟု ရှုမြင်ခြင်း ဖြစ်ပါသည်။**

ဈေးကွက်နယ်ပယ်အတွင်း စံအဖြစ် သတ်မှတ်ထားသော ရွေးချယ်မှုသီဝရီများတွင် ရွေးချယ်မှု ပတ်ဝန်းကျင်များ၏ မူလဘူတ အခြေခံဥပဒေနှင့် ပတ်သတ်၍ ပြဿနာ ကြီးကြီးမားမား မရှိ။ ထို့ကြောင့် ကျွန်တော်တို့က "လူတစ်ဦးချင်းသည် ၎င်းတို့၏ ဦးစားပေးချက်များနှင့်အညီ ကောင်းစွာ ရွေးချယ်နိုင်ကြပြီး စည်းမျဉ်းမူဘောင်နှင့် ပတ်သတ်၍ ဘာမှ ပြဿနာမရှိ၊ ဦးစားပေးချက်များနှင့် စိတ်ကျေနပ်မှုအကြား အပြည့်အဝ တိုက်ရိုက်ဆက်စပ်နိုင်ပြီး စည်းမျဉ်းမူဘောင်ပြဿနာသည် အကြားအလပ် ဝင်ရောက်လာစရာ မရှိနိုင်" ဟု ရိုးရှင်းစွာ ကောက်ချက်ရလိုက်ကြပါသည်။ သို့သော်ငြား ဈေးကွက်အတွင်း အချို့သူများ၏ ရွေးချယ်မှုကို အခြားသူများက မရွေးချယ်နိုင်တော့သော် ဈေးကွက်ပြဿနာတစ်ရပ် အဖြစ် ကျွန်တော်တို့ စဉ်းစားရပါတော့မည်။ **ဘောဂဗေဒ၏ စံတန်ဖိုးတစ်ခု ဖြစ်သော "ဈေးကွက်ယန္တရား၏ ထိရောက်မှု" အရ လူအားလုံးအတွက် တူညီသော ရွေးချယ်ခွင့်အရေအတွက် ရှိနေရပါမည်။**

နိုင်ငံရေးနယ်ပယ်အတွင်း ဖလှယ်မှုများတွင်မူ ဈေးကွက်နယ်ပယ်များမှာကဲ့သို့ "ထိရောက်မှု ရှိစေရန်" လူတစ်ဦးချင်းအား ခွင့်ပြုမပေးထားပါချေ။ နိုင်ငံရေးနယ်ပယ်၏ သဘောကိုယ်၌ကပင် စုပေါင်းရယူရသော သဘောရှိပေရာ လူတစ်ဦးချင်း၏ ကိုယ်ပိုင် အပြုအမူ (ဝါ) ကိုယ်ပိုင် ရွေးချယ်မှုများကို ဘုံသဘောတူထားသော ဖလှယ်ပုံများဖြင့် ဆောင်ရွက်ကြရပေသည်။ **လူတစ်ဦးချင်းဖြင့် ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းတစ်ခုတွင် အားလုံးက ဆန္ဒအလျောက် သဘောတူညီသော ရွေးချယ်မှုကသာလျှင် လုပ်ဆောင်နိုင်သော နိုင်ငံရေးဖလှယ်မှု ဖြစ်ပါသည်။ "အားလုံးက တစ်ဦးချင်း ဆန္ဒအလျောက် လိုလားသော ရွေးချယ်မှု တနည်း ဆန္ဒအလျောက် အားလုံးသဘောတူညီမှု[2]"**ဟု ကျွန်တော်တို့ ဝိဂြိုလ်ပြုနိုင်မည် ထင်ပါသည်။ *နိုင်ငံရေးနယ်ပယ်အတွင်း "အားလုံးက*

[2] Unanimity Rule



Copyright © 2026. Economic Education Program, Inya Economics.

*တစ်ဦးချင်း ဆန္ဒအလျောက် လိုလားသော ရွေးချယ်မှု"သည် ဈေးကွက်နယ်ပယ်အတွင်း "ကောင်းစွာ ခွဲခြားနိုင်သော ကုန်စည်များ လွတ်လပ်စွာ ဖလှယ်နိုင်မှု"နှင့် တန်းညီသည်ဟု ယူဆနိုင်ပါသည်။*

နိုင်ငံရေးနယ်ပယ်တွင် ထိရောက်မှု ရှိ/မရှိကို ရလဒ်ထက် ရလဒ်ဆီ ကြိုးစားချီတက်ကြသည့် နည်းလမ်းဖြင့် အကဲဖြတ်ရပါလိမ့်မည်။ "ဆန္ဒအလျောက် အားလုံး သဘောတူညီမှု"နှင့် နီးကပ်လာသည်နှင့်အမျှ နိုင်ငံရေး ဖလှယ်မှုဖြစ်စဉ် တိုးတက်လာသည်ဟု ကောက်ချက်ချနိုင်ပါမည်။ **ဝစ်ဆယ်ကြီးအလိုအတိုင်း နိုင်ငံရေးနယ်ပယ် အတွင်း "ထိရောက်မှု"ဆိုသည်ကို "ဆန္ဒအလျောက် အားလုံးသဘောတူညီမှု" ဖြင့် ရယူနိုင်ရန် ကြိုးပမ်းကြမည် ဆိုသော် "ထိရောက်မှု"သည် "တရားမျှတမှု"ကိုပါ တပါတည်း ဆောင်ကြဉ်းလာပါတော့သည်။**

ယခုအခါမတော့ နိုင်ငံရေးသည် "ဆန္ဒအလျောက်အားလုံးသဘောတူညီမှု" စံတန်ဖိုး သို့မဟုတ် စည်းမျဉ်းကို အကောက်အထည်ဖော် ဆောင်ရွက်နိုင်မည့် နိုင်ငံရေးပတ်ဝန်းကျင်နှင့် ဝေးကွာနေဆဲ ဖြစ်ပါသည်။ နိုင်ငံရေး ဖလှယ်မှုပြုနိုင်ရန် လိုအပ်သော ကုန်ကျစရိတ်သည် နိုင်ငံရေးနယ်ပယ်အတွင်း "ထိရောက်မှု"ရှိနိုင်ရန်မှ ဝေးကွာလာစေသည်။ နိုင်ငံရေးနယ်ပယ်တွင် ထိရောက်မှုရှိရန် သုံးရမည့် ကုန်ကျစရိတ်သည် ဈေးကွက် နယ်ပယ်တွင် ထိရောက်မှုရှိရန် သုံးရမည့် ကုန်ကျစရိတ်ထက် ပိုများနေပေသည်။ သို့ပါ၍ နိုင်ငံရေးနယ်ပယ်တွင် ထိရောက်မှုမှ ဝေးကွာနေရပေသည်။ သို့သော် စံတန်ဖိုးအတိုင်း ဆောင်ရွက်နိုင်ရန် အတားအဆီးများ ရှိနေခြင်း သည် စံတန်ဖိုးကို ငြင်းပယ်သင့်သည်ဟု မဆိုလိုပါ။ အဆိုပါ အတားအဆီးများကိုပါ **"သဘောတူညီချက် ရရန် ဆင်ခြင်တွက်ချက်ခြင်း[3]"** ဖြစ်စဉ်တွင် ထည့်သွင်းတွက်ချက်ရပေမည်။

ဥပဒေပြုရေး လွှတ်တော်က ဆုံးဖြတ်ချက်ချမှတ်ပုံ တည်ဆောက်မှုကို ကျော်လွန်ပြီး ပြုပြင်ပြောင်းလဲဖို့ ဝစ်ဆယ်လ်ကိုယ်တိုင်က မတိုက်တွန်းခဲ့ပါချေ။ ဘဏ္ဍာရေး ရှာဖွေရေးနှင့် အသုံးစရိတ်တို့အကြား လိုအပ်သည့် ချိတ်ဆက်မှုများ ပြုလုပ်ရန်သာ အဆိုပြုခဲ့ပါသည်။ *အုပ်ချုပ်ရေးဘက်မှ အစိုးရက ဆောင်ရွက်ရန် လိုလားသည့် စီမံကိန်းများအတွက် ဥပဒေပြုရေး လွှတ်တော်က ဆန္ဒအလျောက် အများစုသဘောတူညီမှု စည်းမျဉ်းကို လိုက်နာကျင့်သုံးရန်လည်း အဆိုပြုခဲ့ပါသည်။* (သီဝရီက တင်ပြထားသည် "ဆန္ဒအလျောက်အားလုံး သဘောတူညီမှု" စည်းမျဉ်းကို လက်တွေ့ဖြစ်နိုင်ရေးအတွက် "ဆန္ဒအလျောက်အများစုသဘောတူညီမှု" အဖြစ် လျှော့ချ ရပ်ခံတင်ပြခြင်း ဖြစ်ပါသည်။) ထို့အပြင် အခြေခံဥပဒေလာ စည်းမျဉ်းများ ရွေးချယ်မှုကိုလည်း သူ၏ ဆင်ခြင်တုံတရား ဆုံးဖြတ်ချက်အရ မထိပါးခဲ့ပါချေ။ ဝစ်ဆယ်လ်သည် သူ၏ အနုစိတ်လေ့လာမှုကို အခြေခံ

[3] Calculus of Consent

ဥပဒေစည်းမျဉ်းများ ရွေးချယ်မှုအထိ တိုးချဲ့နိုင်ပါခဲ့သော်လည်း ရှေ့ဆက်တိုးခြင်း မပြုခဲ့။ သူ တင်ပြခဲ့သည့် အကြံပြုချက်များမှာ သေချာပေါက် အခြေခံဥပဒေနှင့် ပတ်သတ်သော်ငြား ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်ကို ပိုမို တိုးတက်စေရန်အထိသာ ရည်စူးခဲ့ပါသည်။ သူ၏ အကဲဖြတ်စံသတ်မှတ်ချက်များသည် တစ်ဦးချင်း ဦးစားပေးချက်များမှ မြစ်ဖျားခံကာ ဖြစ်နိုင်ချေရှိသည့် အချို့သော နိုင်ငံရေးရလဒ်များတွင်သာ ကန့်သတ်ခံ ထားရပါသည်။ ဖြစ်နိုင်ချေရှိသည့် နိုင်ငံရေးရလဒ် အကုန်အထိ တက်စုံဖွင့် ရှက်လှင့်ခြင်း မရှိခဲ့။

ဝစ်ဆယ်လ်သည် သူ တွေ့ရှိခဲ့၊ အကြံပြုခဲ့ခြင်းထက် သူ၏ အနုစိတ်လေ့လာမှုကို ချဲ့ထွင်နိုင်သေးသည်ဟု သူ့ကိုယ်သူ မမြင်နိုင်သေးသည်မှာ မှတ်သားဖွယ် ဖြစ်ပါသည်။ တင်းကြပ်သော အခွန်စီမံမှုအောက်တွင် မဖြစ် နိုင်သော စီမံကိန်းများသည် ဝစ်ဆယ်လ် အကြံပြုသော လွတ်လပ် ပျော့ပြောင်းသော အခွန်မျှဝေသည့် ပုံစံများ လိုက်နာပါက အရင် မဖြစ်နိုင်သော စီမံကိန်းများ အခု ဖြစ်လာနိုင်မည်ကို တွေ့ရပေမည်။ သို့သော် ဝေဖန်သူများ ကမူ ဝစ်ဆယ်လ်၏ "အားလုံးဆန္ဒအလျောက်သဘောတူညီမှု" ဆိုသည်မှာ ချုပ်ချယ်လှသော အကန့်အသတ်ဟု ဆိုကြပြီး သာမန်နိုင်ငံရေးတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ခက်ခဲမည်ဟု မှတ်ချက်ပြုကြပါသည်။ **နိုင်ငံရေးနယ်ပယ်အထိ "ထိရောက်မှု"စံနှုန်းကို ဆောင်ကျဉ်းလာခဲ့သည့် ဝစ်ဆယ်လ်၏ ကျော်လွှားမရနိုင်သော ပညာရပ်ပိုင်း ကြိုးပမ်းအားထုတ်မှုကြီးကို နိုင်ငံရေးဘောဂဗေဒပညာရှင်များ၏ အသိအမှတ်ပြုမှုမှာ အပြည့် အဝ မဟုတ်ခဲ့ပါ။ (အပြည့်အဝ မဟုတ်သည့်တိုင် အသိအမှတ်ပြုမှု အားနည်းခဲ့သည်ဟု ဘူခါနန် ရှုမြင်ပါသည်။)** "ဆန္ဒအလျောက်အားလုံးသဘောတူညီမှု" အဆင့်တစ်ဆင့် တက်လှမ်းသွားချိန်တွင် အခြေခံဥပဒေစည်းမျဉ်း ပြင်ဆင်ရေးသည်ပင် ထိုအချိန်ကာလ၏ သာမန်နိုင်ငံရေး ဖြစ်သွားနိုင်ပါသည်။ သာမန်အချိန်မျိုးတွင် လူတစ်ဦး၏ အကျိုးစီးပွား ဆန့်ကျင်နေပါက ဝစ်ဆယ်လ်စည်းမျဉ်းအရ မဖြစ်နိုင်သော်ငြား **"ဆန္ဒအလျောက်အားလုံး သဘောတူညီမှု" အားကောင်းခိုင်မာလာသည်နှင့်အမျှ လူတစ်ဦးချင်းစီတိုင်း၏ ဦးစားပေးချက်၊ လိုလားချက် များမှာ ထိထိရောက်ရောက် ရရှိနိုင်ရန် အာမခံချက် ပိုများလာသည့်အပြင် "ထိရောက်မှု"နှင့် "မျှတမှု" တပါတည်း ဆောင်ကြဉ်းနိုင်သည်** ကို မမေ့ရန် အရေးကြီးပါသည်။ ထို့အပြင် **မှန်ကန်သော ရွေးချယ်ရေး နည်းလမ်း ("ဆန္ဒအလျောက်အားလုံးသဘောတူညီမှု")ဖြင့် ရွေးချယ်ခဲ့သည့်တိုင် မှားယွင်းသော အဖြေ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မှားယွင်းသောအဖြေသည် မှန်ကန်သော နည်းလမ်းကို ငြင်းဆိုရန် လုံလောက်သော သက်သေ မဖြစ်နိုင်ပါ။ တစ်ခါတစ်ရံ မှားယွင်းသည့်တိုင် ခြုံငုံကြည့်ပါက "ဘေး"ထက် "ဆေး" ပိုပါလိမ့်မည်။**

ဝစ်ဆယ်လ်၏မူ သို့မဟုတ် စည်းမျဉ်းသည် အခြေခံဥပဒေအဆင့် စည်းမျဉ်းများအကြား ရွေးချယ်မှုများ ပြုလုပ် ရသောအခါတွင်လည်းကောင်း၊ တစ်ဦးချင်းအကျိုးစီးပွားအရဖြစ်စေ၊ အုပ်စုလိုက်အကျိုးစီးပွားအရ ဖြစ်စေ ဖြစ်နိုင်ခြေရှိသော ပဋိပက္ခများတွင် သဘောတူညီချက် ရရှိနိုင်ရန် ကြိုးစားရာတွင် အသုံးတည့်လှပါသည်။

Copyright © 2026. Economic Education Program, Inya Economics.

နှစ်ပေါင်းများစွာ တည်ရှိနေတော့မည့် အခြေခံဥပဒေအဆင့် စည်းမျဉ်းများ ပြင်ဆင်ရာတွင် ပြင်ဆင်ရန် ကြိုးပမ်းသူသည် တစ်ဦးချင်း အကျိုးစီးပွားဆိုင်ရာ စဉ်းစားချက်မျိုး ရှိကောင်းရှိနိုင်သဖြင့် ကာလရှည်ကြာ တည်ရှိမည် ဖြစ်သည့်အတွက် ရလဒ်ကို မသေချာသော်ငြား **"ဆန္ဒအလျောက်အားလုံးသဘောတူညီမှု"** ဟူသည် လွန်စွာမှ အရေးကြီးပေသည်။ စည်းမျဉ်းများ ပြင်ဆင်ရန် ကြိုးစားရာတွင် ပြင်ဆင်ပုံ ပြင်ဆင်နည်း မျှတရန် မည်မျှ အရေးကြီးကြောင်း တစ်နည်း၊ **"ဆန္ဒအလျောက်အားလုံးသဘောတူညီမှု"** ၏ အခန်းကဏ္ဍကို အထင်းသား မြင်တွေ့နိုင်ပါသည်။

ဝစ်ဆယ်လ် တည်ထောင်ခဲ့သော ဤစာပေလမ်းကြောင်းမှ ဆောင်ရွက်လုပ်ကိုင်နေကြသည့် နိုင်ငံရေး ဘောဂဗေဒပညာရှင်များသည် နိုင်ငံရေးဆုံးဖြတ်ချက်များကို ဖြစ်ပေါ်လာစေသည့် နိုင်ငံရေးစနစ်တည်ဆောက်ပုံ နှင့် နိုင်ငံရေးဖြစ်စဉ်များကို ဂရုဓမ္မထား လေ့လာရပေမည်။ တည်ဆဲ အခြေခံဥပဒေများ၊ စနစ်များ၊ စည်းမျဉ်းများသည် ကြပ်ကြပ်သတိထား စောင့်ကြည့်ရမည့် အရာများ ဖြစ်ပါသည်။ **"စစ်မှန်သော နိုင်ငံရေးညီလာခံကြီးများမှတဆင့် ပါဝင်သူများ၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းများ ပေါ်ထွက်လာခဲ့ပါသလား??"** ဖြစ်နိုင်ခြေရှိသော အကောင်းဆုံးအကြံဉာဏ်ပင်လျှင် ကျွန်တော်တို့ ပညာရှင်များသည် ချင့်ချင့်ချိန်ချိန် ပေးရပေမည်။ **(အဘယ့်ကြောင့်ဆိုသော် အစောပိုင်းတင်ပြထားသလို သာမန်ပါဝင်သူတစ်ဦးချင်းထက် သာမန်ရင်ဆိုင်ရသူတစ်ဦးချင်းထက် အဘယ်ပညာရှင်ကမှ ပိုမို မသိရှိနိုင်ပါချေ။)** သို့ဖြစ်ပါ၍ နိုင်ငံရေး ဘောဂဗေဒပညာရှင်များအနေဖြင့် မည်သည့်အဖြေသည် ပြဿနာအဖြေ ဖြစ်သည်ဆိုခြင်းထက် အဖြေမှန်ဆီသို့ ကာယကံရှင်များ ကိုယ်တိုင်ရောက်နိုင်စေရန် ဖြစ်စဉ်များ၊ စည်းမျဉ်းများ ပြုပြင်ပြောင်းလဲနိုင်ရန် နိုင်ငံရေး အခြေအနေမှန်ကို ဆုပ်မိကိုင်မိ ရှိရှိဖြင့် တာဝန်သိသိ အကြံပြုသည်က ပိုမိုအကျိုးထူးပေမည်။ ထိုစည်းမျဉ်းများ နှင့် စည်းမျဉ်းများ ပြုပြင်ပြောင်းလဲရေး စဉ်းစားအကြံပြုရာတွင် သာမန်ပြည်သူများ ဝင်ရောက်လုပ်ကိုင်နိုင်သည့် နိုင်ငံရေးအခြေအနေ နိုင်ငံရေးကစားကွင်း ဖြစ်စေရန် ဦးတည်ရပါမည်။ အထူးအခွင့်ရေးရ ပုဂ္ဂိုလ်များသာ ဝင်ရောက်နိုင်သည့် ကစားကွင်းများ မဖြစ်စေရန် အထူးသတိထားရပေမည်။ မူဝါဒရွေးချယ်စရာများသည် ဖြစ်နိုင်ချေရှိနေရမည် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံရေးကိုယ်စားလှယ်များ၏ အကျိုးစီးပွားသည် ရံဖန်ရံခါ ဆိုသလို အများကောင်းကျိုးရစေသော မူဝါဒများ၏ အကန့်အသတ် ဖြစ်နေတတ်သဖြင့် ပညာရှင်များ မျက်စိရှင်ရှင်ထားရန် လိုအပ်ပါသည်။

## အခြေခံဥပဒေပဏာနဝါဒနှင့် အာဏာပိုင်များအား အာဏာကန့်သတ်ရေး

အခြေခံဥပဒေစနစ်၏ အရေးကြီးဆုံးပန်းတိုင်မှာ ဥပဒေရှေ့မှောက်တွင် သာတူညီမျှမှု ရှိစေရေး၊ အကြီးကျယ်ဆုံးသော လွတ်လပ်ရေး၊ စီးပွားရေးချမ်းသာ၊ လူအားလုံးတို့၏ ငြိမ်းချမ်းစွာ ပူးပေါင်းလုပ်ကိုင်ရေး တို့အတွက် ဖြစ်ပါသည်။



Copyright © 2026. Economic Education Program, Inya Economics.

ဝစ်ဆယ်လ် အခြေခံစဉ်းစားချက်များက အခြေခံဥပဒေစည်းမျဉ်းများ ရွေးချယ်မှုအဆင့်ထိ ရောက်ရှိလာသော အခါနှင့် ဖော်ထုတ်၍ ရနိုင်သော အကျိုးစီးပွားနှင့် အထွေထွေ အကျိုးစီးပွားတို့အကြား ကွာခြားချက် ရှိနိုင်ခြေ မြင့်တက်လာသဖြင့် မသေချာမှုကို ကောင်းစွာ အသုံးချနိုင်လာသောအခါ နိုင်ငံရေးဘောဂဗေဒ စာပေလေ့လာရေး သည် အာဏာပိုင်များအား အာဏာကန့်သတ်နိုင်ရေး အတွေးအခေါ်ပေါ်တွင် မူတည်လာရပါသည်။ တစ်ဦးချင်း အနေဖြင့် ကျွန်တော့်၏ ချဉ်းကပ်မှုသည် ဂျွန်ရောလ်နှင့် နီးနီးကပ်ကပ် ရှိပါသည်။ **မသိနားမလည်သူများ၏ မသိနားမလည်မှုကို အခွင့်ကောင်းယူမည့်သူများအတွက် တရားမျှတမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် အာဏာပိုင်များကို အာဏာကန့်သတ်ထားသော နိုင်ငံရေးအခြေခံဥပဒေကို လိုအပ်ပါပေသည်။**

ဝစ်ဆယ်လ်သည် သူ၏ အနုစိတ်လေ့လာမှုကို အခြေခံဥပဒေစည်းမျဉ်း တည်ဆောက်မှုအထိ ချဲ့ထွင်မှု မပြုခဲ့ပါသဖြင့် ကာလတစ်ခုအတွင်း ဘဏ္ဍာရေးတည်ငြိမ်စေရေးတွင်သာ အကန့်အသတ် ခံလိုက်ရပါသည်။ ဘဏ္ဍာရေးနယ်ပယ်တွင်သာ ရှိနေခဲ့သည့်တိုင် ပြည်သူများအကြား ဘဏ္ဍာရေးဖြန့်ဖြူးမှု၊ ညီမျှမှု၊ မညီမျှမှု ပြဿနာများကို ဖြေရှင်းရပေမည်။ အနုစိတ်လေ့လာမှုကို အခြေခံဥပဒေစည်းမျဉ်းတည်ဆောက်မှု အထိ မြှင့်တင်လိုက်သဖြင့် အဆိုပါပြဿနာများမှ အတိုင်းအတာတစ်ခုအထိ လွတ်ကင်းသွားနိုင်သည်ဟု ဘူခါနန်က ယူဆပါသည်။

အထက်ပါချဉ်းကပ်မှုမျိုးသည် မည်သည့်မူဝါဒအဖြေက အကောင်းဆုံးဟု တပ်အပ်မပြောသည့် အတွက် အချို့သူများအား စိတ်ပျက်စေနိုင်ပါသည်။ **အဖြေထက် အဖြေရနိုင်မည့် နည်းလမ်းကိုသာ ညွှန်းဆိုသည့် ချဉ်းကပ်မှု ဖြစ်ပါသည်။** လူမှုအင်ဂျင်နီယာတစ်ဦးအနေဖြင့် လုပ်သင့်သောအရာများ၊ မလုပ်သင့်သော အရာများ ကိုသာ မူဝါဒပြုပြင်ပြောင်းလဲရေးအတွက် အကြံဉာဏ် ပေးအပ်ပြီး တစ်ဦးချင်း ဦးစားပေးမှုများအား ဝင်ရောက် ချုပ်ကိုင်ချယ်လှယ်ခြင်း မပြု။ ခေတ်သစ်နိုင်ငံရေးဘောဂဗေဒသည် တစ်ဦးချင်း စံတန်ဖိုးများအား ယခုအထိ ယုံယုံကြည်ကြည် အပ်နှံခြင်း မပြုနိုင်သေးချေ။

*လူမှုပဋိညာဉ်သီဝရီကို ဝေဖန်နေသူများသည် သမိုင်းတွင် လူမှုသဘောတူညီချက်များ ရရှိလာခဲ့သည်ကို ရှင်းပြသော အဆိုများနှင့် မှန်ကန်ကြောင်း သက်သေပြချက်အဆိုများကို ကောင်းစွာ ခွဲခြားနိုင်ရန် ကျရှုံး ခဲ့ကြပါသည်။ ရလဒ်မှာကား လူတစ်ဦးချင်း၏ လုပ်ဆောင်နိုင်စွမ်းကို မယုံမကြည် ဖြစ်လာကြပါသည်။* အခြေခံဥပဒေစည်းမျဉ်းများ သဘောတူညီချက်ရလာသည့်ဖြစ်စဉ်၊ စတင်အဆိုပြုခဲ့ချိန်က နိုင်ငံရေးအခြေအနေ များတို့ကို ကျွန်တော်တို့ ကိုင်စွဲထားသည့် အာဏာပိုင်များအား အာဏာကန့်သတ်သည့် အတွေးအခေါ် ဖြင့် ကျေနပ်လောက်အောင် ရှင်းပြနိုင်မည် မဟုတ်ပါချေ။ အာဏာပိုင်များအား အာဏာကန့်သတ်ရမည်ဆိုသည့်

Copyright © 2026. Economic Education Program, Inya Economics.

အတွေးအခေါ်သည် ရှင်းပြရန်အတွက် မဟုတ်ဘဲ မှန်ကန်မှု ရှိမရှိ စစ်ဆေးရန်အတွက်သာ ဖြစ်ချေသည်။ လေ့လာသည့် စည်းမျဉ်းများသည် သဘောတူညီချက်များမှ ထွက်ပေါ်လာသည့် သာမန်နိုင်ငံရေး လုပ်ဆောင်မှုများကို ကန့်သတ်နိုင်ပါ့မလား။ အဆိုပါမေးခွန်း၏ အဖြေကို အတည်ပြုရန်မှာ ကျွန်တော်တို့သည် လူတစ်ဦးချင်းနှင့် နိုင်ငံတော်အကြား ဆက်ဆံရေးတွင် တရားနည်းလမ်းကျသော ဆက်စပ်မှုကို တည်ဆောက်ထားရန် လိုအပ်ပါသည်။ အကယ်၍ မေးခွန်းအဖြေသည် အငြင်း ဆိုပါက တည်ဆဲနိုင်ငံရေးစနစ်ကို ဝေဖန်ရပါမည်။

**အခြေခံဥပဒေနှင့် ညီညွတ်သည်ဟု ဆိုကာ ချမှတ်ထားသော မူဝါဒများအပေါ် လူတစ်ဦးချင်းက ကန့်သတ်လိုကမည်သို့ ကန့်သတ်နိုင်ပါသနည်း။ ဤနေရာသည် နိုင်ငံရေးဘောဂဗေဒပညာရှင်များ၏ နေရာ ဖြစ်ပါသည်။**
အုပ်ချုပ်ရေးအစိုးရသည် ဘက်ဂျက်လိုငွေပြသည့်အခြေအနေဖြင့် တိုင်းပြည်အုပ်ချုပ်နေပါလျှင် လူတစ်ဦးချင်းသည် ကန့်သတ်လိုက ကန့်သတ်နိုင်ပါသလား။ အနောက်ဒီမိုကရေစီနိုင်ငံများတွင် ခေတ်စားမည့်ဥပမာ ဖြစ်သည်။ လက်ရှိကာလ ပြည်သူများသည် အနာဂတ်ကာလက ပိုက်ဆံများကိုပါ သုံးစွဲပစ်နေပြီး နောက်မျိုးဆက်အတွက် အကြွေးတွေ ချန်ထားရစ်ခဲ့သည့်အဖြစ်ကို ပြည်သူများ သဘောတူပါသလား။ သဘောမတူလျှင် ကန့်သတ်လိုက ကန့်သတ်ခွင့် ပြည်သူလူထု လက်ထဲတွင် ရှိပါသလား။ လက်ရှိကာလ အကြွေးယူခြင်းများကိုလည်း ယခုကဲ့သို့ပင် စဉ်းစားနိုင်ပါသည်။

လက်ရှိအုပ်ချုပ်နေသည့် နိုင်ငံရေးလုပ်ဆောင်နေမှုများကို ကန့်သတ်မည့် အရေးကြီးသော နိုင်ငံရေးရလဒ်များကို ငြင်းပယ်လျှင် အာဏာပိုင်များအား အာဏာကန့်သတ်မည့် လုပ်ဆောင်မှုများအတွက် နေရာမရှိပါ။ အခြေခံဥပဒေစည်းမျဉ်းများ ပြောင်းလဲသော်ငြား နိုင်ငံရေးရလဒ် မပြောင်းလဲပါကလည်း အခြေခံဥပဒေဆိုင်ရာ နိုင်ငံရေးဘောဂဗေဒအတွက် နေရာမရှိပြန်ပါ။ သို့သော် အခြေခံဥပဒေများ ပြောင်းလဲပြီးနောက် နိုင်ငံရေးရလဒ်ပြောင်းလဲလျှင် ဖြစ်တန်ခြေရှိသော အခြေခံဥပဒေ ပြောင်းလဲမှုများကို ကျွန်တော်တို့ စဉ်းစားရပါတော့မည်။ ဂိမ်းသီဝရီပညာရပ်နယ်ပယ်သည် ကစားပွဲများ၏ အဖြေများကို ရှာဖွေကြပြီး အဆိုပါအဖြေများကို စည်းမျဉ်းများဖြင့် ဖွင့်ဆိုရှင်းပြကြရပါသည်။ အခြေခံဥပဒေဆိုင်ရာ နိုင်ငံရေးဘောဂဗေဒပညာရှင်၏ တာဝန်သည် လူတစ်ဦးချင်းအတွက် သူတို့ကိုယ်ပိုင်လူမှုစနစ်အတွင်း ထိန်းချုပ်ထားနိုင်ရန်နှင့် သူတို့ရည်ရွယ်ချက်များ ပြည့်ဝနိုင်ရန် အကူအညီပေးရေး ဖြစ်ပါသည်။

၁၉၈၇ခုတွင် အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေသည် နှစ်၂၀၀ ပြည့်ပါပြီ။ ထိုကာလက နိုင်ငံရေးအုပ်ချုပ်သူများကို ရွေးချယ်ခဲ့သည်မှာ အလွန့်အလွန် နည်းပါးသော သမိုင်းသင်ခန်းစာများအနက်မှ တစ်ခုဖြစ်ပါသည်။ ဂျိန်းမက်ဒီဆင်၏ အတွေးအခေါ်မှာ အခု ကျွန်တော်တို့ တင်ပြသည်နှင့် ကွာခြားမည်ဟု ကျွန်တော်


Copyright © 2026. Economic Education Program, Inya Economics.

မထင်ပါ။ အခွန်စည်းကြပ်ရေးနှင့် ဘဏ္ဍာငွေသုံးစွဲရေးအပေါ် စူးစိုက်ခဲ့သော်ငြား ကီနူးဝစ်ဆယ်လ်သည်လည်း အတွေးအခေါ်တူတူပင် ဖြစ်ချေမည်။ **ပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံးက နိုင်ငံတော်သည် သူ့နိုင်ငံသားများထက် ပညာဉာဏ် သာလွန်ထက်မြက်သည်ဆိုသည်ကို ငြင်းဆန်ခဲ့ကြပါသည်။** နှစ်ဦးစလုံးသည် လူမှုစနစ်၏ မေးခွန်းများကို ဖြေရှင်းနိုင်ရန် သိပ္ပံနည်းကျ အဖြေများကို ယူဆောင်လာခဲ့ကြပါသည်။

***"ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကို အပြည့်အဝ ပိုင်စိုးနိုင်သော လူတစ်ဦးချင်းအနေဖြင့်၊ ကိုယ်ပိုင်စံတန်ဖိုးများကို ဖန်တီးနိုင်သူ လူတစ်ဦးချင်းအနေဖြင့်၊ ကျွန်တော်တို့၏ လွတ်လပ်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာမှု၊ သဟဇာတဖြစ်မှုတို့ကို မည်ကဲ့သို့ အားလုံး အတူတူ ထိန်းသိမ်းနိုင်ပါသနည်း။"***

---

Original Source Link: [https://www.nobelprize.org/prizes/economic-sciences/1986/buchanan/lecture/](https://www.nobelprize.org/prizes/economic-sciences/1986/buchanan/lecture/)

Copyright © 2026. Economic Education Program, Inya Economics.

# ပင်အပ် (Pin) မှသည် ကိုယ်ပိုင်စီစစ်ရေးအမှတ် (Personal Information Number – PIN) အထိ အရင်းရှင်စနစ်ရဲ့ သမိုင်းအကျဉ်းချုပ်

**ထွန်းနောင်**

## အရင်းရှင်စနစ် ၁၇၇၆ ခုနှစ် နှင့် ၂၀၁၄

ဘောဂဗေဒပညာရပ်မှာ ပထမဆုံးရေးသားခဲ့တဲ့ အကြောင်းအရာက ဘာများဖြစ်မလဲ။ ရွှေအကြောင်းလား၊ မြေယာအကြောင်းလား သို့မဟုတ် ဘဏ်အကြောင်း၊ ဒါမှမဟုတ်ရင် နိုင်ငံတကာကုန်သွယ်ရေး အကြောင်းများလား။ အဖြေကတော့ ပင်အပ် Pin အကြောင်းပါ။

PIN ဆိုလို့ ခင်ဗျားရဲ့ အကြွေးဝယ်ကဒ်မှာ သုံးရတဲ့ဟာ မဟုတ်ပါဘူး။ ဆံပင်ရှည်ထားတာကြောင့် သပ်သပ်ရပ်ရပ်ဖြစ်ဖို့ သုံးကြတာမျိုး၊ မဟုတ်ရင်လည်း အဝတ်အစားတွေကို သပ်ရပ်အောင်လုပ်ဖို့လိုတဲ့ အခါမျိုးအတွက် မဆောင်ထားဖြစ်ရင်၊ လူအများစု သုံးလေ့မရှိတဲ့ သတ္တုငယ်လေးကို ပြောတာပါ။ (ဘာသာပြန်သူ - PIN ဆိုတာက လျှို့ဝှက်နံပတ်ဖြစ်ပြီး အကြွေးဝယ်ကတ် Credit Card ၊ ATM ကတ် Debit Card တို့ ဖွင့်တဲ့အချိန်မှာ နှိပ်ရတဲ့ Personal Identification Number ရဲ့ အတိုကောက် PIN ကို ဆိုလိုရင်း ဖြစ်ပါတယ်။)

ပင်အပ်ပြုလုပ်ခြင်း အကြောင်းက ဘောဂဗေဒရဲ့ ပထမဆုံးစာအုပ်လို့ လူများစု မှားယွင်း ပြောလေ့ရှိကြတဲ့၊

အဒမ်စမစ်ရဲ့ ***နိုင်ငံများ ဥစ္စာဓန ကြွယ်ဝခြင်း၏ သဘောသဘာဝနှင့် အကြောင်းအရင်းခံ အချက်များကို လေ့လာခြင်း An Inquiry Into the Nature and Causes of the Wealth of Nations*** စာအုပ်ရဲ့ ပထမဦးဆုံး အခန်းမှာပါတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ (အဒမ်စမစ် မတိုင်ခင်ထဲက တခြားသော ဘောဂဗေဒ ပညာရှင်တွေ ရှိပါတယ်။ နမူနာအနေနဲ့ဆို ရှီနေးဆန်းကာလ အီတလီက ဘောဂဗေဒ တွေးခေါ်ပညာရှင်တွေ၊ ပြင်သစ်က မြေယာဘောဂဗေဒသမား Physiocrats တွေနဲ့ ကုန်သည်ဝါဒသမား Mercantilists တွေပါ။)

Copyright © 2026. Economic Education Program, Inya Economics.

ဓနဥစ္စာတိုးပွားစေတဲ့ အန္တိမအရင်းခံ အကြောင်းခြင်းရာက၊ တိတိကျကျ အလုပ်တာဝန်ခွဲဝေမှု Division of Labor ကနေ ဖြစ်လာတဲ့၊ ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းက လာတယ် ဆိုတဲ့ အဆိုနဲ့၊ စမစ်က သူ့စာအုပ်ကို အစပြုထားတာပါ။ ဒီမှာ အလုပ်တာဝန် ခွဲဝေမှု ဆိုတာက ကုန်ထုတ်လုပ်ရေး ဖြစ်စဉ်တွေကို၊ သေးငယ်ပြီး အထူးပြု ပိုင်းခြားထားတဲ့ အစိတ်အပိုင်းတွေ အဖြစ် ခွဲထုတ်လိုက်တာကို ရည်ညွှန်းတာ ဖြစ်ပါတယ်။

ဒီဖြစ်စဉ်ကနေပြီး ကုန်ထုတ်လုပ်မှုကို နည်းလမ်းသုံးခုကနေ တိုးစေတယ်လို့ စမစ်က တင်ပြတာပါ။ ပထမဆုံးအနေနဲ့ တူညီတဲ့ အလုပ်တာဝန်တစ်ခု ဒါမှမဟုတ် နှစ်ခုကို ထပ်ခါထပ်ခါ လုပ်ခြင်းအားဖြင့် အလုပ်သမားတွေအနေနဲ့ သူတို့အလုပ်ကို ပိုပြီး မြန်မြန်သွက်သွက် လုပ်လာနိုင်ပါတယ် (လေ့ကျင့်ခြင်းက ပြီးပြည့်စုံစေတယ် ဆိုသလိုပေါ့)။ ဒုတိယအချက်ကတော့ အဲ့ဒီလို သက်ဆိုင်ရာ လုပ်ငန်းတာဝန်တွေကို အထူးပြု ခွဲခြမ်းလိုက်ခြင်း အားဖြင့်၊ အလုပ်သမားတွေအနေနဲ့ ရုပ်ပိုင်းဆိုင်ရာ အရရော စိတ်ပိုင်းဆိုင်ရာ အရပါ၊ မတူကွဲပြားတဲ့ အလုပ်တာဝန်တွေကြား ကူးပြောင်းနေစရာ မလိုတော့ပါဘူး (အဲ့အတွက် လုပ်ငန်းတာဝန်တွေ ကြား ရွေ့လျားရင်း တွေ့ကြုံရတဲ့ အကူးအပြောင်းစရိတ်တွေကို လျော့ကျစေတာပါ)။ နောက်ဆုံးအနေနဲ့ အဲ့လို ကုန်ထုတ်လုပ်ရေး ဖြစ်စဉ်တွေကို သေချာပိုင်းခြားလိုက်ခြင်းက၊ အစိတ်အပိုင်းတစ်ခုစီကို အလိုအလျောက် ဖြစ်အောင်လုပ်ဖို့ ပိုမိုလွယ်ကူစေပြီး၊ စူပါလူသားတစ်ယောက်လို အမြန်နှုန်းထားမျိုး (စက်ကဲ့သို့ အမြန်လုပ်နိုင်ခြင်း Mechanization) နဲ့ ဆောင်ရွက်နိုင်စေတာပါ။

အဲ့ဒီအကြောင်းအရာကို ပုံဖော်ဖို့အတွက် သူက အခုလို ဆက်ဆွေးနွေးပါတယ်။ ပင်အပ်တစ်ချောင်း ထုတ်လုပ်ရေး ဖြစ်စဉ်အတွက်၊ လူဆယ်ယောက်ကြား အလုပ်တာဝန်တွေ ခွဲဝေလိုက်မယ်၊ ပြီးရင် လူတစ်ယောက်ကို အစိတ်အပိုင်း တစ်ခု သို့မဟုတ် နှစ်ခုမှာပဲ အထူးပြုဆောင်ရွက်စေမယ်၊ အဲ့ဒီဖြစ်စဉ်ကနေ နောက်ဆုံးကျရင် လူတစ်ယောက်က တစ်ရက်ကို ပင်အပ်အချောင်း ၄၈၀၀၀ အထိ ထုတ်လုပ်လာနိုင်တယ် ဆိုပြီးတော့ပါ။ တကယ်လို့ လူတစ်ယောက်ချင်းစီကပဲ ပင်အပ်တစ်ချောင်းထုတ်တဲ့ ဖြစ်စဉ်တစ်ခုလုံး ဆောင်ရွက်မယ်ဆိုရင်၊ လူတစ်ဦးချင်းအနေနဲ့ တစ်ရက်ကို အများဆုံး ပင်အပ်အချောင်း ၂၀ အထိပဲ ထုတ်လုပ်နိုင်တဲ့ အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ဖို့ စမစ်က ထောက်ပြပါတယ်။

ပင်အပ်ထုတ်တဲ့ လုပ်ငန်းက အသေးအဖွဲ ဥပမာလေးပဲ ဖြစ်ကြောင်းပြောပြီး၊ တခြား ကုန်ပစ္စည်းတွေအတွက် ဆိုရင်တော့ အလုပ်တာဝန်ခွဲဝေမှုက ဘယ်လောက် ပိုပြီးရှုပ်ထွေးနိုင်ကြောင်း ဆက်ပြီး ရှင်းပြပါတယ်။ ဒီနေရာမှာ၊ ပင်အပ်တစ်ချောင်းဖြစ်ဖို့အတွက် လူဆယ်ယောက် အတူတကွ အလုပ်လုပ်တာကိုက၊ တော်တော်ကြွေစရာ ကောင်းတယ်လို့ ယူဆကြတဲ့ ခေတ်မှာ စမစ် နေထိုင်ခဲ့တာကိုတော့ ဝန်ခံရပါမယ်။ ဒါပေမဲ့ အနည်းဆုံးတော့ အဲဒီအချိန်က ခေတ်ရှေ့ပြေးဘာသာရပ် တခုအတွက်၊ ဂန္ထဝင်လက်ရာ ဖြစ်လာမယ့် စာအုပ်ရဲ့ အဖွင့်မှာ၊ ပင်အပ်ထုတ်တာကို ဥပမာအနေနဲ့ သုံးတာကတော့ တော်တော်ကြွေဖို့ ကောင်းတာပါ။

နောက်ထပ်ရာစုနှစ် နှစ်ခုနဲ့ ထက်ဝက်အကြာမှာတော့၊ စက်မှုထွန်းကားခြင်းနဲ့ ဓာတုလုပ်ငန်း ဖြစ်စဉ်တွေကို အသုံးပြုမှုက မောင်းနှင်တဲ့ ဖြစ်ပေါ်တိုးတတ်မှုတွေကို နည်းပညာနယ်ပယ်မှာ သိသာထင်ရှားစွာ တွေ့မြင်လာ

ရပါတယ်။ ဒါက ပင်အပ်လုပ်ငန်းမှာတင် မကပါဘူး။ စမစ်ကနေပြီး မျိုးဆက်နှစ်ခုလောက် ကြာပြီးတဲ့အခါ အလုပ်သမားတစ်ယောက်ရဲ့ ထုတ်လုပ်နိုင်တဲ့ ပမာဏက နှစ်ဆနီးပါး ဖြစ်လာတာပါ။ စမစ်ရဲ့ နမူနာကို လိုက်ပြီး ချားလ်စ် ဘတ်ဘ်ဘေ့ချ် Charles Babbage ဆိုတဲ့ ၁၉ ရာစုနှစ် သင်္ချာပညာရှင်တစ်ဦးက (သူ့ကို ကွန်ပျူတာဆိုတဲ့ အယူအဆရဲ့ ဖခင်လို့လည်း သိကြပါတယ်)၊ ပင်အပ်ထုတ်တဲ့ စက်ရုံတွေကို ၁၈၃၂ ခုနှစ်မှာ လေ့လာခဲ့ပါတယ်။ သူတွေ့ရှိတာကတော့ အဲ့ဒီစက်ရုံတွေက အလုပ်သမားတစ်ယောက်အနေနဲ့ တစ်ရက်ကို ပင်အပ်အချောင်း ၈၀၀၀ အထိ ထုတ်လုပ်နေတယ်ဆိုတာပဲ ဖြစ်ပါတယ်။

နောက်ထပ် နှစ်ပေါင်း ၁၅၀ ကြာအပြီး မှာတော့၊ နည်းပညာဆိုင်ရာ ဖြစ်ပေါ်တိုးတတ်မှုတွေကြောင့်၊ ထုတ်လုပ်နိုင်စွမ်းက နောက်ထပ် အဆ ၁၀၀ လောက်ဖြစ်တဲ့၊ အလုပ်သမားတစ်ယောက်ကို ပင်အပ်အချောင်း ၈၀၀၀၀၀ အထိ တိုးလာပြီး၊ အဲ့ဒီတွေ့ရှိချက်ကိုတော့ 1980 လောက်က ကိန်းဘရစ်တက္ကသိုလ်က ဘောဂဗေဒ ပညာရှင်ဖြစ်တဲ့ ကလစ်ဖ်ဖို့ဒ် ပရပ်တ်တန်ဂ် Clifford Pratten ရဲ့ လေ့လာမှုကနေ သိရပြန်တာပါ။

ပင်အပ်နမူနာလိုမျိုး တူညီတဲ့အရာကိုပဲ ပြုလုပ်ပြီး ကုန်ထုတ်လုပ်မှုတွေ တိုးလာတယ်ဆိုတာက ဇာတ်လမ်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ ရှိပါသေးတယ်။ ဒီနေ့ခေတ်မှာတော့ ကျွန်ုပ်တို့အနေနဲ့ စမစ်ရဲ့ ခေတ်အခါက စိတ်ကူးရုံပဲ တတ်နိုင်တဲ့ အရာတွေ ဖြစ်တဲ့ ပုံသန်းနိုင်တဲ့ စက်လိုပ်ဟာမျိုးနဲ့၊ သူ့ခေတ်တုန်းက စိတ်တောင် မကူးဖြစ်ခဲ့တဲ့ ပစ္စည်းတွေဖြစ်တဲ့၊ မိုက်ခရိုချစ်စ်ပြား၊ ကွန်ပျူတာ၊ ဖန်မျှင်နန်းကြိုး ( fibre optics cable) နဲ့ ကျွန်ုပ်တို့သုံးနေတဲ့ ပင်အပ် (pin) ဆောရီး ကိုယ်ပိုင်စီစစ်ရေးအမှတ်(PIN - Personal Identification Number) ထုတ်လုပ်ဖို့ လိုအပ်တဲ့ မြောက်မြားစွာသော တခြားနည်းပညာတွေကို၊ ထုတ်လုပ်နေပါပြီ။

## အရာအားလုံးပြောင်းလဲသွားခြင်း - အရင်းရှင်စနစ်ရဲ့ ဇာတ်ကောင်တွေရော အင်စတီကျူးရှင်းတွေပါ ဘယ်လိုပြောင်းလဲသွားလဲ

စမစ်ရဲ့ ခေတ်နဲ့ ကျွန်ုပ်တို့ ခေတ်ကြားထဲ၊ ကုန်ထုတ်လုပ်ရေးမှာ သုံးတဲ့ နည်းပညာတွေ (ဝါ) ကုန်ပစ္စည်းတွေကို ဘယ်လို ထုတ်လုပ်သလဲဆိုတာတင် ပြောင်းလဲသွားတာ မဟုတ်ပါဘူး။

စီးပွားရေးစနစ်ထဲက ဇာတ်ကောင်တွေ Economic Actors ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းဆောင်တာတွေမှာ ကိုယ်တိုင် လုပ်ကိုင်နေတဲ့သူတွေ အပြင်၊ စီးပွားရေးစနစ်နှင့်ဆိုင်တဲ့ အင်စတီကျူးရှင်းတွေ Economic Institutions ဖြစ်တဲ့ ကုန်ထုတ်လုပ်ရေးနဲ့ စီးပွားရေး လုပ်ငန်းဆောင်တာတွေကို ဘယ်လိုဖွဲ့စည်းရမလဲ ဆိုတာနဲ့ ပတ်သက်တဲ့ စည်းမျဉ်းတွေကလည်း၊ အခြေခံကျကျကို ပြောင်းလဲသွားတာပါ။

စမစ်ရဲ့ ခေတ်တုန်းက ဗြိတိသျှစီးပွားရေး၊ သူ့အခေါ် 'ကူးသန်းရောင်းဝယ်မှု ထွန်းကားသော လူ့အဖွဲ့အစည်း' (Commercial Society) နဲ့၊ ဒီနေ့ခေတ် စီးပွားရေးစနစ်နဲ့က အချို့သော အခြေခံလက္ခဏာတွေ တူညီကြတာ

Copyright © 2026. Economic Education Program, Inya Economics.

တွေ့နိုင်ပါတယ်။ အဲ့လိုမှ မတူရင်လည်း သူ့ရဲ့လက်ရာက ဒီဘက်ခေတ်မှာ မဆီလျော်တော့ပဲ နေမှာပေါ့။ အဲ့ခေတ်က တခြားသော စီးပွားရေးစနစ်အများစုနဲ့ မတူတာကတော့၊ ဗြိတိသျှစီးပွားရေးစနစ်က အရင်းရှင်စနစ် ဖြစ်နှင့်နေပါပြီ (တခြားချွင်းချက်တွေကတော့ နယ်သာလန်၊ ဘယ်လ်ဂျီယံနဲ့ အီတလီရဲ့ အစိတ်အပိုင်းတစ်ချို့ပါ)။

အဲ့တော့ အရင်းရှင်တွေရဲ့ စီးပွားရေး သို့မဟုတ် အရင်းရှင်စနစ်ဆိုတာ ဘာပါလဲ။ ဒီစနစ်က ကိုယ်တိုင် စားသုံးမှုအတွက်ပဲ ကုန်ထုတ်လုပ်တာ (ကိုယ်စားဖို့ ကိုယ်စိုက်ပြီး ဖူလုံရေးအတွက် ရည်ရွယ်တဲ့ လယ်ယာစိုက်ပျိုးရေးလိုမျိုး)၊ သို့မဟုတ် နိုင်ငံရေးတာဝန်အရ ကုန်ထုတ်လုပ်ရေးကို လုပ်တာ (မြေရှင် လူ့အဖွဲ့အစည်းတွေ သို့မဟုတ် ဆိုရှယ်လစ် စီးပွားရေးရပ်ဝန်းတွေ မှာလို နိုင်ငံရေးအာဏာရှိတဲ့ မင်းစိုးရာဇာတွေ၊ ဗဟိုစီမံကိန်းတာဝန်ယူထားတဲ့ အာဏာပိုင်တွေက ခင်ဗျားကို ဘယ်ဟာထုတ်လုပ်ရမယ်လို့ ညွှန်ကြားတာမျိုး) မဟုတ်ဘဲ၊ အမြတ်အစွန်းရဖို့ ရည်ရွယ်ပြီး ကုန်ထုတ်လုပ်ရေးကို ဖွဲ့စည်းလုပ်ကိုင်တဲ့ စီးပွားရေးစနစ်မျိုး ဖြစ်ပါတယ်။

အမြတ်အစွန်းဆိုတာကိုတော့ အခုလို တွက်တာပါ။ အရင်ဆုံး ဈေးကွက်မှာ တစ်ခုခုကိုရောင်းပြီး ခင်ဗျားရတဲ့ဟာ ရှိပါမယ် (ဒါကို ဈေးကွက်အတွင်း ရောင်းရငွေ ဒါမှမဟုတ် ရိုးရိုးပဲ ရောင်းချငွေလို့ ခေါ်ပါတယ်)။ အဲ့ထဲကနေမှ အဆိုပါပစ္စည်းကို ထုတ်လုပ်ဖို့အတွက် လိုအပ်တဲ့ သွင်းအားစုအားလုံးရဲ့ စရိတ်ကို နှုတ်ရပါမယ်။ အဲ့နှစ်ခုကြားထဲက ခြားနားချက်ကနေ အမြတ်အစွန်းကို ရတာပါ။ ပင်အပ်စက်ရုံကိစ္စမှာဆို သူ့ရဲ့ အမြတ်ဟာ ပင်အပ်တွေကို ရောင်းရငွေနဲ့၊ အဲ့တာတွေ ထုတ်လုပ်တဲ့အချိန်မှာ ကုန်တဲ့ ကုန်ကျစရိတ်နဲ့ ကြားက ခြားနားချက်ပေါ့။ ဒီမှာ ကုန်ကျစရိတ်ဆိုတာက၊ ပင်အပ်တွေအဖြစ် ပြောင်းလဲသွားတဲ့ စတီးဝိုင်ယာတွေ၊ စက်ရုံ အလုပ်သမားတွေအတွက် လုပ်ခလစာ၊ စက်ရုံဆောက်တဲ့အတွက် ငှားရမ်းခ၊ စတာတွေကို ဆိုလိုတာ ဖြစ်ပါတယ်။

အရင်းရှင်စနစ်ဆိုတာကို အရင်းအနှီးဆိုတဲ့ ကုန်စည် Capital Goods ကို ပိုင်ဆိုင်တဲ့ အရင်းရှင်ဆိုသူတွေနဲ့ ဖွဲ့စည်းထားတာပါ။ အရင်းအနှီးကုန်စည်တွေ ဆိုတာကို ကုန်ထုတ်ပစ္စည်းများ Means of Production လို့လည်း သိကြပြီး ကုန်ထုတ်လုပ်ရေး ဖြစ်စဉ်ထဲမှာပါတဲ့ ကြာရှည်ခံတဲ့ သွင်းအားစုလို့လည်း ရည်ညွှန်းကြပါတယ် (ဥပမာဆို စက်ပစ္စည်းတွေပါမယ်၊ ဒါပေမဲ့ ကုန်ကြမ်းတွေတော့ မပါဘူးပေါ့)။ နေ့စဉ်ပြောဆိုတဲ့ အခါမှာတော့ ဒီ "အရင်းအနှီး" ဆိုတဲ့ ဝေါဟာရကို၊ စွန့်စားပြီး ထူထောင်သော စီးပွားရေးလုပ်ငန်း Business Venture တွေမှာ ရင်းနှီးမြှုပ်နှံတဲ့ ငွေကြေးကို ရည်ညွှန်းဖို့ သုံးစွဲလေ့ရှိကြတာပါ (ဘောဂဗေဒသီအိုရီတွေမှာတော့ ဒီအရာကို ဘဏ္ဍာငွေ အရင်းအနှီး Finance Capital ဒါမှမဟုတ် ငွေကြေးအရင်းအနှီး Money Capital လို့လည်း သိကြပါတယ်)။

အရင်းရှင်တွေက ကုန်ထုတ်လုပ်တဲ့ အင်အားစုတွေကို တိုက်ရိုက်ဖြစ်စေ၊ ဒါမှမဟုတ် ဒီနေ့ခေတ်မှာ ပိုနိစ္စဒူဝ ဖြစ်လာတာကတော့၊ အဲ့ဒီ ကုန်လုပ်အင်အားစုတွေကို ပိုင်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ ရှယ်ယာတွေ သို့မဟုတ် စတော့ခ်တွေကို ပိုင်ဆိုင်ခြင်းကမှ တဆင့်ဖြစ်စေ၊ ပိုင်ဆိုင်ကြပါတယ်။ အရင်းရှင်တွေက၊ အဲ့ဒီ ကုန်လုပ်အင်အားစု

Copyright © 2026. Economic Education Program, Inya Economics.

တွေ ပြန်လည်ပတ်နိုင်ဖို့အတွက်၊ တခြားသူတွေကို စီးပွားဖြစ်အခြေခံ ငှားရမ်းကြပါတယ်။ အဲ့ဒီလို ငှားရမ်းထားတဲ့ လူတွေကို၊ လုပ်ခစား လုပ်သား Wage labourers တွေ၊ ဒါမှမဟုတ် ရိုးရှင်းစွာပဲ အလုပ်သမားတွေ Workers လို့ ခေါ်ကြတာပါ။ အရင်းရှင်တွေက အမြတ်အစွန်းရဖို့အတွက်၊ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ရောင်းဝယ်တဲ့ နေရာဖြစ်တဲ့ ဈေးကွက်ကနေ၊ ကုန်ထုတ်ပစ္စည်းတွေကို တခြားသူတွေထံ ထုတ်လုပ် ရောင်းချပါတယ်။ ဈေးကွက်ထဲမှာရှိတဲ့ ရောင်းချသူတွေ ကြားထဲက ပြိုင်ဆိုင်မှုကြောင့်၊ 'အမြတ်အစွန်းသာ ပဓာနထားတဲ့ ထုတ်လုပ်သူ'တွေအနေနဲ့၊ တတ်နိုင်သမျှ အနိမ့်ဆုံးစရိတ်ကနေ ထုတ်လုပ်ဖို့ ဖြစ်လာပြီး၊ အဲ့အခြေအနေက အားလုံးအတွက် အကျိုးရှိစေလိမ့်လို့ စမစ်က ယုံကြည်ခဲ့တာပါ။

ဒါပေမဲ့လည်း စမစ်ရဲ့ခေတ်တုန်းက အရင်းရှင်စနစ်နဲ့ ဒီနေ့ခေတ် အရင်းရှင်စနစ် ကြားထဲက တူညီမှုတွေက၊ အဲ့လို အခြေခံကျတဲ့ သွင်ပြင်လက္ခဏာ အချို့ကလွဲရင် ထပ်ပြီး များများစားစား မရှိတော့ပါဘူး။

အရင်းရှင်စနစ်ရဲ့ မရှိမဖြစ် အရေးပါတဲ့ ဝိသေသလက္ခဏာတွေ ဖြစ်တဲ့၊ ကုန်ထုတ်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်ဆိုင်မှု၊ အမြတ်ဦးစားပေး ရှာဖွေခြင်း၊ လခစားအနေနဲ့ အလုပ်လုပ်ကိုင်မှုနဲ့ ငွေကြေးလဲလှယ်မှု ဈေးကွက် စတာတွေကို၊ တကယ့် လက်တွေ့အခြေအနေ အဖြစ် အကောင်အထည်ဖော်လိုက်တဲ့ အခါမှာတော့၊ ဒီခေတ်နှစ်ခုရဲ့ကြားထဲမှာ ကြီးမားတဲ့ ခြားနားချက်တွေ ရှိလာနေပါပြီ။

## အရင်းရှင်တွေက မတူတော့ပါဘူး။

အဒမ်စမစ်ရဲ့ ခေတ်တုန်းက စက်ရုံအများစုနဲ့ (လယ်ယာတွေ)ကို အရင်းရှင်တစ်ဦးချင်းစီ၊ ဒါမှမဟုတ်လည်း အပြန်အလှန် သိကျွမ်းရင်းနှီးတဲ့ လူရင်းတွေကနေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ အစုစပ်လုပ်ငန်းတွေက၊ ပိုင်ဆိုင်ပြီး လည်ပတ်ကြပါတယ်။ အဲ့ဒီ အရင်းရှင်တွေကလည်း ကုန်ထုပ်လုပ်ရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြတာပါ။ ရံဖန်ရံခါမှာဆို ရုပ်ပိုင်းဆိုင်ရာအရ စက်ရုံခန်းမတွေထဲအထိ သူ့ရဲ့ အလုပ်သမားတွေကို အမိန့်ပေးတာ၊ ဆဲဆိုကြိမ်းမောင်း ရိုက်နှက်တာတို့အထိ လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ စက်ရုံအများစုကို သဘာဝမဟုတ်တဲ့လူတွေ Unnatural persons ဖြစ်တဲ့ ကော်ပိုရေးရှင်း ဆိုတာတွေက ပိုင်ဆိုင်ပြီး လည်ပတ်ကြပါတယ်။ အဲ့ဒီ ကော်ပိုရေးရှင်းတွေက ဥပဒေရဲ့ အနှစ်သာရထဲမှာပဲ လူပုဂ္ဂိုလ်တွေအနေနဲ့ ရှိတာပါ။ သူတို့ကိုလည်း အဲ့မှာ ရှယ်ယာဝယ်ထားတဲ့ လူစုလူဝေးကြီးက တဖန်ပြန်ပြီး စပ်တူပိုင်ဆိုင်ပြန်ပါတယ်။ ဒါပေမဲ့ ရှယ်ယာပိုင်တဲ့သူ တစ်ယောက်ဖြစ်ရုံနဲ့၊ ခင်ဗျားကို ကျမ်းရိုး အဓိပ္ပာယ်မှာ ရှိတဲ့ အရင်းရှင်တစ်ယောက်တော့ ဖြစ်စေမှာ မဟုတ်ပါဘူး။ Volkswagen (ဂျာမန်ကားကုမ္ပဏီ) ရဲ့ သန်း ၃၀၀ လောက်ရှိတဲ့ ရှယ်ယာထဲက ရှယ်ယာ ၃၀၀ လောက်ကို ပိုင်ဆိုင်ခြင်းက၊ ဆိုကြပါစို့ ဂျာမနီနိုင်ငံ၊ ဝုဖ်ဘက်မြို့မှာရှိတဲ့ စက်ရုံဆီ သွားပြီးတော့၊ ခင်ဗျားရဲ့ စက်ရုံက ခင်ဗျားရဲ့ အလုပ်သမားတွေဆိုပြီး၊ အဲ့စက်ရုံရဲ့ အလုပ်ချိန် မီလီယံ ပုံတစ်ပုံအတွက် အမိန့်ပေးဖို့ အခွင့်အာဏာ ခင်ဗျားရှိ မအပ်နှင်းပါဘူး။ လုပ်ငန်းတွေကို ပိုင်ဆိုင်မှုနဲ့ သူ့ရဲ့

Copyright © 2026. Economic Education Program, Inya Economics.

လုပ်ငန်းလည်ပတ်မှုတွေ အတွက် ကြီးကြပ်တာကို၊ လုပ်ငန်းအကြီးစားတွေမှာ သိသိသာသာကို ခွဲခြားထား လိုက်ပါပြီ။

ကော်ပိုရေးရှင်းအကြီးစား အများစုမှာရှိတဲ့ ဒီနေ့ခေတ်ပိုင်ရှင်တွေက၊ အကန့်အသတ်နဲ့သာ ပေးချေရန် တာဝန်ရှိတဲ့ ကုမ္ပဏီလိမိတတ် (Limited Liability) ဆိုတဲ့ သဘောတရားနဲ့ လည်ပတ်ကြပါတယ်။ အကန့်အသတ်နဲ့ပဲ ပေးချေရန်တာဝန်ရှိတဲ့ ကုမ္ပဏီ (Limited Liability Company - LLC) သို့မဟုတ် အများပြည်သူနဲ့ သက်ဆိုင်သော ကုမ္ပဏီ(Public Limited Company - PLC) တွေမှာဆို၊ အကယ်၍ ကုမ္ပဏီနဲ့ပတ်သက်ပြီး တစ်ခုခုလွဲချော်တာ ရှိခဲ့ရင်၊ ရှယ်ယာဝင်တွေက သူတို့ရှယ်ယာအတွက် ရင်းနှီးမြှုပ်နှံထားတဲ့ ငွေကြေးကိုသာ ဆုံးရှုံးပြီး၊ အဲ့မှာတင်ပဲ ဇာတ်လမ်းဆုံးတာပါ။ စမစ်ရဲ့ ခေတ်တုန်းက ကုမ္ပဏီအများစုရဲ့ ပိုင်ရှင်တွေကတော့၊ အကန့်အသတ်မရှိ ပေးချေရန် တာဝန်ရှိပါတယ်။ အဓိပ္ပာယ်ကတော့ တကယ်လို့ စီးပွားရေးလုပ်ငန်းက ကျရှုံးခဲ့ရင်၊ သူတို့မှာရှိသမျှ ပိုင်ဆိုင်မှုတွေ အကုန်လုံးကို အကြွေးဆပ်ဖို့ ရောင်းချရတာပါ။ အဲ့တာကမှ အဆင်မပြေသေးရင်တော့ ကြွေးရှင်ရဲ့ အကျဉ်းထောင်ထဲမှာ ဇာတ်သိမ်းရမယ်ဆိုတဲ့ သဘော ဖြစ်ပါတယ်။ စမစ်က အကန့်အသတ်နဲ့ ပေးချေရန် တာဝန်ရှိတယ် ဆိုတဲ့ သဘောတရား (The Principle of Limited Liability)ကို ဆန့်ကျင်ခဲ့တာပါ။ အဲ့လိုမျိုး အကန့်အသတ်နဲ့ပဲ ပေးချေရန် တာဝန်ရှိတဲ့ ကုမ္ပဏီတွေကို ကိုယ်တိုင်မပိုင်ဆိုင်ပဲနဲ့ စီမံခန့်ခွဲတဲ့သူတွေက၊ 'တခြားသူတွေရဲ့ ငွေကြေး'နဲ့ ကစားနေတဲ့သူတွေ ဖြစ်ပြီး၊ သူတို့ စီမံခန့်ခွဲတာကလည်း ကိုယ့်ရှိတာ အကုန်ရင်းပြီး စွန့်စားထားရတဲ့ သူတွေလောက် နိုးနိုးကြားကြားနဲ့ သတိရှိနေမှာ မဟုတ်ဘူးဆိုပြီး ထောက်ပြခဲ့တာပါ။ (အမျိုးသား အကျိုးစီးပွား အတွက် အရေးပါတဲ့ စွန့်စားရတဲ့ စီးပွားရေးလုပ်ငန်းအချို့ ဥပမာဆို ကိုလိုနီချဲ့ထွင်ဖို့အတွက် အရေးပါတဲ့ ဗြိတိသျှနှင့် နယ်သာလန်တို့ရဲ့ အရှေ့အိန္ဒိယကုမ္ပဏီနဲ့ အကြီးစားလည်ပတ်တဲ့ ဘဏ်လုပ်ငန်းတွေ ကိုတော့၊ အကန့်အသတ်နဲ့ ပေးချေရန် တာဝန်ရှိတဲ့ ကုမ္ပဏီလိမိတက်သဘောကို အခြေခံပြီး လည်ပတ်ခွင့် ပေးခဲ့ပါတယ်။)

ပိုင်ဆိုင်မှုပုံစံက ဘယ်လိုပဲဖြစ်ပါစေ၊ ကုမ္ပဏီတွေကိုလည်း စမစ်ရဲ့ ခေတ်နဲ့ သိသိသာသာခြားနားပြီး ဖွဲ့စည်းလာ ကြပါတယ်။ စမစ်ရဲ့ ခေတ်တုန်းက ကုမ္ပဏီအများစုက ကုန်ထုတ်လုပ်ရေး အရွယ်အစား သေးငယ်ပြီး၊ တည်နေရာတစ်ခုက ရိုးရှင်းတဲ့ အမိန့်ပေးစနစ်အောက်မှာ အလုပ်ကြပ်အနည်းငယ်၊ သာမန်အလုပ်သမား တွေရယ်နဲ့ (ဖြစ်နိုင်တာတော့) ခေါင်းဆောင် အကြပ်တစ်ယောက် caretaker တို့နဲ့ ထုတ်လုပ်ရေးအတွက်ကို ဖွဲ့စည်းခဲ့ကြတာပါ (caretaker ဆိုတဲ့ နာမည်က အဲ့ခေတ်တုန်းက ငှားရမ်းထားတဲ့ မန်နေဂျာ hired manger တွေကို ခေါ်တာပါ)။ ဒီနေ့မှာတော့ ကုမ္ပဏီအများစုက အလွန်ကြီးမားပြီး၊ တခါတရံမှာ သောင်းနဲ့ ဒါမှမဟုတ် သန်းနဲ့ချီတဲ့ အလုပ်သမားတွေကို၊ ကမ္ဘာတဝှမ်းမှာ အလုပ်ခန့်ထားကြပါတယ်။ ဝေါလ်မတ် Walmart က အလုပ်သမားပေါင်း ၂.၁ သန်း အထိ အလုပ်ခန့်ထားပြီး၊ မက်ဒေါ်နယ် McDonald's ကတော့ ဖရန်ချိုက်စ် လုပ်ငန်း

Copyright © 2026. Economic Education Program, Inya Economics.

(Franchise) တွေ အပါအဝင်ဆိုရင် အလုပ်သမားပေါင်း ၁.၈ သန်းဝန်းကျင်လောက် အလုပ်ခန့်ထားတာပါ။ ဒီကုမ္ပဏီတွေမှာ ရှုပ်ထွေးတဲ့ အတွင်းစည်း ဖွဲ့စည်းတည်ဆောက်ပုံတွေ ရှိပြီး ဌာနခွဲတွေ၊ အမြတ်ငွေဌာနတွေ၊ အထိုက်အလျောက် လွတ်လပ်တဲ့ တခြားဌာနတွေနဲ့ ဖွဲ့စည်းထားပါတယ် (တခြား ဘာတွေများ ထပ်ဖွဲ့ဖို့ မဖြစ်နိုင်တာ ရှိသေးလို့လဲ)။ ပြီးရင် ထွေပြားတဲ့ အလုပ်သတ်မှတ်ချက်တွေနဲ့ လူတွေကို ငှားရမ်းပြီး၊ ရှုပ်ထွေးနက်နဲ ဗျူရိုကရက်ဆန်တဲ့ အမိန့်ပေးစနစ်ထဲကနေ အဆင့်သတ်မှတ်ချက်တွေ ပေးကြတာပါ။ (ဖရန်ချိုက်စ်လုပ်ငန်း (Franchise) တွေက လွတ်လပ်တဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။ သူတို့ကို မူရင်း ကုမ္ပဏီကြီးတွေရဲ့ ဆိုင်ခွဲတွေကဆင့် တိုက်ရိုက် လည်ပတ်တာမဟုတ်ပဲ၊ အဲ့ဒီကုမ္ပဏီကြီးတွေရဲ့ ကုန်အမှတ်တံဆိပ်နဲ့ အထောက်အပံ့တွေလောက်ကိုပဲ အသုံးပြုပြီး ကျန်တဲ့အပိုင်းကို ကိုယ်တိုင် စီမံခန့်ခွဲ လည်ပတ်ကြတာ မျိုးပါ။)

## အလုပ်သမားတွေကလည်း မတူတော့ပါဘူး။

စမစ်ရဲ့ ခေတ်တုန်းက လူအများစုက လခစားအလုပ်သမားတွေ အဖြစ်နဲ့၊ အရင်းရှင်တွေအတွက် အလုပ် မလုပ်ကြပါဘူး။ အဲ့အချိန်က အဆင့်မြင့်ဆုံး အရင်းရှင်စနစ် ဖြစ်ထွန်းနေတယ်လို့ ပြောလို့ရတဲ့၊ အနောက်ဥရောပ မှာတောင်၊ လူအများစုက စိုက်ပျိုးရေးကဏ္ဍမှာပဲ အလုပ်လုပ်နေခဲ့ကြတုန်းပါ။

သူတို့ထဲက လူနည်းစုကပဲ လခစားအလုပ်သမား အဖြစ်နဲ့၊ စိုက်ပျိုးရေးဘက်က အရင်းရှင်တွေဆီမှာ အလုပ်လုပ်နေခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီထဲကမှ အများစုက ဝမ်းစာဖူလုံရေးအတွက် တပိုင်တနိုင်လုပ်ကိုင်တဲ့ လယ်သမားတွေ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် မင်းစိုးရာဇာမြေရှင်ပဒေသရာဇ်တွေရဲ့ မြေငှားတွေ(သူတို့တွေက မြေယာကို ငှားရမ်းလုပ်ကိုင်ပြီး ထွက်ကုန်ရဲ့တစိတ်တပိုင်းကို ပြန်ပေးပါတယ်) ဖြစ်ကြတာပါ။

အဲ့ကာလတုန်းက အရင်းရှင်တွေအတွက် အလုပ်လုပ်နေခဲ့တဲ့ လူအများစုကတောင်မှ၊ လခစားအလုပ်သမားတွေ မဟုတ်ကြပါဘူး။ နောက်ပြီး အဲ့ဒီခေတ်မှာ ကျွန်တွေလည်း ရှိပါသေးတယ်။ ထွန်စက်တွေ ဒါမှမဟုတ် ထွန်ယက်တာ လုပ်ရတဲ့ တိရစ္ဆာန်တွေလိုပဲ၊ ကျွန်တွေကလည်း အရင်းရှင်တွေက ပိုင်ဆိုင်တဲ့ ကုန်လုပ်ကိရိယာ တန်ဆာပလာတွေ ဖြစ်ခဲ့တာပါ။ အထူးသဖြင့် တောင်အမေရိက၊ ကာရစ်ဘီယန်၊ ဘရာဇီးလ်နဲ့ တခြား ဒေသတွေက စိုက်ခင်းပိုင်ရှင်တွေဆီမှာ ဖြစ်ပါတယ်။ ***နိုင်ငံများရဲ့ ဥစ္စာဓန The Wealth of Nations***ကို ပုံနှိပ်ပြီး မျိုးဆက်နှစ်ခုအကြာ ၁၈၈၃ ခုနှစ်မှာမှ၊ ဗြိတိန်မှာ ကျွန်စနစ်ကို ဖျက်သိမ်းခဲ့တာပါ *(အခုကစပြီး TWONလို့ပဲ သုံးပါမယ်)*။ *TWON* ပုံနှိပ်ပြီး ရာစုနှစ် တစ်ခုနီးပါး အကြာ၊ သွေးထွက်သံယိုများတဲ့ ပြည်တွင်းစစ်ကြီးအပြီး ၁၈၂၆ ခုနှစ်မှသာ၊ ကျွန်စနစ်က အမေရိကန်နိုင်ငံမှာ ဖျက်သိမ်းခံခဲ့ရတာပါ။ ဘရာဇီးလ်ဆိုရင် ၁၈၈၈ ခုနှစ်မှသာ ကျွန်စနစ်ကို ဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။

အရင်းရှင်တွေအတွက် အလုပ်လုပ်နေတဲ့ လူတွေထဲက အစိတ်အပိုင်း အများစုကြီးက လခစား အလုပ်သမားတွေ မဟုတ်ကြပါဘူး။ အဲ့ဒီအနည်းငယ်သော လခစားအလုပ်သမားတွေထဲက အများစုကတော့ ဒီနေ့ခေတ်မှာဆို



Copyright © 2026. Economic Education Program, Inya Economics.

တားမြစ်ခံရမယ့် သူတွေ ဖြစ်ပါတယ်။ သူတို့ကတော့ ကလေးတွေပါ။ နောက်ပြီး အဲ့ခေတ်ကာလမှာ လူအနည်းစုလေးကပဲ၊ ကလေးတွေကို ဌားရမ်းတာက တစ်ခုခု မှားနေတယ်လို့ တွေးခဲ့ကြတာ ဖြစ်ပါတယ်။ သူ့ရဲ့ ၁၇၂၄ က စာအုပ်ဖြစ်တဲ့ ***ဂရိတ်ဗြိတိန် ကျွန်းစုတစ်ခုလုံး အလည်အပတ်သွားခြင်း A Tour Through the Whole Island of Great Britain*** မှာ ရော်ဘင်ဆင်ကရူးစိုး Robinsin Crusoe စာအုပ်ရေးသူ ဒင်နီယယ်ဒီဖိုးလ် Daniel Defore က၊ ၁၇၀၀ ခုနှစ်မှာ အဲ့ခေတ်လူတွေ အရမ်းတန်ဖိုးထားကြတဲ့ အိန္ဒိယက ဝါဂွမ်းအထည်လိပ်၊ ချည်ထည်ပိတ်ဖြူတွေ တင်ပို့ခွင့် ပိတ်ပင်ခံလိုက်ရကြောင်း၊ အဲ့ဒါ့ရဲ့ ကျေးဇူးကြောင့်ပဲ အဲ့ကာလ ဝါဂွမ်းအထည်လိပ်တွေရဲ့ ဗဟိုချက်ဖြစ်တဲ့ နော်ဝစ်ချ်ဒေသမှာ၊ လေးငါးနှစ်သား အရွယ်ရှိတဲ့ ကလေးတွေအနေနဲ့ သူတို့ပေါင်မုန့်အတွက် သူတို့လုပ်အားနဲ့ ရှာလာနိုင်လာတဲ့ အကြောင်း၊ စသည်ဖြင့် သူ့ရဲ့ဝမ်းမြောက်ပျော်ရွှင်မှုကို ရေးသားခဲ့တာပါ။ နောက်ပိုင်း ကလေးအလုပ်သမားတွေကို ကန့်သတ်တာ၊ အဲ့ဒါပြီးတော့ ပိတ်ပင်တာတွေ လုပ်ပေမဲ့၊ ဒါတွေဟာ ၁၇၉၀ မှာ အဒမ်စမစ်ကွယ်လွန်ပြီး မျိုးဆက်များစွာ ကြာပြီးတော့မှ ဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာတော့ ဗြိတိန်နဲ့ တခြား ချမ်းသာတဲ့ နိုင်ငံတွေမှာ အခြေအနေက လုံးဝပြောင်းလဲသွားပါပြီ။ ကလေးတွေကို ခြွင်းချက်အလုပ်အချို့ ဖြစ်တဲ့ သတင်းစာပို့တဲ့ အလုပ်လိုမျိုးမှာ နာရီအကန့်အသတ်နဲ့ ပေးလုပ်တာကလွဲရင်၊ အလုပ်လုပ်ဖို့ ခွင့်မပြုတော့သလို၊ ဥပဒေအကြောင်းရ ငွေဝယ်ကျွန် ဆိုတာမျိုးလည်း မရှိတော့ပါဘူး။ အရွယ်ရောက်ပြီးသား အလုပ်သမားတွေရဲ့၁၀ ရာခိုင်နှုန်းက ကိုယ်ပိုင်လုပ်ငန်း လုပ်နေတာဖြစ်ပြီး (ကိုယ်ပိုင်လုပ်ငန်း ဆိုတာက သူတို့အတွက် သူတို့ အလုပ်လုပ်တာကို ဆိုလိုတာပါ)၊ ၁၅-၂၅ ရာခိုင်နှုန်းက အစိုးအရအတွက် လုပ်ကြပါတယ်။ ပြီးရင် ကျန်တဲ့လူတွေ အားလုံးကတော့ အရင်းရှင်တွေဆီမှာ လခစား အလုပ်သမားအဖြစ် အလုပ်လုပ်ကြတာပါ။

(အရင်းရှင်စနစ် သိပ်ပြီး မရင့်ကျက် မဖွံ့ဖြိုးသေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာတော့ စမစ်ရဲ့ ခေတ်တုန်းက အနောက်ဥရောပမှာ တွေ့ရတဲ့ အခြေအနေနဲ့ သိပ်မခြားနားသေးပါဘူး။ အဆင်းရဲဆုံးဆိုတဲ့ နိုင်ငံတွေမှာ ကလေး အလုပ်သမားက ပျံ့နှံ့တည်ရှိနေဆဲဖြစ်ပြီး၊ လူအများစုကလည်း မြေရှင်ပဒေသရာဇ်တစ်ပိုင်း ဖြစ်တဲ့ မြေပိုင်ရှင်တွေဆီမှာ မြေငှားအနေနဲ့ လုပ်ကိုင်နေကြဆဲပါ။ အဲ့ဒီနိုင်ငံတွေက ၃၀ နဲ့ ၉၀ ရာခိုင်နှုန်းကြားမှာရှိတဲ့ လုပ်သား အင်အားစုတွေကတော့ ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်ကြတာမျိုး ဖြစ်နိုင်ပါတယ်။ သူတို့ထဲက အများစုကတော့ ဝမ်းရေးဖူလုံရေးအတွက်၊ တပိုင်တနိုင် လယ်ယာတွေ လုပ်ကိုင်ကြတာပါ။)

## ဈေးကွက်ကလည်း ပြောင်းလဲသွားပါပြီ။

စမစ်ရဲ့ ခေတ်ကာလမှာ ဈေးကွက် (Market) ဆိုတာက အဓိကအားဖြင့် ဒေသန္တရအဆင့်၊ ဒါမှမဟုတ် လွန်ရော ကျွံရောမှ နိုင်ငံတော်အဆင့်လောက် အထိပဲ ကျယ်ပြန့်ပါတယ်။ နိုင်ငံတကာနဲ့ အရောင်းအဝယ် လုပ်နေတဲ့ အရေးပါ

Copyright © 2026. Economic Education Program, Inya Economics.

တဲ့ ကုန်ပစ္စည်းတွေ (ဥပမာ သကြား၊ ကျွန်တွေနဲ့ ဟင်းခတ်အမွှေးအကြိုင်)၊ ဒါမှမဟုတ်ရင် အတိုင်းအတာ တစ်ခုထိသော စက်မှုထုတ်ကုန်တွေ ( ဥပမာ ပိုးခြည်၊ ချည်ထည်နဲ့ သိုးမွှေးထည်) ကတော့ ခြွင်းချက်ပေါ့။ အဲ့ဒီ ဈေးကွက်တွေမှာ အရွယ်အစားသေးငယ်သော လုပ်ငန်းပေါင်း မြောက်များစွာက ရောင်းချပြီး၊ ဒီနေ့ခေတ် ဘောဂဗေဒပညာရှင်တွေ ရည်ညွှန်းကြတဲ့ ပြီးပြည့်စုံသော ယှဉ်ပြိုင်မှု Perfect competition ဆိုတဲ့ အခြေအနေ ကို ဖြစ်စေခဲ့ပါတယ်။ အဲ့လို အခြေအနေမှာတုန်းက ရောင်းချသူ ဘယ်သူကမှ၊ ဈေးကွက်ထဲက ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို မလွှမ်းမိုးနိုင်ခဲ့ပါဘူး။ နောက်ပြီး အဲ့ခေတ် လန်ဒန်မြို့ လူဦးရေရဲ့ နှစ်ဆလောက် (၁၈၀၀ ခုနှစ်မှာ ၀.၈ သန်း) ကို ငှားရမ်းပြီး၊ အဲ့ဒီအချိန်တုန်းက ဗြိတိသျှ ကိုလိုနီနယ်မြေတွေထက် ခြောက်ဆလောက် ပိုများမယ့် နယ်မြေတွေမှာ၊ ကုမ္ပဏီတွေအနေနဲ့ လည်ပတ်နေမယ်ဆိုတာကို၊ စမစ်ရဲ့ ခေတ်တုန်းက လူတွေ စိတ်ကူးမိခဲ့ ဖို့တောင် မဖြစ်နိုင်သလောက်ပါဘဲ (မက်ဒေါ်နယ်က နိုင်ငံပေါင်း ၁၂၀ ကျော်မှာ လည်ပတ်ပါတယ်)။

ဒီနေ့ခေတ်မှာတော့ ဈေးကွက် တော်တော်များများကို ကုမ္ပဏီကြီးတွေက နေရာယူထားကြပြီး တစ်ခါတစ်ရံမှာ ဈေးကွက်ကို ကြိုးကိုင်ခြယ်လှယ်တာမျိုး သူတို့က လုပ်တတ်ကြပါတယ်။ အဲ့လို ကုမ္ပဏီကြီးတွေထဲက တချို့က တစ်ဦးတည်းသော ပေးသွင်းသူ Supplier (လက်ဝါကြီးအုပ်ခြင်း - monopoly) တွေ ဖြစ်ကြပြီး၊ ပိုပြီး ထုံးစံ ဖြစ်နေတာကတော့ သူတို့တွေ အနေနဲ့ ရှိစုမဲ့စု ပေးသွင်းသူတွေထဲက တစ်ယောက် (အနည်းစုက လက်ဝါးကြီး အုပ်မှု Oligopoly) ဖြစ်နေကြတာပါ။ အဲ့ဒီ အခြေအနေက နိုင်ငံလုံးဆိုင်ရာ အဆင့်တင် မကဘဲ၊ ကမ္ဘာလုံးဆိုင်ရာ အနေအထားမှာပါ ပိုဖြစ်လာနေတာ ဖြစ်ပါတယ်။ ဥပမာဆို Boeing နဲ့ Airbus က တကမ္ဘာလုံး အရပ်သား လေယာဉ်တွေရဲ့ ၉၀ ရာခိုင်နှုန်း နီးပါးအထိ ထောက်ပံ့ထားတာမျိုးပေါ့။ ကုမ္ပဏီတွေအနေနဲ့ တစ်ဦးတည်းသော ဝယ်ယူသူ (တစ်ဦးတည်းက အဝယ်လက်ဝါးကြီးအုပ်ခြင်း Monopsony) သို့မဟုတ် ရှိစုမဲ့စု ဝယ်ယူသူတွေ ထဲကမှ တစ်ယောက် (ဝယ်သူ အနည်းစုက အဝယ်လက်ဝါးကြီးအုပ်ခြင်း Oligopsony)လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

*(ဘာသာပြန်သူ - တစ်ဦးတည်းက အဝယ်လက်ဝါးကြီးအုပ်ခြင်း **Monopsony** ဆိုတာက ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ဈေးကွက်မှာ ရောင်းချသူ အများကြီးရှိပေမဲ့ ဝယ်သူက တစ်ဦးတည်းရှိတဲ့ အခြေအနေကို ဆိုလိုတာပါ။ ဝယ်သူ အနည်းစုက လက်ဝါးကြီးအုပ်ခြင်း **Oligopsony** ဆိုတာက အားကြီးတဲ့ ဝယ်သူ အနည်းငယ်ကပဲ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအတွက် ဈေးကွက်ကို ကြီးစိုးထားတာကို ဆိုလိုတာပါ။)*

အဒမ်စမစ်ခေတ်က ကုမ္ပဏီအသေးတွေနဲ့ မတူတာက လက်ဝါးကြီးအုပ်ထားတဲ့ ဒါမှမဟုတ် အနည်းစုက လက်ဝါးကြီး အုပ်ထားတဲ့ လုပ်ငန်းတွေအနေနဲ့ ဈေးကွက်ရဲ့ ရလဒ်ကို လွှမ်းမိုးနိုင်တာ ဖြစ်ပါတယ်။ ဘောဂဗေဒ ပညာရှင်တွေ ရည်ညွှန်းလေ့ရှိတဲ့ ဈေးကွက်ကို ကြိုးကိုင်ချယ်လှယ်နိုင်စွမ်း Market Power သူတို့မှာ ရှိနေတာပါ။ ဈေးကွက်ကို လက်ဝါးကြီး အုပ်ထားတဲ့ လုပ်ငန်းတစ်ခုအနေနဲ့၊ အမြတ်စွန်းအများဆုံး ရဖို့အတွက် သူ့ရဲ့ ထုတ်ကုန်တွေကို ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ပြီး၊ ဈေးနှုန်းတွေကို မြှင့်တင်နိုင်ကြပါတယ်။ အနည်းစု လက်ဝါးကြီး



Copyright © 2026. Economic Education Program, Inya Economics.

အုပ်ထားတဲ့ လုပ်ငန်းတွေကတော့ လက်ဝါးကြီး အုပ်ထားတဲ့ လုပ်ငန်းတွေလို သူတို့ရဲ့ ဈေးကွက်ကို ကြိုးကိုင်ချယ်လှယ်တာမျိုး မလုပ်နိုင်ပါဘူး။ ဒါပေမဲ့ သူတို့ အချင်းချင်း ကြားမှာတော့ ဈေးမလျှော့ပဲနဲ့ အမြတ်စွန်းကို မြှင့်တင်ဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ပူးပေါင်းကြံစည်ကောင်း ကြံစည်နိုင်တာပါ။ အဲ့တာကို စီးပွားရေးလုပ်ငန်းရှင် အချင်းချင်း ပူးပေါင်း၍ လက်ဝါးကြီးအုပ်ခြင်း၊ ကာတဲလ် Cartel လို့ ခေါ်တာ ဖြစ်ပါတယ်။

အကျိုးဆက်ကတော့ အထက်မှာ ဖော်ပြတဲ့ အခြေအနေတွေမှာလို ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကို နှောင့်ယှက်တဲ့ အပြုအမူတွေကို တားဆီးနိုင်ဖို့အတွက်၊ ယှဉ်ပြိုင်မှုထွန်းကားရေး ဥပဒေ Competition Law (လက်ဝါကြီးအုပ်မှုတိုက်ဖျက်ရေးဥပဒေ Antitrust law လို့လည်း ခေါ်ကြပါတယ်) ဆိုတာကို ဒီနေ့ခေတ် နိုင်ငံအများစုမှာ ပြဋ္ဌာန်းထားကြပါတယ်။ ဒီဥပဒေက လက်ဝါးကြီးအုပ်တာကို ခွဲပစ်တာ (ဥပမာဆို အမေရိကန်အစိုးရက AT&T ဆိုတဲ့ တယ်လီဖုန်းကုမ္ပဏီကို ၁၉၈၄ ခုနှစ်မှာ ခွဲပစ်လိုက်တာ)နဲ့၊ အနည်းစုက လက်ဝါးကြီးအုပ်ထားတဲ့ လုပ်ငန်းတွေကြားထဲမှာ ပူးပေါင်းကြံစည်တာကို ပိတ်ပင်တာတွေ လုပ်ပါတယ်။

တစ်ဦးတည်းက အဝယ်လက်ဝါးကြီးအုပ်ခြင်း သဘောတရား၊ ဝယ်သူ အနည်းစုက အဝယ်လက်ဝါးကြီးအုပ်ခြင်း သဘောတရားတို့နဲ့ သွားနေတဲ့ လုပ်ငန်းတွေကို ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခု အတွင်းမှာမှ သဘောတရားရေးရာအရ သိလိုမှုနဲ့ လေ့လာလာကြတာပါ။ သူတို့ထဲက အချို့က၊ လက်ဝါးကြီး အုပ်ထားတဲ့ ဒါမှမဟုတ် အနည်းစု လက်ဝါးကြီးအုပ်ထားတဲ့ လုပ်ငန်းတွေထက်၊ ဒီနေ့ခေတ်မှာ စီးပွားရေးကို ပုံဖော်တဲ့အခါ ပိုပြီးတောင် အရေးကြီး လာနေပါတယ်။ အချို့သော ကုန်ပစ္စည်းတွေရဲ့ အနည်းငယ်သော ဝယ်သူတွေထဲက တစ်ယောက်အနေနဲ့၊ Walmart, Amazon, Tesco နဲ့ Carrefour တို့လို ကုမ္ပဏီကြီးတွေက ဈေးကွက်အတွင်း ပိုင်ဆိုင်ထားတဲ့ သူတို့ရဲ့ ပါဝါအာဏာကို အသုံးပြုတဲ့အခါ (တစ်ခါတစ်ရံမှာဆို ကမ္ဘာလုံးဆိုင်ရာ အနေအထားနဲ့)၊ ဘယ်ဒေသမှာ ဘယ်ဟာကို ထုတ်မယ်၊ ဘယ်သူက အမြတ်စွန်းရဲ့ အစိတ်အပိုင်း ဘယ်လောက်ကို ရမယ်နဲ့ စားသုံးသူတွေက ဘယ်ပစ္စည်း ဝယ်မယ် ဆိုတာကို အကြီးအကျယ် လွှမ်းမိုးနိုင်ပါတယ်။ ရံဖန်ရံခါ သူတို့က လွှမ်းမိုးရုံတင်မကပဲ၊ အဆုံးအဖြတ် ပေးနိုင်စွမ်းတောင် ရှိနေတာပါ။

## ငွေကြေး - ဘဏ္ဍာရေးစနစ် - လည်း ပြောင်းလဲသွားပါပြီ။

အခုခေတ် တိုင်းပြည်တွေမှာ ငွေကြေး(နဲ့ဒင်္ဂါးပြား)တွေကို ဘဏ်တစ်ခုထဲက ထုတ်ကြတာကို ဖြစ်ရိုးဖြစ်စဉ်ပဲ ကျွန်ုပ်တို့ သဘောထား တတ်ကြပါတယ်။ US Federal Reserve Board သို့မဟုတ် the Bank of Japan လို ဗဟိုဘဏ်တွေကနေ တဆင့်ထုတ်တာကို ဆိုလိုတာပါ။

အဒမ်စမစ်တို့ခေတ် ဥရောပမှာ ဆိုရင်တော့၊ ဘဏ်အများစု(နဲ့ အချို့သော ကုန်သည်ကြီးတွေတောင်မှ)က သူတို့ရဲ့ ကိုယ်ပိုင်ငွေကြေးတွေကို ထုတ်ဝေကြတာပါ။ အဲ့ဒီငွေကြေး Notes တွေ (သို့မဟုတ် တကယ်လို့ US ဆိုရင်တော့ ဘေလ် Billတွေ)က၊ ဒီနေ့ခေတ် နားလည်ကြတဲ့ ငွေကြေးရဲ့ အဓိပ္ပာယ်မျိုးတော့ မဟုတ်ပါဘူး။ ငွေကြေးတစ်ခုကို

Copyright © 2026. Economic Education Program, Inya Economics.

လူပုဂ္ဂိုလ် တစ်ယောက်ချင်းစီအတွက် သပ်သပ် ထုတ်ဝေတာ ဖြစ်ပြီး၊ အဲ့တစ်ခုချင်းစီမှာ သီးသန့်တန်ဖိုး ရှိတာပါ။ နောက်ပြီးမှ အဲ့ဒီငွေကြေးကို ထုတ်ပေးတဲ့ ငွေကိုင်က လက်မှတ် ပြန်ထိုးပေးတာ ဖြစ်ပါတယ်။

အဲ့လိုနဲ့ ၁၇၅၉ ခုနှစ်မှာမှ အင်္ဂလန်ဗဟိုဘဏ် the Bank of England ကနေ ပုံသေသတ်မှတ်ထားတဲ့ ငွေကြေးတွေကို စပြီး ထုတ်ဝေလာတာပါ (ဒီကိစ္စမှာ ၁၀ ပေါင်တန် ငွေစက္ကူကို ပြောတာပါ၊ ၅ ပေါင်တန်က အဒမ်စမစ်ကွယ်လွန်ပြီး ၃ နှစ်ကြာ ၁၇၉၃ ခုနှစ်မှ ပေါ်တာ ဖြစ်ပါတယ်)။ ပြီးတော့ စမစ်အလွန် မျိုးဆက်နှစ်ခုလောက် ကြာလို့ ၁၈၅၃ မှာမှ၊ ငွေကြေးထုတ်ပေးတဲ့သူရဲ့ နာမည်နဲ့ ငွေကိုင်ရဲ့ လက်မှတ်မပါပဲ အပြည့်အဝ ပုံနှိပ်ထားတဲ့ ငွေကြေးတွေကို ထုတ်ဝေလာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲ့ဒီ ပုံသေ သတ်မှတ်ထားတဲ့ ငွေကြေးတောင်မှ၊ ဒီနေ့ခေတ်ရဲ့ ငွေကြေး သဘောမျိုး မဟုတ်ပါဘူး။ ဒီငွေကြေးတွေရဲ့ တန်ဖိုးကို သူတို့ကို ထုတ်ပြန်ပေးတဲ့ ဘဏ်က ပိုင်ဆိုင်တဲ့၊ အဖိုးတန် သတ္တုတွေထဲက ရွှေ၊ ငွေတို့နဲ့ အတိအလင်း ချိတ်ဆက် ထားတာပါ။ အဲ့ဒီ သဘောကိုပဲ ရွှေ (ဒါမဟုတ် ငွေ သို့မဟုတ် အခြား)ပေါင်ချိန် စနစ်လို့ သိကြတာ ဖြစ်ပါတယ်။

ရွှေ (သို့မဟုတ် ငွေ) ပေါင်ချိန်စနစ် ဆိုတာက ငွေကြေး စနစ်တစ်ခု ဖြစ်ပြီး၊ အဲ့ဒီစနစ်အရ ဗဟိုဘဏ်က ထုတ်ပြန်တဲ့ ငွေစက္ကူကို၊ သူ့ရဲ့ သတ်မှတ်ချက်နဲ့ ညီမျှတဲ့ ရွှေ(သို့မဟုတ် ငွေ)နဲ့ လွတ်လပ်စွာ လဲလှယ်လို့ ရတာပါ။ အဲ့လိုပြောလို့ ဗဟိုဘဏ်အနေနဲ့၊ သူထုတ်ပြန်ထားတဲ့ ငွေကြေးရဲ့ တန်ဖိုးနဲ့ ညီမျှတဲ့ ရွှေပမာဏကို၊ အရံအနေနဲ့ ထားထားရမယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ငွေစက္ကူကို ရွှေအဖြစ် ပြောင်းလဲလို့ရတယ် ဆိုတဲ့အချက်က ရွှေပမာဏ အများအပြားကို အရံအနေနဲ့ ကိုင်ထားဖို့ ဖြစ်စေခဲ့ပါတယ်။ ဥပမာ အနေနဲ့ဆို US Federal Reserve Board က၊ သူတို့ ထုတ်ပြန်ထားတဲ့ ငွေကြေးရဲ့ ၄၀ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ ရွှေကို၊ အရံအဖြစ် ထားထားခဲ့တာပါ။ အကျိုးဆက်ကတော့၊ ဗဟိုဘဏ်မှာ ငွေစက္ကူ ဘယ်လောက် ရိုက်ထုတ်မလဲ ဆိုတာကို ဆုံးဖြတ်ဖို့၊ ကိုယ်ပိုင် ဆုံးဖြတ်ခွင့် အနည်းငယ်ပဲ ရှိတော့တာ ဖြစ်ပါတယ်။ ရွှေပေါင်ချိန် စနစ်ကို ဗြိတိန်က ၁၇၁၇ ခုနှစ်မှာ ပထမဆုံး အတည်ပြုခဲ့ပြီး၊ အဲ့အချိန် တော်ဝင်ဒင်္ဂါးစက်ရုံရဲ့ အကြီးအမှူးက အိုင်ဆက်နယူတန် Issac Newton ဖြစ်ခဲ့တာပါ။ တခြား ဥရောပနိုင်ငံတွေကတော့ ၁၈၇၀ ခုနှစ်တွေထဲမှာ ဆက်ပြီး ဒီစနစ်ကို အတည် ပြုခဲ့ကြပါတယ်။ အဲ့ဒီစနစ်ကပဲ နောက်လာမယ့် မျိုးဆက်နှစ်ခုအတွင်း အရင်းရှင်စနစ်ရဲ့ နောက်ထပ် ဆင့်ကဲ ဖြစ်စဉ်တွေ အတွက်၊ အလွန် အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိလာခဲ့တာပါ။

ငွေစက္ကူ အသုံးပြုတာက သီးခြား ကိစ္စတစ်ခု ဖြစ်ပြီး၊ ဘဏ်တွေမှာ ငွေစုတာနဲ့ ငွေချေးတာတို့ ဖြစ်တဲ့ ဘဏ်လုပ်ငန်း ဆိုတာကတော့ နောက်ထပ် အကြောင်းအရာ တစ်ခု ဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းနဲ့ ပတ်သက်ရင်တော့ အဲ့ဒီခေတ်တုန်းက ပိုလို့တောင်မှ မဖွံ့ဖြိုးသေးပဲ လူအနည်းငယ်လောက်ကပဲ လက်လှမ်းမှီခဲ့တာပါ။ ၁၈၆၀ ပြည့်နှစ်များအထိ ပြင်သစ် လူဦးရေရဲ့ လေးပုံသုံးပုံက ဘဏ်တွေကို လက်လှမ်းမမီကြတာ ဖြစ်ပြီး ဒါက TWON ပုံနှိပ်ပြီး ရာစုနှစ်တစ်ခုနီးပါး အကြာလည်း ဖြစ်ပါတယ်။ ပြင်သစ်ထက် ဘဏ်လုပ်ငန်းမှာ



Copyright © 2026. Economic Education Program, Inya Economics.

ပိုဖွံ့ဖြိုးပါတယ်ဆိုတဲ့ ဗြိတိန်မှာတောင်မှ၊ ဘဏ်စနစ်က ဗျောက်သောက်နဲ့ တစစီ ဖြစ်နေပြီး၊ နှစ်ဆယ်ရာစုအထိကို တိုင်းပြည်ရဲ့ မတူညီတဲ့နေရာတွေမှာ မတူညီတဲ့ အတိုးနှုန်းတွေနဲ့ လည်ပတ်နေခဲ့တာပါ။

ကုမ္ပဏီတွေ ရှယ်ယာ(စတော့ခ်) ရောင်းဝယ်တဲ့ စတော့ခ်ဈေးကွက် ကတော့၊ စမစ်တို့ခေတ် ရောက်တဲ့အချိန်မှာ ရာစုနှစ်နဲ့ချီပြီး သက်တမ်းရှိနေပါပြီ။ ဒါပေမဲ့ ကုမ္ပဏီအချို့ကပဲ ရှယ်ယာတွေ ထုတ်ရောင်းတာကို ကြည့်ရင် စတော့ခ်ဈေးကွက်က အရင်းရှင်တွေရဲ့ ပြဇာတ်မှာ ဘေးပေါက်ကိစ္စ အနေနဲ့ပဲ ရှိနေတာကို ပြနေခဲ့တာပါ (အထက်မှာပြောခဲ့သလိုပဲ အဲ့တုန်းက အကန့်အသတ်နဲ့ ပေးချေရန် တာဝန်ရှိတဲ့ ကုမ္ပဏီ (Limited Liability Company) တွေကလည်း အနည်းငယ်ပဲ ရှိသေးတာ ဖြစ်ပါတယ်)။ ပိုဆိုးတာက အဲ့ခေတ် လူအများစုက စတော့ခ်ဈေးကွက်ကို၊ လောင်းကစားလုပ်တဲ့ ဒုစရိုက်ရိုပ်မြို့ ဆိုတာထက် နည်းနည်းပဲပိုတယ်လို့ ယူဆခဲ့ကြတာ ဖြစ်ပါတယ် (တချို့တွေကတော့ အခုထိလည်း အဲ့လိုပါပဲကွာဆိုပြီး ပြောပါလိမ့်မယ်)။ စတော့ခ်ဈေးကွက်ကို စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းချုပ်တာက မပြောပသလောက်ပဲရှိပြီး၊ ဥပဒေရဲ့ အသက်ဝင်မှု ဆိုတာကလည်း အတော်လေး အားနည်းခဲ့တာပါ။ စတော့ခ်ပွဲစားတွေ အတွက်လည်း၊ သူတို့ ရှယ်ယာရောင်းပေးတဲ့ ကုမ္ပဏီတွေရဲ့ သတင်းအချက်အလက်တွေကို၊ အများကြီး ထုတ်ဖော်ဖို့အတွက် တာဝန်ရှိမနေခဲ့ပါဘူး။

တခြား ဘဏ္ဍာရေးဈေးကွက်တွေ မှာတော့ ဒီထက် ပိုပြီးတော့တောင် အကြမ်းထည်ဆန်ပါသေးတယ်။ အစိုးရရဲ့ ချေးငွေတွေနဲ့ ထုတ်ပြန်တဲ့ အစိုးရ အာမခံ ငွေချေးစာချုပ် Government Bonds တွေရဲ့ ဈေးကွက်ဆို ဗြိတိန်၊ ပြင်သစ်နဲ့ နယ်သာလန်တို့လို နိုင်ငံအချို့မှာပဲ တည်ရှိခဲ့တာပါ။ အဲ့တာက ဘယ်သူ့ကိုမဆို လွှဲပြောင်းပေးနိုင်တဲ့ IOUsတွေလည်း ဖြစ်ပါတယ် (ဒီဈေးကွက်က ၂၀၀၉ ခုနှစ်ထဲက ကမ္ဘာကြီးကို ကိုင်လှုပ်ခဲ့တဲ့ ယူရို ငွေကြေး အကျပ်အတည်းရဲ့ ဗဟိုချက်မှာ ရှိခဲ့တာပါ)။ ကော်ပိုရိတ်ငွေကြေး စာချုပ်တွေရဲ့ ဈေးကွက်ကတော့ (ကုမ္ပဏီတွေက ထုတ်ပြန်တဲ့ IOUsတွေ)၊ ဗြိတန်မှာတောင်မှ သေချာမဖွံ့ဖြိုးသေးပါဘူး။

ဒီနေ့ခေတ်မှာတော့ ကျွန်ုပ်တို့မှာ အလွန်တရာ ဖွံ့ဖြိုးတဲ့၊ တချို့ကဆို အဖွံ့ဖြိုး လွန်နေတယ် ဆိုပြီးတောင် ပြောတဲ့၊ ဘဏ္ဍာရေး လုပ်ငန်းစုက ရှိနေပါပြီ။ ဒီခေတ် ဘဏ္ဍာရေး လုပ်ငန်းစုကို ဖွဲ့စည်းထားတာက ဘဏ်လုပ်ငန်း၊ စတော့ခ်ဈေးကွက်နဲ့ အာမခံ ငွေချေးစာချုပ် ဈေးကွက်တွေတင် မကပါဘူး။ ငွေကြေးဆိုင်ရာ စာချုပ် Financial derivatives (futures, options နဲ့ swaps တို့)တွေရဲ့ ဈေးကွက်တွေနဲ့၊ အတိုကောက် အက္ခရာစကားလုံးတွေနဲ့ ထွေလီပွေလီ နာမည်ပေးထားတဲ့ ငွေကြေးထုတ်ကုန် Financial Products တွေဖြစ်တဲ့၊ MBS, CDO နဲ့ CDS တို့ရဲ့ ဈေးကွက်တွေ ဖြစ်ပြီး၊ တဖြည်းဖြည်းနဲ့ ကျယ်ပြန့် လာနေပါတယ်။ အဆုံးစွန်အနေနဲ့ ဒီဘဏ္ဍာရေးစနစ်ကို ဗဟိုဘဏ်က ထောက်ခံပေးထားပြီး၊ ငွေချေးသူတွေရဲ့ နောက်ဆုံးအားထားရာ Lender of Last Resort အဖြစ်နဲ့ တည်ရှိနေတာပါ။ အဲ့ဒီအခန်းကဏ္ဍကနေပဲ၊ ဘယ်သူကမှ ငွေမချေးချင်တဲ့ ဘဏ္ဍာရေးအကျပ်အတည်း ကာလလို အခြေအနေ အတွင်းမှာတောင်၊ ဗဟိုဘဏ်တွေအနေနဲ့ အကန့်အသတ်မရှိ ငွေချေးပေးတာ ဖြစ်ပါတယ်။ အမှန်

Copyright © 2026. Economic Education Program, Inya Economics.

တော့ ဗဟိုဘဏ်တစ်ခု ရှိမနေခြင်းကြောင့်ပဲ၊ စမစ်ရဲ့ ခေတ်အခါတုန်းက၊ ဘဏ္ဍာရေးဆိုင်ရာ ထိတ်လန့်မှုဖြစ်တဲ့ အခြေအနေကို စီမံခန့်ခွဲဖို့အတွက်၊ အလွန်ကို ခက်ခဲစေခဲ့တာပါ။

စမစ်ရဲ့ ခေတ်နဲ့ နောက်ထပ် မတူတော့တာက၊ ဒီနေ့ခေတ် ဘဏ္ဍာရေး ဈေးကွက်က ဇာတ်ကောင်တွေအနေနဲ့ သူတို့ ဘာတွေလုပ်နိုင်လဲ ဆိုတာနဲ့ ပတ်သက်ပြီး၊ စည်းမျဉ်းစည်းကမ်းတွေ အများကြီးရှိနေတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရှယ်ယာတန်ဖိုး အရင်းအနှီးထဲက ဘယ်လောက် အတိုင်းအတာအထိ ထုတ်ချေးနိုင်လဲ၊ ရှယ်ယာတွေ ထုတ်ရောင်းနေတဲ့ ကုမ္ပဏီတွေက သူတို့အကြောင်းနဲ့ ပတ်သက်ပြီး ဘယ်လို သတင်းအချက်အလက်မျိုးတွေ ချပြထားဖို့ လိုအပ်လဲ၊ မတူညီတဲ့ ဘဏ္ဍာရေးဆိုင်ရာ အင်စတီကျူးရှင်းပေါ် မူတည်ပြီး ဘယ်လို အက်ဆက် အမျိုးအစားတွေကို ကိုင်ထားဖို့ ခွင့်ပြုလဲ၊ စတာမျိုးတွေ ဖြစ်ပါတယ် (ဥပမာ ပင်စင်ရန်ပုံငွေနဲ့ သက်ဆိုင်တဲ့ အဖွဲ့တွေ အနေနဲ့၊ စွန့်စားရတဲ့ အက်ဆက်တွေကို ကိုင်ဆောင်ဖို့ ခွင့်မပြုပါဘူး)။ အဲ့တာတောင်မှပဲ ဘဏ္ဍာရေး ဈေးကွက်တွေရဲ့ အဆင့်များပြားမှုနဲ့ ရှုပ်ထွေးမှုတွေကြောင့်၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကြပ်မတ်ဖို့က ခက်ခဲနေဆဲပါ။ ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ကတည်းက ကျွန်ုပ်တို့ သင်ယူခဲ့ရသလိုမျိုးပေ့ါ။

## နိဂုံးချုပ် မှတ်ချက်များ - လက်တွေ့ကမ္ဘာကြီးရဲ့ အပြောင်းအလဲနှင့် ဘောဂဗေဒ သဘောတရားများ

အခုပြောတဲ့ ကွဲပြား ခြားနားချက်တွေက ဖော်ညွှန်းနေသလိုပဲ၊ ရာစုနှစ် နှစ်ခုခွဲ အတွင်းမှာ အရင်းရှင်စနစ်က ကြီးမားတဲ့ အပြောင်းအလဲတွေ ကြုံခဲ့ရပါတယ်။ စမစ်ရဲ့ အချို့သော အခြေခံသဘောတရားတွေက ခိုင်မာ သေးတယ် ဆိုပေမယ့်၊ အလွန်ကို ယေဘုယျဆန်တဲ့ အခြေအနေမျိုးမှာပဲ အဲ့လို ခိုင်မာမှုမျိုး ရှိတာပါ။

ဥပမာအနေနဲ့ အမြတ်ရှာဖွေတဲ့ လုပ်ငန်းတွေ အချင်းချင်းကြား ပြိုင်ဆိုင်မှုက၊ စမစ်ရဲ့ စီမံချက်ထဲကအတိုင်း အရင်းရှင်စနစ်ရဲ့ အဓိကကျတဲ့ မောင်းနှင်အား ဖြစ်နေနိုင်ပါသေးတယ်။ ဒါပေမဲ့ အဲ့ဒီပြိုင်ဆိုင်မှုက သေးငယ်ပြီး အမည်မသိတဲ့၊ စားသုံးသူတွေရဲ့ အကြိုက်ကို အရင်းတိုင်း လက်ခံတဲ့ လုပ်ငန်းတွေက၊ ပေးထားချက်အတွင်းရှိတဲ့ နည်းပညာတွေကိုပဲ စွမ်းဆောင်ရည် ပိုမြှင့်အောင် လုပ်ပြီး၊ ပြိုင်ဆိုင်ကြတာမျိုး မဟုတ်တော့ပါဘူး။

ဒီနေ့ခေတ် ယှဉ်ပြိုင်မှုက၊ ကုန်ပစ္စည်းရဲ့ ဈေးနှုန်းကို လွှမ်းမိုးနိုင်တဲ့ စွမ်းရည်တင်မကဘဲ၊ အချိန်တိုလေး အတွင်းမှာတင် နည်းပညာကို ပြန်လည်သတ်မှတ် ပြောင်းလဲနိုင်တဲ့ (Apple နဲ့ Samsung ကြားက ပြိုင်ဆိုင်မှုကိုပဲ တွေးကြည့်ပါ)၊ စားသုံးသူတွေရဲ့ အကြိုက်တွေကိုလည်း ကုန်ပစ္စည်း အမှတ်တံဆိပ် တည်ဆောက်တာနဲ့ ကြော်ငြာတွေကနေ ချယ်လှယ်နိုင်တဲ့၊ နိုင်ငံဖြတ်ကျော်တည်ရှိသော ရောမကုမ္ပဏီကြီးတွေ ကြားထဲမှာ ဖြစ်ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားတဲ့ ဘောဂဗေဒ သီအိုရီတစ်ခု ဖြစ်ပါစေ အဲ့ဒီသီအိုရီက သူ့ရဲ့ ကာလနဲ့ ဒေသကို လိုက်ပြီး သီးသန့်ဖြစ်မှုက ရှိကိုရှိပါတယ်။ ဒါ့ကြောင့် သီအိုရီတွေကို အပြည့်အဝ အသုံးချနိုင်ဖို့ ဆိုရင်၊ အဲ့သီအိုရီရဲ့ အကူအညီနဲ့ ကျွန်ုပ်တို့ လေ့လာဖို့ ရည်ရွယ်ထားတဲ့၊ သက်ဆိုင်ရာ ဈေးကွက်တွေ၊ လုပ်ငန်းတွေ၊ နိုင်ငံတွေကို ပုံဖော်နေတဲ့၊ နည်းပညာနဲ့ရော အင်စတီကျူးရှင်းနဲ့ရောဆိုင်တဲ့ အင်အားစုတွေကို၊ ကောင်းကောင်း မွန်မွန် နားလည်ထားဖို့ အရေးကြီးတာပါ။ အဲ့တာကြောင့်ပဲ၊ မတူကွဲပြားတဲ့ ဘောဂဗေဒသီအိုရီတွေကို၊ သူ့ရဲ့သက်ဆိုင်တဲ့ နောက်ခံဆက်စပ် အခြေအနေအတွင်းမှာ သဘောပေါက်ဖို့ဆိုရင်၊ အရင်းရှင်စနစ်က ဘယ်လို ဆင့်ကဲဖြစ်ပေါ်လာလဲဆိုတာ သိဖို့လိုအပ်တာပေါ့။ ဒီဟာသည်ပင် နောက်အခန်းမှာ ဆက်သွားမယ့် အကြောင်းအရာ ဖြစ်မှာပါ။

## ကျွန်ုပ်တို့ ဒီနေရာကို ဘယ်လိုရောက်လာခဲ့ကြသလဲ

### အရင်းရှင်စနစ်ရဲ့ သမိုင်းအကျဉ်းချုပ်

*မစ္စ လင်းတော့* : ကဲ၊ ဒါဆို အခု သမိုင်းဆိုတာကို ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆိုကြမလဲ မစ္စတာရုဒ်။

*ရုဒ်* : ကျနော် ပွင့်ပွင့်လင်းလင်းပဲ ပြောရင်ဖြစ်မလား မစ္စ၊ အရိုက်ခံရတာတွေ ဘာတွေ မရှိပဲနဲ့ပေါ့။

*မစ္စလင်းတော့* : မင်းကို ကာကွယ်ပေးမှာပါ။

*ရုဒ်* : ကျွန်တော် သမိုင်းဆိုတာကို ဘယ်လို သတ်မှတ်လဲ ဟုတ်လား၊ တစ်ခုပြီးရုံပဲရှိသေး နောက်တစ်ခု သေချာပေါက် ရောက်ရောက်လာတတ်တဲ့ အရာပဲပေါ့ဗျာ၊

*အလန်ဘန်းနက်တ်, The History Boys*

### တစ်ခုပြီးရုံနဲ့ နောက်တစ်ခု သေချာပေါက် ရောက်လာတဲ့ အရာ၊ သမိုင်းက ဘာတွေ အသုံးဝင်သလဲ၊'

စာဖတ်သူအများစုအနေနဲ့ သမိုင်းနဲ့ ပတ်သက်ပြီး၊ The History Boys ရုပ်ရှင်ထဲက ရုဒ်ကောင်လေးလိုပဲ ခံစားရကောင်း ခံစားရနိုင်ပါတယ်။ The History Boys ဆိုတာက အလန်ဘန်းနက်ရဲ့ ကျော်ကြားတဲ့ ပြဇာတ်ဖြစ်ပြီး၊ ၂၀၀၆ ခုနှစ်မှာလည်း ရုပ်ရှင်အဖြစ် ထွက်ရှိထားတာပါ။ ဇာတ်လမ်းက ထူးချွန်ပေမဲ့ ချို့တဲ့ နွမ်းပါးတဲ့ ဘဝကလာတဲ့ ရှက်ဖီးလ်မြို့က ကျောင်းသားတစ်စု အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ သမိုင်းလေ့လာဖို့ ကျောင်းဝင်ခွင့်ရအောင် ကြိုးစားကြတဲ့ အကြောင်း ဖြစ်ပါတယ်။

Copyright © 2026. Economic Education Program, Inya Economics.

လူအများစုအနေနဲ့ ဘောဂဗေဒရဲ့ သမိုင်းကြောင်း (ဝါ) ကျွန်ုပ်တို့ရဲ့ စီးပွားရေးစနစ်တွေ ဘယ်လို ဆင့်ကဲပြောင်းလဲလာသလဲဆိုတဲ့ သမိုင်းကို လေ့လာတာက အကျိုးမရှိဘူးလို့ သဘောထားတတ်ကြပါတယ်။ လွတ်လပ်တဲ့ ကုန်သွယ်ရေးက စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးတယ်ဆိုတဲ့ အကြောင်း၊ အခွန်တိုးမြှင့် ကောက်ခံခြင်းက ဓနဥစ္စာ တိုးပွားရေးကို အားမပေးဘူးဆိုတဲ့ အကြောင်း၊ ဒါမှမဟုတ် ကြိုးနီစနစ်ကို ဖြတ်တောက်တာက စီးပွားရေး လုပ်ငန်းတွေကို အားပေးမြှင့်တင်တယ် ဆိုတဲ့အကြောင်း၊ စတာတွေကို လေ့လာဖို့အတွက် လွန်ခဲ့တဲ့ရာစုနှစ် နှစ်ခု၊ သုံးခုလောက်က ဖြစ်ခဲ့တဲ့ကိစ္စတွေကို တကယ်ရော သိဖို့လိုတာလားပေါ့။ ခုနက ဖော်ပြထားတဲ့ အယူအဆတွေတင် မကဘူး၊ ကျွန်ုပ်တို့ ခေတ်ရဲ့ ဘောဂဗေဒနဲ့ ပတ်သက်တဲ့ ရှုမြင်တွေးခေါ်မှုတွေ အားလုံးကို၊ ယုတ္တိဗေဒအရ ရေပတ်မဝင်အောင် အခိုင်အမာ တည်ဆောက်ထားတဲ့ သီအိုရီတွေကနေ ထုတ်ယူထားတာ၊ နောက်ပြီး အဲ့ဒီလို ရှုမြင်တွေးခေါ်မှုတွေ ကိုလည်း ခေတ်ပြိုင် စာရင်းအင်း အထောက်အထား အမြောက်အများနဲ့ အပြန်ပြန် အလှန်အလှန် စစ်ဆေးထားတာပဲ မဟုတ်ဘူးလားပေါ့။

ဘောဂဗေဒပညာရှင် အများစုကြီးကတော့ ဒါကို သဘောတူကြပါတယ်။ ဘောဂဗေဒရဲ့ သမိုင်းကြောင်း ဘာသာရပ်က ၁၉၈၀ ခုနှစ်တွေအထိ အမေရိကန်က တက္ကသိုလ်အများစုရဲ့ ဘွဲ့လွန်ဘောဂဗေဒ သင်တန်းတွေမှာ မသင်မနေရဘာသာ ဖြစ်ခဲ့သေးတာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ အဲ့ဒီ တက္ကသိုလ်အများစု အနေနဲ့ ဒီဘာသာရပ်နဲ့ ပတ်သက်တဲ့ သင်တန်းတွေကို ဆက်ပြီး မသင်တော့ပါဘူး။ သီအိုရီပိုင်းကို ပိုဇောင်းပေးတတ်တဲ့ ဘောဂဗေဒ ပညာရှင်တွေ ကြားထဲမှာဆိုရင် ဘောဂဗေဒရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ရင်၊ အကောင်းမြင်တဲ့ ဘက်က ရထားလက်မှတ်စုတဲ့ ဝါသနာလိုမျိုး အန္တရာယ်ကင်းတဲ့ စိတ်အပန်းဖြေစရာ အဖြစ်လောက် ရှုမြင်ချင်တတ်ကြပြီး၊ အဆိုးမြင်တဲ့ဘက်က ဆိုရင်တော့ သင်္ချာနဲ့ စာရင်းအင်းပညာရပ်တွေလို ခက်ခဲတဲ့အရာတွေကို မကိုင်တွယ်နိုင်တဲ့ ပညာတတ်တွေရဲ့ ခိုလှုံရာနေရာအဖြစ် ရှုမြင်ကြတာမျိုးပါ။

ဒါပေမဲ့လည်း ကျွန်ုပ်အနေနဲ့တော့ စာဖတ်သူတွေကို အရင်းရှင်စနစ်ရဲ့ သမိုင်းကြောင်း အကျဉ်းချုပ်လောက်ကို တင်ပြချင်ပါတယ် (သိပ်အကျဉ်းချုပ်တော့လည်း မဟုတ်ပါဘူး)။ ဘာကြောင့်လဲဆိုတော့ မျက်မှောက်ခေတ် စီးပွားရေးရဲ့ ဖြစ်စဉ်တွေကို အပြည့်အဝ နားလည်ဖို့ဆို အရင်းရှင်စနစ်ရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ဗဟုသုတရှိထားဖို့က အလွန်အရေးကြီးလို့ ဖြစ်ပါတယ်။

## ဘဝက ဝတ္ထုတွေထက် ပိုပြီး ဆန်းကြယ်ပါတယ်၊ သမိုင်းက ဘာကြောင့်အရေးကြီးတာလဲ။

သမိုင်းက ပစ္စုပ္ပန်ကို သက်ရောက်ပါတယ်။ ပစ္စုပ္ပန် မရောက်ခင် ရှေ့မှာ အရင်ဖြစ်ခဲ့တဲ့ အရာတွေမို့လို့ ဆိုတာ ကြောင့်တင် မကပါဘူး။ သမိုင်းက လူတွေရဲ့ ဆုံးဖြတ်ချက် တွေကိုပါ လာပြီး လွှမ်းမိုးနေတာပါ။ အထူးသဖြင့်



Copyright © 2026. Economic Education Program, Inya Economics.

လူတွေက သမိုင်းနဲ့ ပတ်သက်ပြီး သူတို့ သိထားတယ်လို့ ထင်တဲ့ အရာတွေကနေ၊ လွှမ်းမိုးတတ်တာမျိုး ဖြစ်ပါတယ်။

မြောက်များစွာသော မူဝါဒရေးရာ အကြံပြုချက်တွေကို သမိုင်းဆိုင်ရာ နမူနာတွေနဲ့ နောက်ကနေ ထောက်ခံပေးထားတာပါ။ ဘာကြောင့်လဲဆိုတော့ လူတွေကို ဆွဲဆောင် သိမ်းသွင်းဖို့ အတွက် လက်တွေ့ဘဝမှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ အံ့သြဘနန်း အဖြစ်အပျက်တွေထက် ပိုပြီး ထိရောက်တာ မရှိပါဘူး (အောင်မြင်ခဲ့တာ ဖြစ်စေ၊ မအောင်မြင်ခဲ့တာပဲ ဖြစ်စေပါ)။ ဥပမာပြောရင် လွတ်လပ်တဲ့ ကုန်သွယ်ရေးကို အားပေးတဲ့သူတွေဆိုရင်၊ ဗြိတိသျှနှင့် အမေရိကန်တို့ အနေနဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေး ကနေတဆင့် ဘယ်လိုဘယ်ပုံ ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံတွေ ဖြစ်လာကြသလဲ ဆိုပြီး အမြဲထောက်ပြလေ့ ရှိပါတယ်။ တကယ်လို့ သူတို့ တင်ဆက်တဲ့ သမိုင်းမူကသာ မမှန်ဘူး ဆိုလို့ရှိရင်၊ အဲ့တာနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ မူဝါဒရေးရာ အကြံပြုချက်တွေမှာ ကိုယ့်ကိုယ်ကို သေချာတယ်ဆိုတဲ့ ခံစားချက်မျိုး ရှိချင်မှရှိတော့မှာပါ (ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ နောက်ပိုင်းမှာ ရှင်းပြပါ့မယ်)။ အဲ့ကနေပြီး တခြားသူတွေကို ဆွဲဆောင် သိမ်းသွင်းဖို့ ဆိုတာလည်း သူတို့အတွက် ခက်သွားမှာပေ့ါ။

နောက်ပြီး သမိုင်းက ကျွန်ုပ်တို့ ဖြစ်ရိုးဖြစ်စဉ်ပဲ သဘောထားတတ်တဲ့ ယူဆချက်တွေကိုလည်း ပြန်ပြီး မေးခွန်းထုတ်စေပါတယ်။ ဒီနေ့ခေတ်မှာ ရောင်းလို့ ဝယ်လို့မရတဲ့ လူသား(ငွေဝယ်ကျွန်)၊ ကလေးလုပ်သားနဲ့ အစိုးရရာထူးတွေက၊ တချိန်က ဈေးကွက်မှာ ရောင်းလို့ ဝယ်လို့ ရတယ် ဆိုတာသာ သိသွားလို့ရှိရင်၊ လွတ်လပ်တဲ့ ဈေးကွက်ရဲ့ အကန့်အသတ်ဆိုတာက ထာဝရ မှန်ကန်တဲ့ သိပ္ပံနည်းကျ ဥပဒေအချို့နဲ့ ရေးဆွဲထားတယ်လို့ ခင်ဗျား ဆက်ပြီး ထင်မိတော့မှာ မဟုတ်ပါဘူး။ လွတ်လပ်တဲ့ ဈေးကွက်မှာရှိနေတဲ့ အကန့်အသတ် ဆိုတာတွေကို ပြန်ပြီး ရေးဆွဲလို့ ရတယ်ဆိုတာ မြင်လာမှာပါ။ အဆင့်မြင့် အရင်းရှင်စီးပွားရေး စနစ်တွေ အနေနဲ့ စည်းမျဉ်း စည်းကမ်းနဲ့ ထိန်းချုပ်တာတွေ များပြီး အခွန်နှုန်းတွေ မြင့်မားခဲ့တဲ့၊ ၁၉၅၀ ခုနှစ်တွေနဲ့ ၁၉၇၀ ခုနှစ်တွေ ကြားထဲမှာ အလျင်မြန်ဆုံး ဖွံ့ဖြိုးခဲ့တာကို ခင်ဗျား လေ့လာလိုက်တယ် ဆိုပါတော့။ အဲ့ကနေပြီး စီးပွားရေး ဖွံ့ဖြိုးဖို့ အတွက်ဆို၊ အခွန်ကောက်တာနဲ့ ကြိုးနီစနစ်တွေကို လျှော့ချရမယ်ဆိုတဲ့ အမြင်ကို၊ ချက်ချင်းပဲ သံသယဝင်လာမှာပါ။

ဘောဂဗေဒသီအိုရီတွေရဲ့ အကန့်အသတ်တွေကို ထောက်ပြဖို့လည်း သမိုင်းက အသုံးဝင်ပါတယ်။ တစ်ခါတစ်ရံ ဘဝက ဝတ္ထုထက် ဆန်းကြယ်တတ်တာပါ။ သမိုင်းက ဘယ်ဘောဂဗေဒသီအိုရီ တစ်ခုတည်းနဲ့မှ ရှင်းပြလို့ မရနိုင်တဲ့၊ အောင်မြင်တဲ့ စီးပွားရေး အတွေ့အကြုံတွေကို သာဓကပြပေးနေတာ ဖြစ်ပါတယ်။ ဒီအတွေ့အကြုံတွေက တဦးချင်း အခြေအနေအတွက် ဖြစ်စေ၊ ကုမ္ပဏီတွေအတွက် ဖြစ်စေ၊ နိုင်ငံတော်အဆင့် ဖြစ်စေ၊ အလွှာအသီးသီးမှာ ရှိပါတယ်။ နမူနာပြောရရင် The Economist မဂ္ဂဇင်းတို့၊ Wall Street Journal တို့လို သတင်းစာတွေပဲ ဖတ်ရင်၊ စင်ကာပူနိုင်ငံရဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေး မူဝါဒအကြောင်းနဲ့၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုတတ်တဲ့ သူ့ရဲ့ သဘောထားတွေကိုပဲ ခင်ဗျားအနေနဲ့ သိရ ကြားရ ပါလိမ့်မယ်။

Copyright © 2026. Economic Education Program, Inya Economics.

အဲ့ဒီကနေတဆင့် စင်ကာပူရဲ့စီးပွားရေး အောင်မြင်မှုက လွတ်လပ်တဲ့ ကုန်သွယ်ရေးနဲ့ လွတ်လပ်တဲ့ ဈေးကွက်က စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးဆိုတာကို သက်သေပြနေတယ်လို့ ကောက်ချက်ဆွဲ သွားစေနိုင်တာပါ။ စင်ကာပူရဲ့မြေယာအားလုံးကို အစိုးရက ပိုင်ဆိုင်တာ၊ အိမ်ယာရဲ့ ၈၅ ရာခိုင်နှုန်းကို အိမ်ယာ ဖွံ့ဖြိုးရေး ဘုတ်အဖွဲ့ (The Housing Development Board) ဆိုတဲ့ အစိုးရပိုင် အိမ်ယာ ကိုယ်စားလှယ် အဖွဲ့ကနေ ထောက်ပံ့ထားတာနဲ့ နိုင်ငံတကာမှာ ပျမ်းမျှ ၁၀ရာခိုင်နှုန်း ဝန်းကျင်ပဲ ရှိပေမဲ့ သူ့အနေနဲ့ဆို အမျိုးသား ထုတ်ကုန်ရဲ့ ၂၂ ရာခိုင်နှုန်းကို အစိုးရပိုင်လုပ်ငန်းတွေက ထုတ်လုပ်နေတာ၊ စတဲ့အချက်တွေကို မသိခင်အထိ ခုနကလိုပဲ ထင်နေမှာပေါ့။ နီယိုကလက်စီကယ်၊ မာက်စ်ဝါဒ၊ ကိန်းစ်ဝါဒ စသည်ဖြင့် ခင်ဗျား ကြိုက်တဲ့ သီအိုရီကို ပြောလိုက်ပါ၊ ဘယ်ဘောဂဗေဒသီအိုရီ တစ်ခုတည်းနဲ့မှ အခုလိုမျိုး လွတ်လပ်တဲ့ ဈေးကွက်နဲ့ ဆိုရှယ်လစ်ဝါဒကို ပေါင်းစပ်ပြီး ရလာတဲ့ အောင်မြင်မှုကို မရှင်းပြနိုင်ပါဘူး။ ဒီလိုနမူနာတွေက ဘောဂဗေဒသီအိုရီတွေရဲ့ အစွမ်းအစကို ပိုသံသယထားဖို့ ဖြစ်စေပြီး၊ မူဝါဒရေးရာနဲ့ ပတ်သက်ပြီး ကောက်ချက်ချတာ တွေကိုလည်း ပိုပြီး သတိကြီးကြီးနဲ့ လုပ်မိစေမှာ ဖြစ်ပါတယ်။

နောက်ဆုံးပေမယ့် ထပ်ပြီး အရေးပါတဲ့ အချက်ကတော့ သက်ရှိ ထင်ရှား လူတွေနဲ့ လက်တွေ့ စမ်းသပ်တာ တွေကို တတ်နိုင်သမျှ ရှောင်ရမယ်ဆိုတဲ့ ကိုယ်ကျင့်တာဝန် (Moral Duty) အတွက်လည်း သမိုင်းကို ကျွန်ုပ်တို့ ပြန်လေ့လာဖို့ လိုပါတယ်။ ယခင် ဆိုရှယ်လစ်အစုက လုပ်တဲ့ ဗဟိုစီမံကိန်း စီးပွားရေးစနစ် ကစလို့ (အဲ့ဒီ နောက်ပိုင်း သူတို့ရဲ့ Big Bang ပေါက်ကွဲမှုလိုမျိုး အရင်းရှင်စနစ်ကို ပြန်ကူးပြောင်းတာ အပါအဝင်)၊ စီးပွားပျက်ကပ် နောက်ပိုင်း ဥရောပနိုင်ငံ အများစုက ဆောင်ရွက်ခဲ့တဲ့ မအောင်မြင်သော ခြိုးခြံချွေတာရေး မူဝါဒ (Austerity Policies) တွေ အလယ် ၁၉၈၀ ခုနှစ်တွေနဲ့ ၁၉၉၀ ခုနှစ်တွေအတွင်း အမေရိကန်နဲ့ ဗြိတိန်က ခွဲဖြာစီးဆင်းလာသော စီးပွားရေး အယူအဆ (Trickle-down Economics) ရဲ့ ကျဆုံးမှုတွေ အဆုံး၊ သမိုင်းက အစွန်းရောက်တဲ့ မူဝါဒရေးရာ စမ်းသမ်ချက်တွေနဲ့ ပြန့်ကျဲနေတာပါ။ အဲ့ဒီ မူဝါဒရေးရာ စမ်းသပ်ချက်တွေကပဲ သန်းနဲ့ချီတဲ့ ဘဝတွေ၊ တချို့အခြေအနေမှာဆို သန်းကိုမှ ဆယ်နဲ့ချီတဲ့ လူတွေရဲ့ ဘဝကို ဖျက်ဆီးခဲ့တာ ဖြစ်ပါတယ်။

သမိုင်းကို လေ့လာတာက ပစ္စုပ္ပန်မှာ အမှားတွေ လုပ်တာကို လုံးဝ ရှောင်နိုင်စေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေရဲ့ ဘဝတွေကို သက်ရောက်မယ့် မူဝါဒတစ်ခုကို မရေးဆွဲခင် တတ်နိုင်သမျှ သင်ခန်းစာတွေ ထုတ်ယူနိုင်ဖို့ အတွက် လေ့လာသင့်တာ ဖြစ်ပါတယ်။ အပေါ်မှာ တင်ပြခဲ့တဲ့ ဘယ်အချက်ကပဲ ဖြစ်ဖြစ် ခင်ဗျားကို ဆွဲဆောင်နိုင် တယ်ဆိုရင် ကျေးဇူးပြုပြီး နောက်လာမယ့် အပိုင်းတွေကို ဖတ်ကြည့်ပေးပါ။ အဲ့ဒီထဲမှာ ခင်ဗျား အနေနဲ့ အရင်က သိတယ်လို့ ထင်ထားတဲ့ သမိုင်းဆိုင်ရာ အချက်အလက်တွေကို စိန်ခေါ်ခံရနိုင်ပါတယ်။ နောက်ထပ် မျှော်လင့်

Copyright © 2026. Economic Education Program, Inya Economics.

တာတော့ အရင်းရှင်စနစ်နဲ့ ပတ်သက်ပြီး ခင်ဗျား နားလည်ထားတာ တွေလည်း၊ နည်းနည်းလောက် ဖြစ်ဖြစ် ပြောင်းလဲသွားဖို့ပါပဲ။

## ကုန်းလိပ်နှင့် မြွေ၊ အရင်းရှင်စနစ်မတိုင်ခင်က ကမ္ဘာ့စီးပွားရေး

***အနောက်ဥရောပက အလွန်ကို နှေးကွေးစွာနဲ့ ကြီးထွားနေခဲ့ပါတယ်.......***

အရင်းရှင်စနစ်က အနောက်ဥရောပ၊ အထူးသဖြင့် ဗြိတိန်နဲ့ ကုန်းနိမ့်နိုင်ငံတွေ ဖြစ်တဲ့ ယနေ့ ဘယ်ဂျီယံနိုင်ငံနဲ့ နယ်သာလန်နိုင်ငံတို့မှာ၊ ၁၆ ရာစုနှင့် ၁၇ ရာစု ဝန်းကျင်မှာ စတင်ခဲ့ပါတယ်။ အဲ့အချိန်လောက်ထိ စီးပွားရေး ဖွံ့ဖြိုးတိုးတတ်မှု အနေအထားအရ အနောက်ဥရောပနဲ့ ယှဉ်လို့ရတဲ့ တရုတ်နဲ့ အိန္ဒိယမှာ မဟုတ်ဘဲ၊ ဘာလို့ အဲ့မှာ စခဲ့တာလဲ ဆိုတာကတော့ ပြင်းထန်ပြီး ရှည်ကြာစွာ ငြင်းခုန်နေကျတဲ့ အကြောင်းအရာတစ်ခုပဲ ဖြစ်ပါတယ်။ တရုတ်အထက်လွှာတွေရဲ့ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုလုပ်ငန်းလိုမျိုး လက်တွေ့အသုံးဝင်တဲ့ အရာတွေဘက် လိုက်စားတာကို မနှစ်မြို့တာ၊ အမေရိကတိုက်ကို ရှာတွေ့တာနဲ့ ဗြိတိန်ရဲ့ ကျောက်မီးသွေးတွင်း တွေ ဖြန့်ကျက် တည်ရှိတဲ့ပုံစံ၊ စတဲ့အချက်တွေ အားလုံးကို ဒီဟာနဲ့ပတ်သက်တဲ့ အကြောင်းပြချက် တွေအဖြစ်နဲ့ သတ်မှတ် ကြပါတယ်။ ဒီငြင်းခုန်မှုက ကျွန်ုပ်တို့ကို ဒီနေရာမှာ ကြန့်ကြာနေစေဖို့ မလိုအပ်ပါဘူး။ သေချာတဲ့ အချက်ကတော့ အရင်းရှင်စနစ်က အနောက်ဥရောပမှာ ပထမဆုံး ဖွံ့ဖြိုးခဲ့ပါတယ်။

အနောက်ဥရောပ လူ့အဖွဲ့အစည်း အနေနဲ့လည်း အရင်းရှင်စနစ် မပေါ်ထွက်လာခင် ကာလတွေမှာတော့၊ တခြားနေရာက အရင်းရှင်စနစ် မတိုင်ခင် လူ့အဖွဲ့အစည်းတွေ မှာလိုပဲ၊ အလွန်တရာ နှေးကွေးစွာနဲ့ပဲ ပြောင်းလဲ နေခဲ့ပါတယ်။ လူ့အဖွဲ့အစည်းကို အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေး အဓိကထားလို့ ဖွဲ့စည်းထားခဲ့တာ ဖြစ်ပြီး၊ အဲ့ဒီကဏ္ဍမှာလည်း တူညီတဲ့ နည်းပညာတွေကိုပဲ ရာစုနှစ်တွေ ကြာတဲ့အထိ သုံးနေခဲ့တာပါ။ ကူးသန်း ရောင်းဝယ်ရေးနဲ့ လက်မှုပညာလုပ်ငန်းတွေ ကတော့ အတိုင်းအတာတစ်ခုအထိ ရှိနေခဲ့ပါတယ်။

၁၀၀၀ နဲ့ ၁၅၀၀ ပြည့်နှစ်အတွင်း အလယ်ခေတ် အနောက်ဥရောပမှာ၊ လူတဦးချင်းဝင်ငွေက တနှစ်ကို ၀.၁၂ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ ၁၅၀၀မှာ ရှိတဲ့ ဝင်ငွေက ၁၀၀၀ မှာရှိတဲ့ ဝင်ငွေထက် ၈၂ ရာခိုင်နှုန်းပဲ မြင့်လာတဲ့ သဘောပါ။ ဒီနှုန်းကို၊ တနှစ် ၁၁ ရာခိုင်နှုန်းနဲ့ သွားခဲ့တဲ့ တရုတ်ပြည်ရဲ့ ၂၀၀၂ နဲ့ ၂၀၀၈ ခုနှစ်ဆိုတဲ့ ၆နှစ်တာ ကာလအတွင်း ဖွံ့ဖြိုးနှုန်းနဲ့၊ နှိုင်းယှဉ် ကြည့်လို့ရပါတယ်။ ဒီနှိုင်းယှဉ်မှုကနေ ပြနေတာက တော့၊ ရုပ်ဝတ္ထုပစ္စည်း တိုးတတ်မှုဘက်က ကြည့်ရင်၊ ဒီနေ့ခေတ် တရုတ်ရဲ့တနှစ်စာ တိုးတတ်မှု အနေအထားက၊ အလယ်ခေတ် အနောက်ဥရောပရဲ့ ၈၃ နှစ်စာ အနေအထားနဲ့ ညီမျှနေတဲ့ သဘောပါ။ ဒီ ၈၃ နှစ်ဆိုတဲ့ အချိန် ကလည်း အဲ့အချိန်က ပျမ်းမျှသက်တမ်း ၂၄ နှစ်ပဲ ရှိခဲ့တဲ့၊ အလယ်ခေတ်ဥရောပက ဘဝသက်တမ်းရဲ့သုံးပုံတစ်ပုံနဲ့ သွားပြီး ညီမျှနေပြန်ပါတယ်။

Copyright © 2026. Economic Education Program, Inya Economics.

***.......ဒါပေမဲ့ အဲ့ဒီတိုးတတ်မှုနှုန်းက အဲ့ချိန်က ကမ္ဘာကြီးရဲ့ တခြားနေရာတွေနဲ့ ယှဉ်ရင် ပိုမြန်နေပါသေးတယ်။***

အပေါ်ကလို နှိုင်းယှဉ်ပြောလို့ရပေမဲ့၊ အဲ့ဒီ အနောက်ဥရောပရဲ့ တိုးတတ်မှုနှုန်းက၊ ရုရှား အပါအဝင် အာရှနဲ့ အရှေ့ဥရောပက တိုးတတ်မှုနှုန်းတွေနဲ့ ယှဉ်လိုက်ရင်တော့၊ ရှေ့ကနေ အရှိန်အဟုန်နဲ့ ပြေးနေခဲ့တဲ့ သဘော ဖြစ်နေပါသေးတယ်။ သူတို့ဆိုရင် အနောက်ဥရောပရဲ့ သုံးပုံးတစ်ပုံသော နှုန်းထားဖြစ်တဲ့ ၀.၀၄ ရာခိုင်နှုန်းပဲ ရှိတယ်လို့ ခန့်မှန်းကြတာပါ။ ဆိုလိုတာကတော့ သူတို့ရဲ့ ဝင်ငွေက ထောင်စုနှစ်ရဲ့ ထက်ဝက်ကြာပြီးတဲ့အထိ ၂၂ ရာခိုင်နှုန်းပဲ တိုးခဲ့တဲ့ သဘော ဖြစ်ပါတယ်။ အနောက်ဥရောပက ကုန်းလိပ်တကောင်လို ရွေ့လျားနေခဲ့တဲ့ ပုံမျိုး ဖြစ်နိုင်ပြီး၊ ကမ္ဘာရဲ့တခြားနေရာတွေ ကတော့ မြွေတကောင်လို သွားနေခဲ့တဲ့ အခြေအနေမျိုးပါ။

## အရင်းရှင်စနစ်ရဲ့ အာရုဏ်ဦး၊ ၁၅၀၀-၁၈၂၀ ပြည့်နှစ် ကာလ

***အရင်းရှင်စနစ်က ဖြည်းဖြည်းချင်း မွေးဖွားလာပါတယ်။***

အရင်းရှင်စနစ်က ၁၆ ရာစုမှာ မွေးဖွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မွေးဖွားမှုက အရမ်းနှေးတဲ့အတွက် သူ့ကို ကိန်းဂဏန်းတွေကနေ ခြေရာခံကြည့်ဖို့ ခက်တာပါ။ ၁၅၀၀ နဲ့ ၁၈၂၀ ခုနှစ်တွေအတွင်း၊ အနောက်ဥရောပမှာ တဦးချင်းဝင်ငွေ တိုးတတ်မှုနှုန်းက ၀.၁၄ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး၊ ဒီနှုန်းက ၁၀၀၀ ပြည့်နှစ်ကနေ ၁၅၀၀ ပြည့်နှစ်အတွင်းမှာရှိတဲ့ ၀.၁၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် လက်တွေ့အားဖြင့် လုံးဝနီးပါး အတူတူပဲ ဖြစ်ပါတယ်။

ဗြိတိန်နဲ့ နယ်သာလန်တို့မှာတော့ ၁၈ ရာစုနှစ် နှောင်းပိုင်းလောက်က စပြီး၊ သိသာထင်သာတဲ့ တိုးတတ်မှုနှုန်း အရှိန်မြင့်လာတာမျိုး ရှိလာပါပြီ။ အထူးသဖြင့် ဝါဂွမ်းအထည်လိပ်နဲ့ သံထည်ကဏ္ဍ တွေမှာ ဖြစ်ပါတယ်။ ရလဒ်အနေနဲ့ ကတော့ ၁၅၀၀ ပြည့်နှစ်ကနေ ၁၈၂၀ ပြည့်နှစ်အတွင်း ဗြိတိန်နဲ့ နယ်သာလန် တို့က စီးပွားရေး တိုးတတ်မှုနှုန်းအရ တဦးချင်းဝင်ငွေ အနေနဲ့ တနှစ်ကို ၀.၂၇ ရာခိုင်နှုန်းနဲ့ ၀.၂၈ ရာခိုင်နှုန်း အသီးသီးစီ ရရှိခဲ့ကြတာပါ။ ဒီနေ့ခေတ် စံနှုန်းတွေနဲ့ဆို၊ ဒီတိုးတတ်မှုနှုန်းတွေက အရမ်းနိမ့်ပါတယ်။ ဒါပေမဲ့ အနောက်ဥရောပရဲ့ ပျမ်းမျှတိုးတတ်မှုနှုန်းနဲ့ ယှဉ်လိုက်ရင်တော့ နှစ်ဆလောက်အထိကို ရှိခဲ့တာပါ။ အဲ့ဒီဟာရဲ့ နောက်ကွယ်မှာ အပြောင်းအလဲတွေ အများကြီးရှိနေခဲ့တာလည်း ဖြစ်ပါတယ်။

## အသစ်အသစ်သော သိပ္ပံပညာရပ်၊ နည်းပညာနဲ့ အင်စတီကျူးရှင်းများ ပေါ်ထွက်လာခဲ့ပါတယ်၊

အရင်ဆုံးလာတဲ့ အပြောင်းအလဲကတော့ ကမ္ဘာကြီးကို နားလည်ဖို့အတွက်၊ ‘ဆင်ခြင်တုံတရား အခြေခံပြီး ချဉ်းကပ်’တဲ့ဘက်ကို ရွေ့လာတဲ့ ယဉ်ကျေးမှုပါ။ ဒီဟာကပဲ ခေတ်သစ် သင်္ချာနဲ့ သိပ္ပံပညာရပ်တွေကို ပေါ်ထွက် လာဖို့ အထောက်အကူ ပြုခဲ့ပါတယ်။ အနောက်ဥရောပသားတွေ အနေနဲ့ ဒီအတွက် စိတ်ကူး အကြံဉာဏ်

အမျှားစုကို၊ ကနဦးမှာ အာရပ်ကမ္ဘာနဲ့ အာရှကနေ မွေးစားခဲ့ပါတယ်။ ဒါပေမဲ့ ၁၆ ရာစုနဲ့ ၁၇ ရာစု အရောက်မှာတော့ သူတို့ ကိုယ်ပိုင်တီထွင်မှုတွေကို စပြီး ပေါင်းထည့်လာနိုင်ပါပြီ။ ခေတ်သစ်သိပ္ပံပညာနဲ့ သင်္ချာတို့ရဲ့ တည်ထောင်သူတွေဖြစ်တဲ့ ကော့ပါးနီးကပ်၊ ဂယ်လီလီယို၊ ဖားမက်၊ နယူတန်နဲ့ လိုင်ဘ်နစ်ဇ်၊ စတဲ့သူတွေ ဆိုရင်လည်း ဒီခေတ်ကပဲ လာတာပါ။ ဒီလိုမျိုး သိပ္ပံပညာရဲ့ တိုးတတ်မှုတွေက ကျယ်ပြန့်တဲ့ စီးပွားရေးစနစ်ထဲကို ချက်ခြင်းကြီးတော့ သွားပြီး အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲ့ဒီ ဖြစ်ပေါ် တိုးတတ်မှု တွေကပဲ နောက်ပိုင်းမှာ အသိပညာကို စနစ်တကျ တည်ဆောက်ဖို့ (Systematization of Knowledge) အတွက် ဖြစ်လာစေခဲ့ပြီး၊ ဒီကနေမှ တဦးချင်းအပေါ် သိပ်မမှီခိုတဲ့ နည်းပညာဆိုင်ရာ တီထွင်မှုတွေကို လုပ်နိုင်လာစေခဲ့ပါတယ်။ အဲ့ဒါကြောင့်ပဲ ခုနက တီထွင်မှုတွေကို တစ်နေရာက တစ်နေရာ လွှဲပြောင်းရတာ ပိုလွယ်ကူစေခဲ့ပြန်ပြီး၊ နည်းပညာအသစ်တွေ ပျံ့နှံ့ဖို့နဲ့ စီးပွားရေး တိုးတတ်ဖို့ကို အားပေးခဲ့တာပါ။

၁၈ ရာစုအရောက်မှာတော့ စက်မှုအခြေပြု ကုန်ထုတ်လုပ်ရေးစနစ် ပေါ်ထွန်းမှုရဲ့ ရှေ့ပြေးအဖြစ် မြောက်မြားစွာသော နည်းပညာအသစ်တွေ ပေါ်ထွက်လာခဲ့ပါတယ်။ အထူးသဖြင့် အထည်ချုပ်၊ သံမဏိနဲ့ ဓာတုလုပ်ငန်းတွေမှာပါ။ အဒမ်စမစ်ရဲ့ ပင်အပ်စက်ရုံ နမူနာထဲကလိုပဲ သေသပ်တဲ့ အလုပ်တာဝန်ခွဲဝေမှု ကလည်း၊ ၁၉ ရာစု အစောပိုင်းကစပြီး ပျံ့နှံ့လာခဲ့တဲ့ မရပ်မနား လည်ပတ်တဲ့ စက်တပ်ဆင်ရေး လမ်းကြောင်း (Assembly Lines) တွေကို အသုံးပြုတာနဲ့ အတူတူ ဆက်ပြီး ကြီးထွားလာခဲ့ပါတယ်။ ဒီလိုမျိုး ကုန်ထုတ်လုပ်ရေးမှာ အသုံးပြုတဲ့ နည်းပညာအသစ်တွေ ပေါ်ထွက်လာတာရဲ့ အဓိက မောင်းနှင်အား တစ်ခုကတော့၊ ထွက်ကုန်တွေကို ပိုရောင်းချနိုင်ပြီး အဲ့ကနေ အမြတ်တွေ ပိုရနိုင်ဖို့ဆိုတဲ့ စိတ်ဆန္ဒကနေ မောင်းနှင်ခဲ့တာပဲ ဖြစ်ပါတယ်။ တနည်း ပြောရရင်တော့ အရင်းရှင်စနစ်ရဲ့ ကုန်ထုတ်လုပ်ရေး နည်းလမ်းတွေ ပျံ့နှံ့လာတဲ့ သဘောပါ။ စမစ်က သူ့ရဲ့ အလုပ်တာဝန်ခွဲဝေမှု သီအိုရီမှာ ဆွေးနွေးခဲ့သလိုပဲ၊ ထွက်ကုန် တိုးပွားလာမှုက ပိုပြီး သေသပ်တဲ့ အလုပ်တာဝန်ခွဲဝေမှုကို အကောင်အထည်ဖော်လာနိုင်စေပြီး၊ အဲ့တာကပဲ ကုန်ထုတ်စွမ်းအားကို တိုးတတ်စေကာ၊ ဒီကနေမှ ထွက်ကုန် (Output) ကိုပါ တိုးစေပြန်ပါတယ်။ ဒီလိုကနေ ထွက်ကုန်တိုးတတ်မှုနဲ့ ကုန်ထုတ်စွမ်းအား တိုးတတ်မှုကြား ကောင်းကျိုးစက်ဝိုင်းသံသရာ (Virtuous Cycle) ကို ဖြစ်လာစေတာပါ။

ဖြစ်ပေါ်လာတဲ့ အရင်းရှင်စနစ် ကုန်ထုတ်လုပ်ရေးရဲ့ အခြေအနေသစ်တွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ စီးပွားရေး ဆိုင်ရာ အင်စတီကျူးရှင်း အသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ ဈေးကွက်ကတဆင့် အရောင်းအဝယ် လုပ်တာတွေ တွင်ကျယ်လာတာနဲ့ အတူတူပဲ၊ ဘဏ်တွေကလည်း အဲ့ဒီအရောင်းအဝယ် တွေကို ချောချော မွေ့မွေ့ ဖြစ်အောင် လုပ်နိုင်ဖို့အတွက် ဆင့်ကဲ ပြောင်းလဲလာခဲ့ပါတယ်။ အချမ်းသာဆုံး ဆိုတဲ့ တစ်သီးပုဂ္ဂလသမား တွေမှာရှိတဲ့ ပိုင်ဆိုင်မှု စနဉ်စွာထက် အရင်းအနှီး ပိုလိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်တွေလည်း ပေါ်ထွက်

Copyright © 2026. Economic Education Program, Inya Economics.

လာခဲ့တာပါ။ အဲ့ဒီအခြေအနေကပဲ ကော်ပိုရေးရှင်းတွေ၊ အကန့်အသတ်နဲ့သာ ပေးချေရန် တာဝန်ရှိသော ကုမ္ပဏီ (Limited Liability Company)နဲ့ စတော့ခ်ဈေးကွက်တွေကို ဖန်တီးဖို့ အခြေအနေတွေ ဖြစ်စေခဲ့ပါတယ်။

## နယ်ချဲ့မှု ကိုလိုနီပြုကျင့်မှုများ စတင်လာခဲ့ပါတယ်၊

အနောက်ဥရောပနိုင်ငံတွေက ၁၅ ရာစု အစောပိုင်းက စပြီး အလျင်အမြန်ပဲ နယ်မြေချဲ့ထွင်လာခဲ့ ပါတယ်။ စူးစမ်းရှာဖွေမှုခေတ် ဆိုပြီး စကားတန်ဆာဆင်ထားတဲ့ ဒီနယ်မြေချဲ့ထွင်မှုမှာ ဌာနေတိုင်းရင်းသားတွေဆီကနေပြီး လုပ်အားအတွက် လူ၊ မြေယာနဲ့ သယံဇာတ ရင်းမြစ်တွေကို နယ်ချဲ့စနစ်ကနေတဆင့် သိမ်းယူတာတွေ ပါဝင်ခဲ့တာပါ။

၁၅ ရာစု နှောင်းပိုင်းက စလို့ အာရှမှာဆို ပေါ်တူဂီနဲ့ အမေရိကတိုက်မှာဆို စပိန်တို့က ဒီဇာတ်လမ်းကို စခဲ့ကြတာ ဖြစ်ပါတယ်။ အဲ့ဒီကစလို့ အနောက်ဥရောပနိုင်ငံတွေက အညာအတာကင်းမဲ့စွာနဲ့ပဲ ဆက်ပြီး ဆောင်ရွက် ခဲ့ကြတာပါ။ ၁၈ ရာစု အလယ်လောက် ရောက်တဲ့ အခါမှာတော့ ဗြိတိန်၊ ပြင်သစ်နဲ့ စပိန်တို့ ကြားထဲမှာ မြောက်အမေရိကတိုက်ကို ဝေပုံကျ ခွဲယူထားပြီးပါပြီ။ လက်တင်အမေရိကနိုင်ငံ အများစုဆိုရင် ၁၈၁၀ နဲ့ ၁၈၂၀ ခုနှစ်တွေအထိ စပိန်နဲ့ ပေါ်တူဂီတို့ရဲ့ အုပ်ချုပ်တာကို ခံခဲ့ရပါတယ်။ ဗြိတိန်က အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းထဲက အချို့ (အထူးသဖြင့် ဘန်ဂေါ်ဒေသနဲ့ ဘီဟာဒေသ)၊ ပြင်သစ်က အရှေ့တောင် ကမ်းရိုးတမ်းဒေသနဲ့ ပေါ်တူဂီက မျိုးစုံသော ပင်လယ်ကမ်းခြေ ဧရိယာ (အထူးသဖြင့် ဂိုအာဆိပ်ကမ်း)တို့ကို အသီးသီးအုပ်ချုပ်ခဲ့ကြတာပါ။ သြစတြေးလျကိုလည်း အဲ့ဒီကာလလောက်မှာပဲ စတင် အခြေချခဲ့တာ ဖြစ်ပြီး၊ ပထမဆုံး အကျဉ်းသားတွေ ပို့တဲ့ ကိုလိုနီကို ၁၇၈၈ ခုနှစ်မှာ စတင် တည်ထောင်ခဲ့ပါတယ်။ အာဖရိကတိုက်ရဲ့ နေရာအများစုကတော့ အဲ့ဒီ အချိန် အထိ သက်ရောက်ခံရတာ မရှိသေးပဲ၊ ကမ်းရိုးတန်း တစ်လျှောက် ပေါ်တူဂီနဲ့ ဒတ်ချ်လူမျိုးတွေက ကိုလိုနီငယ်လေးတွေ အဖြစ် အခြေချတာလောက်ပဲ ရှိသေးတာပါ။ ပေါ်တူဂီတွေက အရင်လူမနေကျတဲ့ Cape Verde ကျွန်းနဲ့ Sao Tome ကျွန်း၊ Principe ကျွန်းတို့မှာ ရှိနေခဲ့ပြီး၊ ၁၇ရာစုမှာတော့ ဒတ်ချ်တွေက ကိပ်တောင်းမြို့ ပေါ်မှာ အခြေချခဲ့ ကြတာပါ။

ကိုလိုနီစနစ်က အရင်းရှင်စနစ်ရဲ့ သဘောတရားတွေအပေါ် အခြေခံပြီး လည်ပတ်ခဲ့ပါတယ်။ သင်္ကေတ သဘောအရ ပြောမယ်ဆိုရင်တော့၊ ၁၈၁၅ အထိ အိန္ဒိယမှာရှိခဲ့တဲ့ ဗြိတိသျှတို့ရဲ့ အုပ်ချုပ်ရေးကို အရှေ့အိန္ဒိယ ဆိုတဲ့ ကော်ပိုရေးရှင်းတစ်ခုက စီမံဆောင်ရွက်ခဲ့တာ ဖြစ်ပြီး၊ ဗြိတိသျှအစိုးရက တိုက်ရိုက် ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ ဒီကိုလိုနီနယ်မြေတွေက သယံဇာတ အရင်းအမြစ်အသစ်တွေကို ဥရောပတိုက်ရှိ ပြန်ပို့ပေးပါ တယ်။ အစောပိုင်း နယ်မြေချဲ့ထွင်မှုတွေမှာတော့ ပိုက်ဆံအဖြစ် အသုံးပြုလို့ရတဲ့ အဖိုးတန်သတ္တု (ရွှေနှင့် ငွေ) တွေနဲ့ အမွှေးအကြိုင်တွေ (အထူးသဖြင့် ငရုတ်ကောင်းမှုန့်)ကို ရှာဖွေဖို့တို့က အဓိက တွန်းအား ဖြစ်ခဲ့ပါတယ်။ အချိန်ကြာတာနဲ့အမျှ အာဖရိကတိုက်က အများစု ဖမ်းမိလာတဲ့ ကျွန်တွေကို အသုံးပြုတဲ့ စိုက်ခင်းတွေကို ကိုလိုနီ

Copyright © 2026. Economic Education Program, Inya Economics.

နယ်မြေ အသစ်တွေမှာ ထူထောင်လာကြပါတယ်။ အဓိကအားဖြင့် အမေရိကန်၊ ဘရာဇီးလ်နဲ့ ကာရစ်ဘီယန် ဒေသတို့ မှာပါ။ အဲ့ကနေမှ ဥရောပကို ကောက်ပဲသီးနှံ အသစ်တွေ အနေနဲ့ ပြန်သယ် သွားကြပါတယ်။ နမူနာဆိုရင်တော့ သကြား(ကြံ)၊ ရာဘာ၊ ဝါဂွမ်းနဲ့ ဆေးရွက်ကြီးတို့ ဖြစ်ပါတယ်။ ကမ္ဘာသစ်က အချို့သော ကောက်ပဲသီးနှံတွေကို ဥရောပနဲ့ တခြားနေရာတွေမှာပါ စိုက်ပျိုး လာကြပြီး၊ အဲ့တာတွေက ကြာတော့ သူတို့ရဲ့ အခြေခံ စားသောက်ဖွယ်ရာတွေ ဖြစ်လာခဲ့ကြပါတယ်။ အာလူးချောင်းကြော်တွေ မရှိတဲ့ ဗြိတိသျှတွေ၊ ခရမ်းချဉ်သီးနဲ့ ပြောင်းဖူး သို့မဟုတ် ပြောင်းဖူးစေ့နဲ့ လုပ်တဲ့ Polenta ကင်းမဲ့နေတဲ့ အီတလီတွေနဲ့၊ ငရုတ်သီး မစားဘူးသေးတဲ့ အိန္ဒိယ၊ ထိုင်းနဲ့ ကိုရီးယားတို့ရဲ့ အချိန် ကာလတွေကို တွေးကြည့်ရတာက ကျွန်ုပ်တို့ရဲ့ စိတ်ကူးနိုင်စွမ်းကို တော်တော်လေး ဖြန့်ကျက်မိစေမှာပါ။

## ကိုလိုနီစနစ်က အမာရွတ်တွေ အများကြီး ချန်ခဲ့ပါတယ်၊

အခုအခါမှာ ကာလရှည်ကြာရှိနေတဲ့ ဆွေးနွေးငြင်းခုံမှု တစ်ခုရှိပါတယ်။ အဲ့ဒါကတော့ အရင်းရှင်စနစ်အနေနဲ့ ၁၆ ရာစုကနေ ၁၈ ရာစုအတွင်း ကိုလိုနီစနစ်ကရတဲ့၊ သယံဇာတ အရင်းအမြစ်တွေ မပါဘဲနဲ့၊ ဖွံ့ဖြိုးလာဖို့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာနဲ့ ပတ်သက်ပြီးတော့ပါ။ ဒီမှာ သယံဇာတ အရင်းအမြစ်တွေ ဆိုတာက၊ ပိုက်ဆံအဖြစ် အသုံးပြုတဲ့ အဖိုးတန်သတ္တုတွေ၊ အာလူးနဲ့ သကြားတို့လို အစားအသောက် အရင်းအမြစ် အသစ်တွေနဲ့၊ ဝါဂွမ်းလို စက်မှုလုပ်ငန်းတွေအတွက် သွင်းအားစုတွေကို ဆိုလိုတာပါ။ ဒီလို သယံဇာတ အရင်းအမြစ်တွေကနေ ကိုလိုနီပြုကျင့်တဲ့သူတွေက အကျိုးအမြတ် ကြီးကြီးမားမား ရသွားတာ ဘာမှမေးခွန်းထုတ်စရာကို မလိုပေမဲ့၊ အဲ့ဒီနိုင်ငံတွေရဲ့ အရင်းရှင်စနစ်က ဒီကရတဲ့ သယံဇာတ အရင်းအမြစ်တွေ မပါပဲနဲ့တောင် ဖွံ့ဖြိုးကောင်း ဖွံ့ဖြိုးခဲ့နိုင်ပါတယ်။ ဒါပေမဲ့ ကိုလိုနီစနစ် ပြုကျင့်ခံခဲ့ရတဲ့ လူ့အဖွဲ့အစည်းတွေ ဖွတ်ဖွတ်ညက်ညက် ကြေခဲ့ရတာ ကတော့ မေးခွန်းထုတ်စရာကို မလိုတာပါ။

ဌာနေတိုင်းရင်းသားတွေက မျိုးဖြုတ်ခံရတဲ့အထိ၊ မဟုတ်ရင်တောင် အနည်းငယ်လောက်ပဲ ကျန်တဲ့အထိ အမြစ်ဖြုတ်ခံခဲ့ ရပါတယ်။ သူတို့ရဲ့ မြေယာနဲ့ အဲ့ဒီ မြေယာမှာရှိတဲ့ မြေပေါ် မြေအောက် သယံဇာတ အရင်းအမြစ် တွေကိုလည်း ယူဆောင် ခံခဲ့ရတာပါ။ ဒေသခံ လူမျိုးစုတွေကို ဖယ်ထုတ်တာက ဘယ်လောက်ထိ ဆိုးလဲ ဆိုရင်၊ ၂၀၀၆ ခုနှစ်မှာ ရွေးကောက်ခံရတဲ့ ဘိုလစ်ဗီးယားနိုင်ငံရဲ့ လက်ရှိ သမ္မတဖြစ်တဲ့ အီဗိုလ်မိုရေးလ်စ် Evo Morales ဆို၊ အမေရိကတိုက်ကို ဥရောပသားတွေ ရောက်လာတဲ့ ၁၄၉၂ ခုနှစ်ထဲကနေပြီး အခုထိကိုမှ ဒေသခံ လူမျိုးစုတွေထဲကနေ နိုင်ငံအကြီးအကဲ ဖြစ်လာတဲ့ ဒုတိယမြောက် တစ်ယောက်ပဲ ရှိပါသေးတယ် (ပထမဆုံး အကြီးအကဲဖြစ်ခဲ့တဲ့သူကတော့ ၁၈၅၈ ခုနှစ်ကနေ ၁၈၇၂ ခုနှစ်ကြား မက္ကစီကိုနိုင်ငံ သမ္မတဖြစ်တဲ့ ဘန်နီတို ဂျာရဇ် Benito Juarez ဖြစ်ပါတယ်)။

Copyright © 2026. Economic Education Program, Inya Economics.

သန်းနဲ့ချီတဲ့ အာဖရိကသားတွေဟာ ဥရောပသားတွေနဲ့ အာရပ်တွေရဲ့ ဖမ်းဆီးခံခဲ့ကြရပြီး၊ ကျွန်အဖြစ် သင်္ဘောနဲ့ တင်ပို့တာကို ခံခဲ့ကြရပါတယ် (ယေဘုယျ ခန့်မှန်းချက် တစ်ခုမှာဆို ၁၂ သန်းလောက် ရှိတယ် ဆိုပါတယ်)။ ဒီနေရာမှာ ကြမ်းကြုတ်ဆိုးရွားတဲ့ ခရီးစဉ်ကြီးတလျှောက် ရှင်သန်ကျန်ရစ်ပြီးမှ၊ ကျွန်အဖြစ် အပို့ခံရတဲ့ သူတွေအတွက်သာ ကံဆိုးမိုးမှောင်ကျမှု မဟုတ်ပါဘူး။ ဒီဖြစ်စဉ်က အဲ့ဒီ အလုပ်သမားတွေ နေခဲ့တဲ့ အာဖရိက လူ့အဖွဲ့အစည်းကို ပြုန်းတီးကုန်ခမ်း သွားစေပြီး၊ သူတို့ရဲ့ လူမှုအဆောက်အအုံကိုပါ ဖျက်စီးပစ်ခဲ့ တာပါ။ နိုင်ငံတွေကိုလည်း စိတ်ကူးပေါက်သလို သတ်မှတ်တဲ့ နယ်နိမိတ်မျဉ်းတွေနဲ့၊ ဗလာအခြေအနေ တွေကနေ ဖန်တီးခဲ့ကြပါတယ်။ ဒီဟာကပဲ အဲ့ဒီနိုင်ငံတွေရဲ့ ပြည်တွင်း နိုင်ငံရေးနဲ့ နိုင်ငံတကာ နိုင်ငံရေးကို ဒီနေ့ အချိန်အထိ သက်ရောက်စေခဲ့တာပါ။ အာဖရိကတိုက်မှာ ရှိတဲ့ နယ်စပ်အများစု တဖြောင့်တည်း ဖြစ်နေတာက အဲ့ဒီအချက်ကို သက်သေခံနေတာလည်း ဖြစ်ပါတယ်။ သဘာဝအတိုင်းဖြစ်တဲ့ နယ်စပ်တွေက ဘယ်တော့မှ တဖြောင့်တည်း မဖြစ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ နယ်စပ်တွေဆိုတာက မြစ်တွေ၊ တောင်စောင်းတွေနဲ့ တခြားသော ပထဝီမြေမျက်နှာ အသွင်အပြင်အရပဲ ဖွဲ့စည်း ဖြစ်ပေါ်တတ်ကြတာမို့လို့ပါ။

တခါတရံကျတော့ ကိုလိုနီစနစ်ဆိုတာက စီးပွားရေးအရ ပိုခေတ်မီနေတဲ့ ဒေသတွေက တည်ဆဲ ကုန်ထုတ်လုပ်ရေး လုပ်ငန်းဆောင်တာတွေကို၊ ရည်ရွယ်ချက်ရှိရှိနဲ့ ဖျက်ဆီးတာကိုလည်း ဆိုလိုပြန်ပါတယ်။ ရေးကြီးခွင်ကျယ် ပြောရရင်တော့ ၁၇၀၀ မှာ ဗြိတိန်က အိန္ဒိယရဲ့ ဝါဂွမ်း အထည်လိပ် (သရက်ထည် Calicoes) တွေ တင်ပို့တာကို ပိတ်ပင်ခဲ့တာပါ။ သူ့ရဲ့ ကိုယ်ပိုင် ဝါဂွမ်း အထည်လိပ် လုပ်ငန်းကို မြှင့်တင်ဖို့ ရည်ရွယ်ပြီး ဒီလို လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီလုပ်ရပ်က အိန္ဒိယ ဝါဂွမ်းအထည်လိပ် လုပ်ငန်းကို အကြီးအကျယ် ထိခိုက်စေခဲ့တာပါ။ နောက်ပိုင်း ၁၉ ရာစုအလယ် အရောက်မှာတော့၊ အဲ့ကာလမှာ စက်မှုထွန်းကားပြီး ဖြစ်နေတဲ့ ဗြိတိသျှ ဝါဂွမ်း အထည်လိပ် လုပ်ငန်းစုက လာတဲ့ ပို့ကုန် အစုလိုက် အပြုံလိုက်ကြောင့်ပဲ၊ အဲ့ဒီလုပ်ငန်းက ဇာတ်သိမ်းသွားခဲ့ ရပါတယ်။ ကိုလိုနီလက်အောက်ခံ နိုင်ငံတစ်ခု ဖြစ်တဲ့ အိန္ဒိယနိုင်ငံ အနေနဲ့၊ သွင်းကုန် စည်းကြပ်ခွန် (Tariff) နဲ့ တခြားမူဝါဒတွေကို အသုံးပြုပြီး၊ သူရဲ့ ကုန်ထုတ်လုပ်သူတွေကို ဗြိတိသျှတွေရဲ့ သွင်းကုန်တွေကနေ မကာကွယ် ပေးနိုင်ခဲ့ပါဘူး။ ၁၈၃၅ မှာတော့ အရှေ့အိန္ဒိယကုမ္ပဏီရဲ့ ဘုရင်ခံဖြစ်တဲ့ လောဒ့်ဘန်းတင့်ခ် Lord Bentinck က "ဝါဂွမ်း ထုတ်လုပ်သူတွေရဲ့ အရိုးစုတွေက အိန္ဒိယရဲ့ လွင်ပြင်တွေကို အရောင်ချွတ်နေတယ်" ဆိုပြီး ကျော်ကြားစွာပဲ အစီရင်ခံခဲ့ပါတယ်။

## ၁၈၂၀-၁၈၇၀ ပြည့်နှစ်ကာလ၊ စက်မှုတော်လှန်ရေး

### ဗို့အားမြှင့်စက်ဖြင့် မောင်းနှင်ခြင်း၊ စက်မှုတော်လှန်ရေး စတင်မှု

၁၈၂၀ ဝန်းကျင်မှာ အရင်းရှင်စနစ် အမှန်တကယ် စတင် အောင်မြင်လာခဲ့ပါတယ်။ အနောက်ဥရောပတိုက်ရယ်၊ အနောက်ဥရောပသားတွေ အခြေချကြတဲ့ မြောက်အမေရိကတိုက်နဲ့ ကျွန်းစုတွေရယ်ရှိက သိသာမြင်သာတဲ့

Copyright © 2026. Economic Education Program, Inya Economics.

စီးပွားရေးဖွံ့ဖြိုး တိုးတတ်မှုတွေနဲ့ အောင်မြင်လာခဲ့တာပါ။ တိုးတတ်တဲ့နှုန်းက အလွန်ကို အံ့သြဘနန်း ဖြစ်စရာကောင်းတဲ့အတွက်၊ ၁၈၂၀ နောက်ပိုင်း ရာစုနှစ်တဝက်လောက်ကို၊ 'စက်မှုတော်လှန်ရေး'ရယ်ဆိုပြီး ရည်ညွှန်းလေ့ရှိကြပါတယ်။ အဲ့ဒီ နှစ်ငါးဆယ်အတွင်း၊ အနောက်ဥရောပရဲ့ တစ်ဦးချင်းဝင်ငွေက ၁ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့တာပါ။ ဒီခေတ်မှာဆိုရင်တော့ အားရစရာ မကောင်းတဲ့ နှုန်းထားပေါ့ (ဂျပန်နိုင်ငံကို "ပျောက်ဆုံးသွား သောဆယ်စုနှစ်" (Lost Decade) ဆိုပြီး ပြောကြတဲ့ ၁၉၉၀ ခုနှစ်တွေမှာ အဲ့ဒီနှုန်းထားနဲ့ တိုးတက်ခဲ့တာ ဖြစ်ပါတယ်)။ ဒါပေမဲ့ အဲ့ဒီ ၁ ရာခိုင်နှုန်းဆိုတဲ့ နှုန်းထားကို ၁၅၀၀ နဲ့ ၁၈၂၀ ပြည့်နှစ်ကြားမှာ ရှိတဲ့ ၀.၁၄ ရာခိုင်နှုန်းဆိုတာနဲ့ နှိုင်းယှဉ်လိုက်ရင်တော့၊ ဗို့လ်အားမြှင့်စက်တတ်ပြီး မောင်းလိုက်တဲ့ အနေအထားမျိုး ဖြစ်ခဲ့တာပါ။

**အသက် ၁၇ နှစ်လောက်အထိပဲ နေရပြီး တပတ်ကို နာရီ ၈၀လောက် လုပ်ရဖို့ မျှော်လင့်ထားရခြင်းနဲ့ လူတချို့အတွက် ဆထက်တပိုး တိုး၍လာသော သောကပရိဝေဒများ၊**

ဒါပေမဲ့လည်း ကနဦးမှာတော့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာတာက၊ လူအများစုအတွက် လူနေမှု အဆင့်အတန်းကျလာတာနဲ့ အတူတွဲပြီး ဖြစ်ပေါ်ခဲ့တာပါ။ ကျွမ်းကျင်မှုအဟောင်းတွေနဲ့ လူအချို့ကတော့ သူတို့ရဲ့ အလုပ်တွေဆုံးရှုံးခဲ့ရပြီး၊ နမူနာဆိုရင်တော့ အထည်ချုပ်က လက်မှုပညာသည်တွေ ဖြစ်ပါတယ်။ သူတို့က ဈေးပေါပြီး ကျွမ်းကျင်မှု မလိုအပ်တဲ့ အလုပ်သမားတွေ လည်ပတ်တဲ့ စက်တွေရဲ့ အစားထိုးတာကို ခံခဲ့ရတာပါ။ အဲ့ဒီ အလုပ်သမားတွေထဲမှာ ကလေးတွေလည်း အများကြီးပါခဲ့ပါတယ်။ တချို့ စက်တွေကိုဆို ကလေးတွေရဲ့ ကိုယ်ခန္ဓာအချိုးအစား သေးငယ်တာကို စိတ်ကူးပြီး ပုံစံချခဲ့တာမျိုး တွေတောင် ရှိခဲ့တာပါ။ စက်ရုံတွေမှာ လုပ်ဖို့ ငှားရမ်းခံရတဲ့သူတွေ၊ ဒါမှမဟုတ်ရင်လည်း အဲ့ဒီစက်ရုံတွေအတွက် သွင်းအားစုတွေ ထောက်ပံ့ပေးတဲ့ အလုပ်ရုံငယ်တွေမှာ လုပ်တဲ့သူတွေ အနေနဲ့၊ အလုပ်ချိန် အကြာကြီးနဲ့ လုပ်ခဲ့ကြရပါတယ်။ တပတ်ကို နာရီ ၇၀ ကနေ ၈၀ ဆိုတာက ပုံမှန် စံသတ်မှတ်ချက် ဖြစ်ခဲ့တာပါ။ တချို့တွေဆိုရင် တပတ်ကို နာရီ ၁၀၀ ကျော်တဲ့အထိ လုပ်ခဲ့ရပြီး၊ တနင်္ဂနွေနေ့ တပိုင်းပဲ ပုံမှန်အနေနဲ့ နားခွင့်ရခဲ့ပါတယ်။

လုပ်ငန်းခွင် အခြေအနေတွေကလည်း အလွန့်အလွန်ကို အန္တရာယ်များခဲ့တာပါ။ ဗြိတိသျှဝါဂွမ်း အထည်အလိပ် လုပ်ငန်းက အလုပ်သမားအများစုဆို ကုန်ထုတ်လုပ်ရေးဖြစ်စဉ်က ထွက်လာတဲ့ ဖုန်မှုန့်တွေကြောင့်ရတဲ့ အဆုတ်ရောဂါတွေနဲ့ တိမ်းပါးခဲ့ရတာ ဖြစ်ပါတယ်။ မြို့ပြအလုပ်သမား လူတန်းစားက ပြည့်ညှပ်သပ်နေတဲ့ အခြေအနေတွေမှာ နေခဲ့ကြရပြီး၊ တချို့အခြေအနေတွေမှာဆို တစ်ခန်းကို လူ ၁၅ ယောက်ကနေ အယောက် ၂၀ အထိ နေခဲ့ကြရပြီး၊ အိမ်သာတစ်လုံးကို လူတွေ ရာနဲ့ချီပြီး သုံးကြတာကလည်း ပုံမှန်လို ဖြစ်ခဲ့တာပါ။ သူတို့အနေနဲ့ ယင်ကောင်တွေလိုပဲ တဖြုတ်ဖြုတ် ကြွေလွင့်ခဲ့ကြရတာ ဖြစ်ပါတယ်။ မန်ချက်စတာမြို့က လူဆင်းရဲတွေရဲ့ ဒေသမှာဆို လူ့သက်တမ်းက ၁၇ နှစ်ပဲ ရှိခဲ့ပါတယ်။ အဲ့ဒီဟာက ဗြိတိန်ဒေသတခုလုံးကို နော်မန်လူမျိုးတွေ

Copyright © 2026. Economic Education Program, Inya Economics.

မသိမ်းပိုင်ခင် ၁၀၀၀ ပြည့်နှစ်မှာ ရှိတာထက် ၃၀ ရာခိုင်နှုန်း လောက်ကို နိမ့်ကျသွားခဲ့တာပါ (အဲ့အချိန်တုန်းက လူ့သက်တမ်းက ၂၄ နှစ် ရှိခဲ့ပါသေးတယ်)။

## အရင်းရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပေါ်ထွက်လာခြင်း၊

အရင်းရှင်စနစ်က ဖြစ်ပေါ်စေခဲ့တဲ့ သောကပရိဝေဒတွေကို ကြည့်တာနဲ့တင်၊ မျိုးစုံသော အရင်းရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုတွေ ပေါ်ထွက်လာတဲ့အတွက် အံ့သြစရာ မရှိတော့ပါဘူး။ သူတို့ထဲက အချို့ကတော့ နာရီလက်တံကို ပြောင်းပြန်ပြန်ပြီး လှည့်လိုက်ချင်ရုံလေးပါပဲ။ ၁၈၁၀ ခုနှစ်တွေမှာ စက်မှုအခြေခံ ကုန်ထုတ်လုပ်ရေးကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရတဲ့ အထည်ချုပ်လုပ်ငန်းက လက်မှုပညာသည်တွေဖြစ်တဲ့ ခေတ်နောက်ပြန်ဆွဲချင်သူ (Luddites) တွေကတော့ သူတို့ အလုပ်လက်မဲ့ဖြစ်ရတာရဲ့ လက်ငင်းအကြောင်းအရင်းဖြစ်တဲ့ အဲ့ဒီ စက်ပစ္စည်းတွေကို၊ ဖျက်ဆီးခဲ့ကြပါတယ်။ အဲ့ဒီဖြစ်ရပ်ကပဲ အရင်းရှင်စနစ်တိုးတက်မှုမှာ အထင်ရှားဆုံး ပြယုဂ်တစ်ခု ဖြစ်ခဲ့တာပါ။ ကျန်တဲ့သူတွေထဲမှာလည်း ပိုကောင်း ပိုသာတူညီမျှမှုရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ဖို့အတွက်၊ ကိုယ်ထူကိုယ်ထ အစည်းအရုံးတွေကနေတဆင့် ထူထောင်ဖို့ ကြိုးစားခဲ့ကြတာ မျိုးတွေ ရှိခဲ့ပါတယ်။ ဝေးလ်လူမျိုး စီးပွားရေးလုပ်ငန်းရှင် ရော်ဘတ်အိုဝင် Rober Owen ဆိုရင်၊ စိတ်တူကိုယ်တူ ရှိတဲ့ လူတွေစုပြီး ဘုံလုပ်ငန်းခွင်နဲ့ ဘုံလူနေမှုဘဝကို အခြေခံတဲ့ လူ့အဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲ့တာက အစ္စရေးနိုင်ငံက စုပေါင်းလယ်ယာတွေနဲ့လည်း ဆင်တူပါတယ်။

ဒါပေမဲ့လည်း အရင်းရှင်စနစ် ဆန့်ကျင်ရေးအတွက် စိတ်ကူးစိတ်သန်း ကောင်းသူတွေထဲကမှ အရေးကြီးဆုံး ပုဂ္ဂိုလ်ကတော့ ဂျာမန်လူမျိုး ဘောဂဗေဒပညာရှင်နဲ့ တော်လှန်ရေးသမားဖြစ်တဲ့ ကားလ်မာက်စ် (၁၈၁၈-၁၈၈၃)ပဲ ဖြစ်ပြီး၊ သူ့ဘဝရဲ့ အချိန်အများစုကို အင်္ဂလန်မှာ ပြည်ပြေးအဖြစ် ကုန်ဆုံးခဲ့ရသူ ဖြစ်ပါတယ်။ သူ့အုတ်ဂူဆိုလည်း လန်ဒန်က ဟိုက်ဂိတ်သုသာန်မှာပဲ တည်ရှိတာပါ။ မက်စ်က ရော်ဘတ်အိုဝင်နဲ့ သူ့လို စိတ်ကူးတဲ့လူတွေကို ‘စိတ်ကူးယဉ်ဆန်တဲ့ ဆိုရှယ်လစ်ဝါဒီ’ တွေအဖြစ် တံဆိပ်ကပ်ခဲ့ပါတယ်။ ဒီလူတွေက ကြည်နူး ချမ်းမြေ့စရာ ကောင်းတဲ့ ဘုံလူမှုအသိုက်အဝန်းမှာ နေတာကို အခြေခံပြီး၊ အရင်းရှင်လွန် လူ့အဖွဲ့အစည်းဆိုတာကို ယုံကြည်နေကြတယ်လို့ သူက ဆိုခဲ့တာပါ။ မက်စ်က သူ့ရဲ့ ကိုယ်ပိုင် ချဉ်းကပ်မှုကိုတော့ ‘သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ’ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။ အရင်းရှင်စနစ်က ရလာတဲ့ အသီးအပွင့်တွေကို ငြင်းပယ်တာထက် အဲ့ဒီအသီးအပွင့်တွေပေါ်မှာ အခြေခံပြီး လူ့အဖွဲ့အစည်းအသစ်ကို တည်ထောင်ရမယ်ဆိုပြီး ရပ်ခံတင်ပြခဲ့တာပါ။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ ကုန်ထုတ်ပစ္စည်းတွေရဲ့ ပုဂ္ဂလိပိုင်ဆိုင်မှုကို ပယ်ဖျက်သင့်ကြောင်း၊ ဒါပေမဲ့ အရင်းရှင်စနစ်ကနေ ဖန်တီးထားတဲ့ အကြီးစား ကုန်ထုတ်လုပ်ရေး ယူနစ်တွေ ကိုတော့ ထိန်းသိမ်းထားသင့်ကြောင်းနဲ့ ဒါမှသာ သူတို့ရဲ့ ကုန်ထုတ်စွမ်းအား မြင့်မားမှုအပေါ် အပြည့်အဝ အခွင့်အရေး ယူနိုင်မှာ ဖြစ်ကြောင်းကို တင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် မက်စ်က ဆိုရှယ်လစ်လူ့အဖွဲ့အစည်း တစ်ခုအနေနဲ့ အရေးပါ

Copyright © 2026. Economic Education Program, Inya Economics.

တဲ့ မျက်နှာစာတစ်ခုမှာဆို အရင်းရှင် လုပ်ငန်းကြီး တစ်ခုလိုမျိုး လည်ပတ် သင့်ကြောင်း လည်း အဆိုပြုခဲ့ပါတယ်။ အဲ့ဒီအရာကတော့ စီးပွားရေးဆိုင်ရာ အရေးကိစ္စတွေကို ဗဟိုကနေ စီမံခန့်ခွဲတဲ့ မျက်နှာစာပဲ ဖြစ်ပါတယ်။ ဒီဟာကြောင့်ပဲ သူအဆိုပြုတဲ့ စီးပွားရေးစနစ်က အရင်းရှင် လုပ်ငန်းတစ်ခု အနေနဲ့ သူ့ရဲ့ လုပ်ငန်းဆိုင်ရာ လည်ပတ်မှုတွေကို ဗဟိုကနေ စီမံတဲ့ ပုံစံနဲ့ သဘောချင်း သွားတူမှာပါ။ အဲ့ဒီစနစ်ကို ဗဟိုစီမံကိန်းချ စီးပွားရေးစနစ် (Central Planning) အဖြစ်နဲ့ သိကြပါတယ်။

မက်စ်နဲ့ ရုရှားတော်လှန်ရေး ခေါင်းဆောင် ဗလာဒီမီယာလီနင် အပါအဝင် သူ့နောက်လိုက်တွေက အလုပ်သမားတွေ ဦးဆောင်တဲ့ တော်လှန်ရေးကတဆင့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း တစ်ခုကို ထူထောင်နိုင်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ အကြောင်းကတော့ အရင်းရှင်တွေက သူတို့ရထားတဲ့ အရာတွေကို၊ သူ့သဘောနဲ့သူ လက်လွှတ်ပေးမှာ မဟုတ်တဲ့ အတွက်ကြောင့်မို့လို့ ဆိုပြီးတော့ပါ။ သို့သော်လည်း ပြန်လည်ပြင်ဆင်ရေးသမား (ဝါ) ဆိုရှယ်ဒီမိုကရက်တွေလို့ သိကြတဲ့၊ အက်ဒွပ်ဘန်းစတိန်း Eduard Bernstein နဲ့ ကားလ်ကပ်စကီး Karl Kautsky တို့လို့ သူ့နောက်လိုက်အချို့ကတော့၊ အရင်းရှင်စနစ်ရဲ့ ပြဿနာတွေကို သက်သာစေဖို့ဆို၊ သူ့ကို ဖျက်သိမ်းတာထက်စာရင်၊ ပါလီမန် ဒီမိုကရေစီ စနစ်ကတဆင့် ပြုပြင်ပြောင်းလဲရေး လုပ်တာကနေ ဆောင်ရွက်နိုင်တယ်လို့ စဉ်းစားခဲ့ကြပါတယ်။ သူတို့ကပဲ အလုပ်ချိန်နဲ့ လုပ်ငန်းခွင် အခြေအနေတွေ အတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်တာနဲ့၊ လူမှုဖူလုံရေး နိုင်ငံတော်တွေ ကြီးထွား ရင့်သန်လာဖို့ အတွက်ကို ဆော်သြခဲ့ကြတာပါ။

ပြန်ပြောင်းတွေးကြည့်မယ်ဆိုရင် ပြုပြင်ပြောင်းလဲရေးသမားတွေက သမိုင်းရဲ့ ဦးတည်ရာကို အကောင်းဆုံး မှန်းဆနိုင်ခဲ့တယ်ဆိုတာ မြင်သာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဆော်သြခဲ့တဲ့ စနစ်က ဒီနေ့ခေတ် အဆင့်မြင့် အရင်းရှင် စီးပွားရေးစနစ် ထွန်းကားတဲ့ နိုင်ငံတွေမှာ ရှိနေတဲ့အရာတွေမို့လို့ပါ။ ဒါပေမဲ့ အဲ့ခေတ်ကာလတုန်း ကတော့ အရင်းရှင်စနစ်ရဲ့အောက်မှာ အလုပ်သမားတွေရဲ့အခြေအနေတွေ ပိုကောင်းလာနိုင်တယ်ဆိုတာက မမြင်သာခဲ့ပါဘူး။ ဘာကြောင့်လဲဆို အရင်းရှင်အများစုက ပြုပြင် ပြောင်းလဲရေး လုပ်ဖို့ကို အကြောက်အကန် ဆန့်ကျင်ခဲ့ကြတာကြောင့် ဖြစ်ပါတယ်။

၁၈၇၀ ခုနှစ် ဝန်းကျင်ကစပြီးရင်တော့ အလုပ်သမားလူတန်းစားရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး သိသာမြင်သာတဲ့ တိုးတက်မှုတွေ ရှိလာခဲ့ပါတယ်။ လုပ်ခလစာတွေ တိုးလာခဲ့ပြီး အနိမ့်ဆုံးအနေနဲ့ ဗြိတိန်မှာဆိုရင် အရွယ်ရောက်သူ အလုပ်သမားတွေရဲ့ ပျမ်းမျှလစာက၊ အသက်ရှင်ရုံ လိုအပ်ချက်တွေထက် ပိုသုံးစွဲနိုင်ဖို့အတွက်၊ နောက်ဆုံးကျ မြင့်မားလာခဲ့တာပါ။ အချို့အလုပ်သမားတွေဆိုရင် တပတ်ကို နာရီ၆၀အထက် လျော့နည်းပြီး လုပ်ကြရပါတော့တယ်။ လူ့သက်တမ်းကလည်း ၁၈၀၀ မှာ ၃၆နှစ် ရှိတာကနေ ၁၈၆၀ မှာတော့ ၄၁နှစ်အထိကို တိုးလာခဲ့ပါတယ်။ အဲ့ဒီခေတ်ရဲ့အဆုံးသတ်မှာတော့ လူမှုဖူလုံရေးနိုင်ငံတော်တွေတောင် အစပြုလာတာကို တွေ့ရတာပါ။ ဒီအတွက် ကနဦးခြေလှမ်းကတော့ ၁၈၇၁ ခုနှစ် ဂျာမနီနိုင်ငံရဲ့ စက်မှုလုပ်ငန်းခွင် မတော်တဆမှု အာမခံစီမံချက်

Copyright © 2026. Economic Education Program, Inya Economics.

ကနေ မြစ်ဖျားခံခဲ့တာဖြစ်ပြီး စုစည်းကာစ ဂျာမနီနိုင်ငံရဲ့ အဓိပတိဖြစ်တဲ့ အော်တိုဗွန်ဘစ်မက် Otto Von Bismarck က စတင်မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။

## လွတ်လပ်တဲ့ ဈေးကွက်နဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေးယုံတမ်းများ၊ အရင်းရှင်စနစ်က အမှန်တကယ် ဘယ်လို ဖွံ့ဖြိုးခဲ့တာလဲ

အနောက်ဥရောပနိုင်ငံတွေမှာ အရင်းရှင်စနစ် တိုးတက်လာတာနဲ့ ၁၉ရာစုအတွင်း သူတို့ ကမ္ဘာတစ်ဝှမ်း အခြေချနိုင်ခဲ့တာတွေက လွတ်လပ်တဲ့ ကုန်သွယ်ရေး (Free Trade)နဲ့ လွတ်လပ်တဲ့ ဈေးကွက် (Free Market)တို့ ပျံ့နှံ့ခဲ့တာကြောင့်ဆိုပြီး တစ်ခါတစ်ရံမှာ မှတ်ယူတတ်ကြပါတယ်။ အဲ့ဒီနိုင်ငံက အစိုးရတွေအနေနဲ့ နိုင်ငံတကာ ကုန်သွယ်ရေး (လွတ်လပ်တဲ့ ကုန်သွယ်ရေး)ကို အခွန်ကောက်တာ၊ ကန့်သတ်တာတွေ မလုပ်ကြတာ၊ ပိုပြီး ယေဘုယျဆန်ဆန် ပြောရရင်တော့ သူတို့တွေက ဈေးကွက်(လွတ်လပ်တဲ့ဈေးကွက်)ရဲ့ လုပ်ဆောင်မှုကို ဝင်စွက်ဖက်တာမျိုး မရှိခဲ့တာကြောင့် ဒီနိုင်ငံတွေမှာ အရင်းရှင်စနစ်က ဖွံ့ဖြိုးလာတာဆိုပြီး ရည်ညွှန်း တတ်ကြတာပါ။ ဗြိတိန်နဲ့ အမေရိကန်တို့က တခြားနိုင်ငံတွေထက် တဟုန်ထိုး တိုးတတ်ခဲ့ကြတာ ကိုလည်း၊ လွတ်လပ်တဲ့ ဈေးကွက်နဲ့ အထူးသဖြင့် လွတ်လပ်စွာ ကုန်သွယ်ရေးတို့ကို အရင်ဆုံး ရွေးချယ်ခဲ့တဲ့ နိုင်ငံတွေ ဖြစ်တာကြောင့်ဆိုပြီး ပြောတတ်ကြပါတယ်။

အဲ့ဒီအချက်က အမှန်တရားတော့ မဟုတ်ပါဘူး။ အရင်းရှင်စနစ်ရဲ့ အစောပိုင်း ဖွံ့ဖြိုးနေတဲ့ ကာလတွေတုန်းက ဗြိတိန်နဲ့ အမေရိကန် နှစ်နိုင်ငံလုံးမှာ၊ အစိုးရက ဦးဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ကြပါတယ်။ တခြား အနောက်ဥရောပက နိုင်ငံတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။

## ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးဝါဒ( Protectionism) ရဲ့ ရှေ့ဆောင်လမ်းပြ ဗြိတိန်

သတ္တမမြောက် ဟင်နရီဘုရင်(၁၈၄၅ - ၁၅၀၉)ကစလို့ တူဒေါ်မျိုးဆက်(Tudor)သက်ဦးဆံပိုင် ဘုရင်တွေက၊ ဝါဂွမ်း အထည်လိပ် လုပ်ငန်းကို အစိုးရရဲ့ ကြားဝင်မှုကနေ တဆင့် အားပေး မြှင့်တင်ခဲ့ပါတယ်။ ဒီလုပ်ငန်းအနေနဲ့ အဲ့ဒီအချိန်ကာလက ဥရောပရဲ့ အဆင့်မြင့်နည်းပညာလုပ်ငန်းတစ်ခု ဖြစ်ပြီး၊ ကုန်းနိမ့်နိုင်ငံလေးတွေ (အထူးသဖြင့် ဖလန်ဒါဒေသ Flanders) က ဦးဆောင်ခဲ့တာပါ။ သွင်းကုန်စည်းကြပ်ခွန်တွေက သူ့ထက် သာလွန်နေတဲ့ ကုန်းနိမ့်နိုင်ငံတွေရဲ့ ထုတ်လုပ်သူတွေ ထံကနေပြီး ဗြိတိန် ထုတ်လုပ်သူတွေကို ကာကွယ်ပေးခဲ့ပါတယ်။ ဗြိတိန်အစိုးရအနေနဲ့ အဆင့်မြှင့်နည်းပညာတွေကို ရယူနိုင်ဖို့အတွက်ဆိုပြီး၊ အထည်လိပ်ကဏ္ဍက ကျွမ်းကျင် လက်မှုပညာသည်တွေကို သိမ်းသွင်းတာကို စပွန်ဆာ ပေးခဲ့တာပါ။ အထူးသဖြင့် ဖလန်ဒါဒေသကသူတွေကို ဖြစ်ပါတယ်။ ဗြိတိသျှနဲ့ အမေရိကန်လူမျိုးတွေထဲက ဖလန်ဒါ Flanders၊ ဖလေးမင်း Fleming နဲ့ ဖလိုင်မန်း

Copyright © 2026. Economic Education Program, Inya Economics.

Flemyng ပါတဲ့ နာမည်တွေဆို အဲ့ခေတ်က ရွှေ့ပြောင်းခဲ့တဲ့ လက်မှုပညာသည်ထဲကနေ ဆင်းသက်လာတဲ့သူတွေပဲ ဖြစ်ပါတယ်။ ခုနကလို မူဝါဒတွေမပါဘဲနဲ့ ၀၀၇ (အီယန်ဖလေးမင်း Ian Fleming) နဲ့ ပင်နီဆလင် (အလက်ဇန်းဒါး ဖလေးမင်း Alxander Fleming) တို့ ဆိုတာ ရှိလာမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် The Simpsons ဆိုတဲ့ ရုပ်ရှင်ထဲက နဒ်ဖလင်ဒါ Ned Flanders တွေကို၊ နဒ်လန်ကရှိုင်းယား Ned Lancashire လို့သာ တကယ်လို့ ခေါ်ရမယ် ဆိုလို့ရှိရင် အခုလောက် ရယ်ရွှင်စရာ ကောင်းတော့မယ်လို့တော့ မထင်ပါဘူး။ အဲ့ဒီ မူဝါဒတွေက တူဒေါ်မျိုးဆက် ဘုရင်တွေ အလွန်မှာလည်း ဆက်တည်ရှိ နေခဲ့ပြီး၊ ၁၈ ရာစု အရောက်မှာတော့ အထည်ချုပ် ကုန်စည်တွေက ဗြိတိန်ပို့ကုန်ရင္ငွေရဲ့ တစ်ဝက်အထိ ရှိလာခဲ့တာပါ။ အဲ့ဒီပို့ကုန်ကရတဲ့ အမြတ်ငွေတွေ မပါဘဲ စက်မှုတော်လှန်ရေး အတွက် လိုအပ်တဲ့ အစားအသောက်နဲ့ ကုန်ကြမ်းပစ္စည်းတွေကို တင်သွင်းနိုင်ဖို့ဆိုတာ၊ ဗြိတိန်အနေနဲ့ မဖြစ်နိုင်သလောက်ပါပဲ။

ဗြိတိသျှအစိုးရ အဖြစ်နဲ့ ကြားဝင်မှုတွေကိုတော့ ၁၇၂၁ ခုနှစ်မှာ အစပျိုးခဲ့ပါတယ်။ ဗြိတိန်ရဲ့ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ ရောဘတ်ဝဲလ်ပိုးလ်က ရည်မှန်းချက်ကြီးပြီး ကျယ်ပြန့်တဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး အစီအစဉ်ကို စတင်မိတ်ဆက်ခဲ့တဲ့အချိန်ကစလို့ အစပြုခဲ့တာပါ။ အဲ့ဒီအစီအစဉ်က ပို့ကုန်ကို အားပေးဖို့ ရည်ရွယ်ပြီး၊ မဟာဗျူဟာကျတဲ့ လုပ်ငန်းတွေကို သွင်းကုန် စည်းကြပ်ခွန်ဆိုင်ရာ အကာအကွယ် (Tariff Protection)နဲ့ အမတော်ကြေး (Subsidy) တို့ကို ပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။ ဝဲလ်ပိုးလ်အစီအစဉ်ရဲ့ တစ်စိတ် တစ်ဒေသကြောင့်ပဲ၊ ၁၈ရာစုရဲ့ဒုတိယပိုင်း အရောက်မှာတော့၊ ဗြိတိန်က တဟုန်ထိုး တိုးတက်လာခဲ့တာပါ။ ၁၇၇၀ ခုနှစ်တွေ အရောက်မှာတော့၊ ဗြိတိန်က တခြားနိုင်ငံတွေထက် သိသိသာသာ ရှေ့ရောက်လာခဲ့ပြီး၊ အဲ့အတွက် ကြောင့်ပဲ ဗြိတိသျှ ထုတ်လုပ်သူတွေကို ကူညီဖို့အတွက်၊ ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ် ပေးရေး မူဝါဒအပြင်၊ တခြားသော နည်းလမ်းတွေနဲ့ အစိုးရက ကြားဝင်စွက်ဖက်တာက မလိုတော့ဘူးလို့ အဒမ်စမစ်က မြင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း စမစ်ရဲ့ ***"နိုင်ငံများ၏ ဥစ္စာဓနကျမ်း"*** ထွက်ပြီး ရာစုနှစ် တစ်ခုအကြာ ၁၈၆၀ မှာမှ၊ ဗြိတိန်က လွတ်လပ်စွာ ကုန်သွယ်ရေး ဘက်ကို အပြည့်အဝ ကူးပြောင်းခဲ့တာပါ။ အဲ့ဒီအချိန်အရောက် မှတော့ သူ့ရဲ့ စက်မှုလုပ်ငန်းတွေက၊ အခြားသူတွေထက် ခေါင်းတလုံးမြင့်နေပြီဆိုတာက ယုံမှားစရာကို မရှိတော့ပါဘူး။ ၁၈၆၀ ခုနှစ်မှာ ဗြိတိန်ရဲ့ကုန်ထုတ်လုပ်မှုက၊ တကမ္ဘာလုံးမှာရှိတဲ့ ထွက်ကုန်တွေရဲ့ ၂၀ ရာခိုင်နှုန်း၊ ၁၈၇၀ ခုနှစ်မှာ စက်မှု ထုတ်ကုန်တွေက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးရဲ့ ၄၆ ရာခိုင်းနှုန်းအထိ ရှိနေခဲ့ပါပြီ။ ဒါပေမဲ့ အဲ့အချိန်မှာ သူ့ရဲ့လူဦးရေ ကျတော့၊ ကမ္ဘာ့လူဦးရေရဲ့ ၂.၅ ရာခိုင်နှုန်းပဲ ရှိတာပါ။ အဲ့ဒီ ကိန်းဂဏန်းတွေ ကို ဒီနေ့ခေတ် တရုတ်ပြည်နဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေနဲ့ ယှဉ်တွဲ ကြည့်လို့ ရပါတယ်။ လက်ရှိမှာ တရုတ်လူဦးရေက ကမ္ဘာ့လူဦးရေရဲ့၁၉ ရာခိုင်နှုန်း ရှိပေမဲ့၊ အပေါ်က ပြောခဲ့တဲ့ အချက်အလက်တွေ မှာတော့ သူက ၁၅ ရာခိုင်နှုန်းနဲ့ ၁၄ ရာခိုင်နှုန်း အသီးသီးပဲ ရှိနေတာပါ။

Copyright © 2026. Economic Education Program, Inya Economics.

## ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေး ဝါဒရဲ့ချန်ပီယံ အမေရိကန်

အမေရိကန်ရဲ့ ဖြစ်ရပ်ကတော့ ပိုလို့တောင် စိတ်ဝင်စားစရာ ကောင်းပါသေးတယ်။ ဗြိတိသျှ ကိုလိုနီလက်အောက်မှာ တုန်းက သူ့ရဲ့စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်ရှိရှိ ဖိနှိပ်ခံခဲ့ရပါတယ်။ အမေရိကန်ကိုလိုနီသမားတွေက စက်မှုလုပ်ငန်းတွေမှာ ပါဝင်ဖို့ ပထမအကြိမ် ကြိုးစားတာကို ကြားတဲ့အခါမှာ၊ ဗြိတိန်ရဲ့ဝန်ကြီးချုပ် ဝီလီယံပစ်အကြီး William Pitt The Elder (၁၇၆၆-၈)က “မြင်းသံခွာဖိနပ်ထုတ်ဖို့တောင်ခွင့်မပြုသင့်ဘူး”ဆိုပြီး ပြောတာမျိုးတွေ ရှိခဲ့တာပါ။

လွတ်လပ်ရေးရပြီးတဲ့ နောက်မှာတော့ အမေရိကန်အများစုက ဗြိတိန်နဲ့ ပြင်သစ်တို့ကို ပခုံးချင်း ယှဉ်နိုင်ဖို့ဆိုရင်၊ သူတို့နိုင်ငံကို စက်မှုဖွံ့ဖြိုးအောင် လုပ်ရမယ်လို့ ယူဆလာခဲ့ကြပါတယ်။ ဒီလို ယူဆတဲ့အဖွဲ့ကို ဦးဆောင်တာက အမေရိကန် စီးပွားရေးကို ပထမဆုံး တာဝန်ယူခဲ့တဲ့ ဝန်ကြီးဖြစ်တဲ့ ဘဏ္ဍာရေးဝန်ကြီး အလက်ဇန်းဒါး ဟယ်မင်တန်ပဲ ဖြစ်ပါတယ် (၁၀ဒေါ်လာတန် ငွေစက္ကူမှာ တွေ့ရတဲ့ တစ်ယောက်ပါ)။ ၁၇၉၁ခုနှစ်မှာ ကွန်ဂရက်ကိုတင်သွင်းတဲ့ *ကုန်ထုတ်လုပ်မှု အကြောင်းအရာနှင့် ပတ်သက်သော အစီရင်ခံစာ* မှာ၊ အမေရိကန်လို စီးပွားရေးအရ နောက်ကျတဲ့ နိုင်ငံတစ်ခုရဲ့အစိုးရအနေနဲ့ မွေးကင်းစလုပ်ငန်း (Infant Industry) တွေကို သူ့ထက်ခေါင်းတလုံးသာတဲ့ နိုင်ငံရပ်ခြား ယှဉ်ပြိုင်သူတွေ ရှိကနေ အကာအကွယ်ပေးပြီး၊ သူတို့ ကြီးထွားလာတဲ့အထိ ပြုစုပျိုးထောင်ဖို့ လိုအပ်တယ်လို့ ဟယ်မင်တန်က ရပ်ခံတင်ပြခဲ့ပါတယ်။ အဲ့ဒီဟာကိုပဲ မွေးကင်းစလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ ရပ်ခံတင်ပြချက် (Infant industry argument) အဖြစ် သိကြတာပါ။ ဟယ်မင်တန်က မွေးကင်းစလုပ်ငန်းတွေကို ကူညီဖို့အတွက်၊ သွင်းကုန် စည်းကြပ်ခွန်နဲ့ တခြား စီမံဆောင်ရွက်မှုတွေကို အသုံးပြုဖို့ အဆိုပြုခဲ့ပါတယ်။ အမတော်ကြေး၊ အခြေခံအဆောက်အအုံအတွက် အစိုးရက ရင်းနှီးမြှုပ်နှံမှု (အထူးသဖြင့်ဆည်မြောင်း)၊ တီထွင်ဖန်တီးမှု အသစ်တွေကို အားပေးဖို့ မူပိုင်ခွင့်ဥပဒေနဲ့ ဘဏ်စနစ် ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်မှု၊ စတဲ့အရာတွေကို အဆိုပြုခဲ့တာပါ။

ကနဦးမှာတော့ အဲ့အချိန်က အမေရိကန် နိုင်ငံရေးကို စိုးမိုးထားတဲ့ တောင်ပိုင်းက ကျွန်ပိုင်မြေရှင်တွေက၊ ဟယ်မင်တန်ရဲ့ အစီအစဉ်ကို ကပျက်ကယက် လုပ်ခဲ့ကြပါတယ်။ အဲ့ဒီ မြေပိုင်ရှင်တွေအနေနဲ့ ပိုကောင်းပြီး၊ ဈေးလည်း သက်သာတဲ့ ပစ္စည်းတွေကို ဥရောပက တင်သွင်းလို့ရနေတဲ့ အချိန်မှာ၊ နိမ့်ကျတဲ့ ယန်းကီးတွေရဲ့ စက်မှုထုတ်ကုန်တွေကို ဘာလို့ ဝယ်သင့်လဲဆိုတာကို နားမလည်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ပထမဆုံးအပြင်အခုထိလည်း တစ်ကြိမ်ထဲသာ ကြုံဖူးသေးတဲ့ အမေရိကန်ကုန်းမြေကို ကျူးကျော်ခံရတဲ့ အန်ဂျလို-အမေရိကန်စစ်ပွဲ(၁၈၁၂-၁၈၁၆) ရဲ့ နောက်ဆက်တွဲမှာတော့၊ အမေရိကန် အများစုက ဟယ်မင်တန်ရဲ့ အမြင်ကိုလက်ခံလာကြပါတယ်။ တောင့်တင်းတဲ့ နိုင်ငံတစ်ခုအနေနဲ့ တောင့်တင်းတဲ့ ကုန်ထုတ်လုပ်မှု ကဏ္ဍကို

Copyright © 2026. Economic Education Program, Inya Economics.

လိုအပ်တယ်၊ အဲ့အတွက်ကိုလည်း သွင်းကုန် စည်းကြပ်ခွန်နဲ့ တခြားသော အစိုးရကြားဝင်တာတွေ မပါဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ အမြင်ကို လက်ခံလာကြတာပါ။ တခုတည်းသော စိတ်မကောင်းစရာကတော့ သူ့ရဲ့စိတ်ကူးတွေ လက်ခံလာတာကို ဟယ်မင်တန်က မမြင်တွေ့ခဲ့ရတာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ၁၈၀၄ ခုနှစ် ပစ္စတိုနဲ့ စီးချင်းထိုးပွဲမှာ အဲ့အချိန်က တာဝန်ထမ်းဆောင်ဆဲ ဒုတိယသမ္မတ အေရွန်ဘားရဲ့ ပစ်သတ်တာကို ခံခဲ့ရပါတယ်။ (အဲ့အချိန်တွေက အရိုင်းဆန်တဲ့ ကာလတွေပါ။ တာဝန်ထမ်းဆောင်ဆဲ ဒုတိယသမ္မတက ဘဏ္ဍာရေး ဝန်ကြီး ဟောင်းကို ပစ်သတ်ခဲ့ပြီး၊ ဘယ်သူမှလည်း ထောင်မကျခဲ့ပါဘူး။)

၁၈၁၆ မှာ ခုနကလို မူဝါဒရေးရာ လမ်းကြောင်း ပြောင်းသွားပြီးထဲက၊ အမေရိကန်ရဲ့ကုန်သွယ်ရေး မူဝါဒက ပိုပိုပြီး ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးသမား (Protectionist) ဆန်လာခဲ့ပါတယ်။ ၁၈၃၀ ခုနှစ်တွေမှာတော့ ကမ္ဘာပေါ်မှာ စက်မှုလုပ်ငန်းဆိုင်ရာ သွင်းကုန်စည်းကြပ်ခွန်မှာ ပျမ်းမျှ အမြင့်ဆုံးအဖြစ် သူ့ကိုယ်သူ ကြွားလုံး ထုတ်နေခဲ့ပါပြီ။ အဲ့ဒီအခြေအနေက နောက်ထပ်ရာစုနှစ် တစ်ခုလုံး နီးပါးဖြစ်တဲ့ ဒုတိယကမ္ဘာစစ်အထိ ဆက်ရှိနေတော့မှာပါ။ အဲ့ဒီရာစုနှစ် အတွင်းမှာဆို ဂျာမနီ၊ ပြင်သစ်နဲ့ ဂျပန်တို့လို နိုင်ငံတွေရဲ့ သွင်းကုန် စည်းကြပ်ခွန်က ပိုပြီးတောင် နိမ့်နေခဲ့ပါတယ်။ အဲ့ဒီနိုင်ငံတွေက ဒီနေ့ခေတ်မှာဆို ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေး ဝါဒနဲ့ ပတ်သက်ပြီး၊ သာမန်အားဖြင့် လူတွေ ဆက်စပ်မိနေတဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။

အဲ့လို ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေး ဝါဒီတွေ ထွန်းကားနေတဲ့ ရာစုနှစ်ရဲ့ ပထမပိုင်းမှာ ကျွန်စနစ်၊ ဖက်ဒရယ်စနစ်တို့နဲ့ အတူပါပဲ။ ဒီဝါဒက စက်မှုထွန်းကားတဲ့ မြောက်ပိုင်းနဲ့ စိုက်ပျိုးရေး ထွန်းကားတဲ့ တောင်ပိုင်းကြား အမြဲမပြတ် အငြင်းပွားရမှုရဲ့ အရင်းခံ အကြောင်းတရား အဖြစ် ရှိနေခဲ့ပါတယ်။ ဒီဝါဒနဲ့ ပတ်သက်တဲ့ ကိစ္စကိုတော့ မြောက်ပိုင်းက အနိုင်ရတဲ့ ပြည်တွင်းစစ်ကပဲ နောက်ဆုံးကျ ဖြေရှင်းပေးခဲ့တာပါ။ အောင်ပွဲက တိုက်ဆိုင်မှု သက်သက်တော့လည်း မဟုတ်ပါဘူး။ မြောက်ပိုင်းက သေချာပေါက် အနိုင်ရခဲ့တာက ဘာကြောင့်လဲ ဆိုတော့ ပြီးခဲ့တဲ့ ရာစုနှစ်ဝက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေးဝါဒရဲ့ တံတိုင်းနောက်မှာ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် လုပ်ခဲ့တာကြောင့် မို့လို့ ဖြစ်ပါတယ်။ မာဂရက် မစ်ချဲယ်ရဲ့ ဂန္ထဝင်လက်ရာဖြစ်တဲ့ *လေရူးသုန်သုန် Gone with the Wind* ဝတ္ထုမှာဆိုရင် အမျိုးသား ဇာတ်ဆောင် ဖြစ်တဲ့ ရတ်ဘတ်တလာက သူ့ရဲ့ တောင်ပိုင်းက တနယ်တည်းသားတွေကို ပြောခဲ့တာရှိပါတယ်။ ယန်ကီးတွေက စစ်ပွဲကို နိုင်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ စက်ရုံ၊ သတ္တုအရည်ကျိုရုံ၊ သင်္ဘောကျင်း၊ သံနဲ့ သတ္တုတွင်း စတဲ့ တောင်ပိုင်းသားတွေမှာ မရှိတဲ့အရာတွေ၊ မြောက်ပိုင်းသားတွေမှာ ရှိတာကြောင့် ဆိုပြီးတော့ပါ။

Copyright © 2026. Economic Education Program, Inya Economics.

## သိပ်မလွတ်လပ်တဲ့ နည်းလမ်းတွေကတဆင့် လွတ်လပ်စွာ ကုန်သွယ်ရေး ပျံ့နှံ့သွားခြင်း

လွတ်လပ်တဲ့ ကုန်သွယ်ရေးက အရင်းရှင်စနစ် ဦးမော့လာမှုအတွက် အဓိတာဝန်ရှိခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အနေနဲ့ ၁၉ ရာစုတလျှောက်မှာတော့ ပျံ့နှံ့ခဲ့ပါတယ်။ အချို့သော ပျံ့နှံ့မှုတွေ ကတော့ ၁၈၆၀ ခုနှစ်တွေအတွင်း အရင်းရှင်စနစ်ရဲ့ ဗဟိုချက်ဒေသတွေမှာပဲ ဖြစ်ပွားခဲ့တာပါ။ ဗြိတိန်ရဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးကို သဘောတူ လက်ခံခဲ့တာနဲ့၊ အနောက်ဥရောပနိုင်ငံတွေ အချင်းချင်းကြား သွင်းကုန်ဆိုင်ရာ ကန့်သတ်မှုတွေနဲ့ သွင်းကုန် စည်းကြပ်ခွန်တွေကို အပြန်အလှန်ပယ်ဖျက်ပြီး၊ နှစ်နိုင်ငံကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် FTAs တွေကို အတွဲလိုက် ချုပ်ဆိုခဲ့တာမျိုးတွေ ပါဝင်ပါတယ်။ ဒါပေမဲ့ ပျံ့နှံ့မှု အများစု ကတော့ အရင်းရှင်စနစ်ရဲ့ အစွန်အဖျား နေရာတွေဖြစ်တဲ့ လက်တင်အမေရိကနဲ့ အာရှတိုက်တို့မှာ ဖြစ်ပေါ်ခဲ့တာပါ။

ဒီရလဒ်ကလည်း ခင်ဗျားအနေနဲ့ သာမန်အားဖြင့် လွတ်လပ်သော(Free) ဆိုတဲ့ စကားလုံးနဲ့ မဆက်စပ်မိစေမဲ့ အခြေအနေကနေ ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဖိအားပေးမှု (Force) သို့မဟုတ် အနည်းဆုံးတော့ ဖိအားပေးခံရမယ်ဆိုတဲ့ ခြိမ်းခြောက်မှုကနေ ဒီရလဒ်တွေ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ကိုလိုနီ ပြုကျင့်ခြင်းက အမှန်တကယ် မလွတ်လပ်တဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး (Unfree Free Trade) အတွက် သိသာတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ခဲ့တာပါ။ ဒါပေမဲ့လည်း ကိုလိုနီပြုကျင့်မခံရတဲ့ နိုင်ငံတွေတောင် လွတ်လပ်တဲ့ ကုန်သွယ်ရေးကို ကျင့်သုံးဖို့ ဖိအားပေး ခံခဲ့ရတာပါ။ ဒီနိုင်ငံတွေ အနေနဲ့ လက်နက်နဲ့ ခြိမ်းခြောက်တဲ့ သံခင်းတမန်ခင်း (Gunboat Diplomacy) ကနေပြီး၊ မညီမျှတဲ့ ကုန်သွယ်ရေး စာချုပ်တွေမှာ လက်မှတ်ထိုးဖို့ ဖိအားပေးခံခဲ့ရပါတယ်။ အဲ့ဒီ သဘောတူစာချုပ်တွေမှာ၊ တခြားကိစ္စတွေ ထည့်မပြောသေးရင်တောင်၊ ကိုယ်ပိုင် သွင်းကုန်စည်းကြပ်ခွန် သတ်မှတ်ခွင့်ဖြစ်တဲ့ သွင်းကုန် စည်းကြပ်ခွန်နှုန်းထား လွတ်လပ်မှု (Tariff Autonomy)က ကင်းမဲ့ခဲ့တာပါ။ သူတို့အနေနဲ့ နိမ့်ကျတဲ့ သွင်းကုန် စည်းကြပ်ခွန်နှုန်းဖြစ်တဲ့ ၃-၅ ရာခိုင်နှုန်းကိုပဲ တပြေးညီတည်း သတ်မှတ်ဖို့ ခွင့်ပြုခံခဲ့ ရတာ ဖြစ်ပါတယ်။ ဒီနှုန်းက အစိုးရအတွက် အခွန်ဘဏ္ဍာ အနည်းငယ် စုမိရုံလောက်ပဲ ဖြစ်ပြီး၊ မွေးကင်းစလုပ်ငန်းတွေကို ကာကွယ်ဖို့ အတွက်တော့ မလုံလောက်ခဲ့ပါဘူး။

နာမည်အဆိုးဆုံး မမျှတတဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်ကတော့ နန်ကင်း ကုန်သွယ်မှု သဘောတူစာချုပ်ပဲဖြစ်ပါတယ်။ အဲ့ဒီစာချုပ်က ဘိန်းစစ်ပွဲ ရှုံးတာရဲ့ နောက်ဆက်တွဲ အနေနဲ့၊ ၁၈၄၂မှာ တရုတ်ပြည်က လက်မှတ်ထိုးဖို့ ဖိအားပေးခံခဲ့ရတဲ့ စာချုပ်ပါ။ ဒါပေမဲ့ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေက လက်တင်အမေရိကနိုင်ငံတွေနဲ့ စတင်ခဲ့တာဖြစ်ပြီး၊ သူတို့ လွတ်လပ်ရေးရပြီးတဲ့ ၁၈၁၀ နဲ့ ၁၈၂၀ ခုနှစ်တွေမှာ စခဲ့တာ ဖြစ်ပါတယ်။ ၁၈၂၀ နဲ့ ၁၈၅၀ ခုနှစ်တွေ ကြားမှာ တခြားနိုင်ငံ တသီတန်းကြီးလည်း အဲ့လို စာချုပ်မျိုး တွေကို ချုပ်ဖို့ ဖိအားပေးခံခဲ့ရပါတယ်။ တူရကီရဲ့ ရှေ့ကဖြစ်တဲ့ အော်တိုမန်အင်ပိုင်ယာ၊ ဒီနေ့ခေတ် အီရန်ဖြစ်တဲ့ ပါရှား၊ ဒီနေ့ခေတ် ထိုင်းနိုင်ငံဖြစ်တဲ့ ဆိုင်ယမ်နဲ့ နောက်ဆုံး ဂျပန်တောင်မှ ဒီထဲမှာ ပါခဲ့တာပါ။ လက်တင်အမေရိက နိုင်ငံတွေရဲ့

မညီမျှတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေက ၁၈၇၀နဲ့ ၁၈၈၀ ခုနှစ်တွေမှာ သက်တမ်း ကုန်ဆုံးခဲ့ကြပါတယ်။ ဒါပေမဲ့ အာရှဘက်က စာချုပ်တွေကတော့ ၂၀ ရာစုအထိကို ကြာမြင့်ခဲ့တာပါ။

တိုက်ရိုက် ကိုလိုနီ ပြုကျင့်ခံရမှုကြောင့် ဖြစ်စေ၊ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေကြောင့် ဖြစ်စေ၊ သူတို့ရဲ့ မွေးကင်းစလုပ်ငန်းတွေကို ကာကွယ်ဖို့နဲ့ မြှင့်တင်ဖို့ မစွမ်းဆောင်နိုင်ခဲ့တာက၊ အဲ့ကာလက အာရှနဲ့ လက်တင်အမေရိကနိုင်ငံတွေရဲ့ စီးပွားရေးအရ ခေတ်နောက်ပြန်ဆွဲမှုအတွက်၊ အလွန်တရာကြီးမားတဲ့ အကြောင်းအခြင်းအရာ တစ်ရပ်ဖြစ်ခဲ့ပါတယ်။ အဲ့ကာလမှာ သူတို့အနေနဲ့ တဦးချင်းဝင်ငွေ တိုးတက်မှုအနေနဲ့ အနှုတ်လက္ခဏာဆောင်တဲ့ တစ်နှစ်ကို -၀.၁ နဲ့ -၀.၀၄ ရာခိုင်နှုန်း အသီးသီးအထိ ကျဆင်းခဲ့ရတာပါ။

## ၁၈၇၀-၁၉၁၃ ပြည့်နှစ်၊ မွန်းတည့်ကာလ

### အရှိန်ပိုမြင့်လာသော အရင်းရှင်စနစ်နှင့် အလုံးအရင်း ကုန်ထုတ်လုပ်မှု (mass production) ဦးမော့လာခြင်း

၁၈၇၀ ဝန်းကျင် တဝိုက်မှာ အရင်းရှင်စနစ် ဖွံ့ဖြိုးတာက အရှိန်ပိုမြင့်လာခဲ့ပါတယ်။ အစုလိုက် အပြုံလိုက် နည်းပညာ တီထွင်မှု အသစ်တွေလည်း ၁၈၆၀နဲ့ ၁၉၁၀ ခုနှစ်တွေ ကြားမှာ ထွက်ပေါ်လာခဲ့ပြီး၊ ရလဒ်ကတော့ အကြီးစား ဓာတုလုပ်ငန်းဆိုတာတွေ တိုးတတ်လာခဲ့တာ ဖြစ်ပါတယ်။ လျှပ်စစ် စက်ယန္တရား၊ အတွင်းပိုင်း အပူစွမ်းအင်နဲ့ မောင်းနှင်တဲ့ အင်ဂျင် (Internal Combustion Engines)၊ လူလုပ်ဆိုးဆေး၊ ဓာတ်မြေသြဇာတို့ ပေါ်ထွက်လာခဲ့တာပါ။ စက်မှု တော်လှန်ရေးတုန်းက နည်းပညာတွေနဲ့ မတူတာလည်း ရှိပါတယ်။ အဲ့ခေတ်တုန်းက နည်းပညာသစ်တွေ ဆိုတာက အာရုံသိစိတ်ကောင်းတဲ့ လက်တွေ့သမား တီထွင်သူတွေရှိက ပေါ်ထွက်ခဲ့တာမျိုးပါ။ အခုပြောမယ့် ကာလမှာ ပေါ်လာတဲ့ နည်းပညာအသစ်တွေ ကျတော့၊ သိပ္ပံနည်းကျ သဘောတရားနဲ့ အင်ဂျင်နီယာ ပညာရပ်က သဘောတရားတွေကို စနစ်တကျ အသုံးချမှုကနေ ထုတ်လုပ်တာမျိုး ဖြစ်သွားပါပြီ။ သဘောကတော့ တခုခုကို တီထွင်လိုက်ပြီ ဆိုတာနဲ့ အဲ့ဒါကို ပုံတူပွားတာ၊ တိုးတတ်အောင် လုပ်တာတွေ အလျှင်အမြန်ပဲ လုပ်လာနိုင်ပြီ ဆိုတာပါပဲ။

အဲ့ဒါအပြင် ကုန်ထုတ်လုပ်ရေး ဖြစ်စဉ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ (Organization) ကိုလည်း လုပ်ငန်း အများစုမှာ လုံးဝဥဿုံ ပြောင်းလဲပစ်ခဲ့ပါတယ်။ အလုံးအရင်း ကုန်ထုတ်လုပ်တဲ့စနစ် (Mass Production System) ကို တီထွင်ပြီး ပြောင်းပစ်ခဲ့တာပါ။ ရွေ့လျားနေတဲ့ စက်တပ်ဆင်ရေး လမ်းကြောင်း (ရွေ့လျား စက်ခါးပတ်)နဲ့ နေရာချင်း ဖလှယ်လို့ရတဲ့ အစိတ်အပိုင်းတွေကို အသုံးပြုလာတာကလည်း ကုန်ထုတ်လုပ်မှု စရိတ်ကို သိသိသာသာ လျော့ချပေးခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်တွေ လောက်ကစလို့၊ သူ့ရဲ့ ကျရှုံးခန်းဆိုပြီး မကြာခန ပြောကြတာတွေ ရှိနေရင်တောင်မှပဲ အပြည့်အဝ မဟုတ်သည့်တိုင်အောင် ဒီစနစ်က ဒီဘက်ခေတ် ကုန်ထုတ်လုပ်ရေး စနစ်ရဲ့ ကျောရိုးအဖြစ် ရှိနေသေးတာပါ။

Copyright © 2026. Economic Education Program, Inya Economics.

**တိုးတက်လာတဲ့ ကုန်ထုတ်လုပ်မှု ပမာဏ၊ အန္တရာယ်နဲ့ မတည်ငြိမ်မှုတွေကို ကိုင်တွယ်ဖို့ စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်း အသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။**

အရင်းရှင်စနစ်က သူ့ရဲ့ မွန်းတည့်ချိန်ကာလ အတွင်းမှာပဲ ဒီနေ့ခေတ် သူ့မှာရှိတဲ့ အခြေခံ အင်စတီကျူးရှင်း ပုံသဏ္ဍာန်တွေကို ရရှိခဲ့ပါတယ်။ အကန့်အသတ်နဲ့သာ ပေးချေရန်တာဝန်ရှိသော ကုမ္ပဏီ၊ လူမွဲခံယူမှု ဥပဒေ၊ ဗဟိုဘဏ်၊ လူမှုဖူလုံရေး နိုင်ငံတော်၊ အလုပ်သမား ဥပဒေ၊ စတာတွေကိုပါ။ ဒီလိုမျိုး အင်စတီကျူးရှင်းဆိုင်ရာ အရွေ့တွေ အခြေခံကျကျ ဖြစ်လာတာကလည်း နောက်ကွယ်က နည်းပညာနဲ့ နိုင်ငံရေး အပြောင်းအလဲတွေကြောင့် ဖြစ်ပါတယ်။

အကြီးစားရင်းနှီးမြှုပ်နှံမှုတွေ ပိုပိုပြီး လိုလာတဲ့ အတွက် အဲ့အချိန်အထိ အခွင့်ထူးခံ လုပ်ငန်းတွေ အတွက် လောက်ပဲ ထားထားခဲ့တဲ့၊ အကန့်အသတ်သာ ပေးချေရန် တာဝန်ရှိသော ကုမ္ပဏီဆိုတာကို အများသုံးဖြစ်အောင် လုပ်ခဲ့ပါတယ်။ ဆိုလိုတာက တစုံတရာ အနိမ့်ဆုံး အခြေအနေတွေ ပြည့်မီရင် ဘယ်လုပ်ငန်းကိုမဆို ဒီသဘောတရားနဲ့ လုပ်ခွင့်ပြုလာတာ မျိုးပါ။

မကြုံစဖူး ပမာဏနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရလာတဲ့ အခါမှာတော့ အကန့်အသတ်နဲ့သာ ပေးချေရန်ရှိတဲ့ ကုမ္ပဏီတွေက အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတတ်မှု အတွက် စွမ်းအားအရှိဆုံးသော ယာဉ်ရထားတစ်ခု ဖြစ်လာခဲ့ပါတယ်။ ကားလ်မက်စ်အနေနဲ့ ဒီလိုမျိုး ကုမ္ပဏီတွေရဲ့ ကြီးမားတဲ့ အလားအလာကို၊ အရင်းရှင်စနစ်ရဲ့ ကြွေးကြော် အားပေးသူတွေ အဖြစ် ကိုယ့်ကိုယ်ကို ခန့်ထားတဲ့သူတွေ မပြောခင်ထဲက ရိပ်စားမိခဲ့တာပါ။ ဒီလိုမျိုး ကုမ္ပဏီတွေက အရင်းရှင်စနစ် ကုန်ထုတ်လုပ်မှုရဲ့ အမြင့်ဆုံးဖွံ့ဖြိုးမှုပဲလို့ မက်စ်က သမုတ်ခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်ရဲ့ ၁၈၄၉ ပြုပြင်ပြောင်းလဲရေး မတိုင်ခင်မှာ လူမွဲခံယူခြင်း ဥပဒေအနေနဲ့ လူမွဲအဖြစ်ခံယူမယ့် စီးပွားရေးသမားတွေကို ပစ်မှတ်ထားပြီး အပြစ်ပေးခဲ့ပါတယ်။ အဆိုးဆုံး အဖြစ်အပျက်တွေမှာဆို အကြွေးယူထားသူတွေကို အကျဉ်းထောင်ထဲ ပို့တဲ့အထိ ဖြစ်ခဲ့တာပါ။ ၁၉ ရာစုရဲ့ ဒုတိယပိုင်းလောက်မှာ မိတ်ဆက်ခဲ့တဲ့ လူမွဲခံယူခြင်း ဥပဒေအသစ်တွေ မှာတော့ ကျရှုံးဖူးတဲ့ စီးပွားရေးသမားတွေကို ဒုတိယ အခွင့်အရေးဆိုတာမျိုး ပေးလာပါတယ်။ ဒီလို စီးပွားရေးသမားတွေ အနေနဲ့ သူတို့ရဲ့လုပ်ငန်းတွေကို ပြန်ပြီး စုဖွဲ့နေတဲ့ အချိန်မှာ ကြွေးရှင်တွေကို အတိုးမပေးရတာမျိုး၊ သူတို့ရဲ့ အကြွေးတွေထဲက တစိတ်တပိုင်းကို ပယ်ဖျက်ပေးဖို့ ကြွေးရှင်တွေကို ဖိအားပေးတာမျိုးတွေကို ခွင့်ပြုပေးလာတာပါ။ စီးပွားရေးသမားတစ်ယောက် ဖြစ်ရတာက ပိုပြီး အန္တရာယ် နည်းလာခဲ့တဲ့ သဘောပါပဲ။

အရွယ်အစား ပိုကြီးလာတဲ့ကုမ္ပဏီတွေနဲ့အတူ အရွယ်အစား ပိုကြီးတဲ့ဘဏ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲ့အချိန်တုန်းက ဘဏ်တစ်ခု ကျရှုံးတာရဲ့ အန္တရာယ်က အလွန်မြင့်မားခဲ့ပြီး၊ ဘဏ္ဍာရေးကဏ္ဍ တစ်ခုလုံးကို

Copyright © 2026. Economic Education Program, Inya Economics.

မတည်မငြိမ် ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့်ပဲ အဲ့လိုမျိုး ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ငွေချေးသူတွေရဲ့ နောက်ဆုံးအားထားရာ အဖြစ်နဲ့ ဗဟိုဘဏ်တွေကို တည်ထောင်လာခဲ့ကြတာပါ။ ဒီလိုတည်ထောင်တာကိုတော့ ၁၈၄၄ ခုနှစ် အင်္ဂလန်ဗဟိုဘဏ်ကနေ အစပြုခဲ့ပါတယ်။

အလုပ်သမားလူတန်းစားရဲ့ အခြေအနေနဲ့ ဆက်စပ်လို့တော့ ဆိုရှယ်လစ်တွေရဲ့ ပိုပိုတိုးလာတဲ့ စည်းရုံး လှုံ့ဆော်မှုနဲ့ ပြုပြင် ပြောင်းလဲရေးသမားတွေရဲ့ ဖိအားတွေကြောင့်၊ လူမှုဖူလုံရေးနဲ့ အလုပ်သမား ဥပဒေ တထွေကြီးကို ၁၈၇၀ ခုနှစ်တွေကစပြီး အကောင်အထည် ဖော်လာခဲ့ပါတယ်။ စက်မှုလုပ်ငန်းခွင် မတော်တဆမှု အာမခံ၊ ကျန်းမာရေး အာမခံ၊ သက်ကြီးရွယ်အို ပင်စင်နဲ့ အလုပ်လက်မဲ့ အာမခံ၊ စတာတွေကို ဆောင်ရွက်လာတာပါ။ နိုင်ငံအများစုမှာလည်း ယေဘုယျအားဖြင့် ဆယ်နှစ်ကနေ ဆယ့်နှစ်နှစ်အောက် ရှိတဲ့ ငယ်ရွယ်တဲ့ ကလေးတွေကို အလုပ်ခန့်တာမျိုး ပိတ်ပင်ခဲ့ပြီး၊ အသက်ပိုကြီးတဲ့ ကလေးတွေ အတွက်လည်း အလုပ်ချိန်ကို ကန့်သတ်ခဲ့ပါတယ်။ အစပိုင်းမှာ တရက် ၁၂ နာရီ အထိပဲ လုပ်ဖို့ ကန့်သတ်ခဲ့တာပါ။ ဒီနိုင်ငံတွေကပဲ အမျိုးသမီးတွေရဲ့ လုပ်ငန်းခွင် အခြေအနေ၊ အလုပ်ချိန်တို့နဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်း စည်းကမ်းတွေ သတ်မှတ်ခဲ့ပါတယ်။ ကံဆိုးတာကတော့ ဒီအပြောင်းအလဲတွေက အမျိုးသမီးတွေကို ညာတာ ထောက်ထားမှုကနေ ပေါ်ထွက်ခဲ့တာတော့ မဟုတ်ပါဘူး။ သူတို့အပေါ် အထင်သေးတာကနေ ပေါ်ထွက်ခဲ့တဲ့ အရာတွေပဲ ဖြစ်ပါတယ်။ အမျိုးသားတွေလို မဟုတ်ပဲ အမျိုးသမီးတွေက စိတ်ပိုင်းဆိုင်ရာ စွမ်းရည် ချို့တဲ့တာကြောင့် ကိုယ့်အတွက် အကျိုးမရှိတဲ့ အလုပ်သမားစာချုပ်ကို လက်မှတ်ရေးထိုး လိုက်မိနိုင်ပြီး၊ အဲ့လိုမျိုး ကိုယ့်ကိုယ်ကို အန္တရာယ်ပေးနိုင်တာကနေ အမျိုးသမီးတွေကို ကာကွယ်ပေးဖို့ လိုအပ်တယ် ဆိုပြီး အဲ့တုန်းက လက်ခံယုံကြည်ခဲ့ကြတာပါ။ အဲ့လို လူမှုဖူလုံရေးနဲ့ အလုပ်သမား ဥပဒေတွေက အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံး အစိတ်အပိုင်းတွေကို ဖယ်ရှားပေးခဲ့ပြီး၊ ဆင်းရဲသားတွေရဲ့ ဘဝကို အများကြီး ပိုကောင်းစေခဲ့ပါတယ်။ ကနဦးမှာ အပြောင်းအလဲက အနည်းငယ်လေးပဲ ဆိုရင်တောင်မှပေါ့။

အဲ့လိုမျိုး အင်စတီးကျူးရှင်းဆိုင်ရာ အပြောင်းအလဲတွေက စီးပွားရေး တိုးတက်မှုကို အထောက်အကူ ပြုခဲ့ပါတယ်။ အကန့်အသတ်နဲ့ပဲ ပေးချေရန်ရှိသော ဆိုတာနဲ့ ကြွေးယူသူတွေကို အန္တရာယ် သိပ်မပြုတဲ့ လူမွဲခံယူခြင်း ဥပဒေတွေက စီးပွားရေးလုပ်ရင် ကြုံရတဲ့ အရဲစွန့်ရမှုတွေကို လျော့ချပေးခဲ့တာပါ။ အဲ့တာကပဲ ဓနဥစ္စာ ဖန်တီးဖို့ကို တဖန်ပြန်ပြီး အားပေးအားမြှောက် ပြုခဲ့ပြန်ပါတယ်။ တဖက်က ဗဟိုဘဏ်လုပ်ငန်းနဲ့၊ တခြားတဖက်က အလုပ်သမားနဲ့ လူမှုဖူလုံရေး ဥပဒေတွေကလည်း စီးပွားရေး တိုးတတ်ဖို့ အထောက်အကူ ပြုခဲ့ပြန်တာပါ။ ဒီအရာတွေက စီးပွားရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုကို မြှင့်တင်ပေးခဲ့ပြီး၊ အဲ့ကနေပဲ ရင်းနှီးမြှုပ်နှံမှုကို တိုးတတ်စေခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီအခြေအနေကမှ စီးပွားရေး တိုးတတ်မှုက နောက်က လိုက်လာခဲ့တဲ့ သဘောပါပဲ။ အနောက်ဥရောပရဲ့ တဦးချင်းဝင်ငွေ တိုးတတ်မှုနှုန်းက ယခု ညွှန်းဆိုတဲ့ အရင်းရှင် စနစ်

ရဲ့ မွန်းတည့်ကာလမှာ အရှိန်မြင့်တတ် လာခဲ့ပါတယ်။ ၁၈၂၀ - ၁၈၇၀ ခုနှစ် ကာလအတွင်း ၁ ရာခိုင်နှုန်း ရှိတာကနေ ၁၈၇၀-၁၉၁၃ ကာလမှာ ၁.၃ ရာခိုင်နှုန်းအထိ တတ်လာခဲ့တာပါ။

## လစ်ဘရယ်တွေရဲ့ ရွှေခေတ်က ဘယ်လိုကြောင့် ထင်သလောက် လစ်ဘရယ် မဖြစ်ခဲ့တာလဲ၊

အရင်းရှင်စနစ်ရဲ့ မွန်းတည့်ကာလကို တခါတရံမှာ ဂလိုဘယ်လိုက်ဇေးရှင်း ပထမခေတ်အဖြစ် ဖော်ပြတတ်ကြပါတယ်။ ဆိုလိုတာက ကမ္ဘာ့စီးပွားရေး တခုလုံးအနေနဲ့ ပထမဆုံးအကြိမ် အဖြစ် ကုန်ထုတ်လုပ်ရေးနဲ့ ကုန်စည်ဖလှယ်ရေးမှာ စနစ်တစ်ခုတည်းအဖြစ် ပေါင်းစည်းလာတာကို ရည်ညွှန်းချင်ကြတာပါ။ မျက်မှောက်ရေးရာ သုံးသပ်လေ့လာသူတွေ ကတော့၊ ဒီရလဒ်အတွက် အဲ့ကာလမှာ ကျင့်သုံးခဲ့တဲ့ လစ်ဘရယ် စီးပွားရေး မူဝါဒတွေက အဓိကကျတယ်လို့ မှတ်ယူတတ်ကြပါတယ်။ ကုန်စည်၊ အရင်းနဲ့ လူတွေရဲ့ နယ်စပ်ဖြတ်ကျော်ရွေ့လျားမှုတွေအပေါ် မူဝါဒရေးရာအရ ကန့်သတ်မှုအနည်းငယ်ပဲ ရှိခဲ့တဲ့ ကာလ ဆိုပြီး မှတ်ယူကြတာပါ။ နိုင်ငံတကာ မျက်နှာစာမှာ ဆောင်ရွက်ခဲ့တဲ့ အဲ့ဒီလစ်ဘရယ်ဝါဒနဲ့ ယှဉ်တွဲပြီး လာတာက ပြည်တွင်းက စီးပွားရေး မူဝါဒဘက်မှာဆို လွတ်လပ်တဲ့ စီးပွားရေးဆိုင်ရာ ချဉ်းကပ်ပုံ (Laissez-faire approach) ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ အတွက် အမြင့်ဆုံးသော လွတ်လပ်မှုကို ခွင့်ပြုပေးခြင်း၊ ဘက်မျှတဲ့ ဘက်ဂျက်ကို ရအောင် အားထုတ်ခြင်း (အစိုးရအသုံးစရိတ်က သူကောက်ခံတဲ့ အခွန်နဲ့ တတ်နိုင်သမျှ အတိအကျတူတာကို ဆိုလိုတာပါ)နဲ့ ရွှေပေါင်ချိန်စနစ်ကို ကျင့်သုံးတာတို့က ဒီမူဝါဒမှာ အဓိကပါဝင်တဲ့ အကြောင်းအရာတွေလို့ သူတို့က ပြောတတ်ကြပါတယ်။ ဒါပေမဲ့လည်း ဖြစ်ရပ်တွေကတော့ အဲ့ထက်ပိုပြီးတော့ ရှုပ်ထွေးခဲ့တာပါ။

၁၈၇၀-၁၉၁၃ ပြည့်နှစ် အပိုင်းခြားအတွင်း ကမ္ဘာလုံးဆိုင်ရာ လစ်ဘရယ်ဝါဒကို နိုင်ငံတကာ မျက်နှာစာမှာ တကယ်တမ်းတော့ မတွေ့ခဲ့ရပါဘူး။ အရင်းရှင်စနစ်ရဲ့ ဗဟိုချက်မဒေသဖြစ်တဲ့ အနောက်ဥရောပနဲ့ အမေရိကန်တို့မှာ ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေး ဝါဒက လျော့ကျနေခဲ့တာ မဟုတ်ပဲ၊ တကယ်တမ်းတော့ တိုးပွားနေခဲ့တာပါ။

အမေရိကန်ဆိုရင် ၁၈၆၅ ခုနှစ် ပြည်တွင်းစစ် အဆုံးသတ်ပြီး နောက်ပိုင်း အရင်ကထက် ပိုပြီးတောင် ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးသမား (Protectionist) ဖြစ်လာခဲ့တာပါ။ ၁၈၆၀နဲ့ ၁၈၇၀ ခုနှစ်တွေမှာ FTAs ထိုးထားတဲ့ အနောက်ဥရောပနိုင်ငံ အများစုက အဲ့ဒီ ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်တွေကို ပြန်ပြီး သက်တမ်းမတိုးခဲ့ဘဲ၊ နောက်ကျမှ တဖြည်းဖြည်းပြန်ပြီး သွင်းကုန် စည်းကြပ်ခွန်တွေကို တိုးမြှင့်ခဲ့ပါတယ် (အဲ့ဒီစာချုပ်တွေက ပုံမှန်အားဖြင့် နှစ်နှစ်ဆယ် သက်တမ်း ရှိပါတယ်)။ ဒီအခြေအနေအရာက တစိတ်တပိုင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍကို ကာကွယ်ဖို့ ဖြစ်ပြီး၊ အဲ့အချိန်က ကမ္ဘာသစ် (အထူးသဖြင့် အမေရိကန်၊ အာဂျင်တီးနား)နဲ့ အရှေ့ဥရောပ (ရုရှား၊ ယူကရိန်း) တို့ကလာတဲ့ ဈေးပေါတဲ့ သွင်းကုန်အသစ်တွေကြောင့် ဒီကဏ္ဍက

Copyright © 2026. Economic Education Program, Inya Economics.

ရုန်းကန်နေခဲ့ရတာပါ။ နောက်ထပ် အကြောင်းအရင်းကတော့ အကြီးစား ဓာတုစက်မှု လုပ်ငန်းတွေကို ကာကွယ်မြှင့်တင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဂျာမနီနဲ့ ဆွီဒင်တို့က ဒီကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးဝါဒရဲ့ အကောင်းဆုံး ဥပမာတွေ ဖြစ်ပြီး၊ ဂျာမနီမှာဆိုရင် 'သံနဲ့ ရိုင်းစပါးရဲ့ ထိမ်းမြားမှု'အဖြစ် ဥပမာပေးတာက ကျော်ကြားပါတယ်။

၁၈၇၀ နဲ့ ၁၈၉၀ ခုနှစ်တွေအတွင်း လွတ်လပ်ရေးရပြီးထဲက ချုပ်ဆိုခဲ့တဲ့၊ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေ သက်တမ်းကုန်သွားတဲ့ အခါမှာတော့၊ လက်တင်အမေရိကနိုင်ငံတွေက အတော်အသင့်မြင့်တဲ့ ကုန်သွယ်မှု ကာကွယ်ရေးဆိုင်ရာ သွင်းကုန် စည်းကြပ်ခွန်တွေကို စတင်လာခဲ့ပါတယ် (၁၀ကနေ ၄၀ ရာခိုင်နှုန်းဝန်းကျင်ရှိတဲ့ နှုန်းထားတွေပါ)။ ဒါပေမဲ့လည်း တခြား အစွန်အဖျား နေရာတွေမှာတော့ ရှေ့မှာပြောခဲ့သလိုပဲ ဖိအားပေးပြီး အသက်သွင်းထားတဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးက ဆက်ပြီး ပျံ့နှံ့ခဲ့တာပါ။ ဥရောပ အင်အာကြီး နိုင်ငံတွေက အာဖရိကတိုက်ကို အလုအယက် တိုးဝှေ့ခဲ့ကြပြီး တိုက်ကြီးရဲ့ နေရာတွေအတွက် ပြိုင်ဆိုင်ခဲ့ကြပါတယ်။ တပြိုင်နက်တည်းမှာပဲ အာရှနိုင်ငံ အများစုကလည်း ကိုလိုနီအဖြစ် သိမ်းယူခံခဲ့ရတာပါ (မလေးရှား၊ စင်ကာပူ၊ မြန်မာတို့ကို ဗြိတိန်နဲ့ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ လာအိုတို့ကို ပြင်သစ်)။ ဗြိတိသျှ အင်ပိုင်ယာဆို သူ့ရဲ့ စက်မှုစွမ်းအား အားကိုးနဲ့ အဆမတန် ကျယ်ပြန့်လာခဲ့ပြီး "ဗြိတိသျှအင်ပိုင်ယာမှာ ဘယ်တော့မှ နေမဝင်ဘူး"ဆိုတဲ့ ကျော်ကြားတဲ့ စကားပုံတစ်ခုတောင် ဖြစ်လာခဲ့ပါတယ်။ အဲ့ကာလအထိ ကိုလိုနီပြုကျင့်တဲ့ထဲမှာ မပါသေးတဲ့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ အမေရိကန်နဲ့ ဂျပန်တို့လို နိုင်ငံတွေလည်း ပါဝင်လာခဲ့တာပါ။ ဒီကာလကို 'နယ်ချဲ့ဝါဒခေတ်'လို့ သိကြတာက အကြောင်းမဲ့တော့ မဟုတ်ပါဘူး။

အဓိက အရင်းရှင်နိုင်ငံတွေရဲ့ ပြည်တွင်းမျက်နှာစာမှာ အစိုးရရဲ့ ကြားဝင်မှုက လျော့မသွားဘဲ သိသိသာသာကို တိုးလာတာကို မြင်ရမှာပါ။ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ (မျှတတဲ့ဘက်ဂျက် အယူဝါဒ)နဲ့ ငွေကြေးဆိုင်ရာမူဝါဒ (ရွှေပေါင်ချိန်စနစ်) တို့နဲ့ ပတ်သက်ရင် လွတ်လပ်တဲ့ ဈေးကွက် အယူဝါဒကို တကယ်တမ်း ခိုင်မာတဲ့ ထောက်ခံမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီကာလမှာ အစိုးရရဲ့ အခန်းကဏ္ဍ အလွန်တရာ ကြီးမားလာတာ ကိုလည်း မြင်တွေ့ခဲ့ရတာပါ။ အလုပ်သမားတွေအတွက် စည်းမျဉ်း စည်းကမ်း၊ လူမှုဖူလုံရေး စီမံချက်၊ အများပြည်သူအတွက် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု (အထူးသဖြင့် ရထားလမ်းနဲ့ နောက်ပိုင်း တူးမြောင်း)နဲ့ ပညာရေး (အထူးသဖြင့် အမေရိကန်၊ ဂျာမနီ)တို့မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ၁၈၇၀-၁၉၁၃ ကာလရဲ့ လစ်ဘရယ်ရွှေခေတ်က ကျွန်ုပ်တို့ ထင်သလောက် လစ်ဘရယ် ဖြစ်ခဲ့တာတော့ မဟုတ်ပါဘူး။ အဓိက အရင်းရှင်နိုင်ငံတွေရဲ့ ပြည်တွင်းရော နိုင်ငံတကာနဲ့ ပတ်သက်တဲ့ မူဝါဒတွေကိုပါ ကြည့်ရင်၊ သိပ်ပြီး လစ်ဘရယ် မဖြစ်ခဲ့တာ တွေ့ရပါတယ်။ လစ်ဘရယ် ဖြစ်အောင် ပြုလုပ်ခြင်း (Liberalization) ကလည်း အဓိကအားဖြင့် အင်အားနည်းတဲ့ နိုင်ငံတွေမှာပဲ ဖြစ်ခဲ့တာပါ။ ဒါကလည်း သူတို့ရဲ့ ရွေးချယ်မှုကြောင့် ဆိုတာထက် ကိုလိုနီစနစ်နဲ့ မမျှတတဲ့ ကုန်သွယ်ရေး စာချုပ်တွေက နေလာတဲ့ မလုပ်ရင် မဖြစ်တဲ့ အခြေအနေ တွေကနေ ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ ဒီကာလအတွင်း လျှင်မြန်တဲ့ စီးပွားရေး တိုးတတ်မှုကို ခံစားခဲ့ရတဲ့ တစ်ခုတည်း

Copyright © 2026. Economic Education Program, Inya Economics.

သော အစွန်အဖျား ဒေသဖြစ်တဲ့ လက်တင်အမေရိကမှာတောင်၊ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေ သက်တမ်းကုန်ပြီး နောက်ပိုင်း၊ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်မှုဝါဒက အလွန်အမင်း ကြီးထွားခဲ့တာကို တွေ့နိုင်ပါတယ်။

**'လစ်ဘရယ်'၊ ကမ္ဘာမှာ အရှုပ်ထွေး အဝေဝါးဆုံး ဝေါဟာရပေလော။**

စကားလုံး အနည်းလောက်ကပဲ 'လစ်ဘရယ်' ဆိုတဲ့ စကားလုံးထက် ပိုပြီး ရှုပ်ထွေးမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဒီဝေါဟာရကို ၁၉ ရာစုအထိ တိတိကျကျ သုံးခဲ့ကျတာမရှိပေမဲ့၊ လစ်ဘရယ်ဝါဒရဲ့ နောက်ကွယ်က အိုင်ဒီယာတွေကို သောမက်စ်ဟော့ဘ်နဲ့ ဂျွန်လော့ခ်လို တွေးခေါ်ရေးသမားတွေက စပြီး အနည်းဆုံး ၁၇ ရာစုလောက်အထိ ခြေရာကောက်ကြည့်လို့ ရနိုင်ပါတယ်။ ဒီဝေါဟာရနဲ့ ပတ်သက်တဲ့ ကျမ်းရိုးလာ အဓိပ္ပာယ်အဖြစ် တစ်သီးပုဂ္ဂလ လွတ်လပ်မှုကို ဦးစားပေးတဲ့ သဘောထား အဖြစ် ဖော်ပြကြပါတယ်။ စီးပွားရေး ဝေါဟာရ အနေနဲ့ဆိုရင်တော့ တစ်သီးပုဂ္ဂလ ရပိုင်ခွင့်အနေနဲ့ သူ့ရဲ့ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတွေကို သူ့စိတ်ကြိုက် သုံးစွဲခွင့်လို့ အဓိပ္ပာယ်ရပါတယ်။ အထူးသဖြင့် ငွေရှာတာနဲ့ ပတ်သက်ပြီးတော့ပါ။ အဲ့ဒီအမြင်အရ စံပြအစိုးရဆိုတာက ခုနကလို ရပိုင်ခွင့်တွေကို ကျင့်သုံးနိုင်ဖို့ အထောက်အကူ ဖြစ်ရုံဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးလိုမျိုး အနိမ့်ဆုံးအခြေအနေကို ပံ့ပိုးပေးတဲ့ အစိုးရပဲ ဖြစ်ပါတယ်။ ဒီလို အစိုးရ (နိုင်ငံတော်) မျိုးကို ချုပ်ချယ် စွက်ဖက်မှု နည်းသော အစိုးရ (Minimal State) အဖြစ် သိကြပါတယ်။ အဲ့ကာလက လစ်ဘရယ်တွေ ကြားထဲမှာ ကျော်ကြားတဲ့ ကြွေးကြော်သံ ကတော့ လွတ်လပ်မှု (အရာအားလုံး သူ့သဘောနဲ့သူ ဖြစ်စေခြင်း - Laissez faire)ပဲ ဖြစ်ပြီး၊ အဲ့အတွက်ကြောင့်ပဲ လစ်ဘရယ်ဝါဒကို လွတ်လပ်သော အယူဝါဒ (Laissez faire Doctrine) အဖြစ်လည်း သိကြပါတယ်။

ဒီနေ့ခေတ်မှာတော့ လစ်ဘရယ်ဝါဒကို ဒီမိုကရေစီကို အားပေးတာနဲ့ ညီမျှခြင်း ချတတ်ကြပါတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု အပါအဝင် သူ့ရဲ့ တစ်သီးပုဂ္ဂလ နိုင်ငံရေး ရပိုင်ခွင့်တွေကို အသားပေးတဲ့ အပေါ် ထောက်ဆပြီးတော့ သတ်မှတ်ထားကြတာပါ။ ဒါပေမဲ့လည်း နှစ်ဆယ်ရာစု အလယ်ထိတော့ လစ်ဘရယ် အများစုက ဒီမိုကရက်တွေ မဟုတ်ခဲ့ကြပါဘူး။ သူတို့က ရှေးရိုးစွဲတွေရဲ့ အမြင်ဖြစ်တဲ့ သမာရိုးကျ အစဉ်အလာ (Tradition)နဲ့ လူ့အဖွဲ့အစည်းအတွင်း အထက်အောက် ဖွဲ့စည်း တည်ဆောက်ပုံ(Social Hierarchy)တွေကို တစ်သီးပုဂ္ဂလ ရပိုင်ခွင့်တွေထက် ဦးစားပေးတာနဲ့ ပတ်သက်လို့ ငြင်းပယ်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း လူတိုင်းက အဲ့လိုရပိုင်ခွင့်တွေနဲ့ ထိုက်တန်တယ်လို့လည်း မယုံကြည်ခဲ့ကြပါဘူး။ သူတို့က အမျိုးသမီးတွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ချို့တဲ့ တာကြောင့် မဲပေးပိုင်ခွင့်နဲ့ မထိုက်တန်ဘူးဆိုပြီး တွေးခဲ့ကြပါတယ်။ ဆင်းရဲသားတွေကို မဲပေးပိုင်ခွင့် မပြုသင့်ဘူးလို့လည်း အကြောက်အကန် ပြောခဲ့ကြတာပါ။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲသားတွေ အနေနဲ့ သူတို့ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေကို သိမ်းယူမယ့် နိုင်ငံရေးသမားတွေကိုပဲ မဲပေးကြမှာကြောင့် ဆိုပြီး ယူဆခဲ့ကြလို့ ဖြစ်ပါတယ်။ အဒမ်စမစ်က

Copyright © 2026. Economic Education Program, Inya Economics.

ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံခဲ့တာရှိပါတယ်။ အစိုးရဆိုတာက တကယ်တမ်းတော့ ချမ်းသာသူတွေကို ဆင်းရဲသားတွေ ရန်က (ဝါ) ပစ္စည်းဥစ္စာရှိတဲ့သူတွေကို မရှိတဲ့သူတွေ ရန်က ကာကွယ်ဖို့ ဖွဲ့စည်းထားတာ ဆိုပြီးတော့ပါ။

ဒီဟာကိုမှ ပိုပြီး ရှုပ်ထွေးစေတာကတော့ အမေရိကန်မှာဆိုရင် လစ်ဘရယ်ဆိုတဲ့ ဝေါဟာရကို ဗဟိုလက်ဝဲ အမြင် (Left-of-centre)ကို ဖော်ပြဖို့အတွက် သုံးကြတာပါ။ တက်ဒ်ကနေဒီ Ted Kennedy နဲ့ ပေါလ်ခရုမန်း Paul Krugman တို့လို အမေရိကန် လစ်ဘရယ်တွေကို ဥရောပမှာဆို ဆိုရှယ်ဒီမိုကရက်တွေလို့ ခေါ်ကြမှာပါ။ ဥရောပမှာတော့ ဒီဝေါဟာရကို German Free Democratic Party(FDP) ရဲ့ ထောက်ခံသူတွေအတွက် သုံးကြ ပြန်ပါတယ်။ ဒီလူတွေကိုပဲ အမေရိကန်မှာတော့ အစွမ်းကုန် လွတ်လပ်ရေးသမား (libertarians) ဆိုပြီး ခေါ်ကြအုံးမှာပါ။

ဒါပြီးရင် ၁၉၈၀ ခုနှစ်တွေထဲက ကြီးစိုးနေတဲ့ စီးပွားရေးအမြင်ဖြစ်တဲ့ နီယိုလစ်ဘရယ်ဝါဒဆိုတာ လာပါတယ်။ ဒီဝါဒက ကျမ်းရိုးလာ လစ်ဘရယ်ဝါဒ (Classical Liberalism) နဲ့ အတော်လေး နီးစပ်ပေမဲ့ ချွတ်စွပ် တူတာတော့လည်း မဟုတ်ပြန်ပါဘူး။ ဘောဂဗေဒသဘောအရ ဆိုရင်တော့ သူလည်းပဲ ကျမ်းရိုးလာ ချုပ်ချယ်စွက်ဖက်မှု နည်းသော နိုင်ငံတော် ဆိုတာကို အားပေးပေမဲ့ ချွင်းချက်အနည်းငယ်တော့ ရှိပါတယ်။ အရေးကြီးဆုံးကတော့ နီယိုလစ်ဘရယ်ဝါဒအနေနဲ့ ဗဟိုဘဏ်က ငွေကြေး ထုတ်ပြန်မှုအတွက် လက်ဝါးကြီး အုပ်ထားတာကို လက်ခံပေမဲ့၊ ကျမ်းရိုးလာ လစ်ဘရယ်သမားတွေကတော့ ငွေကြေးရိုက်နှိပ်တာနဲ့ ပတ်သက်ပြီးတော့လည်း ပြိုင်ဆိုင်မှုက ရှိသင့်တယ်ဆိုပြီးတော့ တွေးခဲ့ကြတာမျိုးပါ။ နိုင်ငံရေးဘက်မှာ ဆိုရင်တော့ နီယိုလစ်ဘရယ်သမား တွေက ဒီမိုကရေစီကို ဖြောင်မဆန့်ကျင်ကြပေမဲ့ ကျမ်းရိုးလာ လစ်ဘရယ်သမားတွေကတော့ ဆန့်ကျင်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း နီယိုလစ်ဘရယ်သမားတွေထဲက အများစုကျပြန်တော့ ပုဂ္ဂလိက ပိုင်ဆိုင်မှုနဲ့ လွတ်လပ်သော ဈေးကွက်အလို့ငှာ ဒီမိုကရေစီကို အနစ်နာခံခိုင်းဖို့ ဆန္ဒရှိကြပြန်ပါတယ်။

နီယိုလစ်ဘရယ်ဝါဒကို ဝါရှင်တန်သဘောတူညီချက် (Washington Consensus) ဆိုပြီးတော့လည်း သိကြပါတယ်။ အထူးသဖြင့်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ။ ဒီလိုရည်ညွှန်းကြတာကတော့ ဒီဝါဒကို ဝါရှင်တန်ဒီစီမှာ အခြေစိုက်တဲ့ ကမ္ဘာမှာ စီးပွားရေးအရ အာဏာအရှိဆုံး အဖွဲ့အစည်းသုံးခုက ခိုင်ခိုင်မာမာ အားပေးထောက်ခံတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေကတော့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နဲ့ ကမ္ဘာ့ဘဏ်တို့ပဲ ဖြစ်ပါတယ်။

Copyright © 2026. Economic Education Program, Inya Economics.

## ၁၉၁၄-၄၅၊ ဝရုန်းသုန်းကားနှစ်များ

### အရင်းရှင်စနစ် ခလုတ်တိုက်မိခြင်း၊ ပထမကမ္ဘာစစ်နှင့် လစ်ဘရယ် ရွှေခေတ်၏ နိဂုံး

၁၉၁၄ မှာ ပထမကမ္ဘာစစ် ဖြစ်ပွားခဲ့ခြင်းက အရင်းရှင်စနစ်ရဲ့ ခေတ်တစ်ခု ကုန်ဆုံးသွားတာကို အချက်ပြနေခဲ့ပါတယ်။ အဲ့အချိန်အထိ ဆင်းရဲသားတွေရဲ့ တော်လှန်ပုန်ကန်မှုကြောင့် အမြဲမပြတ်ရှိနေခဲ့တဲ့ အန္တရာယ် (၁၈၄၈ ဥရောပတခွင်က တော်လှန်ရေးတွေနဲ့ ၁၈၇၁ က ပဲရစ်ကွန်မြူး စသည်တို့)နဲ့ စီးပွားရေး ပြဿနာ (၁၈၇၃-၉၆ ကာလ ကြာညောင်းသော စီးပွားပျက်ကပ်) တွေ ရှိခဲ့သော်ငြားလည်း၊ အရင်းရှင်စနစ်ရဲ့ တခုတည်းသော လမ်းကြောင်းကတော့ အပေါ်ကို ဆက်တက်ပြီး ရှေ့ခရီး ချီတတ်ဖို့လို့ပဲ ထင်ခဲ့ရတာပါ။

အဲ့ဒီအမြင်က ပထမကမ္ဘာစစ် (၁၉၁၄-၁၉၁၈) ရဲ့ ရုတ်တရက် ကိုင်လှုပ်တာ ခံခဲ့ရပါတယ်။ ဒီစစ်ပွဲကြီးက အဲ့အချိန်မှာ ရေပန်းစားနေတဲ့ အမြင်ဖြစ်တဲ့၊ အရင်းရှင်စနစ်ကနေ ကမ္ဘာတဝှမ်း တည်ဆောက်ထားတဲ့ နက်ရှိုင်းထူထပ်တဲ့ ကူးသန်းရောင်းဝယ်မှု ကွန်ယက်ကတဆင့် တွဲချိတ်နေတဲ့ နိုင်ငံတွေကြား၊ စစ်ပွဲဖြစ်ဖို့ဆိုတာ (လုံးဝမဖြစ်နိုင်တာမျိုး မဟုတ်ရင်တောင်) မဖြစ်နိုင်သလောက်ပဲ ဆိုတဲ့ အမြင်ကို အယုံအကြည် မဲ့စေခဲ့တာပါ။

အခြေအနေတစ်ခုကနေ ရှုမြင်ကြည့်မယ်ဆိုရင်တော့ ပထမကမ္ဘာစစ် ပေါ်ပေါက်ခဲ့တာက အံ့သြစရာတော့ မဟုတ်ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ မွန်းတည့်ချိန်ကို ဈေးကွက်အင်အားစုက မောင်းနှင်တာမျိုးထက် နယ်ချဲ့ဝါဒက မောင်းနှင်ခဲ့တဲ့အချက်ကို ထောက်ဆကြည့်ရင် ဒါကိုမြင်နိုင်ပါတယ်။ အဓိပ္ပာယ်က ရှေ့ဆောင် အရင်းရှင်နိုင်ငံတွေကြားက နိုင်ငံတကာနယ်ပယ်တွင်း ပြိုင်ဆိုင်မှုကြောင့် အကြမ်းဖက် ပဋိပက္ခအဖြစ် ဦးတည်သွားမယ့် အခွင့်အလမ်းက မြင့်မားနေခဲ့တဲ့ သဘောကို ပြနေခဲ့တာပါ။ အချို့ကတော့ အဲ့ထက်ကို ပိုပြီးတော့တောင် ကောက်ချက်ဆွဲပြီး ငြင်းခုန်ကြတာမျိုး ရှိခဲ့ပါတယ်။ အရင်းရှင်စနစ်က အဆက်မပြတ် အပြင်ဘက်ကို မချဲ့ထွင်ဘဲနဲ့ ရေရှည် မတည်တံ့နိုင်တော့တဲ့ အဆင့်ကို ရောက်လာကြောင်းနဲ့ အဲ့တာကြောင့် သူ့အနေနဲ့ တချိန်မဟုတ်တချိန် အဆုံးသတ်ကို ရောက်ပြီး၊ အရင်းရှင်စနစ်ရဲ့ နိဂုံးဆီကို ချီတတ်နေပြီ ဆိုပြီး ကောက်ချက်ဆွဲခဲ့ ကြတာပါ။

### အရင်းရှင်စနစ်ရဲ့ပြိုင်ဘက်တယောက် ရလာခြင်း၊ ရုရှားတော်လှန်ရေးနှင့် ဆိုရှယ်လစ်ဝါဒ စခန်းထလာမှု

ခုနက အမြင်ကိုတော့ ၁၉၁၇ ရုရှား တော်လှန်ရေး ခေါင်းဆောင် ဗလာဒီမီယာလီနင်ရဲ့ ***နယ်ချဲ့ဝါဒ၊ အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်*** ဆိုတဲ့ စာအုပ်ထဲမှာ (ကျော်ကြားစွာပဲ) အသေးစိတ် ရှင်းပြထားခဲ့ပါတယ်။

အရင်းရှင်စနစ်ကို ကာကွယ်သူတွေအတွက် ရုရှားတော်လှန်ရေးက ပထမကမ္ဘာစစ်ထက် ကြီးမားတဲ့ တုန်လှုပ်မှုကို ဖြစ်စေခဲ့တာပါ။ အဲ့ဒီ တော်လှန်ရေးက အရင်းရှင်စနစ်ရဲ့ အုတ်မြစ်အားလုံးကို တိုက်စားဖို့ တောင်းဆိုတဲ့ စီးပွားရေးစနစ် တစ်ခု ဖန်တီးဖို့ ဦးတည်ခဲ့တာကြောင့် ဖြစ်ပါတယ်။

Copyright © 2026. Economic Education Program, Inya Economics.

ရုရှား တော်လှန်ရေးပြီး ရှေ့လာတဲ့ ဆယ်စုနှစ်တွေ မှာတော့ ကုန်ထုတ်ပစ္စည်း (စစ်ပစ္စည်းများ၊ စက်ရုံ အဆောက်အအုံနဲ့ မြေယာ စသည်တို့) ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေ ဖျက်သိမ်းခံခဲ့ရပါတယ်။ ကြီးမားတဲ့ ပြောင်းလဲမှု ကတော့ ၁၉၂၈ မှာ စိုက်ပျိုးရေးကိုပါ ပြည်သူပိုင်သိမ်းခဲ့တာ ဖြစ်ပါတယ်။ အဲ့အဖြစ်အပျက်မှာ Kulaks ခေါ် လယ်သမားကြီးတွေရဲ့ မြေယာတွေ နိုင်ငံပိုင်သိမ်းယူခံခဲ့ရပြီး အစိုးရလယ်ယာ sovkhoz အဖြစ် ပြောင်းလဲခံခဲ့ရတာပါ။ လယ်သမားငယ်တွေကိုလည်း စိုက်ပျိုးရေးသမဂ္ဂ (kolkhoz) တွေမှာ အတင်းအကျပ် ပါဝင်စေခဲ့ပြီး အဲ့ဒါတွေက (နာမည်ခံတာကလွဲရင်) အစိုးရလယ်ယာတွေပဲ ဖြစ်သွားခဲ့တာပါ။ ဈေးကွက်လည်း ဖြည်းဖြည်းချင်း ဖျက်သိမ်းခံခဲ့ရပြီး ပထမအကြိမ် ငါးနှစ်စီမံကိန်း စတင်ခဲ့တဲ့ ၁၉၂၈ အရောက်မှာတော့ အပြည့်အဝ ဗဟိုစီမံကိန်းချ စနစ်နဲ့ အစားထိုးခံခဲ့ရတာ ဖြစ်ပါတယ်။ ၁၉၂၈ မှာတော့ ဆိုဗီယက်ပြည်ထောင်စုမှာ အရင်းရှင်စနစ် မဟုတ်တဲ့ စီးပွားရေးစနစ် တစ်ခု သိသိသာသာကို ပေါ်လာနေခဲ့ပါပြီ။ ကုန်ထုတ်ပစ္စည်းကို ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ အမြတ်ရလိုမှု တွန်းအားနဲ့ ဈေးကွက်တို့မပါဘဲ အဲ့ဒီစနစ်ကို လည်ပတ်ခဲ့တာ ဖြစ်ပါတယ်။

အရင်းရှင်စနစ်ရဲ့ တခြား အုတ်မြစ်တစ်ခု ဖြစ်တဲ့ လခစားအလုပ်သမား ဘက်မှာတော့ အခြေအနေက ပိုရှုပ်ထွေး ခဲ့ပါတယ်။ ဟုတ်ပါတယ်၊ သီအိုရီအရတော့ ဆိုဗီယက် အလုပ်သမားတွေက လခစားအလုပ်သမားတွေ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးက အစိုးရ ပိုင်ဆိုင်မှုက ဖြစ်စေ၊ သမဂ္ဂတွေက ဖြစ်စေ ကုန်ထုတ်ပစ္စည်း အားလုံးကို ပိုင်ဆိုင်ကြလို့ပါ။ လက်တွေ့မှာတော့ အဲ့ဒီအလုပ်သမားတွေကို အရင်းရှင် စီးပွားရေးစနစ်က လခစားအလုပ်သမားတွေနဲ့ ခွဲခြားလို့ မရခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ စီးပွားရေး လုပ်ငန်းတွေ အပြင် ပိုကျယ်ပြန့်တဲ့ စီးပွားရေး ရပ်ဝန်းက လည်ပတ်မှုတွေနဲ့ ပတ်သက်ရင် အနည်းငယ်ပဲ သူတို့ ထိန်းချုပ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ နေ့စဉ်လုပ်ငန်းခွင် အခြေအနေအရလည်း သူတို့အနေနဲ့ ယခင်ကရှိခဲ့တဲ့ အထက်အောက် ဆက်ဆံရေးထဲမှာပဲ လက်အောက်ခံအဖြစ် သွတ်သွင်းခံခဲ့ရတာပါ။

ဆိုဗီယက်ဆိုရှယ်လစ်စနစ်က ရှေ့မစီးပွားရေး(နဲ့လူမှုရေး) စမ်းသပ်ချက်ကြီး တစ်ခု ဖြစ်ခဲ့ပါတယ်။ အဲ့အချိန်ကာလအထိ ဘယ်စီးပွားရေးစနစ်မှ ဗဟိုကနေ စီမံခန့်ခွဲတာမျိုး မရှိခဲ့ပါဘူး။ ဒီစနစ်ရဲ့ အသေးစိတ် အစီအစဉ်တွေနဲ့ ပတ်သက်လို့ ကားလ်မက်စ်က မရေမရာဝိုးတဝါးပဲ ထားခဲ့တာဖြစ်ပြီး၊ ဆိုဗီယက်ပြည်ထောင်စု အနေနဲ့ တခါမှ ခြေမချဖူးသေးတဲ့ လမ်းတလျှောက်လုံး အရာကိစ္စတိုင်းကို တီထွင်ခဲ့ရတာပါ။ မက်စ်ဝါဒီ အများစုတောင်မှ (အထူးသဖြင့် ကားလ်ကပ်စကီး Karl Kautsky) ဒီစနစ်ရဲ့ အလားအလာနဲ့ ပတ်သက်ပြီး သံသယဝင်ခဲ့ ကြပြီး၊ မက်စ်ကိုယ်တိုင်တောင် ဆိုရှယ်လစ်စနစ်ဆိုတာ အရင်းရှင်စနစ် အဖွံ့ဖြိုးဆုံးသော စီးပွားရေးရပ်ဝန်း ကနေသာ ပေါ်ထွက်လာမယ်လို့ ယူဆခဲ့တာကြောင့် ဖြစ်ပါတယ်။ အဲ့လိုမျိုး အရင်းရှင်စနစ် ဖွံ့ဖြိုးပြီးသား ရပ်ဝန်းမှာဆို အပြည့်အဝ စီမံကိန်းချ စီးပွားရေးရပ်ဝန်းဆီ ရောက်ဖို့ ခြေတလှမ်းအလိုမှာ ရှိနေပြီသား ဖြစ်တာကြောင့်လို့ မက်စ်က တင်ပြခဲ့တာပါ။ ဒါကလည်း လုပ်ငန်းကြီးတွေနဲ့ သူတို့ရဲ့ ကာတဲလ်တွေ ကနေပြီး စီးပွားရေး လုပ်ငန်းဆောင်တာတွေကို မြင့်မားတဲ့ အနေအထားအထိ စီမံခန့်ခွဲတာမျိုး ရှိနေပြီးသား ဖြစ်တာကြောင့်လို့ ဆိုပါတယ်။ အရင်းရှင်စနစ် ပိုဖွံ့ဖြိုးပါတယ် ဆိုတဲ့ ဥရောပဘက်က အပိုင်းတွေ အပါအဝင်

ဆိုရင်တောင် ဆိုဗီယက်ပြည်ထောင်စုက အလွန်ကို ခေတ်နောက်ကျတဲ့ စီးပွားရေးရပ်ဝန်းတစ်ခု ဖြစ်နေခဲ့တာပါ။ အရင်းရှင်စနစ်က ဖွံ့ဖြိုးရုံလေးပဲဖြစ်ပြီး၊ ဆိုရှယ်လစ်စနစ် ပေါ်ထွက်လာဖို့ တကယ်တမ်း ဘာအကြောင်းမှ ရှိမနေခဲ့ပါဘူး။

လူတိုင်း အံ့သြစေလောက်အောင်ပဲ အစောပိုင်း ဆိုဗီယက် စက်မှုလုပ်ငန်း တည်ထောင်မှုက အလွန်တရာကို အောင်မြင်ခဲ့ပါတယ်။ ပိုပြီး ကွက်ကွက်ကွင်းကွင်း မြင်သာစေခဲ့တာက ဒုတိယကမ္ဘာစစ်အတွင်း အရှေ့ဘက် စစ်မျက်နှာမှာ နာဇီတွေရဲ့ ချီတက်မှုကို တွန်းလှန်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပဲ ဖြစ်ပါတယ်။ တစ်ဦးချင်း ဝင်ငွေအနေနဲ့ ခန့်မှန်းခြေအရ ၁၉၂၈ ကနေ ၁၉၃၈ အတွင်း တစ်နှစ်ကို ၅ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပြီး ပုံမှန် တစ်နှစ်ကို ၁-၂ ရာခိုင်နှုန်းနဲ့ ဝင်ငွေတိုးနေတဲ့ ကမ္ဘာကြီးအတွက်ဆို အံ့သြစရာကောင်း လောက်အောင် လျင်မြန်တဲ့ နှုန်းထား တစ်ခု ဖြစ်ခဲ့တာပါ။

ဒီနှုန်းနဲ့ တိုးတတ်ဖို့ကိုတော့ နိုင်ငံရေး ဖိနှိပ်မှုနဲ့ ၁၉၃၂ အငတ်ဘေးတို့ ကနေပြီး သန်းပေါင်းများစွာသော အသက်တွေ စတေးခဲ့ရပါတယ်။ ဒါပေမဲ့လည်း အငတ်ဘေးရဲ့ အတိုင်းအတာကို အဲ့အချိန်က မသိခဲ့ရပဲ၊ အများစုအနေနဲ့ ဆိုဗီယက်ရဲ့ စီးပွားရေး စွမ်းဆောင်မှုတွေကို အထင်ကြီးခဲ့ ကြတာပါ။ အထူးသဖြင့် ၁၉၂၉ မဟာစီးပွားပျက်ကပ်နောက်ပိုင်း အရင်းရှင်စနစ်က ဒူးခွေကျနေခဲ့တဲ့ အခြေအနေကိုပါ ထည့်စဉ်းစားကြည့်ရင် ဒါကို ပိုပြီးတော့ မြင်သာစေမှာ ဖြစ်ပါတယ်။

## အရင်းရှင်စနစ် ကျဆင်းလာခြင်းနဲ့ ၁၉၂၉ မဟာစီးပွားပျက်ကပ်

အရင်းရှင်စနစ်ကို သက်ဝင်ယုံကြည်သူတွေ အတွက်တော့ မဟာစီးပွားပျက်ကပ်က ဆိုရှယ်လစ်ဝါဒ စခန်းထလာတာထက် ပိုပြီး ပရိဒေဝ မီးတောက်စေတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်စေခဲ့ပါတယ်။ စီးပွားပျက်ကပ် စတင်ခဲ့ရာ နေရာဖြစ်သလို၊ သူ့ကြောင့် အပြင်းထန်ဆုံး ထိခိုက်ခဲ့ရတဲ့ အမေရိကန်မှာတော့ ဒီအဖြစ်အပျက်က ပိုပြီး သိသာခဲ့တာပါ (နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ၁၉၂၉ ဝေါလ်စတရိရ် စီးပွားရေးပြိုလဲခြင်း ကနေ စခဲ့တာပဲ ဖြစ်ပါတယ်)။ ၁၉၂၉ နဲ့ ၁၉၃၂ ကြား အမေရိကန်ရဲ့ ထွက်ကုန် ၃၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး အလုပ်လက်မဲ့ နှုန်းက ဧဆလောက် ဖြစ်တဲ့ ၃ ရာခိုင်နှုန်း ကနေ ၂၄ ရာခိုင်နှုန်း အထိ တိုးသွားခဲ့တာပါ။ ၁၉၃၇ ကျမှပဲ အမေရိကန်ရဲ့ ထွက်ကုန်က ၁၉၂၉ လောက်က သူ့ရဲ့ အနေအထားကို ပြန်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဂျာမနီနဲ့ ပြင်သစ်တို့လည်း ဆိုးဆိုးရွားရွား ခံစားခဲ့ရပြီး သူတို့ရဲ့ ထွက်ကုန်တွေဆိုရင် ၁၆ ရာခိုင်နှုန်းနဲ့ ၁၅ ရာခိုင်နှုန်း အသီးသီးအထိ ကျဆင်းခဲ့ရတာပါ။

နီယိုလစ်ဘရယ် ဘောဂဗေဒသမားတွေက ကျယ်ကျယ်ပြန့်ပြန့် ဖြန့်တတ်ပြီး သြဇာလည်းရှိတဲ့ အမြင်တစ်ခု ရှိခဲ့ပါတယ်။ အတိုင်းအတာ ပမာဏကြီးပေမဲ့ လုံးဝ ထိန်းချုပ် နိုင်လောက်စရာ ရှိတဲ့ ဒီလို ဘဏ္ဍာရေး အကျပ်အတည်း တစ်ခုကနေ မဟာစီးပွားပျက်ကပ်ကြီး အထိ ရောက်သွားခဲ့ရတာက ကုန်သွယ်ရေးစစ်ပွဲက



Copyright © 2026. Economic Education Program, Inya Economics.

ဖြစ်လာတဲ့ ကမ္ဘာ့ကုန်သွယ်ရေး ပြိုကျခဲ့မှုကြောင့် ဆိုတဲ့အမြင် ဖြစ်ပါတယ်။ ဒီကုန်သွယ်ရေး စစ်ပွဲကိုတော့ ၁၉၃၀ စမုတ်-ဟော်လေ သွင်းကုန် စည်းကြပ်ခွန် ကတဆင့် အမေရိကန်က (ကုန်သွယ်မှု) ကာကွယ်ရေး ဝါဒကို ခံယူလိုက်တာက အစဖော်ခဲ့တာလို့ ဆိုကြတာပါ။

ဒီဇာတ်ကြောင်းက စေ့စေ့စပ်စပ်နဲ့ သေချာစစ်ဆေးတာကို ခံနိုင်ရည် မရှိပါဘူး။ စမုတ်-ဟော်လေက တိုးမြှင့်လိုက်တဲ့ သွင်းကုန် စည်းကြပ်ခွန်က သိသိသာသာကြီးဆိုတာ မှားပါတယ်။ ဒီစည်းကြပ်ခွန်က အမေရိကန်ရဲ့ ပျမ်းမျှ စက်မှု သွင်းကုန် စည်းကြပ်ခွန်ကို ၃၇ ရာခိုင်နှုန်းကနေ ၄၈ ရာခိုင်နှုန်းအထိပဲ တိုးစေခဲ့တာပါ။ အဲ့ဒီကနေပြီး ဧရာမ သွင်းကုန် စည်းကြပ်ခွန် စစ်ပွဲကြီးကိုလည်း မဖြစ်စေခဲ့ ပြန်ပါဘူး။ အီတလီနဲ့ စပိန်လို စီးပွားရေးအရ အားနည်းတဲ့ နိုင်ငံအနည်းငယ်အတွက် ကလွဲရင် (ကုန်သွယ်မှု) ကာကွယ်ရေးဝါဒက စမုဒ်-ဟော်လေ ဖြစ်ရပ်ကို လိုက်ပြီး အများကြီး တိုးသွားခဲ့တာ မဟုတ်ပါဘူး။ အရေးကြီးဆုံးကတော့ ၁၉၂၉ နောက်ပိုင်း နိုင်ငံတကာ ကုန်သွယ်ရေး ပြိုကျသွားရခြင်းရဲ့ အဓိက အကြောင်းအရင်းက သွင်းကုန် စည်းကြပ်ခွန် တွေ တိုးတာကြောင့် မဟုတ်ပဲ၊ နိုင်ငံတကာ ဝယ်လိုအား ထိုးဆင်းသွားခဲ့တာကြောင့်လို့ လေ့လာမှုတွေက ညွှန်ပြနေတာပါ။ ဒီဟာကလည်း အရင်းရှင်စီးပွားရေးကို အဓိက ကျင့်သုံးတဲ့ နိုင်ငံက အစိုးရတွေ အနေနဲ့ မျှတတဲ့ ဘက်ဂျက် အယူဝါဒကို လိုက်နာတာကြောင့် ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

၁၉၂၉ ဝေါလ်စထရိတ် စီးပွားရေးပြိုလဲခြင်း ဒါမှမဟုတ် ၂၀၀၈ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းလိုမျိုး၊ ကြီးမားတဲ့ ဘဏ္ဍာရေး အကျပ်အတည်းကြီးတွေ ပြီးသွားတာနဲ့ ပုဂ္ဂလိက ကဏ္ဍရဲ့ သုံးစွဲမှု ကျသွားလေ့ ရှိပါတယ်။ အကြွေးတွေ ပြန်မပေးနိုင် ဖြစ်ကြပြီး၊ အဲ့ဒီကနေ ဘဏ်တွေရဲ့ ငွေချေးနိုင်တာကိုပါ ကျဆင်းစေတာပါ။ ငွေချေးလို့ မရတော့တဲ့ အခါကျ လုပ်ငန်းတွေရော တသီးပုဂ္ဂလသမားတွေပါ အသုံးစရိတ် လျှော့ကြရပြန်ပါတယ်။ ဒီကနေပြီး သူတို့ဆီ ရောင်းနေကျ တခြားလုပ်ငန်းတွေနဲ့ ပုဂ္ဂလိကသမားတွေအတွက် ဝယ်လိုအားကို ထပ်ကျစေတာပါ (ဥပမာ စားသုံးသူတွေဆီ ရောင်းနေတဲ့ လုပ်ငန်းတွေ၊ တခြား လုပ်ငန်းတွေကို စက်ပစ္စည်း ရောင်းနေတဲ့ လုပ်ငန်းတွေနဲ့ လုပ်ငန်းတွေကို လုပ်သားဝန်ဆောင်မှုတွေ ရောင်းနေတဲ့ အလုပ်သမားတွေ စသည်တို့ကို ဆိုလိုတာပါ)။ စီးပွားရေးရပ်ဝန်း တစ်ခုလုံးရဲ့ ဝယ်လိုအား အနေအထား တဟုန်ထိုး ကျသွားတာမျိုး ဖြစ်ပါတယ်။

ဒီလို ပတ်ဝန်းကျင်မျိုးမှာဆို အစိုးရက စီးပွားရေးရပ်ဝန်းရဲ့ ဝယ်လိုအား အနေအထားကို ထိန်းပေးနိုင်တဲ့ တစ်ခုတည်းသော စီးပွားရေး ဇာတ်ကောင်လည်း ဖြစ်ပါတယ်။ သူရတာထက် ပိုသုံးပြီး ဘက်ဂျက်လိုငွေ အပြခံပြီးတော့ ဆောင်ရွက်ရတာမျိုးပါ။ ဒါပေမဲ့လည်း မဟာစီးပွားပျက်ကပ် ဖြစ်ခဲ့တဲ့ ကာလတွေတုန်းကတော့ မျှတတဲ့ ဘက်ဂျက် အယူဝါဒ အပေါ်မှာရှိတဲ့ ပြင်းထန်တဲ့ ယုံကြည်မှုက ခုနကလို ဆောင်ရွက်ပုံ နည်းလမ်းတွေကို အသုံးပြုဖို့ ဟန့်တား ထားခဲ့ပါတယ်။ စီးပွားရေး လုပ်ငန်းဆောင်တာတွေ ကျဆင်းသွားတာကနေ အခွန်ကရတဲ့ ဝင်ငွေပါ လျှော့ကျသွားတာကြောင့် အစိုးရတွေအတွက် သူတို့ရဲ့ ဘက်ဂျက်တွေ မျှတအောင်ထိန်းဖို့ တစ်ခုတည်းသော နည်းလမ်းက အသုံးစရိတ်တွေ ဖြတ်တောက်ဖို့ပဲ ဖြစ်ခဲ့တာပါ။ အဲ့ဒါကြောင့်ပဲ တဟုန်ထိုးကျသွားတဲ့ ဝယ်လိုအားကို ရပ်တန့်စေဖို့ ဘယ်အရာမှ မကျန်နေတော့ပါဘူး။ အခြေအနေတွေကို

Copyright © 2026. Economic Education Program, Inya Economics.

ပိုဆိုးစေတာကတော့ ရွှေပေါင်ချိန် စနစ်ကြောင့် ဗဟိုဘဏ်တွေ အနေနဲ့ သူတို့ရဲ့ ငွေကြေးတန်ဖိုး ထိခိုက်မှာကို ကြောက်ရွံ့ပြီး ငွေကြေး ထောက်ပံ့တာကို မတိုးမြှင့်နိုင်ခဲ့ပြန်တာပါ။ အဲ့လို ငွေကြေး ထောက်ပံ့နိုင်မှု အကန့်အသတ်ကြောင့်ပဲ ချေးငွေတွေပါ ရှားလာခဲ့ပါတယ်။ အဲ့ဒီကနေမှ ပုဂ္ဂလိကကဏ္ဍရဲ့ လုပ်ငန်းဆောင်တာတွေကို ကန့်သတ်ခံခဲ့ရပြီး ဝယ်လိုအားကိုပါ ထပ်လျော့ကျစေခဲ့တာပါ။

## အမေရိကန်နဲ့ ဆွီဒင်မှ ရှေ့ဆောင် လမ်းပြခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးများ စတင်ခြင်း

မဟာပျက်ကပ်ကြီးက အရင်းရှင်စနစ်အတွက် ရှည်ကြာနေမယ့် အစွန်းအထင်းကြီးတစ်ခုကို ချန်ထားခဲ့ပါတယ်။

ဒီအဖြစ်အပျက်ကြောင့်ပဲ စီးပွားရေးအရ လွတ်လပ်မှု အယူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် ငြင်းဆန်တာနဲ့ အရင်းရှင်စနစ်ကို ပြောင်းလဲဖို့ အလေးအနက် အားထုတ်တာတွေ ရောက်လာခဲ့တာပါ။ အထူးသဖြင့် အကြီးဆုံးနဲ့ အကြာဆုံး စီးပွားပျက်ကပ်နဲ့ ကြုံခဲ့ရတဲ့ အမေရိကန်မှာ ပြုပြင်ပြောင်းလဲရေးတွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကြီးကြီးမားမား ဖြစ်ပွားခဲ့ပါတယ်။

သမ္မတအသစ် ဖရန်ကလင် ဒီလာနို ရုစ်စဗဲလ့် လက်ထက် ပထမအကြိမ် အစီအမံအသစ် New Deal (၁၉၃၃-၁၉၃၄) လို့ ခေါ်ကြတဲ့ အစီအစဉ်ကနေပြီး၊ ကော်မာရှယ်အပိုင်းနဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွေကို ဘဏ်တွေရဲ့ ရုံးခွဲအဖြစ် သပ်သပ်စီ ခွဲထုတ်ခဲ့ပါတယ် (၁၉၃၃ ဂလစ်-စတီးဂေါလ် ဥပဒေ) ။ ဘဏ်တွေ ကျရှုံးတဲ့ အခါ အသေးစား ငွေစုသူတွေကို ကာကွယ်ဖို့အတွက် ဘဏ်အပ်ငွေ အာမခံစနစ်ကို တည်ထောင်ခဲ့ပြီး၊ စတော့ခ်ဈေးကွက် စည်းမျဉ်း စည်းကမ်းတွေကို တင်းကျပ်တာ (၁၉၃၃ ဖက်ဒရယ်ငွေစုစာချုပ် ဥပဒေ)၊ လယ်ယာချေးငွေ စနစ် ချဲ့ထွင်ပြီး အားကောင်းအောင် လုပ်တာတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒါတွေအပြင်ကို အနိမ့်ဆုံး လယ်ယာဈေးနှုန်း အာမခံချက်ကို သတ်မှတ်ပေးတာနဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးအောင် လုပ်တာ (နမူနာဆို ခရစ်စတိုဖာရိဗ် သရုပ်ဆောင်တဲ့ ၁၉၇၈ စူပါမန်းရုပ်ရှင်မှာ တွေ့ရတဲ့ ဟိုဗာဆည်) တွေလည်း ပါဝင်ခဲ့တာပါ။ ဒုတိယအကြိမ် အစီအမံအသစ် Second New Deal (၁၉၂၅-၁၉၃၈) ဆိုတဲ့ အစီအစဉ်မှာတော့ ပိုများတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ထပ်လုပ်ခဲ့ပါတယ်။ သက်ကြီးရွယ်အိုတွေ အတွက် ပင်စင်၊ အလုပ်လက်မဲ့ အာမခံတွေကို မိတ်ဆက်ပေးထားတဲ့ လူမှုလုံခြုံရေးဥပဒေ(၁၉၃၅)နဲ့ အလုပ်သမားသမဂ္ဂတွေကို အားကောင်းစေတဲ့ ဝဂ္ဂနာဥပဒေ (၁၉၃၅) တို့ ပါဝင်ခဲ့တာပါ။

သိသာတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို မိတ်ဆက်ခဲ့တဲ့ နောက်ထပ်တစ်နိုင်ငံကတော့ ဆွီဒင်ပဲ ဖြစ်ပါတယ်။ အလုပ်လက်မဲ့ ၂၅ ရာခိုင်နှုန်းအထိ ဖြစ်စေခဲ့တဲ့ လစ်ဘရယ် စီးပွားရေး မူဝါဒတွေကို ပြည်သူတွေ မကျေနပ်တဲ့ လှိုင်းကို စီးပြီး၊ ဆိုရှယ်ဒီမိုကရက်ပါတီက ၁၉၃၂ မှာ အာဏာ ရလာခဲ့တာပါ။ ဝင်ငွေခွန် ကောက်တာကို စတင်ခဲ့ပြီး၊ ဝင်ငွေခွန်နဲ့ ပတ်သက်ရင် ဒီနေ့ခေတ်အခါမှာ နောက်ဆုံးခံတပ်လို့ ယူဆရတဲ့ နိုင်ငံတစ်ခုအတွက်ဆို အံ့သြစရာကောင်းလောက်အောင် နောက်ကျတာလို့လည်း ပြောနိုင်ပါတယ်။ ဗြိတိန်ဆို ၁၈၄၂ တည်းက

Copyright © 2026. Economic Education Program, Inya Economics.

ဝင်ငွေခွန်ကို စတင်ခဲ့တာ ဖြစ်ပြီး၊ အခွန်ဆို ဆန့်ကျင်တယ်ဆိုပြီး ကျော်ကြားတဲ့ အမေရိကန်တောင် ၁၉၁၃ မှာ စတင်ခဲ့တာပါ။ ဝင်ငွေတွေကိုတော့ လူမှုဖူလုံရေးနိုင်ငံကို ချဲ့ထွင်ဖို့ (အလုပ်လက်မဲ့ အာမခံကို ၁၉၃၄ မှာ စတင်ခဲ့ပြီး သက်ကြီးရွယ်အို ပင်စင်ကိုလည်း တည်ထောင်ခဲ့)နဲ့ အငယ်စား လယ်သမားတွေကို ကူညီဖို့ (လယ်ယာချေးငွေတွေကို ချဲ့ထွင်ခဲ့ပြီး အနည်းဆုံး ဈေးနှုန်းအတွက် အာမခံချက်ပေးခဲ့) အသုံးပြုခဲ့တာပါ။ ၁၉၃၈ မှာတော့ ဗဟိုက ချုပ်ကိုင်ထားတဲ့ အလုပ်သမားသမဂ္ဂနဲ့ အလုပ်ရှင်အဖွဲ့အစည်းတွေက စက်မှုလုပ်ငန်းခွင် အတွင်း ငြိမ်းချမ်းရေးကို တည်ထောင်ပေးခဲ့တဲ့ Saltsjöbaden သဘောတူညီချက်ကို လက်မှတ်ရေးထိုး ခဲ့ကြပါတယ်။

တခြားနိုင်ငံတွေကတော့ အရင်းရှင်စနစ် ပြုပြင်ပြောင်းလဲရေးမှာ အမေရိကန်နဲ့ ဆွီဒင်တို့ရဲ့ အတိုင်းအတာလောက်အထိ မလုပ်ဆောင်ခဲ့ကြပါဘူး။ ဒါပေမဲ့လည်း ဒီနိုင်ငံနှစ်ခုရဲ့ ပြုပြင်ပြောင်းလဲရေးတွေက ဒုတိယကမ္ဘာစစ်အပြီး လာတော့မယ့် အရာတွေရဲ့ပုံသဏ္ဍာန်ကို နိမိတ်ပြနေခဲ့တာပါ။

## အရင်းရှင်စနစ် ပြိုကျ ရပ်တန့်ခြင်း၊ စီးပွားရေး တိုးတက်မှု နှေးကွေးခြင်းနှင့် ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ထက် ပိုစွမ်းဆောင်ပြလာခြင်း၊

၁၉၁၄-၁၉၄၅ ကာလ ဝရုန်းသုန်းကားတွေရဲ့ အထွတ်အထိပ်ကိုတော့ ဒုတိယကမ္ဘာစစ် ဖြစ်တာနဲ့အတူ ရောက်ရှိခဲ့ပါတယ်။ ဒီစစ်ပွဲက စစ်သားရော အရပ်သားပါ သန်းဆယ်နဲ့ချီတဲ့ လူတွေကို သေကြေစေခဲ့ပြီး၊ ပိုမြင့်တဲ့ ခန့်မှန်းမှုတွေမှာဆို သေကြေမှုက သန်း ၆၀ အထိ ရှိတယ်လို့ ဆိုကြတာပါ။ စစ်ပွဲက ၁၉ ရာစု အစောပိုင်းထဲက အရှိန်အဟုန်နဲ့ သွားနေခဲ့တဲ့ စီးပွားရေး တိုးတက်မှုကို ပထမဆုံးအကြိမ် နောက်ကြောင်း ပြန်စေခဲ့တာလည်း ဖြစ်ပါတယ်။

## ၁၉၄၅-၁၉၇၃၊ အရင်းရှင်စနစ် ရွှေခေတ်

### စီးပွားရေး တိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနဲ့ တည်ငြိမ်မှု မျက်နှာစာအားလုံးမှာ အရင်းရှင်စနစ် ကောင်းကောင်း အစွမ်းပြခဲ့ခြင်း၊

ဒုတိယကမ္ဘာစစ်ပြီးတဲ့ ၁၉၄၅ နဲ့ ပထမအကြိမ် လောင်စာရှော့ခ်ဖြစ်တဲ့ ၁၉၇၃တို့အတွင်း ကြားကာလကို အရင်းရှင်စနစ် ရွှေခေတ်လို့ ခေါ်ကြပါတယ်။ အဲ့ကာလမှာ အမြင့်ဆုံးဆိုတဲ့ တိုးတက်မှုနှုန်းကို ရခဲ့တာကြောင့် အမှန်တကယ်လည်း ရွှေခေတ်ဆိုတဲ့ နာမည်နဲ့ ထိုက်တန်ခဲ့တာပါ။

၁၉၅၀ နဲ့ ၁၉၇၃ ကြား အနောက်ဥရောပမှာ တစ်ဦးချင်းဝင်ငွေအနေနဲ့ အံ့ဖွယ်နှုန်းထားဖြစ်တဲ့ တစ်နှစ်ကို ၄.၁ ရာခိုင်နှုန်းနဲ့ တိုးတက်ခဲ့ပါတယ်။ အမေရိကန်က ပိုပြီးနှေးကွေးစွာနဲ့ တိုးတက်ခဲ့တယ် ဆိုပေမဲ့ မကြုံစဖူး နှုန်းထား

Copyright © 2026. Economic Education Program, Inya Economics.

ဖြစ်တဲ့ ၂.၅ ရာခိုင်နှုန်းနဲ့ သွားခဲ့တာပါ။ အနောက်ဂျာမနီက ၅ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပြီး "အံ့ဖွယ်ရိုင်း"ဆိုတဲ့ ခေါင်းစဉ် ရခဲ့ပါတယ်။ ဂျပန်က ပိုမြန်တဲ့ ၈.၁ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပြီး နောက်ထပ် ရာစုနှစ်ဝက်အတွင်း အရှေ့အာရှရဲ့ အံ့သြဘနန်း စီးပွားရေး ဖြစ်စဉ် အတွဲလိုက်ကြီးကို အစပျိုးခဲ့တာပါ။

ရွှေခေတ်ရဲ့ စီးပွားရေး အောင်မြင်မှုက စီးပွားရေး တိုးတတ်မှုနှုန်း မြင့်တာ တစ်ခုတည်း မကပါဘူး။ အလုပ်သမား လူတန်းစားရဲ့ အဓိက ပြဿနာဖြစ်တဲ့ အလုပ်လက်မဲ့ ဖြစ်ရတာ ကိုလည်း အဆင့်မြင့် အရင်းရှင်နိုင်ငံတွေ ဖြစ်တဲ့ အနောက်ဥရောပ၊ ဂျပန်နဲ့ အမေရိကန်တို့မှာ လုံးဝနီးပါးအထိ ဖယ်ထုတ်နိုင်ခဲ့တာ ဖြစ်ပါတယ် (အခုကစပြီး အဆင့်မြင့် အရင်းရှင်နိုင်ငံတွေ Advanced Capitalist Countries ကို ACCs လို့ သုံးသွားပါမယ်)။ ဒီနိုင်ငံတွေရဲ့ စီးပွားရေးရပ်ဝန်းထဲက ဖြစ်စဉ် အများစုမှာလည်း သိသိသာသာ တည်ငြိမ်နေခဲ့တာပါ။ ထွက်ကုန်(သူနဲ့ ဆက်စပ်ပြီး အလုပ်အကိုင် ရရှိမှု)၊ ဈေးနှုန်းနဲ့ ဘဏ္ဍာရေးအပိုင်းတို့မှာ ဖြစ်ပါတယ်။ ထွက်ကုန်တွေက အရင်ကာလတွေနဲ့ ယှဉ်ရင် တက်လိုက် ကျလိုက် မတည်မငြိမ်ဖြစ်တာ နည်းလာခဲ့ပြီး၊ ဒါက ကိန်းဝါဒ ဘဏ္ဍာရေး မူဝါဒရဲ့ ကျေးဇူးတွေကြောင့် ဖြစ်ပါတယ်။ အဲ့ဒီ မူဝါဒတွေက စီးပွားရေး အကျဘက် ရောက်ချိန် အစိုးရ အသုံးစရိတ်ကို တိုးမြှင့်စေခဲ့ပြီး၊ အတတ်ဘက် ရောက်တဲ့ အခါမှာတော့ အသုံးစရိတ်တွေ လျှော့ချစေခဲ့တာပါ။ အထွေထွေ ကုန်ဈေးနှုန်း တတ်တာပြတဲ့ ငွေကြေးဖောင်းပွမှု နှုန်းကလည်း နှိုင်းယှဉ်ချက်အားဖြင့် နိမ့်နေခဲ့ပါတယ်။ နောက်ပြီး ဘဏ္ဍာရေး တည်ငြိမ်မှုကလည်း တော်တော်မြင့်မားတဲ့ အနေအထားတစ်ခုမှာ ရှိနေခဲ့တာပါ။ ရွှေခေတ် ကာလအတွင်း နိုင်ငံအားလုံးလိုလို ဘဏ်လုပ်ငန်း အကျပ်အတည်းထဲမှာ မရှိခဲ့ပါဘူး။

နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁၉၇၅ ကစပြီး ဘယ်ခုနှစ်မှာမဆို နိုင်ငံတွေရဲ့ ၅ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်း အတွင်းက ဘဏ်လုပ်ငန်း အကျပ်အတည်းထဲ ရောက်နေခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်တွေရဲ့ အလယ် နှစ်အနည်းငယ်ကတော့ ချွင်းချက်ပါ။

ဒါ့ကြောင့်မို့လို့ ဘယ်အရာနဲ့ တိုင်းတိုင်း ရွှေခေတ်က မှတ်သားဖွယ်ကောင်းတဲ့ ကာလအပိုင်းအခြားတစ်ခု ဖြစ်ခဲ့တာပါ။ ဗြိတိန်ဝန်ကြီးချုပ် ဟာရိုးမက်မီလန်က "ခင်ဗျား ဘယ်တုန်းကမှ အခုလောက်ကောင်းတာ ရခဲ့တာ မဟုတ်ဘူး" ဆိုပြီး ပြောခဲ့တုန်းက၊ သူ့အနေနဲ့ ပုံကြီးချဲ့ပြီး ပြောနေခဲ့တာ မဟုတ်ပါဘူး။

ဒီလို မကြုံစဖူး ဖြစ်ရုံမကပဲ မနှိုင်းယှဉ်သာလောက်အောင် ပြောင်မြောက်လှတဲ့ စီးပွားရေး စွမ်းဆောင်မှုရဲ့ နောက်ကွယ်မှာ၊ အတိအကျ ပြောနိုင်လောက်တဲ့ အကြောင်းအရင်း ဘာတွေများရှိမလဲ ဆိုတာက အခုလက်ရှိအချိန်အထိ အငြင်းပွားဖွယ် ဖြစ်နေသေးတဲ့ အကြောင်းအရာလည်း ဖြစ်ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

## ရွှေခေတ်နောက်ကွယ်က ဖြစ်ရပ်များ

တချို့တွေကတော့ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ တစ်ခါမှမကြုံစဖူးလို့ ပြောရမယ့် အပြည့်အဝ အသုံးချခံဖို့ စောင့်နေတဲ့ နည်းပညာအသစ်အဆန်း အစုအဝေးကြီးက ရှိနေခဲ့ပြီး၊ အဲဒီအရာတွေကပဲ ရွှေခေတ်အတွင်း စီးပွားရေး တိုးတတ်မှုအတွက် တွန်းအား ဖြစ်စေခဲ့တယ် ဆိုပြီး ထောက်ပြကြပါတယ်။ စစ်ပွဲကာလအတွင်း စစ်ရေး ရည်မှန်းချက်အတွက် ထုတ်လုပ်ခဲ့တဲ့ နည်းပညာအသစ်အဆန်း အများအပြားက အရပ်ဘက် အတွက်လည်း အသုံးဝင်ခဲ့တာပါ။ ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်း၊ ရေဒါ၊ ဂျက်အင်ဂျင်၊ ကြက်ပေါင်စေးနဲ့ မိုက်ခရိုဝေ့မီးဖို (ရေဒါနည်းပညာကို အသုံးချ) အပြင် တခြားများစွာသော နည်းပညာတွေ ဖြစ်ပါတယ်။ စစ်ပွဲ နိဂုံးချုပ်တဲ့ အခါမှာတော့ ဒီနည်းပညာတွေကို အသုံးချမယ့် ရင်းနှီးမြှုပ်နှံမှုအသစ် အမြောက်အများကို ပြုလုပ်ခဲ့ကြပါတယ်။ အရင်ဆုံးတော့ ပြန်လည်တည်ဆောက်ရေးအတွက် ဖြစ်ပြီး၊ အဲ့နောက်မှာတော့ စစ်ပွဲကာလ ခြိုးခြံချွေတာရေးကြောင့် မျိုသိပ်ထားရတဲ့ စားသုံးသူတွေရဲ့ ဝယ်လိုအားကို လိုက်မီဖို့အတွက် ဆောင်ရွက်ခဲ့တာပါ။

ရွှေခေတ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုကို ချောမွေ့စေဖို့ ပံ့ပိုးပေးခဲ့တဲ့ နိုင်ငံတကာ စီးပွားရေးစနစ် အတွင်းမှာလည်း အရေးပါတဲ့ အပြောင်းအလဲတချို့ ရှိခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ဘရစ်တန်ဝုဒ်ဒေသ၊ နယူးဟန်ပ်ရှိုင်းယား အပန်းဖြေစခန်းမှာ လုပ်တဲ့ မဟာမိတ်တွေရဲ့ ၁၉၄၄ အစည်းအဝေး ကနေပြီး၊ စစ်ပွဲအလွန်ကာက နိုင်ငံတကာ ဘဏ္ဍာရေးစနစ်အတွက် အခရာကျတဲ့ အင်စတီကျူးရှင်းနှစ်ခုကို တည်ထောင်ခဲ့ကြပါတယ်။ အဲ့ဒီအဖွဲ့တွေကတော့ အဲ့တုန်းက ဘရစ်တန်ဝုဒ် အင်စတီကျူးရှင်း (BWI) လို့ ခေါ် ခဲ့တဲ့ နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)နဲ့ ကမ္ဘာ့ဘဏ်လို့ အများအားဖြင့် သိကြတဲ့ ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေး နိုင်ငံတကာဘဏ်(IBRD)တို့ ဖြစ်ပါတယ်။ IMF ကိုတော့ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်း အကျပ်အတည်း ဖြစ်နေတဲ့ နိုင်ငံတွေကို ကာလတို ရန်ပုံငွေ ထောက်ပံ့ဖို့ ရည်ရွယ်ပြီး တည်ထောင်ခဲ့တာပါ (ပြည်ပ ငွေပေးငွေယူ ရှင်းတမ်း Balance of Payments ဆိုတာက နိုင်ငံတစ်နိုင်ငံနဲ့ ကျန်တဲ့ တခြားနိုင်ငံတွေကြား စီးပွာရေးလုပ်ငန်းကိစ္စတွေ ဆောင်ရွက်တဲ့ အခြေအနေကိုပြတဲ့ ငွေစာရင်းရှင်းတမ်းပဲ ဖြစ်ပါတယ်)။ နိုင်ငံတခုအနေနဲ့ တခြားနိုင်ငံကို သူ့ရှိက ရဖို့ရှိတာထက် အများကြီး ပိုပေးရမယ့် အခြေအနေ ဖြစ်သွားတာကြောင့် သူ့ကို ဘယ်သူမှ ပိုက်ဆံ မချေးပေးချင်တော့တဲ့ အခါ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်း အကျပ်အတည်း ဖြစ်ပွားတတ်ပါတယ် (ဥပမာ နိုင်ငံတနိုင်ငံ အနေနဲ့ တခြားနိုင်ငံက ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ တင်သွင်းတဲ့အခါ)။ ဒီကနေ ဖြစ်နေကျ နောက်ဆက်တွဲ အကျိုးဆက်ကတော့ ဘဏ္ဍာရေးဆိုင်ရာ ထိတ်လန့်မှု ဖြစ်ပြီး နက်နက်ရှိုင်းရှိုင်း စီးပွားရေး ကျဆင်းတာမျိုး ဆက်ပြီး ကပ်ပါ လာတတ်တာပါ။ ဒီလိုမျိုး အခြေအနေ ရောက်နေတဲ့ နိုင်ငံတွေကို IMFအနေနဲ့ အရေးပေါ် ချေးငွေတွေ ထောက်ပံ့ပေးပြီး အကျပ်အတည်းတွေကို ဆိုးကျိုး နည်းနည်းနဲ့ ကျော်လွှားနိုင်စေ ခဲ့ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

ကမ္ဘာ့ဘဏ်ကိုတော့ စီမံကိန်းအလိုက် ငွေချေးမှုအတွက် ချေးငွေ ထောက်ပံ့နိုင်ဖို့ တည်ထောင်ခဲ့တာပါ (ရေကာတာဆောက်တာလိုမျိုး သီးသန့် ရင်းနှီးမြှုပ်နှံတဲ့ စီမံကိန်းတွေအတွက် ပေးတဲ့ ပိုက်ဆံ)။ ပုဂ္ဂလိကဘဏ်တွေက ပေးတဲ့ ချေးငွေတွေထက် သက်တမ်းစေ့ဖို့ ပိုကြာတဲ့ (သို့မဟုတ်) အတိုးနှုန်းနည်းတဲ့ ချေးငွေတွေကို ထောက်ပံ့ပြီး၊ ကမ္ဘာ့ဘဏ်အနေနဲ့ ဖောက်သည်နိုင်ငံတွေကို ပုံမှန်ဆို ရင်နှီးမြှုပ်နှံဖို့ မလွယ်နိုင်တဲ့ နေရာတွေမှာ ပိုပြီး တတ်တတ်ကြွကြွနဲ့ ရင်းနှီးမြှုပ်နှံစေခဲ့တာ ဖြစ်ပါတယ်။

စစ်ပွဲလွန်ကာလ ကမ္ဘာ့စီးပွားရေးစနစ်ရဲ့ တတိယ ထောက်တိုင်အနေနဲ့ ဖွဲ့စည်းခဲ့တာကတော့ ၁၉၄၇မှာ စာချုပ်ချုပ်ခဲ့တဲ့ GATT ပဲ ဖြစ်ပါတယ် (ကုန်သွယ်ရေးနှင့် သွင်းကုန် စည်းကြပ်ခွန် အတွက် အထွေထွေ သဘောတူညီချက် General Agreement on Trade and Tariffs)။ ၁၉၄၇ နဲ့ ၁၉၆၇ ကြား GATT က ချမ်းသာတဲ့နိုင်ငံတွေ သွင်းကုန် စည်းကြပ်ခွန် ဖြတ်တောက်ဖို့ ဖြစ်စေခဲ့တဲ့ ညှိနှိုင်း ဆွေးနွေးမှု စီးရီးအတွဲ ၆ တွဲကို (တစ်ကျော့ နှစ်ကျော့ rounds လို့လည်း ခေါ်ပါတယ်) စီစဉ်ပေးခဲ့တာပါ။ ဖွံ့ဖြိုးမှု အခြေအနေ မတိမ်းမယိမ်း ဖြစ်တဲ့ နိုင်ငံအချင်းချင်းကြား ဖြစ်တာကြောင့် ဒီလို ဖြတ်တောက်မှုတွေက အပေါင်းလက္ခဏာဆောင်တဲ့ အကျိုးဆက်တွေ ယူဆောင်ပေးခဲ့ပါတယ်။ ဈေးကွက်ကို ချဲ့ထွင်ခြင်းအားဖြင့် ဖြစ်စေ၊ အကြီးအကျယ် ပြိုင်ဆိုင်မှု ကနေပြီး ကုန်ထုတ်စွမ်းအား တိုးတတ်ဖို့ နှိုးဆွပေးတာကနေ ဖြစ်စေ၊ ကောင်းတဲ့ အကျိုးဆက်တွေကို သယ်ဆောင်ပေးခဲ့တာပါ။

ဥရောပမှာလည်း ပိုကျယ်ပြန့်တဲ့ အကျိုးဆက်တွေ ဖြစ်စေမယ့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စမ်းသပ်ချက် အသစ်တစ်ခုကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီစမ်းသပ်ချက်ကိုတော့ ၁၉၅၁ မှာ နိုင်ငံ ၆ နိုင်ငံ (အနောက်ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနဲ့ လူဇင်ဘတ်) ကနေပြီး ဥရောပ ကျောက်မီးသွေးနဲ့ သံမဏိ အသိုက်အဝန်း European Coal and Steel Community (ECSC)ကို ဖန်တီးတာကနေ စတင်ခဲ့တာပါ။ အဲ့ကနေပြီးမှ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် တစ်ခုဖြစ်တဲ့ ၁၉၅၇ ရောမ သဘောတူစာချုပ် ကနေပြီး ဥရောပ စီးပွားရေး အသိုက်အဝန်း European Economic Community ကို ဖန်တီးတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ၁၉၇၃ မှာတော့ ဗြိတိန်၊ အိုင်ယာလန်နဲ့ ဒိန်းမတ်တို့လည်း ဒီအဖွဲ့မှာ ထပ်ပြီး ပါဝင်လာခဲ့ကြပြီး၊ အဲ့အချိန်မှာ ဥရောပ အသိုက်အဝန်း European Community လို့ ခေါ်နေပါပြီ။ စစ်ပွဲတွေ အားပြိုင်မှုတွေနဲ့ တင်းကြမ်းပြည့်နေတဲ့ ဒေသတစ်ခုကို ငြိမ်းချမ်းရေး ယူဆောင်လာပြီး ဈေးကွက်တွေကို ပေါင်းစည်းစေတာက တဆင့် EEC က အဖွဲ့ဝင် နိုင်ငံတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ရွှေခေတ်နဲ့ ပတ်သက်လို့ သြဇာအရှိဆုံးကတော့ ရောပြွမ်း စီးပွားရေးရပ်ဝန်း Mixed economyကို မွေးဖွားစေတဲ့ စီးပွားရေးမူဝါဒနဲ့ အင်စတီကျူးရှင်းတွေကို ပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်ဖြစ်တယ် ဆိုတဲ့ ရှင်းပြချက်ပဲ ဖြစ်ပါတယ်။ ရောပြွမ်း စီးပွားရေးရပ်ဝန်းဆိုတာက အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ရဲ့ ကောင်းတဲ့ လက္ခဏာရပ်တွေ ရောထွေးနေတဲ့ စီးပွားရေးရပ်ဝန်းကို ဆိုလိုကြတာပါ။



Copyright © 2026. Economic Education Program, Inya Economics.

မဟာစီးပွားပျက်ကပ်ပြီး နောက်ပိုင်း လွတ်လပ်သော အရင်းရှင်စနစ်ဆိုတာရဲ့ အကန့်အသတ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာခဲ့ကြပါတယ်။ ချုပ်နှောင်မှု အားနည်းတာကလာတဲ့ ဈေးကွက်ရဲ့ ကျရှုံးမှုတွေကို ဖြေရှင်းဖို့အတွက် အစိုးရအနေနဲ့ တတ်ကြွတဲ့ အခန်းကဏ္ဍကို ယူသင့်တယ်ဆိုတာကိုလည်း သဘောတူလာခဲ့ကြတာပါ။ တချိန်တည်းမှာပဲ ဒုတိယကမ္ဘာစစ်အတွင်း စစ်ကာလစီမံကိန်းတွေရဲ့ အောင်မြင်မှုတွေကြောင့် အစိုးရကြားဝင်မှုရဲ့ ဖြစ်နိုင်ခြေနဲ့ ပတ်သက်တဲ့ သံသယတွေလည်း လျော့ကြလာခဲ့ပါတယ်။

ဖက်ဆစ်စနစ်ကို တိုက်ခိုက်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တာကြောင့် ဥရောပနိုင်ငံ အများစုက လက်ဝဲပါတီတွေ အနေနဲ့ ရွေးကောက်ပွဲ အောင်မြင်မှုတွေ ရလာခဲ့ပါတယ်။ အဲ့ဒီကနေပဲ လူမှုဖူလုံရေး နိုင်ငံနဲ့ ကျယ်ပြန့်တဲ့ အလုပ်သမား အခွင့်အရေးတွေ ချဲ့ထွင်တဲ့ဘက်ကို ဦးတည်စေခဲ့တာပါ။ ဒီလိုမျိုး မူဝါဒနဲ့ အင်စတီကျူးရှင်း အပြောင်းအလဲတွေက ရွှေခေတ်ကို ဖန်တီးတဲ့အခါ နည်းလမ်းအများစုကနေ ပံ့ပိုးပေးခဲ့တယ်ဆိုတာ သိသာပါတယ်။ လူမှုပတ်ဝန်းကျင် ငြိမ်းချမ်းရေးကို ဖန်တီးပေးတာ၊ ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးတာ၊ လူမှုအလွှာတွေကြား ကူးပြောင်းနိုင်စွမ်း Social mobility ကို မြင့်တတ်စေတာနဲ့ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုတွေကို မြှင့်တင်ပေးတဲ့ အပိုင်းတွေမှာ ပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။ ဒါက အရေးကြီးတဲ့အချက်ဖြစ်တာကြောင့် နည်းနည်းထပ်ပြီး အသေးစိတ် ရှင်းပြခွင့် ပြုစေချင်ပါတယ်။

## အရင်းရှင်စနစ်ကို ပြန်လည် မွမ်းမံခြင်း၊ အလုပ်သမား ဦးစားပေး မူဝါဒများနှင့် အင်စတီကျူးရှင်းများ

ဒုတိယကမ္ဘာစစ် အပြီး မကြာခင်ပဲ ဥရောပနိုင်ငံ အများစုက ပုဂ္ဂလိကပိုင် လုပ်ငန်းတွေကို ပြည်သူပိုင်အဖြစ် ပြောင်းလဲတာ ဒါမှမဟုတ်ရင် အရေးကြီးတဲ့ လုပ်ငန်းစုတွေ ဖြစ်တဲ့ သံမဏိ၊ မီးရထား၊ ဘဏ်လုပ်ငန်းနဲ့ စွမ်းအင်နဲ့ဆိုင်တဲ့ (ကျောက်မီးသွေး၊ နူကလီးယားနဲ့ လျှပ်စစ် တို့လို) လုပ်ငန်းစုတွေကို ပြည်သူပိုင် (သို့) နိုင်ငံပိုင် လုပ်ငန်းအဖြစ် အသစ် တည်ထောင်တာတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအရာတွေက ကုန်ထုတ်ပစ္စည်းတွေကို ပြည်သူက ထိန်းချုပ်ရမယ် ဆိုတဲ့ ဥရောပ ဆိုရှယ်လစ် လှုပ်ရှားမှုရဲ့ ယုံကြည်ချက်ကို ထင်ဟပ်တာလည်း ဖြစ်ပါတယ်။ အဲ့ဒီ ယုံကြည်ချက်က ဆိုရှယ်ဒီမိုကရေစီရဲ့ အရေးပါတဲ့ လက္ခဏာ တစ်ခုဆိုလည်း ဟုတ်တာပါ။ ဒီအချက်က ဗြိတိန် လေဘာပါတီရဲ့ ကျော်ကြားတဲ့ ပုဒ်မ ၅ မှာ ပါဝင်ခဲ့ပြီး တိုနီဘလဲ လက်ထက် လေဘာပါတီကို အသစ်ပြန်ဖန်တီးတဲ့ ၁၉၉၅ မှာမှ ဖျက်သိမ်းခံခဲ့ရတာ ဖြစ်ပါတယ်။ ပြင်သစ်၊ ဖင်လန်၊ နော်ဝေနဲ့ သြစတီးယားလို နိုင်ငံတွေမှာဆို၊ ပုဂ္ဂလိက ကဏ္ဍအတွက် အန္တရာယ်များတယ်လို့ ယူဆတဲ့ အဆင့်မြင့် နည်းပညာ လုပ်ငန်းစု တွေမှာ နိုင်ငံပိုင် လုပ်ငန်းတွေက တွန်းတွန်းတိုက်တိုက် ဝင်လုပ်ခဲ့ကြပါတယ်။ အဲ့ဒါကြောင့်ပဲ နိုင်ငံပိုင် လုပ်ငန်းတွေက ရွှေခေတ် စီးပွားရေး တိုးတတ်နှုန်း မြင့်မားမှုကို ဖြစ်ပေါ်စေတဲ့နေရာမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့တယ်လို့ မှတ်ယူကြတာပါ။



Copyright © 2026. Economic Education Program, Inya Economics.

၁၉ ရာစုနောက်ပိုင်း မိတ်ဆက်ခဲ့တဲ့ လူမှုဖူလုံရေး အစီအမံတွေထဲကမှ၊ တချို့ နိုင်ငံတွေရဲ့ အချို့သော အခြေခံ ဝန်ဆောင်မှု အထောက်အပံ့တွေကို နိုင်ငံပိုင်လုပ်တာက တဆင့်၊ အလွန့်အလွန် ခိုင်မာအားကောင်း စေခဲ့ပါတယ်။ နမူနာဆိုရင်တော့ ဗြိတိန်ရဲ့ အမျိုးသား ကျန်းမာရေး ဝန်ဆောင်မှု National Health Service ပါ။ ဒီလို ဝန်ဆောင်မှုတွေကို (တိုင်းပြည်ဝင်ငွေရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တဲ့) အခွန်အများအပြား တိုးကောက်တာ ကနေပြီး ငွေကြေး ထောက်ပံ့ပေးခဲ့တာ ဖြစ်ပါတယ်။ ပိုကောင်းတဲ့ လူမှုဖူလုံရေး အစီအမံတွေက လူမှုအလွှာတွေ ကြားထဲ ကူးပြောင်းနိုင်စွမ်းကို တိုးတတ်စေခဲ့ပြီး အရင်းရှင်စနစ်ရဲ့ တရားဝင်မှုကိုပါ မြင့်တတ်စေခဲ့ပါတယ်။ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်လာတဲ့ လူမှုပတ်ဝန်းကျင် ငြိမ်းချမ်းရေးက နေပြီးတော့လည်း ရေရှည်အတွက် ရည်ရွယ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုအားပေးလာခဲ့ပြီး အဲ့ဒီကနေပဲ စီးပွားရေး တိုးတတ်မှုကို ဖြစ်စေခဲ့တာပါ။

## ထိန်းကျောင်းခံ အရင်းရှင်စနစ်၊ အစိုးရက နည်းလမ်းပေါင်းစုံမှ စည်းမျဉ်း စည်းကမ်းဖြင့် ထိန်းကျောင်း၍ ဈေးကွက်ကို ပုံဖော်ခြင်း၊

မဟာစီးပွားပျက်ကပ်က ပေးတဲ့ သင်ခန်းစာတွေကို လေ့လာပြီးတဲ့နောက် ACCs အစိုးရတွေ အနေနဲ့ ကိန်းဝါဒကလာတဲ့ မူဝါဒတွေအရ ပြောင်းပြန် လည်ပတ်တဲ့ မက်ခရို စီးပွားရေးမူဝါဒ Counter-cyclical macroeconomic polities တွေကို စတင်ပြီး ထိထိရောက်ရောက် အသုံးချလာခဲ့ကြပါတယ်။ စီးပွားရေး ကျဆင်းနေတဲ့ အချိန်မှာ အစိုးရ အသုံးစရိတ်နဲ့ ဗဟိုဘဏ်က ပေးတဲ့ ငွေကြေးထောက်ပံ့မှုကို ချဲ့ထွင်ပြီး၊ စီးပွားရေး တတ်နေတဲ့ အချိန်မှာတော့ ဒီအရာတွေကို ပြန်လျှော့ချတာတွေ လုပ်ခဲ့ကြတာပါ။

မဟာစီးပွားပျက်ကပ်တုန်းက လှစ်ပြခဲ့တာကြောင့် သေချာ ကြပ်မတ်မထားတဲ့ ဘဏ္ဍာရေး ဈေးကွက်ရဲ့ အန္တရာယ်များတဲ့ အလားအလာကို အသိအမှတ် ပြုလာခဲ့ကြပြီး ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို အားကောင်းစေခဲ့ပါတယ်။ နိုင်ငံအနည်းငယ်ကပဲ အမေရိကန်လိုမျိုး ကော်မာရှယ်ဘဏ်တွေနဲ့ ရင်းနှီးမြှုပ်နှံမှု ဘဏ်တွေကို ခွဲပစ်တဲ့အထိ လုပ်ခဲ့ကြတာပါ။ ဒါပေမဲ့ သူတို့ အားလုံးကတော့ ဘဏ်နဲ့ ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတွေက ဘာတွေလုပ်နိုင်လဲဆိုတဲ့ အပေါ်မှာတော့ ကန့်သတ်ချက်တွေ ထားလာခဲ့ကြပါတယ်။ အဲ့ဒီကာလက ဘဏ်သမားတွေကို ပျင်းစရာကောင်းပေမဲ့ လေးစားစရာ ကောင်းတဲ့သူတွေအဖြစ် သဘောထားခဲ့ ကြတာပါ။ သူတို့ကို ဆက်ခံတဲ့ ဒီဘက်ခေတ် ဘဏ်သမားတွေကို မြင်သလို ရဲဝံ့ပြီး စိတ်လှုပ်ရှားစရာတွေ လုပ်ပြတတ်တဲ့ သူတွေအဖြစ် သဘောမထားခဲ့ကြပါဘူး။

အစိုးရ အများအပြားက ကုန်သွယ်မှုဆိုင်ရာ အကာကွယ်ပေးခြင်းနဲ့ အမတော်ကြေးပေးတာလို အစီအမံတွေ ကနေ၊ သေချာပစ်မှတ် ရွေးချယ်ထားတဲ့ မဟာဗျူဟာမြောက် လုပ်ငန်းစုတွေကို အကျအန မြှင့်တင်ဖို့ ရည်ရွယ်ပြီး၊ စက်မှုလုပ်ငန်းနဲ့ ဆိုင်တဲ့ လက်ရွေးစင် မူဝါဒတွေကို ကျင့်သုံးခဲ့ကြပါတယ်။ အမေရိကန် အစိုးရမှာတော့ တရားဝင် စက်မှုလုပ်ငန်းနဲ့ ဆိုင်တဲ့ မူဝါဒဆိုတာမျိုး မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဆင့်မြင့် လုပ်ငန်းစု



Copyright © 2026. Economic Education Program, Inya Economics.

တွေကို တစ်ခဲနက် သုတေသန ငွေကြေး ထောက်ပံ့တာကနေပြီး တိုင်းပြည်ရဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးကို အကြီးအကျယ် လွှမ်းမိုးခဲ့တာပါ။ ဥပမာအနေနဲ့ဆို ကွန်ပျူတာ(ပင်တဂွန်)၊ ဆီမီးကွန်ဒတ်တာ (အမေရိန်ကန် ရေတပ်)၊ လေယာဉ်(အမေရိကန် လေတပ်)၊ အင်တာနက်(ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့် သုတေသန စီမံကိန်း အစိုးရဌာန)နဲ့ ဆေးဝါးနဲ့ သတ္တလောက လေ့လာရေးသိပ္ပံ life sciences (အမျိုးသား ကျန်းမာရေး အဖွဲ့အစည်း) စတဲ့ လုပ်ငန်းစုတွေကို ထောက်ပံ့ခဲ့တာ ဖြစ်ပါတယ်။ ပြင်သစ်၊ ဂျပန်နဲ့ တောင်ကိုးရီးယားလို နိုင်ငံတွေက အစိုးရတွေကတော့ အထူး ရွေးချယ်ထားတဲ့ လုပ်ငန်းစုတွေကို မြှင့်တင်တာတင်မကပဲ၊ ၅ နှစ် စီမံကိန်းတွေ ကတဆင့် စက်မှုလုပ်ငန်း ကဏ္ဍတွေကြား မူဝါဒပိုင်းဆိုင်ရာ အရပါ တိတိကျကျ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ ကြတာပါ။ ဒီလိုမျိုး ၅ နှစ် စီမံကိန်းတွေ ကိုတော့ ညွှန်ကြားချက်နဲ့ သွားတဲ့ ဆိုဗီယက်စတိုင် ဗဟိုစီမံကိန်း စနစ် Directive Soviet central planning နဲ့ ခွဲခြားပြီး အညွှန်းကိန်းပြ ဆောင်ရွက်သော စီမံကိန်း Indicative Planning အဖြစ် သိကြပါတယ်။

## အာရုံသစ်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းရလာခဲ့ခြင်း

ရွှေခေတ်မှာပဲ ကိုလိုနီနိုင်ငံတွေကို ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်ရေးပေးလာတာကို တွေ့မြင်ခဲ့ရပါတယ်။ ၁၉၄၅ မှာ ကိုရီးယား (နောက်ပိုင်းတော့ တောင်နဲ့ မြောက်ဆိုပြီး ၁၉၄၈မှာ ကွဲသွားခဲ့)နဲ့ ၁၉၄၇ မှာ အိန္ဒိယ (နောက်ပိုင်း ပါကစ္စတန်က ခွဲထွက်ခဲ့)တို့ကစပြီး ကိုလိုနီနိုင်ငံ အများစု လွတ်လပ်ရေး ရလာခဲ့ကြတာပါ။ နိုင်ငံအများအပြား ကိုလိုနီ ပြုကျင့်သူတွေရှိက လွတ်လပ်ရေးရဖို့ အားထုတ်ခဲ့ကြတဲ့အခါ အကြမ်းဖက် လှုပ်ရှားမှုနဲ့ ရင်ဆိုင်တာမျိုးတွေ ပါဝင်ခဲ့ပါတယ်။ ဆာဟာရ တောင်ဘက် အာဖရိကနိုင်ငံတွေမှာတော့ လွတ်လပ်ရေးရတာ နောက်ကျခဲ့ပြီး ၁၉၅၇ မှာ ဂါနာက ပထမဆုံး လွတ်လပ်တဲ့နိုင်ငံ ဖြစ်ခဲ့တာပါ။ ၁၉၆၀ ခုနှစ်တွေရဲ့ ပထမပိုင်းမှာ ဆာဟာရ တောင်ဘက် အာဖရိကနိုင်ငံတွေထဲက တဝက်လောက် လွတ်လပ်ရေး ရလာခဲ့ပါတယ်။ တချို့ နိုင်ငံတွေက ပိုကြာကြာ စောင့်ခဲ့ရပြီး (၁၉၇၅ မှာ ပေါ်တူဂီဆီကနေ အန်ဂိုလာနဲ့ မိုဇန်ဘီ၊ ၁၉၉၀ မှာ တောင်အာဖရိကဆီကနေ နမီဘီယာ) တချို့ကတော့ အခုထိ စောင့်နေရတုန်းပဲ ဖြစ်ပါတယ်။ အခု ဖွံ့ဖြိုးဆဲ နိုင်ငံဆိုပြီး ခေါ်နေကြတဲ့ ကိုလိုနီ ပြုကျင့်ခံ လူအဖွဲ့အစည်း အများစုက ရွှေခေတ်နိဂုံးမှာမှ လွတ်လပ်ရေး ရလာခဲ့ကြတာပါ။

လွတ်လပ်ရေး ရပြီးနောက် ကိုလိုနီခေတ်လွန် နိုင်ငံအများစုက ကိုလိုနီလက်အောက်မှာ ကျင့်သုံးခံခဲ့ရတဲ့ လွတ်လပ်သော ဈေးကွက်နဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး မူဝါဒတွေကို ငြင်းပယ်ခဲ့ကြပါတယ်။ သူတို့ထဲက အချို့ကတော့ လုံးလုံးလျားလျားကို ဆိုရှစ်လစ်စနစ် ဖြစ်သွားခဲ့တာပါ (တရုတ်၊ မြောက်ကိုးရီးယား၊ မြောက်ဗီယက်နမ်နဲ့ ကျူဘား)။ ဒါပေမဲ့ ကျန်တဲ့နိုင်ငံ အများစုကတော့ အခြေခံအားဖြင့် အရင်းရှင်စနစ်နဲ့ ဆက်ရှိနေရင်းနဲ့ပဲ အစိုးရ ဦးဆောင်တဲ့ စက်မှုလုပ်ငန်း တည်ထောင်မှု မဟာဗျူဟာတွေကို လုပ်ဆောင်



Copyright © 2026. Economic Education Program, Inya Economics.

ခဲ့ကြပါတယ်။ ဒီမဟာဗျူဟာကိုတော့ သွင်းကုန် အစားထိုး စက်မှုလုပ်ငန်း တည်ထောင်ခြင်း Import substitution industrialization (ISI) မဟာဗျူဟာ အဖြစ် သိကြတာပါ။ အဲ့လိုခေါ်ရတဲ့ အကြောင်းအရင်း ကတော့ တင်သွင်းရတဲ့ စက်မှု ကုန်ထုတ်ပစ္စည်းတွေကို ကိုယ်တိုင်ထုတ်ပြီး အစားထိုးမှာမို့လို့ ဖြစ်ပါတယ်။ သွင်းကုန် ကန့်သတ်တာက တဆင့် ခေါင်းတလုံး ပိုမြင့်တဲ့ နိုင်ငံရပ်ခြား ယှဉ်ပြိုင်သူတွေကနေ ပြည်တွင်း ထုတ်လုပ်သူတွေကို ကာကွယ်ပေးတာ (မွေးကင်းစလုပ်ငန်းကို ကာကွယ်ပေးခြင်း) ဒါမှမဟုတ် နိုင်ငံနယ်နိမိတ် အတွင်း လည်ပတ်တဲ့ နိုင်ငံရပ်ခြား ကုမ္ပဏီတွေရဲ့ လုပ်ငန်းဆောင်တာတွေကို စည်းမျဉ်းစည်းကမ်းနဲ့ အကြီးအကျယ် ထိန်းချုပ်တာတို့ကတဆင့် ဒီမဟာဗျူဟာကို ဆောင်ရွက်ခဲ့ကြတာပါ။ တခါတရံ အစိုးရတွေက ပုဂ္ဂလိက ကဏ္ဍ ထုတ်လုပ်သူတွေကို အမတော်ကြေး ထောက်ပံ့ပေးခဲ့ပြီး၊ စွန့်စားရနိုင်ချေမြင့်လို့ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးဖို့ စိတ်မပါတဲ့ လုပ်ငန်းစုတွေမှာ အစိုးရပိုင် လုပ်ငန်းတွေကို တည်ထောင်ခဲ့ကြပါတယ်။

လွတ်လပ်ရေးရတဲ့နေ့စွဲ ၁၉၄၅ ကနေ ၁၉၇၃ အထိတင်မကဘဲ အဲ့ကာလ အလွန်အထိကိုပါ ဆွဲဆန့်ရင်တောင် ရွှေခေတ်ကာလ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေး စွမ်းဆောင်မှုကို အကဲခတ်ဖို့ မဖြစ်နိုင်သလောက်ပါပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေး စွမ်းဆောင်မှုတွေကို အကဲဖြတ်ဖို့ သတ်မှတ်လေ့ရှိတဲ့ ကာလ အပိုင်းအခြား ကတော့ ၁၉၆၀-၁၉၈၀ အပိုင်းအခြား ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အချက်အလက်တွေအရ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဒီကာလအတွင်း တစ်ဦးချင်း ဝင်ငွေက တစ်နှစ်ကို ၃ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့တာပါ။ အဓိပ္ပာယ်ကတော့ တစ်နှစ်ကို ၃.၂ ရာခိုင်နှုန်း သွားနေခဲ့တဲ့ ပိုအဆင့်မြင့်တဲ့ စီးပွားရေး ရပ်ဝန်းတွေကို ဒီနိုင်ငံတွေက လိုက်မှီလာခဲ့တဲ့ သဘောပဲ ဖြစ်ပါတယ်။ တောင်ကိုရီးယား၊ တိုင်ဝမ်၊ စင်္ကာပူနဲ့ ဟောင်ကောင်တို့ရဲ့ "အံ့မခန်း စီးပွားရေး ရပ်ဝန်း"တွေမှာဆို တစ်ဦးချင်း ဝင်ငွေအရ တစ်နှစ်ကို ၇-၈ ရာခိုင်နှုန်းနဲ့ ဒီကာလအတွင်း တိုးတတ်ခဲ့တာ ဖြစ်ပြီး၊ လူ့သမိုင်းမှာ အမြန်ဆုံးဖြစ်တဲ့ တိုးတတ်မှုနှုန်းကို ရရှိခဲ့တာပါ (သူတို့ မတိုင်ခင် ဂျပန်နဲ့၊ သူတို့ ပြီးတော့ တရုတ်လည်း အတူတူပဲ ဖြစ်ပါတယ်)။

ဒီမှာ မှတ်သားစရာ ကောင်းတာတစ်ခုက ပိုပြီး တိုးတတ်မှု နှေးကွေးပါတယ် ဆိုတဲ့ ဖွံ့ဖြိုးဆဲဒေသတွေ မှာတောင် ဒီကာလအတွင်း တော်တော်လေး တိုးတတ်လာတာကို မြင်တွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ၁၉၆၀-၁၉၈၀ အတွင်း တစ်ဦးချင်း ဝင်ငွေ တိုးတတ်နှုန်း တစ်နှစ်ကို ၁.၆ ရာခိုင်နှုန်းနဲ့ ဆာဟာရ တောင်ဘက် အာဖရိကက ကမ္ဘာမှာ တိုးတတ်မှု အနှေးဆုံး ဒေသ ဖြစ်ခဲ့တာပါ။ လက်တင်အမေရိကက သူ့ထက်နှစ်ဆဖြစ်တဲ့ ၃.၁ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပြီး၊ အရှေ့အာရှက သူ့ထက် သုံးဆကျော်လောက် ဖြစ်တဲ့ ၅.၃ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနှုန်းက အထင်သေးရလောက်မဲ့ တိုးတတ်မှုနှုန်းလို့ ပြောလို့ မရပါဘူး။ ပြန်ပြောရရင် စက်မှု တော်လှန်ရေး အတွင်း အနောက်ဥရောပက တစ်ဦးချင်း ဝင်ငွေ တိုးတတ်မှုက ၁ ရာခိုင်နှုန်းပဲ ရှိခဲ့တာပါ။

Copyright © 2026. Economic Education Program, Inya Economics.

## အလယ်အလတ်လမ်း၊ သင့်တင့်လျောက်ပတ်တဲ့ အစိုးရ ကြားဝင်မှုနဲ့ အရင်းရှင်စနစ် ကောင်းကောင်း အလုပ်ဖြစ်ခဲ့ခြင်း

အရင်းရှင်စနစ် ရွှေခေတ်အတွင်း အစိုးရ ကြားဝင်မှုက နိုင်ငံတွေအားလုံးရဲ့ နယ်ပယ် အားလုံးနီးပါးမှာ အကြီးအကျယ် တိုးသွားခဲ့တာပါ။ ချမ်းသာတဲ့ နိုင်ငံတွေရဲ့ နိုင်ငံတကာ ကုန်သွယ်ရေးအပိုင်းကတော့ ချွင်းချက်ဖြစ်ပါတယ်။ အဲ့အတွက်ကြောင့်ပဲ ချမ်းသာတဲ့ နိုင်ငံတွေမှာရော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ စီးပွားရေး စွမ်းဆောင်မှုက အရင်ထက် အများကြီး ပိုကောင်းခဲ့တာပါ။ အစိုးရ ကြားဝင်မှုတွေ သိသိသာသာ လျော့ကျခဲ့တဲ့ ၁၉၈၀ ခုနှစ်တွေက စပြီး စီးပွားရေး စွမ်းဆောင်မှုက ပိုကောင်းမလာတော့ပါဘူး။ အဲ့ဒါကို အောက်မှာ မကြာမီ ရှင်းပြသွားပါမယ်။ ရွှေခေတ်က ပြနေတာကတော့ စည်းမျဉ်းစည်းကမ်းနဲ့ သေသေချာချာ ထိန်းချုပ်ပြီး၊ သင့်တင့်လျောက်ပတ်တဲ့ အစိုးရရဲ့ လုပ်ဆောင်ချက်တွေနဲ့ နှီးဆွပေးတဲ့ အခါကျရင် အရင်းရှင်စနစ်ရဲ့ အလားအလာတွေကို ပိုကောင်းကောင်း အသုံးချနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။

## ၁၉၇၃-၁၉၇၉၊ မင်းမဲ့ကာလ

၁၉၇၁မှာ အမေရိကန်ဒေါ်လာကနေ ရွှေကို လဲလှယ်နိုင်တာ ရပ်ဆိုင်းတာက စပြီး ရွှေခေတ် ပျက်ပြား သွားခဲ့ပါတယ်။ မဟာစီးပွားပျက်ကပ်အတွင်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသလို ရွှေပေါင်ချိန်စနစ်က မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုကို အရမ်းတင်းကျပ်စေတယ် ဆိုတာ အသိအမှတ် ပြုပြီးတဲ့နောက် ဘရစ်တန်ဝုဒ်စနစ်အတွင်းမှာ ရွှေပေါင်ချိန်စနစ် အဟောင်းကို စွန့်ပစ်ခဲ့ကြတာပါ။ ဒါပေမဲ့ နောက်ဆုံးကျ ဒီစနစ်ကို ရွှေမှာပဲ ပြန်ချိတ်တွယ်ထားခဲ့ပြီး၊ တခြား အဓိကငွေကြေးတွေနဲ့ ပုံသေငွေလဲနှုန်းရှိတဲ့ အမေရိကန်ဒေါ်လာကို ရွှေနဲ့ လွတ်လွတ်လပ်လပ် လဲလို့ ရနေခဲ့တာကြောင့်၊ အဲ့လိုချိတ်ထားခဲ့တာ ဖြစ်ပါတယ် (တစ်အောင်စကို ၃၅ ဒေါ်လာ)။ ဒီလိုဆောင်ရွက်ဖို့ ဒေါ်လာက ရွှေလိုပဲ ခိုင်မာတယ်ဆိုတဲ့ ယူဆချက်အပေါ် တကယ်တမ်း အခြေခံခဲ့တာပါ။ အမေရိကန်အနေနဲ့ တစ်ကမ္ဘာလုံးက ထွက်ကုန်ရဲ့ တဝက်လောက်ကို ထုတ်နေပြီး လူတိုင်းကလည်း အမေရိကန်ပစ္စည်းတွေ ဝယ်ချင်တဲ့အတွက်၊ ကမ္ဘာတဝှမ်း ကြီးကြီးမားမား ဒေါ်လာပြတ်လပ် နေခဲ့တာကြောင့် ဒါက အခြေအမြစ်မရှိတဲ့ ယူဆချက်တော့လည်း မဟုတ်ခဲ့ပါဘူး။

စစ်ပွဲလွန်ကာလ ပြန်လည်တည်ဆောက်ရေးနဲ့ နောက်ပိုင်း တခြားစီးပွားရေးတွေ အလျင်အမြန် ဖွံ့ဖြိုးလာတဲ့ အခါကျ ဒီယူဆက်ချက်က ရှေ့ဆက် ခိုင်မာမှု မရှိတော့ပါဘူး။ အမေရိကန်ဒေါ်လာက ရွှေလောက် မခိုင်မာဘူးဆိုတာ လူတွေ သဘောပေါက်လာတာနဲ့ တပြိုင်နက် ဒေါ်လာကို ရွှေအဖြစ်လဲဖို့ ကြီးကြီးမားမား ဆွဲဆောင်မှု ရှိလာခဲ့တာပါ။ အဲ့ဒါကပဲ အမေရိကန်ရဲ့ အရံရွှေကို ထပ်လျော့ကျစေခဲ့ပြီး ဒေါ်လာရဲ့ စိတ်ချရမှုကိုပါ ကျဆင်းစေခဲ့ပါတယ်။ ၁၉၅၉ အထိ အရံရွှေရဲ့ တဝက်လောက်ပဲရှိတဲ့ အမေရိကန်ရဲ့ တရားဝင် ပေးရန်ရှိ ကလည်း (ဒေါ်လာဘေလ်၊ အစိုးရ ငွေချေး စာချုပ်ဖြစ်တဲ့ ငွေတိုက်စာချုပ်) ၁၉၆၇ မှာ တစ်ဆခွဲ အထိ ပိုများလာခဲ့တာပါ။

Copyright © 2026. Economic Education Program, Inya Economics.

၁၉၇၁ မှာတော့ အမေရိကန်က ဘယ်ဒေါ်လာဖြစ်ဖြစ် ရွှေနဲ့လဲလို့ ရတယ် ဆိုတဲ့ သူပေးထားတဲ့ ကတိကို လွှတ်ချခဲ့ပါတယ်။ အဲ့ဒါကြောင့်ပဲ သူတို့ရဲ့ အမျိုးသားငွေကြေးကို ဒေါ်လာဆီမှာ ပုံသေနှုန်းနဲ့ ချိတ်ထားတဲ့ တခြားနိုင်ငံတွေကိုပါ အဲ့ဒီအလေ့အထကို စွန့်လွှတ်ဖို့ နှစ်အနည်းငယ် အတွင်းမှာ ဦးတည်စေခဲ့တာပါ။ ဒီအရာကပဲ ကမ္ဘာ့စီးပွားရေးကို မတည်မငြိမ် ဖြစ်စေခဲ့ပြီး ဈေးကွက်သဘောထား Market sentiment ကို လိုက်လို့ ငွေကြေးတန်ဖိုး အတက်အကျ ဖြစ်လာခဲ့ပါတယ်။ ဒီအခြေအနေက ငွေကြေးနဲ့ ပတ်သက်တဲ့ ဈေးကစားမှုတွေ ပိုဖြစ်စေတဲ့ အကြောင်းအရင်းလည်း ဖြစ်လာခဲ့တာပါ (ရင်းနှီးမြှုပ်နှံသူတွေက ငွေကြေးတန်ဖိုး အတတ်အကျကို လောင်းကြေးထပ်ကြတာမျိုးပါ)။

ရွှေခေတ်ရဲ့ နိဂုံးကိုတော့ ၁၉၇၃ မှာ ဖြစ်တဲ့ ပထမအကြိမ် ရေနံရှော့ခ်နဲ့ အမှတ်အသား ပြုကြပါတယ်။ ရေနံထုတ်တဲ့ နိုင်ငံတွေ စုပြီး ဖွဲ့ထားတဲ့ OPEC ရဲ့၊ ကာလကာနောက်ကွယ်မှာ ဈေးနှုန်း ကျိတ်ညှိထားတဲ့ ကာတဲလ် Cartel လက်ချက်ကြောင့်၊ ညတွင်းချင်းပဲ ရေနံဈေးနှုန်းတွေ လေးခေါက်ချိုးအထိ တတ်သွားခဲ့တာပါ (OPEC-Organization of Petroleum Exporting Countries)။ ငွေကြေးဖောင်းပွမှုက ၁၉၆၀ ခုနှစ်တွေရဲ့ နောက်ပိုင်းက စလို့ နိုင်ငံအများအပြားမှာ တရိပ်ရိပ် တတ်နေခဲ့တာ ဖြစ်ပြီး၊ ရေနံရှော့ခ် နောက်ပိုင်းမှာတော့ တဟုန်ထိုး တတ်သွားခဲ့တာ ဖြစ်ပါတယ်။

ပိုအရေးကြီးတာကတော့ ရှေ့လာမယ့်နှစ်များစွာကို စတတ်ဖလေးရှင်း Stagflation ဆိုတဲ့ အရာက အမှတ်သညာ ပြုလာခဲ့တာပါ။ ဒီအသစ် သတ်မှတ်လိုက်တဲ့ ဝေါဟာရ **“စတတ်ဖလေးရှင်း”**က နှစ်ကာလရှည်ကြာ ရှိခဲ့တဲ့ စီးပွားရေး သမ္မဇဉ် ဖြစ်တဲ့၊ စီးပွားပျက်ကပ်အတွင်း ဈေးနှုန်းတွေ ကျပြီး (သို့မဟုတ် တုံ့ဆိုင်းခြင်း Stagnation)နဲ့ စီးပွားတတ်နေတဲ့အချိန် ဈေးနှုန်းတက်တယ် ဆိုတဲ့ သမားရိုးကျ စီးပွားရေး ဖြစ်စဉ် ပျက်ယွင်းတာကို ညွှန်းဆိုခဲ့တာ ဖြစ်ပါတယ်။ အဲ့ကာလမှာ ဖြစ်ခဲ့တာက စီးပွားရေးက တုံ့ဆိုင်းနေခဲ့ပေမဲ့ (မဟာစီးပွားပျက်ကပ် ကာလတုန်းကလို အတိအကျ ရှည်ကြာတဲ့ စီးပွားပျက်ကပ်မျိုးတော့ မဟုတ်ပါဘူး) ဈေးနှုန်းတွေကလည်း တစ်နှစ်ကို ၁၀၊ ၁၅ နဲ့ ၂၅ ရာခိုင်နှုန်းအထိ အလျင်အမြန်နဲ့ ထိုးတတ်နေခဲ့တာပါ။

၁၉၇၉ ဒုတိယအကြိမ် ရေနံရှော့ခ်ကတော့ နောက်ထပ် မလှုပ်သာမလူးသာ ဖြစ်စေတဲ့ မြင့်မားတဲ့ ငွေကြေးဖောင်းပွမှုကို ယူဆောင်လာခဲ့ပြီး အရေးပါတဲ့ အရင်းရှင်နိုင်ငံတွေမှာ (အထူးသဖြင့် ဗြိတိန်နဲ့ အမေရိကန်) နီယိုလစ်ဘရယ် အစိုးရတွေကို အာဏာရလာဖို့ ကူညီပေးတာကနေ ရွှေခေတ်ကို အဆုံးသတ် ပေးခဲ့ပါတယ်။

ရောပြွမ်းစီးပွားရေး မိုဒယ်ကို အပြစ်မြင်တဲ့ လွတ်လပ်သော ဈေးကွက် ဘောဂဗေဒပညာရှင်တွေ ကတော့ ဒီမင်းမဲ့ကာလကို အကြွင်းမဲ့ စီးပွားကပ်ဆိုက်မှု တစ်ခုအဖြစ် တစ်ခါတစ်ရံမှာ ပုံဖော်တတ်ကြပါတယ်။ အဲ့တာက လှည့်စားမှု တစ်ခုပါ။ ACCs နိုင်ငံတွေရဲ့ တိုးတတ်မှုက ရွှေခေတ်နဲ့ ယှဉ်ရင် နှေးကွေးသွားကောင်း နှေးကွေးခဲ့တာမျိုး ဟုတ်ပေမဲ့၊ ၁၉၇၃-၈၀ ကာလအတွင်း တစ်ဦးချင်း ဝင်ငွေ တစ်နှစ်ကို ၂ ရာခိုင်နှုန်းရှိခဲ့တဲ့ ဝင်ငွေ တိုးတတ်မှုနှုန်းက ဒုတိယကမ္ဘာစစ်အထိ ဘယ်ကာလထက်ကိုမဆို များနေခဲ့တာပဲ ဖြစ်ပါတယ် (၁.၂-၁.၄

Copyright © 2026. Economic Education Program, Inya Economics.

ရာခိုင်နှုန်း)။ ရှေ့လာတဲ့ နောက်ထပ် ဆယ်စုနှစ် သုံးခုစာ နီယိုလစ်ဘရယ်ဝါဒထက်ကိုလည်း အနည်းငယ် ပိုများနေခဲ့တာပါ (၁၉၈၀-၂၀၁၀ အတွင်း ၁.၈ ရာခိုင်နှုန်း)။ ပျမ်းမျှ ၄.၁ ရာခိုင်နှုန်းရှိတဲ့ အလုပ်လက်မဲ့နှုန်းကတော့ ရွှေခေတ်ရဲ့ ၃ ရာခိုင်နှုန်းထက် ပိုမြင့်နေခဲ့ပေမဲ့ အများကြီး မြင့်နေခဲ့တာတော့လည်း မဟုတ်ပါဘူး။ နောက်ထပ် ကျန်သေးတဲ့ အချက်ကတော့ ဒီမင်းမဲ့ကာလ စီးပွားရေး စွမ်းဆောင်မှုနဲ့ ပတ်သက်လို့ လုံလောက်တဲ့ မကျေနပ်မှုတွေ ရှိနေခဲ့တာ ဖြစ်ပြီး၊ အဲ့တာကြောင့်ပဲ ရှေ့လာမယ့်နှစ်တွေမှာ အမြစ်က ဆွဲလှန်တဲ့ အပြောင်းအလဲမျိုးတွေ ပေါ်လာခဲ့တာပါ။

## ၁၉၈၀ မှ ယနေ့ခေတ်၊ နီယိုလစ်ဘရယ်ဝါဒ အတက်နဲ့ အကျ

### သံမဏိ အမျိုးသမီး၊ မာဂရက်သက်ချာနဲ့ ဗြိတိသျှရဲ့ စစ်လွန်ခေတ် သဘောတူညီချက် နိဂုံး

အဓိက အလှည့်အပြောင်းကတော့ ၁၉၇၉ မှာ ဗြိတိန်ဝန်ကြီးချုပ်အဖြစ် မာဂရက်သက်ချာ ရွေးချယ်ခံခဲ့ရတာကနေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်လွန်ကာလ တိုရီနိုင်ငံရေးသမားတွေနဲ့ လေဘာပါတီကြား သဘောတူညီချက်ကို ငြင်းပယ်ပြီး ရောပြွမ်းစီးပွားရေးစနစ်ကို မစ္စသက်ချာက အမြစ်ကနေ တစစီ ဖျက်ခဲ့တာပါ။ ဒီလိုဖျက်တဲ့ ဖြစ်စဉ်အတွင်း ခေါင်းမာတဲ့ သူ့ရဲ့သဘောထားကြောင့် သံမဏိ အမျိုးသမီး ဆိုတဲ့ နာမည်ပြောင်ကို ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

သက်ချာအစိုးရက နှုန်းထားမြင့်တဲ့ ဝင်ငွေခွန်တွေကို နိမ့်ကျစေခဲ့ပြီး၊ အစိုးရ အသုံးစရိတ်ကို လျှော့ချတာ (အထူးသဖြင့် ပညာရေး၊ အိမ်ယာနဲ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍ)၊ သမဂ္ဂတွေရဲ့ အာဏာကို လျှော့ချတဲ့ ဥပဒေတွေ တင်သွင်းတာနဲ့၊ အရင်း ထိန်းချုပ်မှု Capital control ဖျက်သိမ်းတာတွေ (နယ်နမိတ်ဖြတ်ကျော် ငွေကြေး ရွှေ့လျားမှုတွေ အပေါ် ကန့်သတ်မှု) လုပ်ခဲ့ပါတယ်။ သင်္ကေတအဖြစ်ဆုံး ရွှေ့ကွက်ကတော့ အစိုးရပိုင် လုပ်ငန်းတွေကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေရှိ ရောင်းတဲ့ ပုဂ္ဂလိကပိုင်ပြုခြင်း Privatization ပဲ ဖြစ်ပါတယ်။ ဓာတ်ငွေ့၊ ရေ၊ လျှပ်စစ်၊ သံမဏိ၊ လေကြောင်းလိုင်း၊ မော်တော်ကားလိုင်းနဲ့ ပြည်သူပိုင် အိမ်ယာထဲက အချို့က ပုဂ္ဂလိကပိုင် ပြုလုပ်ခံခဲ့ရတာပါ။

စီးပွားရေး လုပ်ငန်းဆောင်တာတွေကို လျှော့ကျစေ ပြီးတော့၊ အဲ့ကနေမှ ဝယ်လိုအား ထပ်ကျတာကတဆင့် ငွေကြေးဖောင်းပွမှု ကျဆင်းလာဖို့ ရည်ရွယ်ပြီး၊ အတိုးနှုန်းတွေကို မြှင့်တင်ခဲ့တာ ဖြစ်ပါတယ်။ မြင့်မားတဲ့ အတိုးနှုန်းက နိုင်ငံတကာ အရင်းတွေကို ဆွဲဆောင်နိုင်လို့ ဗြိတိန်ပေါင်ရဲ့ တန်ဖိုးကို တတ်စေခဲ့ပြီး၊ အဲ့ဒီကနေ ဗြိတိန်ရဲ့ပို့ကုန်တွေကို ဈေးနှုန်းချင်း မယှဉ်နိုင်ဖို့ ဖြစ်စေခဲ့တာပါ။ ရလဒ်ကတော့ ၁၉၇၉နဲ့ ၁၉၈၃ ကြား စားသုံးသူနဲ့ ကုမ္ပဏီတွေ ကုန်ကျစရိတ် လျှော့ချခဲ့တာကြောင့် ကြီးမားတဲ့ စီးပွားရေး ကျဆင်းမှု ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ အလုပ်လက်မဲ့နှုန်းက ၃.၃ သန်းအထိ မြင့်တတ်ခဲ့ပြီး၊ လူ ၁ သန်း အထိ အလုပ်လက်မဲ့ ဖြစ်ခဲ့တဲ့ ဂျိမ်းကယ်လာဂန် လေဘာအစိုးရရဲ့ စံချိန်ကို ဝေဖန်ပြီး အာဏာရလာတဲ့ အစိုးရလက်ထက်မှာ ဒီအခြေအနေမျိုး ဖြစ်ပျက်သွား

Copyright © 2026. Economic Education Program, Inya Economics.

ခဲ့တာပါ။ အဲ့ကာလတုန်းက သူတို့ရဲ့ ကျော်ကြားခဲ့တဲ့ ကြွေးကြော်သံက ကြော်ငြာအေဂျင်စီ Saatchi & Saatchi က တီထွင်ပေးလိုက်တဲ့ "လေဘာက အလုပ်မဖြစ်ဘူး" ဆိုတာပဲ ဖြစ်ပါတယ်။

စီးပွားပျက်ကပ်အတောအတွင်း နဂိုထဲက ပြိုင်ဆိုင်မှု နိမ့်ကျလို့ ထိခိုက်နစ်နာနေခဲ့တဲ့ ဗြိတိသျှ စက်မှုလုပ်ငန်းစုရဲ့ အစိတ်အပိုင်း အများစု ဖျက်ဆီး ခံခဲ့ရပါတယ်။ အစဉ်အလာ စက်မှုဗဟိုချက် အများအပြား (နမူနာပြောရရင် မန်ချက်စတာ၊ လီဗာပူးလ်နဲ့ ရှက်ဖီးလ်)နဲ့ သံယံဓာတ တူးဖော်ရေး ဧရိယာ (မြောက်အင်္ဂလန်နဲ့ ဝေးလ်စ်) တွေဆို ဖွတ်ဖွတ်ညက်ညက်ကို ကြေသွားခဲ့တာပြီး၊ Brassed Off ရုပ်ရှင်ထဲမှာ ပုံဖော်ထားတဲ့အတိုင်း ဖြစ်ခဲ့တာပါ (ဒီရုပ်ရှင်က ဂရမ်းလေးဆိုတဲ့ ဒေသက ကျောက်မီးသွေးတူးသမားတွေ အကြောင်းဖြစ်ပြီး၊ ယော့ရှိုင်းယား ဒေသက ဂရမ်းသောရ်ပ် Grimethorpe Town ကျောက်မီးသွေးမြို့ကို ပါးပါးလေး ပုံဖျက်ထားတဲ့ ဇာတ်ရှင်း ဖြစ်ပါတယ်)။

## သရုပ်ဆောင်တစ်ယောက်၊ ရော်နယ်ရေဂင်နဲ့ အမေရိကန် စီးပွားရေးကို ပြန်လည် ဆန်းသစ်ခြင်း

သရုပ်ဆောင်လုပ်ခဲ့တဲ့အပြင် ကယ်လီဖိုးနီးယား မြို့တော်ဝန်ဟောင်းလည်းဖြစ်တဲ့ ရော်နယ်ရေဂင်က ၁၉၈၁ မှာ အမေရိကန် သမ္မတ ဖြစ်လာခဲ့ပြီး မာဂရက်သက်ချာထက်တောင် ပိုလက်သံပြောင်ခဲ့ပါတယ်။ ရေဂင်အစိုးရက မြင့်မားတဲ့ ဝင်ငွေခွန်နှုန်းထားတွေကို စိတ်လိုလက်ရနဲ့ လျှော့ချခဲ့ပြီး၊ ဒီလို ဖျက်တောက်မှုက ချမ်းသာတဲ့ သူတွေကို ပိုရင်းနှီးမြှုပ်နှံစေတာကနေ ဓနဥစ္စာဖန်တီးဖို့ ဆွဲဆောင်လိမ့်မယ်လို့ ဖြေရှင်းချက် ပေးခဲ့တာပါ။ ဒီလိုမှ မဟုတ်ရင်တော့ ချမ်းသာတဲ့သူတွေက ရင်းနှီးမြှုပ်နှံမှုက ရလာမယ့် အသီးအပွင့်တွေကို ဆက်သိမ်းထားနေမှာ ကြောင့်လို့ ဆိုခဲ့တာ ဖြစ်ပါတယ်။ ချမ်းသာသူတွေ ဓနဥစ္စာ ပိုဖန်တီးလာနိုင်တာကြောင့် သူတို့က ထပ်တိုး သုံးစွဲလာနိုင်ပြီး၊ အဲ့ဒီကနေ အလုပ်အကိုင်တွေ ပိုဖန်တီးလာနိုင်လို့ လူတိုင်းဝင်ငွေ ပိုကောင်းလာမယ် ဆိုတဲ့ သဘောမျိုး ဖြစ်ပါတယ်။ ဒီအရာကိုပဲ ခွဲဖြာစီးဆင်းလာမယ့် သီအိုရီ trickle-down theory အဖြစ် သိကြတာပါ။ တချိန်တည်းမှာပဲ ဆင်းရဲသားတွေကို ပေးတဲ့ အစိုးရ ထောက်ပံ့ကြေးတွေ ဖြတ်တောက်ခံခဲ့ရပြီး (အထူးသဖြင့် အိမ်ယာအတွက်)၊ အလုပ်ပိုကြိုးစားဖို့ မက်လုံး ကြီးကြီးမားမားဖြစ်အောင် ဆိုပြီး အနိမ့်ဆုံး လုပ်ခလစာကိုလည်း ထိန်းချုပ် ကန့်သတ်တာတွေ လုပ်ခဲ့ပါတယ်။ ဒီအကြောင်းကို တွေးကြည့်ရင် ထူးဆန်းတဲ့ ယုတ္တိတစ်ခု ဖြစ်နေတာ တွေ့ရမှာပါ။ ဘာကြောင့်များ ချမ်းသာတဲ့သူတွေ ပိုချမ်းသာဖို့ အလုပ်ပိုကြိုးစားခိုင်းပြီး ဆင်းရဲတဲ့သူတွေကိုလည်း အဲ့ဒီ တူညီတဲ့ ရည်ရွယ်ချက်နဲ့ပဲ ပိုဆင်းရဲအောင်လုပ်ဖို့ လိုအပ်ရတာလဲ ဆိုတာကိုပေါ့။ ထူးဆန်းတာ မထူးဆန်းတာ ခနထား၊ ရောင်းလိုအားဘက်ခြမ်း ဘောဂဗေဒ **supply-side economics** လို့ သိကြတဲ့ ဒီယုတ္တိက နောက်ထပ် ဆယ်စုနှစ် သုံးခုစာလောက်အထိ အမေရိကန်အပြင် တခြားနေရာတွေမှာပါ စီးပွားရေး မူဝါဒတွေရဲ့ အခြေခံကျတဲ့ ယုံကြည်မှု ဖြစ်လာခဲ့တာကို တွေ့ရမှာပါ။

Copyright © 2026. Economic Education Program, Inya Economics.

ဖြိတိန်မှာလိုပဲ ငွေကြေးဖောင်းပွမှုကို လျှော့ချဖို့ အားထုတ်မှုအနေနဲ့ အတိုးနှုန်းတွေကို မြှင့်တင်ခဲ့ပါတယ်။ ၁၉၇၉ နဲ့ ၁၉၈၁ ကြားထဲ အတိုးနှုန်း ၁၀ ရာခိုင်နှုန်း ဝန်းကျင်ကနေ ၂၀ ရာခိုင်နှုန်းကို ကျော်သွားပြီး နှစ်ဆကျော်လောက် တိုးသွားခဲ့တာပါ။ ဂျပန်နဲ့ တခြား နိုင်ငံရပ်ခြား ယှဉ်ပြိုင်မှုတွေကို နဂိုထဲက ဆုတ်ခွာပေးနေရတဲ့ အမေရိကန် ကုန်ထုတ်လုပ်မှု လုပ်ငန်းစုရဲ့ သိသာတဲ့ အစိတ်အပိုင်း တစ်ခုလောက်ကလည်း၊ အတိုးနှုန်းမြင့်လို့ တိုးလာတဲ့ ဘဏ္ဍာငွေ ကုန်ကျစရိတ်တွေကို တောင့်မခံနိုင်ခဲ့ပါဘူး။ အစဉ်အလာ စက်မှုလုပ်ငန်းတွေရဲ့ ဗဟိုချက်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဗဟိုချက်မဒေသတွေဆို စက်မှုလုပ်ငန်း အထည်ကြီးပျက်နေရာ 'the Rust Belt' အဖြစ် ပြောင်းသွားခဲ့တာပါ။

အဲ့ဒီကာလအတွင်း အမေရိကန်ရဲ့ ဘဏ္ဍာရေးဆိုင်ရာ ဖြေလျှော့မှုတွေက ဒီနေ့ရှိနေတဲ့ ဘဏ္ဍာရေးစနစ်ကို အုတ်မြစ်ချပေးခဲ့တာ ဖြစ်ပါတယ်။ တည်ဆဲ စီမံခန့်ခွဲသူတွေရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး ကုမ္ပဏီတစ်ခုကို လွှဲယူတဲ့ အကြမ်းပတမ်း လုပ်ငန်းလွှဲယူမှု Hostile takeovers တွေ ရုတ်ခြည်း တိုးပွားလာမှုက အမေရိကန် ကော်ပိုရိတ် ယဉ်ကျေးမှု တစ်ခုလုံးကို ပြောင်းပစ်ခဲ့တာပါ။ ဒီလို လက်လွှဲယူသူထဲက အများစုက ကုမ္ပဏီတစ်ခုကို အရေခွံနွာဖို့လောက်ပဲ စိတ်ဝင်စားတဲ့ ကော်ပိုရိတ် ဝင်စီးတဲ့သူ'corporate raiders'တွေပဲ ဖြစ်ပါတယ် (ကုမ္ပဏီကို အရေခွံနွာခြင်း asset stripping ဆိုတာက ကုမ္ပဏီတစ်ခုရဲ့ ရေရှည် အလားအလာအပေါ် သက်ရောက်မှုကို စိတ်မဝင်စားပဲ အဖိုးတန် အက်ဆက်တွေ ရောင်းချတာကို ဆိုလိုတာပါ)။ ဒီအဖြစ်အပျက်ကို ၁၉၈၇ ခုနှစ် Wall Street ဆိုတဲ့ ရုပ်ရှင်ထဲမှာ Gordon Gekko ရဲ့ 'လောဘက ကောင်းတယ်' 'Greed-is-good' ဆိုတာနဲ့ မော်ကွန်းတင်ခဲ့တာပါ။ အဲ့လို ကံကြမ္မာမျိုးကို ရှောင်နိုင်ဖို့အတွက် ယခင်ထက် အမြတ် မြန်မြန်လွှဲနိုင်ဖို့ လုပ်ငန်းတွေက လုပ်ခဲ့ရတာပါ။ အဲ့လိုမှ မဟုတ်ရင် စိတ်မရှည်တဲ့ အစုရှင်တွေက ရောင်းချလိုက်မှာ ဖြစ်ပြီး၊ ရှယ်ယာတန်ဖိုး ကျသွားမှာ ဖြစ်ပါတယ်။ အဲ့ကနေ ဒီလုပ်ငန်းကို အကြမ်းပတမ်း လုပ်ငန်း လွှဲယူခံရမယ့် အန္တရာယ်ရှိကို တွန်းပို့မိစေမှာပါ။ ကုမ္ပဏီတွေ အနေနဲ့ အမြန်ဆုံး အမြတ်ရနိုင်ဖို့ အလွယ်ဆုံး နည်းလမ်းကတော့ ကုမ္ပဏီအရွယ်အစား လျှော့ချတာကနေပဲ ဖြစ်ပါတယ်။ ရေရှည်မှာ ကုမ္ပဏီရဲ့ အလားအလာကို လျှော့ကျစေရင်တောင် အလုပ်သမား အင်အား လျှော့ချတာ၊ လက်ငင်း ရလဒ်အတွက် လိုအပ်တာကလွဲရင် ရင်းနှီးမြှုပ်နှံမှုတွေကို နည်းနိုင်သမျှ နည်းစေတာမျိုးတွေ လုပ်ခဲ့ကြတာပါ။

## တတိယကမ္ဘာ ကြွေးမြီး အကျပ်အတည်းနှင့် ၎င်းတို့၏ စက်မှုတော်လှန်ရေးနိဂုံး

၁၉၇၀ နှောင်းပိုင်းတွေနဲ့ ၁၉၈၀ အစောပိုင်းကာလ အတိုးနှုန်း မြင့်မြင့်ထားတဲ့ အမေရိကန်မူဝါဒရဲ့ အရှည်ကြာဆုံးသော အမွေအနှစ်ကိုတော့၊ အမေရိကန်မှာ မဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအမွေအနှစ်ကို တစ်ခါတစ်ရံမှာ ဗော်ကာလ်ရှော့ခ် Volcker Shock လို့ခေါ် ပြီး၊ အဲ့ကာလ အမေရိကန် ဗဟိုဘဏ် the Federal Reserve Board ရဲ့ဥက္ကဋ္ဌ နာမည်ကို အစွဲပြုပြီး ပေးခဲ့တာပါ။

Copyright © 2026. Economic Education Program, Inya Economics.

ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားက ၁၉၇၀ နှစ်တွေနဲ့ ၁၉၈၀ အစောပိုင်းနှစ်တွေမှာ အကြီးအကျယ် ချေးငှား ခဲ့ကြပါတယ်။ တစိတ်တဒေသအားဖြင့် သူတို့ရဲ့ စက်မှုလုပ်ငန်း တည်ထောင်ရာမှာ ငွေကြေးထောက်ပံ့ဖို့ ဖြစ်ပြီး၊ နောက်ထပ် အကြောင်းအရင်းကတော့ ရေနံရှော့ခ်တွေ နောက်ပိုင်း ဈေးတွေ ပိုကြီးလာတာကို ပေးချေဖို့ လုပ်ခဲ့ကြတာပါ။ အမေရိကန်ရဲ့ အတိုးနှုန်း နှစ်ဆ ဖြစ်သွားတဲ့အခါ နိုင်ငံတကာ အတိုးနှုန်းပါ နှစ်ဆ ဖြစ်သွား ခဲ့ပါတယ်။ အဲ့ဒီကနေ ၁၉၈၂ မှာ မက္ကစီကိုက အကြွေးဆပ်ဖို့ ပျက်ကွက်တာက စပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ နိုင်ငံတကာ ကြွေးမြီး ဆပ်ဖို့ ပျက်ကွက်တာတွေ ပျံ့နှံ့မှုလာဖို့ ဦးတည်စေခဲ့တာပါ။ ဒီအရာကိုပဲ တတိယကမ္ဘာရဲ့ ကြွေးမြီး အကျပ်အတည်းလို့ သိကြပါတယ်။ ဒီလို သိကြရတာက အဲ့ကာလတုန်းက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပထမကမ္ဘာ (အဆင့်မြင့် အရင်းရှင်ကမ္ဘာ) နဲ့ ဒုတိယကမ္ဘာ (ဆိုရှယ်လစ်ကမ္ဘာ) တို့ရဲ့ နောက် တတိယကမ္ဘာလို့ ခေါ် ခဲ့ကြတာကြောင့် ဖြစ်ပါတယ်။

စီးပွားရေး အကျပ်အတည်းနဲ့ ရင်ဆိုင်ရတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ မတတ်သာတဲ့အဆုံး ဘရစ်တန်ဝုဒ် အင်စီကျူးရှင်းတွေ BWIs (IMF နဲ့ ကမ္ဘာ့ဘဏ်)ကို အားကိုးခဲ့ကြရပါတယ်။ BWIs ကနေပြီး ချေးငှားတဲ့ နိုင်ငံတွေအနေနဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ချိန်ညှိတဲ့ အစီအစဉ် **structural adjustment programme** (SAP)ကို အကောင်အထည် ဖော်ရမယ်ဆိုတဲ့ တင်ကူးအခြေအနေ တစ်ခုကို ဖန်တီးခဲ့ပါတယ်။ အဲ့ဒီ အစီအစဉ်အရ ဘက်ဂျက် ဖြတ်တောက်တာ၊ အစိုးရပိုင် လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် ပြုတာနဲ့ စည်းမျဉ်းစည်းကမ်း လျှော့ချတာကနေပြီး (အထူးသဖြင့် နိုင်ငံတကာကုန်သွယ်ရေး) အစိုးရရဲ့ အခန်းကဏ္ဍကို ကျုံ့စေခဲ့တာမျိုးတွေ လုပ်ဖို့ လိုအပ်ခဲ့တာပါ။

အသက်ညှာဆုံး ပြောရရင်တောင် SAP ရဲ့ အကျိုးရလဒ်တွေက အလွန့်အလွန်ကို စိတ်ပျက်စရာ ကောင်းပါတယ်။ လိုအပ်တဲ့ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ အားလုံး ဆောင်ရွက်တာတောင်မှ နိုင်ငံအများစုက သိသာတဲ့ တိုးတတ်မှု တုံ့နှေးခြင်းကို ၁၉၈၀နဲ့ ၁၉၉၀ နှစ်တွေအတွင်း ကြုံတွေ့ခဲ့ရတာပါ။ လက်တင်အမေရိက (ကာရစ်ဘီယန် အပါအဝင်) ရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတတ်မှုနှုန်းဆို ၁၉၆၀-၁၉၈၀ မှာ ၃.၁ ရာခိုင်နှုန်း ရှိတာကနေ ၁၉၈၀-၂၀၀၀မှာ ၀.၃ ရာခိုင်နှုန်း အထိ ထိုးကျသွားခဲ့ပါတယ်။ ဆာဟာရ တောင်ဘက် အာဖရိကရဲ့ တစ်ဦးချင်းဝင်ငွေ ဆိုလည်း ဒီကာလမှာ ကျဆင်းသွားခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာတော့ ၁၉၈၀ က ထက် ၁၃ ရာခိုင်နှုန်းလောက်အထိ ကျသွားခဲ့တာပါ။ ရလဒ်ကတော့ တတိယကမ္ဘာရဲ့ စက်မှုတော်လှန်ရေးကို ထိထိရောက်ရောက် ရပ်တန့်စေခဲ့တာပဲ ဖြစ်ပါတယ်။ ဒီနာမည်ကိုတော့ ကိန်းဘရစ်တက္ကသိုလ် ဘောဂဗေဒပညာရှင် အဂျစ်ဆင်းဂ်က ကိုလိုနီပြုကျင့်မှု လွတ်မြောက်ပြီး နောက်ပိုင်း ပထမဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးမှု အတွေ့အကြုံကို ဖော်ပြဖို့ သုံးခဲ့တာပါ။

ချီလီတစ်နိုင်ငံပဲ ၁၉၈၀နဲ့ ၁၉၉၀ နှစ်တွေအတွင်း နီယိုလစ်ဘရယ်မူဝါဒတွေနဲ့ ကောင်းကောင်း အလုပ်ဖြစ်ခဲ့ပြီး၊ ဒီအတွက်လည်း ပီနိုချက် စစ်အာဏာရှင်(၁၉၇၄-၉၀)လက်အောက် အတော်အတန်များတဲ့ လူသားတန်ဖိုးကို



Copyright © 2026. Economic Education Program, Inya Economics.

ရင်းခဲ့ရပါတယ်။ ဒီကာလရဲ့ အောင်မြင်ခဲ့တဲ့ တခြားသော ဇာတ်ကြောင်းတွေကတော့ သိသာတဲ့ အစိုးရ ကြားဝင်မှုတွေနဲ့ ဖြည်းဖြည်းချင်းပဲ လွတ်လပ်အောင် လုပ်တာကို သုံးခဲ့တဲ့ စီးပွားရေးရပ်ဝန်းတွေရှိမှာ ဖြစ်ခဲ့တာပါ။ အကောင်းဆုံး နမူနာတွေကတော့ ဂျပန်၊ အရှေ့အာရှကျားတွေဖြစ်တဲ့ (သို့မဟုတ် ခင်ဗျားကြိုက်တဲ့ တိရစ္ဆာန်အပေါ် မူတည်ပြီး နဂါးလည်း ဖြစ်နိုင်ပါတယ်) တောင်ကိုးရီးယား၊ ထိုင်ဝမ်၊ စင်ကာပူနဲ့ တဖြည်းဖြည်းချင်း နောက်မှ ရုပ်လုံးပေါ်လာခဲ့တဲ့ တရုတ်တို့ပဲ ဖြစ်ပါတယ်။

## ဝုန်းခနဲ ပြိုကျသွားသောနံရံ၊ ဆိုရှစ်လစ်စနစ် ပြိုကျခြင်း

၁၉၈၉ မှာတော့ အလွန်အရေးပါတဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပျက်ခဲ့ပါတယ်။ အဲ့နှစ်မှာ ဆိုဗီယက်ပြည်ထောင်စု စပြိုကွဲခဲ့ပြီး ဘာလင် တံတိုင်းကြီး ဖြိုချခံခဲ့ရတာပါ။ ၁၉၉၀ မှာ ဂျာမနီကို ပြန်ပေါင်းစည်းခဲ့ပြီး အရှေ့ဥရောပနိုင်ငံ အများစုက ကွန်မြူနစ်စနစ်ကို စွန့်လွှတ်ခဲ့ကြပါတယ်။ ၁၉၉၁ မှာတော့ ဆိုဗီယက်ပြည်ထောင်စု ကိုယ်တိုင် အစိတ်စိတ်အမွှာမွှာ အခွဲခံလိုက် ရပါတယ်။ ၁၉၇၈ ကစပြီး တရုတ်ရဲ့ တဖြည်းဖြည်းချင်းပေမဲ့ အမှန်တကယ် တံခါးဖွင့်ပြီး လွတ်လပ်အောင် လုပ်တာနဲ့ ကွန်မြူနစ်တွေရဲ့ အုပ်ချုပ်မှုအောက် ၁၉၇၅ မှာ ပေါင်းစည်းခဲ့တဲ့ ဗီယက်နမ်က တံခါးဖွင့်မူဝါဒ Doi Moi ကို ၁၉၈၆ မှာ ကျင့်သုံးလာတာတို့ကြောင့်၊ အစဉ်အလာဟောင်းကို ဖက်တွယ်တဲ့ မြောက်ကိုးရီးယားနဲ့ ကျူးဘားလို နိုင်ငံတွေပဲ ဆိုရှယ်လစ်အစုဆိုပြီး ကျန်တော့တဲ့အထိ လျော့နည်းသွားခဲ့တာပါ။

ဆိုရှယ်လစ် စီးပွားရေးရဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး လူတိုင်း သိပြီးသား ဖြစ်နေပါပြီ။ ပိုပိုပြီး ထွေပြားလာတဲ့ စီးပွားရေးရပ်ဝန်းတစ်ခုကို စီမံရတဲ့ အခက်အခဲ၊ စွမ်းဆောင်မှုနဲ့ ဆုလာဒ်အကြား ချိတ်ဆက်မှု အားနည်းတာက ပေါ်လာတဲ့ မက်လုံးပြဿနာနဲ့ အပြင်ပန်းအားဖြင့် ညီမျှတဲ့ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးက ဖန်တီးတဲ့ ကျယ်ပြန့်တဲ့ မညီမျှမှု၊ စတဲ့ပြဿနာမျိုးတွေ ရှိနေခဲ့တာ ဖြစ်ပါတယ။ ဒါပေမဲ့လည်း အပြင်းထန်ဆုံး ဆိုရှယ်လစ် ဆန့်ကျင်ရေး သုံးသပ်သူတွေ အပါအဝင် လူအနည်းငယ်လောက်ပဲ ဒီအစုအဖွဲ့က ဒီလောက် မြန်မြန် ပြိုကွဲသွားမယ်လို့ တွေးထင်ခဲ့တာပါ။

အရင်းခံအကျဆုံး ပြဿနာကတော့ ဆိုဗီယက်အစု စီးပွားရေးရပ်ဝန်း အနေနဲ့ အခြေခံအားဖြင့် ဒုတိယတန်းစား ပဲရှိတဲ့ နည်းပညာတွေနဲ့ အော်တာနေးတစ် စီးပွားရေးစနစ်တစ်ခု တည်ဆောက်ဖို့ ကြိုးစားခဲ့တာကြောင့် ဖြစ်ပါတယ်။ သူတို့အစုက အာကာသနဲ့ လက်နက်နည်းပညာလို နယ်ပယ်အတွင်း ကမ္ဘာမှာ ဦးဆောင်နိုင်ခဲ့တာ ဟုတ်ပါတယ် (တကယ်တမ်း ဆိုဗီယက်ပြည်ထောင်စုက ၁၉၅၇ မှာ ပထမဆုံး လူသားကို အာကာသထဲ ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်)။ ဒီလိုဖြစ်ရတာက အချိုးအစား မမျှတတဲ့ ပမာဏရှိတဲ့ အရင်းအမြစ်တွေကို ဒီနယ်ပယ်တွေမှာ ထည့်ဝင်ခဲ့တဲ အကျိုးကျေးဇူးကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကို ဒုတိယတန်းစား စားသုံးသူ ပစ္စည်းတွေပဲ ပေးနိုင်တာ သိသာသွားတဲ့ အခါမှာတော့ နိုင်ငံသားတွေက ပုန်ကန်ခဲ့ကြတာပါ။ ဒီလိုမျိုး ပစ္စည်းတွေရဲ့



Copyright © 2026. Economic Education Program, Inya Economics.

အမှတ်အသားကတော့ အရှေ့ဂျာမနီရဲ့ ပလက်စတစ်သားနဲ့ လုပ်ထားတဲ့ Trabant ကားဖြစ်ပြီး ဘာလင်တံတိုင်း ပြိုပြီးတာနဲ့ ချက်ချင်း ပြတိုက်ထဲ ရောက်သွားခဲ့တာပါ။

နောက်ထပ် ဆယ်စုနှစ်အကြာနဲ့ အဲ့နောက်ပိုင်း ကာလတွေမှာတော့ အရင်းရှင်စနစ်ဆီ ကူးပြောင်းလဲဖို့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံတွေက ဒရောသောပါးနဲ့ တရကြမ်း လုပ်ခဲ့ကြပါတယ်။ လူအများစုက အပြောင်းအလဲကို ခပ်မြန်မြန် လုပ်လို့ရမယ် တွေးခဲ့ကြတာပါ။ နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်လုပ်၊ ဈေးကွက်ကို ပြန်အသက်သွင်း၊ နောက်ပြီး ဒီဈေးကွက်ဆိုတာကလည်း လူသားတွေရဲ့ သဘာဝအကျဆုံး အင်စတီကျူးရှင်းထဲက တစ်ခုပဲ မဟုတ်ဘူးလားပေ့ါ။ နောက်ထပ် ထပ်ဖြည့်ကျတာက ယခင် အာဏာရ အီလိဟောင်းတွေ ပြန်စုဖွဲ့ပြီး အပြောင်းအလဲကို ခုခံဖို့ အချိန်မရအောင်လို့ အပြောင်းအလဲကို ခပ်မြန်မြန် လုပ်မှရမယ် ဆိုပြီးတော့ပါ။ နိုင်ငံအများစုက Big Bang ပေါက်ကွဲမှုလို ပြုပြင်ပြောင်းလဲရေးတွေ ရွေးချယ်ခဲ့ကြပြီး အရင်းရှင်စနစ်ကို ညတွင်းချင်း ဖြစ်ပေါ်စေဖို့ ကြိုးစားခဲ့ကြပါတယ်။

ရလဒ်ကတော့ နိုင်ငံအများစုအတွက် ကပ်ဆိုက်မှုဆိုတာက အနိမ့်ဆုံးလောက် ဖြစ်ခဲ့တာပါ။ ယူဂိုဆလားဗီးယားက ပြိုကွဲသွားခဲ့ပြီး စစ်ပွဲနဲ့ လူမျိုးစု သုတ်သင် ရှင်းလင်းရေး ဆီကို သက်ဆင်းသွားခဲ့ပါတယ်။ ဆိုဗီယက် ပြည်ထောင်စုက ယခင် သမ္မတနိုင်ငံ အများအပြားလည်း ကြီးမားတဲ့ စီးပွားပျက်ကပ်တွေ ကြုံခဲ့ ရတာပါ။ ရုရှားမှာတော့ စီးပွားရေး ပြိုကွဲမှု၊ နောက်ဆက်တွဲ အလုပ်လက်မဲ့ဖြစ်မှုနဲ့ စီးပွားရေး မလုံခြုံမှုတွေက ဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု၊ အရက်စွဲခြင်းနဲ့ တခြား ကျန်းမာရေး ပြဿနာတွေကို ဖြစ်စေခဲ့ပါတယ်။

နိုင်ငံအများအပြားမှာတော့ မူလလက်ဟောင်း အီလိတွေက ဝတ်ရုံတွေ အလွယ်တကူ ချိန်းရုံနဲ့ ပါတီ ဗျူရိုကရက်ကနေ စီးပွားရေးသမားအဖြစ် အသွင်ပြောင်းခဲ့ကြပါတယ်။ အကျင့်ပျက်နည်းလမ်းတွေက တဆင့် လျှော့ဈေးနဲ့ ဖြစ်စေ၊ အတွင်းသိ အစင်းသိဆိုတဲ့ အနေအထားကနေ အမြတ်ထုတ်လို့ ဖြစ်စေ၊ ပုဂ္ဂလိကပိုင် ပြုခြင်း ဖြစ်စဉ်ကနေ နိုင်ငံပိုင် အက်ဆက်တွေကို ရယူခဲ့ကြပြီး သူတို့ကိုသူတို့ ကြွယ်ဝချမ်းသာအောင် လုပ်ခဲ့ကြတာပါ။ နှိုင်းယှဉ်ချက်အားဖြင့် ပြောရရင် အလယ်ဥရောပနိုင်ငံတွေ ဖြစ်တဲ့ ပိုလန်၊ ဟန်ဂေရီ၊ ချက်ပြည်ထောင်စုနဲ့ ဆလိုဗက်ကီးယားတို့က ပိုကောင်းကောင်းမွန်မွန် ဆောင်ရွက်နိုင်ခဲ့ကြပြီး အထူးသဖြင့်တော့ ၂၀၀၄ မှာ ဥရောပသမဂ္ဂထဲဝင်ပြီး နောက်ပိုင်း ဖြစ်ပါတယ်။ ဒီအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ရာမှာ ပိုပြီး ဖြည်းဖြည်းချင်း သွားခဲ့တာနဲ့ ပိုကောင်းတဲ့ ကျွမ်းကျင်မှု အခြေခံတွေ ရှိနေခဲ့တာကို ကျေးဇူးတင်ရမှာပါ။ ဒါပေမဲ့ ဒီနိုင်ငံတွေရဲ့ အခြေအနေမှာတောင်မှ သူတို့ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံကို ကြီးမားတဲ့ အောင်မြင်မှု တစ်ခုအဖြစ် ကြွေးကြော်ဖို့ ဆိုတာက ခက်ပါတယ်။

ဆိုရှယ်လစ်အစု ကျဆုံးခန်းက လွတ်လပ်တဲ့ ဈေးကွက် အောင်ပွဲခံတဲ့ ကာလသစ်တစ်ခုကို ကာလကာဖွင့် စတင်ပေးခဲ့တာပါ။ အဲ့အချိန်က အမေရိကန်လူမျိုး နီယိုကွန် တွေးခေါ်ရှင် ဖရန်စစ် ဖူကူယားမား အပါအဝင် တချို့က ကျွန်ုပ်တို့အနေနဲ့ နောက်ဆုံးတော့ အကောင်းဆုံး စီးပွားရေးစနစ်ကို အရင်းရှင်စနစ်ဆိုတဲ့ ပုံစံအဖြစ်



Copyright © 2026. Economic Education Program, Inya Economics.

ပြည့်စုံခိုင်လုံအောင် သတ်မှတ်နိုင်ပြီ ဆိုတဲ့ အချက်ကို အခြေခံပြီး သမိုင်းနိဂုံးချုပ်ပြီလို့ ကြေညာခဲ့ကြပါတယ် (နိုး၊ ကမ္ဘာကြီးရဲ့နိဂုံးတော့ မဟုတ်ပါဘူး)။ အရင်းရှင်စနစ်က အားသားချက်၊ အားနည်းချက် ကိုယ်စီနဲ့ မူကွဲမျိုးစုံ ရှိတယ် ဆိုတဲ့ အချက်ကို အင်မတန် ရှင်လန်းဝမ်းမြောက်နေတဲ့ အဲ့ကာလရဲ့ နေ့ရက်တွေမှာ ပျော်ပျော်ကြီးပဲ လျစ်လျူရှုခဲ့ကြတာပါ။

## အဆင်သင့်ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ တစ်ခုတည်းသော ကမ္ဘာ၊ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ကမ္ဘာသစ်ရဲ့ စီးပွားရေးအစီအစဉ်

၁၉၉၀ နှစ်တွေရဲ့ အလယ်လောက်မှာတော့ နီယိုလစ်ဘရယ်ဝါဒ တကမ္ဘာလုံးကို ပျံ့နှံ့သွားခဲ့ပြီး၊ ယခင် ဆိုရှယ်လစ်ကမ္ဘာ နိုင်ငံများအစုက အရင်းရှင်ကမ္ဘာရဲ့ စီးပွားရေးရပ်ဝန်းထဲကို သိမ်းသွင်းခံခဲ့ရတာပါ။ ဒီအတွက် Big Bang ပေါက်ကွဲသလို ပြုပြင်ပြောင်းလဲရေးတွေက ဖြစ်စေ၊ ဒါမှမဟုတ် တရုတ်နဲ့ ဗီယက်နမ်တို့ရဲ့ အဖြစ်အပျက်မှာဆို ဖြည်းဖြည်းချင်းပေမဲ့ တရစပ်တံခါးဖွင့်ပြီး စည်းမျဉ်းစည်းကမ်း လျှော့ချတာကဖြစ်စေ၊ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီကာလမှာပဲ ဈေးကွက် တံခါးဖွင့်တာနဲ့ လွတ်လပ်အောင် ပြုလုပ်တာတွေက ဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာ သိသိသာသာ တိုးပွားလာခဲ့တာပါ။ နိုင်ငံအများစုမှာတော့ SAP ကြောင့် ဒီဖြစ်စဉ်က အလျင်အမြန် ဖြစ်ပျက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အိန္ဒိယလိုမျိုး ကိုယ့်သဘောဆန္ဒအလျောက်လုပ်တဲ့ မူဝါဒ အပြောင်းအလဲတွေနေ တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲရေးကို သွားတဲ့ အဖြစ်အပျက်တွေလည်း ရှိခဲ့တာပါ။

အဲ့ကာလဝန်းကျင်မှာပဲ အတန်အသင့် အရေးကြီးတဲ့ နိုင်ငံတကာ သဘောတူညီချက်တွေ လက်မှတ်ထိုးခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းရေးရဲ့ နောက်ထပ် ခေတ်သစ်တစ်ခုကို အချက်ပြနေခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၄ မှာ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီစာချုပ် NAFTA ကို အမေရိကန်၊ ကနေဒါနဲ့ မက္ကစီကိုတို့ကြား လက်မှတ် ထိုးခဲ့ပါတယ်။ ဒီသဘောတူညီချက်က ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုကြား ပထမဆုံးသော အရေးပါတဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် ဖြစ်ခဲ့တာပါ။ ၁၉၉၅ မှာ GATT စကားဝိုင်းတွေရဲ့ဥရုဂွေး အလှည့် အဆုံးသတ်ပြီးတဲ့နောက် GATT ကို WTO (ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း) အဖြစ် ချဲ့ထွင်ဖို့ အဖြေထွက်လာခဲ့ပါတယ်။ WTO က ပိုများတဲ့ နယ်ပယ်တွေကို လွှမ်းခြုံခဲ့ပြီး (ဥပမာ ပေးတင့် Patent နဲ့ ကုန်အမှတ်တံဆိပ်လို ဉာဏပစ္စည်း မူပိုင်ခွင့်၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ ကုန်သွယ်ရေး) GATT ထက်လည်း စီးပွားရေးအရ ပိတ်ဆို့ အရေးယူနိုင်တဲ့ အခွင့်အာဏာ ပိုကိုင်လာနိုင်ခဲ့တာပါ။ ဥရောပသမဂ္ဂ စီးပွားရေးဆိုင်ရာ ပေါင်းစည်းမှုမှာလည်း ၁၉၉၃ မှာ တစ်ခုတည်းသော ဈေးကွက်စီမံကိန်း အပြီးသတ်တာ (လွတ်လပ်စွာ လှုပ်ရှားမှု လေးခုဆိုပြီး ရည်ညွှန်းကြတဲ့ ကုန်စည်၊ ဝန်ဆောင်မှု၊ လူနဲ့ ပိုက်ဆံ)နဲ့ ၁၉၉၅ မှာ ဆွီဒင်၊ ဖင်လန်နဲ့ ဩစတြီးယားတို့ကို အဖွဲ့ထဲ ထပ်တိုးလိုက်တာတို့ကြောင့် အခြေအနေတွေ ပိုတိုးတတ်လာခဲ့ပါတယ်။ အားလုံးပေါင်းပြီး ရလာတဲ့ အကျိုးဆက်ကတော့ (လုံးဝ လွတ်လပ်တဲ့အထိ မဟုတ်ပေမဲ့) ပိုလွတ်လပ်တဲ့



Copyright © 2026. Economic Education Program, Inya Economics.

ကုန်သွယ်ရေးနဲ့ များစွာ လိုက်လျောညီထွေမှုရှိတဲ့ နိုင်ငံတကာ ကုန်သွယ်ရေး စနစ်တစ်ခုကို ဖန်တီးခဲ့တာပဲ ဖြစ်ပါတယ်။

အဲ့တာကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ အိုင်ဒီယာက ဒီကာလကို သတ်မှတ်ပေးတဲ့ အယူအဆအဖြစ် ပေါ်ထွက်လာခဲ့တာပါ။ တကယ်တော့ နိုင်ငံတကာ စီးပွားရေး ပေါင်းစည်းမှု အနေနဲ့ ၁၆ ရာစုထဲက စခန်းသွားနေခဲ့တာ ဟုတ်ပေမဲ့၊ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ဇာတ်ကြောင်းသစ်အရ အခုဖြစ်စဉ်က နောက်ထပ် အဆင့်တစ်ခုကို ရောက်သွားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာရတာက ဆက်သွယ်ရေး (အင်တာနက်) နဲ့ သယ်ယူပို့ဆောင်ရေး (လေကြောင်း ခရီးသွားလာမှုနဲ့ သင်္ဘောဖြင့် ကုန်သေတ္တာများ သယ်ယူပို့ဆောင်ခြင်း) ကဏ္ဍတွေက နည်းပညာ တော်လှန်ရေးတွေရဲ့ အကျိုးကျေးဇူးကြောင့် ဖြစ်ပြီး၊ 'အကွာအဝေးရဲ့ နိဂုံး'ဆိုတာကို ဦးတည်စေခဲ့တာပါ။ နိုင်ငံတွေအနေနဲ့ ဒီအခြေအနေသစ်ကို ထွေးပွေ့ပြီး နိုင်ငံတကာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကို အပြည့်အဝ တံခါးဖွင့်တာ၊ တပြိုင်တည်းမှာပဲ ပြည်တွင်း စီးပွားရေးရပ်ဝန်းကို လွတ်လပ်အောင် လုပ်ပေးတာကလွဲလို့၊ တခြား ရွေးစရာ မရှိဘူးဆိုပြီး ဂလိုဘယ်လိုက်ဇေးရှင်းသမားတွေက ဆိုခဲ့ကြပါတယ်။ ဒီရှောင်လွှဲလို့မရတဲ့ အရာကြီးကို ဆန့်ကျင်တဲ့သူတွေကို ဒီနေ့ခေတ်ရဲ့ ခေတ်နောက်ပြန်ဆွဲသူ Luddites လို့ ပြက်ရယ်ပြုခဲ့ကြပြီး၊ နည်းပညာ တိုးတတ်မှုတွေကို ပြောင်းပြန်လှန်ပြီး ကုန်လွန်ခဲ့တဲ့ ကမ္ဘာကြီးကို ပြန်ယူဆောင်နိုင်မယ်လို့ တွေးထင်နေကြသူတွေလို့လည်း သရော်ခဲ့ကြပါသေးတယ်။ *နယ်စည်းမခြားကမ္ဘာကြီး The Borderless World ၊ ကမ္ဘာပြားပြီ The World Is Flat* နဲ့ *အဆင်သင့်ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ တစ်ခုတည်းသောကမ္ဘာ One World, Ready or Not* စတဲ့ စာအုပ်နာမည်တွေက ဒီကာလ အသွန်အသင် အပြောအဆိုအသစ် Discourse ရဲ့ အနှစ်သာရကို အကျဉ်းချုပ်ပြနေခဲ့တာ ဖြစ်ပါတယ်။

## အဆုံးတစ်ခုရဲ့ အစ၊ အာရှ ဘဏ္ဍာရေး အကျပ်အတည်း

1980 နှစ်တွေရဲ့ နှောင်းပိုင်းနဲ့ ၁၉၉၀ နှစ်တွေရဲ့ အစောပိုင်းကာလ ရွှင်လန်းဝမ်းမြောက်ရမှုတွေက သိပ်တော့လည်း မကြာခဲ့ပါဘူး။ ကမ္ဘာသစ်မှာ အရာအားလုံး အဆင်ပြေမနေခဲ့ဘူး ဆိုတာရဲ့ ပထမဆုံး လက္ခဏာအဖြစ် ၁၉၉၅ မက္ကစီကိုမှာ ဘဏ္ဍာရေး အကျပ်အတည်း ပေါ်ပေါက်ခဲ့ပါတယ်။ လူအများအပြားက လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေနဲ့ မက္ကစီကိုရဲ့ ဘဏ္ဍာရေး အက်ဆက်တွေမှာ ရင်းနှီးမြှုပ်နှံခဲ့ကြတာပါ။ လွတ်လပ်တဲ့ ဈေးကွက် မူဝါဒတွေကို အပြည့်အဝလက်ခံ ယုံကြည်ထားပြီး NAFTA ကိုလည်း လက်မှတ်ထိုးခဲ့ပြီး ဖြစ်တာကြောင့် ဒီနိုင်ငံအနေနဲ့ နောက်ထပ် အံ့ဖွယ်စီးပွားရေးတစ်ခု ဖြစ်လာတော့မယ် ဆိုပြီး ပုံအောခဲ့ကြတာ ဖြစ်ပါတယ်။

သူတို့ရဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး မိတ်ဖက်အသစ် ပြိုလဲတာကို မလိုချင်တဲ့ အမေရိကန်နဲ့ ကနေဒါ အစိုးရ အပြင် IMF က မက္ကစီကိုကို ဒီငွေကြေး အကျပ်အတည်းကနေ ကယ်ထုတ်ပေးခဲ့ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

၁၉၉၇ မှာတော့ အာရှ ဘဏ္ဍာရေး အကျပ်အတည်းနဲ့အတူ နောက်ထပ် ပိုကြီးတဲ့ ရှော့ခ်တစ်ခု ပေါ်ထွက်လာခဲ့ပြန်ပါတယ်။ အဲ့အချိန်ထိ အောင်မြင်နေခဲ့တဲ့ အာရှ စီးပွားရေးရပ်ဝန်းက နိုင်ငံတွေဖြစ်တဲ့ MIT စီးပွားရေးရပ်ဝန်းတွေ (မလေးရှား M၊ အင်ဒိုနီးရှား I နဲ့ ထိုင်း T)နဲ့ တောင်ကိုးရီးယားတို့က ဘဏ္ဍာရေး ပြဿနာတွေထဲကို သက်ဆင်းခဲ့ရတာပါ။ လက်သည်ကတော့ အက်ဆက် ပူဖောင်း ပေါက်ကွဲခဲ့တာကြောင့်ပဲ ဖြစ်ပါတယ် (အက်ဆက်ဈေးနှုန်းတွေက လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေအပေါ် အခြေခံပြီး အမှန်တကယ် ရှိတာထက် အများကြီး ဈေးမြင့်သွားခဲ့တာပါ)။

ဒီနိုင်ငံတွေအနေနဲ့ တခြား ဖွံ့ဖြိုးဆဲဒေသတွေထက် သူတို့ စီးပွားရေး တံခါးဖွင့်တဲ့ အချိန်မှာ ပိုသတိထားခဲ့ပေမဲ့၊ ၁၉၈၀ နှောင်းပိုင်းတွေနဲ့ ၁၉၉၀ အစောပိုင်းတွေမှာတော့ သူတို့ရဲ့ ဘဏ္ဍာရေး ဈေးကွက်ကို အကြီးအကျယ်ဖွင့်ခဲ့ကြတာပါ။ အဲ့လိုမျိုး ကန့်သတ်ချက် အနည်းငယ်ပဲ ကြုံရတဲ့အခါ ဒီနိုင်ငံက ဘဏ်တွေအနေနဲ့ အတိုးနှုန်းနိမ့်တဲ့ ချမ်းသာတဲ့ နိုင်ငံတွေဆီကနေပြီး တတ်တတ်ကြွကြွနဲ့ ချေးငှားခဲ့ကြပါတယ်။ ချမ်းသာတဲ့ နိုင်ငံရဲ့ ဘဏ်တွေဘက်ကျ ဆယ်စုနှစ်ချီပြီး ပြောင်မြောက်တဲ့ စီးပွားရေး မှတ်တမ်းရှိတဲ့ ဒီလိုနိုင်ငံတွေကို ငွေချေးရတာ အန္တရာယ် နည်းတယ်လို့ မြင်ခဲ့ကြတာပါ။ နိုင်ငံတကာက အရင်းတွေ ပိုစီးဝင်လာတော့ အက်ဆက်တန်ဖိုးတွေပါ မြင့်တတ်သွားခဲ့ပါတယ်။ အဲ့ကနေပဲ အာရှနိုင်ငံက လုပ်ငန်းတွေနဲ့ အိမ်ထောင်စုတွေကို ပိုချေးငှားလာစေခဲ့ပြန်ပြီး၊ သူတို့ရဲ့ တန်ဖိုးပိုကြီးတဲ့ အက်ဆက်တွေကို အပေါင်ပစ္စည်းအဖြစ် သုံးလာခဲ့ကြတာပါ။ မကြာမီပဲ အမြဲတန်ဖိုးတတ်နေတဲ့ အက်ဆက် ဈေးနှုန်းတွေက ဖြစ်လာတဲ့ မျှော်လင့်ချက်ကနေပြီး နောက်ထပ် ချေးငှားမှုနဲ့ ငွေချေးမှုတွေက မှန်ကန်တယ်ဆိုတာ သက်သေပြနေခဲ့တာကြောင့်၊ ဒီဖြစ်စဉ်က မြေကြီးလက်ခက် မလွဲနိုင်တဲ့ ပောကိန်းလိုမျိုး ဖြစ်လာခဲ့ပါတယ် (ဒီအကြောင်းအရာနဲ့ ရင်းနှီးသလိုများ ဖြစ်နေပါသလား)။ ဒီအက်ဆက်ဈေးနှုန်းတွေကို ဆက်မထိန်းထားနိုင်ဘူးဆိုတာ နောင်မှာ သိလာကြတဲ့ အခါမှာတော့ ပိုက်ဆံတွေကို ပြန်ဆွဲထုတ်ခဲ့ကြပြီး၊ ဘဏ္ဍာရေး အကျပ်အတည်း ပေါ်ထွက်လာခဲ့တာပါ။

အာရှအကျပ်အတည်းက သူ့ဒဏ်ကို ခံခဲ့ရတဲ့ စီးပွားရေးရပ်ဝန်းတွေအပေါ် ကြီးမားတဲ့ အမာရွတ်ကြီး ချန်ထားခဲ့ပါတယ်။ ၅ ရာခိုင်နှုန်းလောက်နဲ့ တိုးတတ်ရင်တောင် စီးပွားပျက်ကပ်အဖြစ် မှတ်ယူခဲ့ကြတဲ့ စီးပွားရေးရပ်ဝန်းတွေအတွက် ဖြစ်သွားခဲ့တဲ့ အခြေအနေက အတော် အထိနာစေခဲ့တာပါ။ အင်ဒိုနီးရှားဆိုရင် ၁၉၉၈ မှာ ထွက်ကုန် ၁၉ ရာခိုင်နှုန်းလောက် ကျသွားခဲ့ပြီး၊ တခြား စီးပွားရေးရပ်ဝန်းတွေဆို ၆-၇ ရာခိုင်နှုန်းလောက် ကျသွားခဲ့ကြတာပါ။ အလုပ်လက်မဲ့ဖြစ်ရင် ကုန်းကောက်စရာ မရှိလောက်အောင် မွဲပြာကျတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့ လူ့အဖွဲ့အစည်းတွေမှာ သန်းကိုဆယ်နဲ့ ချီတဲ့သူတွေက သူတို့ရဲ့ အလုပ်တွေကနေ ကန်ထုတ်ခံခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒီနိုင်ငံတွေက လူမှုဖူလုံရေး စောင့်ရှောက်မှု အရွယ်အစားကလည်း ပြောပလောက်စရာ မရှိခဲ့ပါဘူး။



Copyright © 2026. Economic Education Program, Inya Economics.

IMF နဲ့ ချမ်းသာတဲ့ နိုင်ငံတွေရဲ့ ငွေကြေးအကျပ်အတည်းက ကယ်ထုတ်ပေးမယ့် ငွေအတွက်၊ အပြန်အလှန် အဖြစ်၊ အကျပ်အတည်း ဒဏ်ခံနေရတဲ့ အာရှနိုင်ငံတွေ အနေနဲ့ မူဝါဒ အပြောင်းအလဲ များစွာကို လက်ခံခဲ့ရပါတယ်။ ဒီမူဝါဒ အပြောင်းအလဲတွေ အားလုံးကလည်း သူတို့ရဲ့ ဈေးကွက်၊ အထူးသဖြင့် ဘဏ္ဍာရေး ဈေးကွက်ကို၊ ပိုလွတ်လပ်အောင် လုပ်ဖို့ကိုပဲ ဦးတည်ခဲ့တာပါ။ အဲ့ဒီ အပြောင်းအလဲတွေက အာရှ စီးပွားရေးရပ်ဝန်းတွေကို ဈေးကွက်ကို ပိုဦးစားပေးတဲ့ လမ်းကြောင်းဘက်ကို တွန်းပို့ခဲ့ပေမဲ့၊ သူပြီးတဲ့နောက် ချက်ချင်းကပ်ဖြစ်ခဲ့တဲ့ ဘရာဇီးလ်နဲ့ ရုရှားအကျပ်အတည်းတွေက၊ စစ်အေးအလွန်ကာလ လွတ်လပ်တဲ့ ဈေးကွက် အောင်ပွဲခံမှုနဲ့ ပတ်သက်တဲ့ သံသယမျိုးစေ့တွေကို ပထမဆုံးအကြိမ် အမှန်တကယ် ကြဲချပေးခဲ့ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း လေးနက်တဲ့ ဆွေးနွေးပွဲတွေလည်း ရှိလာခဲ့တာပါ။ အဲ့ဒီ ဆွေးနွေးပွဲ အများစုက ၂၀၀၈ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း နောက်ပိုင်း မြင်တွေ့နေရတဲ့ ဆွေးနွေးပွဲတွေနဲ့ တူညီတဲ့ပုံသဏ္ဍာန် ရှိခဲ့ကြပါတယ်။ Financial Times သတင်းစာက ပင်တိုင်ဆောင်းပါးရှင် မာတင်ဝုဖ်နဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး ဘောဂဗေဒသမား ဂျာဒ်ရှ်ဘာဝါတီလို အထင်ကရ ဂလိုဘယ်လိုက်ဇေးရှင်း ထောက်ခံသူတွေထဲက တောင်မှ နိုင်ငံတကာက အရင်းတွေ လွတ်လွတ်လပ်လပ် စီးဆင်းမှုကို ခွင့်ပြုတာနဲ့ ပတ်သက်တဲ့ ရှုမြင်တွေးခေါ်ပုံတွေကို စပြီး မေးခွန်းထုတ်လာခဲ့ကြတာပါ။ ကမ္ဘာ့ စီးပွားရေး ပုံစံအသစ်နဲ့ ပတ်သက်လို့ အားလုံး အဆင်ပြေနေခဲ့တာတော့ မဟုတ်ပါဘူး။

## **အစစ်အမှန် မဟုတ်ခဲ့တဲ့ အာရုဏ်ဦး၊ ဒေါ့ကွန်း စီးပွားရေး စန်းပွင့်မှုမှ ရောမ စီးပွားရေးတည်ငြိမ်မှု Great Moderation ဆီသို့**

အဲ့ဒီအကျပ်အတည်းတွေ ထိန်းချုပ်ပြီးတဲ့ အခါမှာတော့၊ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးတာတွေ ပြန်မှေးမှိန်သွားခဲ့ပါတယ်။ အမေရိကန်မှာ ပြယုဂ်ဖြစ်ခဲ့တဲ့ အစီအမံအသစ် ဥပဒေ New Deal legislation ထဲက ၁၉၃၃ ဂလပ်စ်-စတီးဂေါလ် ဥပဒေကို ၁၉၉၉ မှာ ပယ်ဖျက်လိုက်တာကနေ တခြားလမ်းကြောင်း တစ်ခုဆီကို အဓိက တွန်းပို့ ခဲ့တာပါ။ ဒီဥပဒေအရဆို ဖွဲ့စည်းတဲ့ သဘောအရ ကော်မာရှယ်ဘဏ်တွေကို ရင်းနှီးမြှုပ်နှံမှုဘဏ်တွေနဲ့ ခွဲထုတ်ထားခဲ့တာ ဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်မှာတော့ ဒေါ့ကွန်း ဘူပေါင်း ပေါက်ခြင်းဆိုတဲ့ နောက်ထပ် ထိတ်လန့်တုန်လှုပ်စရာ တစ်ခု အမေရိကန်မှာ ဖြစ်ခဲ့ပြန်ပါတယ်။ မြင်သာတဲ့ အနာဂတ်အတွင်း အမြတ်တစုံတရာ ထွက်ပေါ်ဖို့ အလားအလာ မရှိတဲ့ အင်တာနက်အခြေခံ ကုမ္ပဏီတွေရဲ့ ရှယ်ယာတန်ဖိုးတွေက မယုံချင်စဖွယ် မြင့်တတ်နေခဲ့တာပါ။ အဲ့ဒီ ထိတ်လန့်မှုကတော့ အမေရိကန် ဗဟိုဘဏ်က ကြားဝင်ပြီး အတိုးနှုန်း အလွန်အကျွံ လျှော့ချတာနဲ့၊ ချမ်းသာတဲ့ စီးပွားရေးရပ်ဝန်းက ဗဟိုဘဏ်တွေပါ အဲ့လို လိုက်လုပ်ကြတာရယ်ကြောင့် မကြာခင် မှေးမှိန်သွားခဲ့ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

အဲ့အချိန်ကစလို့ ချမ်းသာတဲ့ နိုင်ငံတွေနဲ့ အထူးသဖြင့် အမေရိကန်မှာတော့ ထောင်စုနှစ်ရဲ့ အစပိုင်းနှစ်တွေက အဆင်ပြေပြေနဲ့ပဲ လည်ပတ်နေခဲ့တယ်လို့ ထင်မြင်ယူဆချင်စရာ ဖြစ်နေခဲ့တာပါ။ စီးပွားရေး တိုးတတ်မှုက ခမ်းနားကြီးကျယ်ပါတယ် ဆိုတာမျိုး မဟုတ်ရင်တောင် အားရစရာ ကောင်းနေခဲ့တာ ဖြစ်ပါတယ်။ အက်ဆက်တန်ဖိုးတွေ (အိမ်ခြံမြေ တန်ဖိုး၊ ကုမ္ပဏီရှယ်ယာနဲ့ တခြားသော အက်ဆက်တွေ) ကလည်း အမြဲတမ်း အတတ်ပဲ ရှိတော့မှာလို့ ထင်လောက်စရာ ဖြစ်ခဲ့တာပါ။ ငွေကြေးဖောင်းပွမှုကလည်း နိမ့်ကျနေခဲ့ပါတယ်။ ၂၀၀၆ ဖေဖော်ဝါရီနဲ့ ၂၀၁၄ ဇန်နဝါရီကြား ဗဟိုဘဏ် ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဘန်ဘာန်းနက် အပါအဝင် ဘောဂဗေဒပညာရှင်တွေက ဧရာမ စီးပွားရေးတည်ငြိမ်မှု Great Moderation ဆိုတာကို ပြောဆိုခဲ့ကြပြီး၊ ဘောဂဗေဒသိပ္ပံဆိုတဲ့ အရာက နောက်ဆုံးတော့ စီးပွားရေး အတတ်နဲ့ အကျ (သို့မဟုတ် စီးပွားရေး ရပ်ဝန်းတစ်ခုမှာ အမြတ်အစွန်းအရ အတတ်အကျ ကြမ်းတာ)ကို အောင်နိုင်ခဲ့ပြီလို့ ဆိုခဲ့ကြတာပါ။ ၁၉၈၇ ဩဂုတ်နဲ့ ၂၀၀၆ ဇန်နဝါရီကြား ဗဟိုဘဏ် ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဖြစ်တဲ့ အလန်ဂရင်းစ်ပန်ဆိုရင် အကျော်အမော်တစ်ဦးအနေနဲ့ကို ဆည်းကပ်ခံခဲ့ရတာ ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှု တိုးတာမျိုးလည်း မဖြစ်စေ၊ ဘဏ္ဍာရေး အန္တရာယ်တွေကို ဖိတ်ခေါ်တာမျိုးလည်း မရှိပဲနဲ့၊ အမြဲမပြတ် စီးပွားရေး တိုးတတ်မှု ဖြစ်စေဖို့ စီမံခန့်ခွဲနိုင်တဲ့၊ အဂ္ဂရိတ်ဆရာ တစ်ယောက် နီးနီး ကျွမ်းကျင်မှုတွေ သူ့မှာ ရှိတယ်ဆိုပြီး ကိုးကွယ်ခဲ့ကြတာပါ။

၂၀၀၀ ပြည့်နှစ်ရဲ့ အလယ်ပိုင်းနှစ်တွေ အတွင်းမှာပဲ ရှေ့ဆယ်စုနှစ် နှစ်ခုအတွင်းက တရုတ်ပြည်ရဲ့ အံ့ဖွယ် စီးပွားရေး တိုးတတ်မှုကို ကမ္ဘာကြီးရဲ့ တခြားနေရာတွေမှာ စတင်ခံစားလာခဲ့ရပါတယ်။ သူ့ရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအစ ၁၉၇၈ မှာ တရုတ်ပြည် စီးပွားရေးက ကမ္ဘာ့စီးပွားရေးရဲ့ ၂.၅ ရာခိုင်နှုန်းပဲ ရှိခဲ့တာပါ။ ကမ္ဘာကြီးရဲ့ တခြားနေရာတွေကို အနည်းငယ်ပဲ သက်ရောက်ခဲ့ပြီး၊ ကမ္ဘာ့ကုန်စည် ပို့ကုန်မှာ သူ့ရဲ့ ဝေစုက ၀.၈ ရာခိုင်နှုန်းလေးပဲ ရှိခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၇ အရောက်မှာတော့ အပေါ်ကပြောတဲ့ ဂဏန်းတွေမှာ ၆ ရာခိုင်နှုန်းနဲ့ ၈.၇ ရာခိုင်နှုန်းအထိ တိုးသွားခဲ့ပါပြီ။ သဘာဝ သယံဇာတ အပ်နှင်းခံရမှုမှာ နှိုင်းယှဉ်ချက်အရ နည်းပါးတာအပြင် အန္တရာယ်ဖြစ်လောက်တဲ့နှုန်းနဲ့ စီးပွားရေး တိုးတတ်နေခဲ့တာကြောင့် ကမ္ဘာကြီးရဲ့ တခြားနေရာတွေက အစားအစာ၊ တွင်းထွက်သတ္တုနဲ့ လောင်စာတွေကို စတင်ဝါးမျိုလာခဲ့ပြီး၊ တိုးလာတဲ့ သူ့အလေးချိန်ရဲ့ သက်ရောက်မှုကိုလည်း ပြင်းပြင်းထန်ထန် ပိုခံစားလာခဲ့ရပါတယ်။

ဒီအခြေအနေကပဲ အာဖရိကနဲ့ လက်တင်အမေရိကရဲ့ ကုန်ကြမ်း တင်ပို့မှုကို တဖန် မြှင့်တင်ပေးခဲ့ပါတယ်။ ဒီကနေပဲ ၁၉၈၀ နဲ့ ၁၉၉၀ နှစ်တွေအတွင်း တချို့ ကဏ္ဍတွေမှာ စီးပွားရေးအရ သူတို့ ဆုံးရှုံးခဲ့ရတာကို လိုက်မိဖို့ ဖြစ်စေခဲ့တာပါ။ တရုတ်အနေနဲ့လည်း တချို့ အာဖရိကနိုင်ငံတွေရဲ့ အရေးပါတဲ့ ငွေချေးသူနဲ့ ရင်းနှီးမြှုပ်နှံသူဆိုပြီး ဖြစ်လာခဲ့ပါတယ်။ အဲ့ဒါကြောင့်ပဲ ဘရစ်တန်ဝုဒ် အင်စတီကျူးရှင်းတွေနဲ့ သမားရိုးကျ အကူငွေပေးတဲ့ အလှူရှင်တွေဖြစ်တဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေနဲ့ ညှိနှိုင်းရာမှာ သူ့ကို တစုံတရာ ဩဇာရှိလာစေခဲ့တာပါ။ လက်တင်အမေရိကနိုင်ငံတွေရဲ့ အခြေအနေမှာတော့၊ အဲ့ဒေသက နိုင်ငံအများစုကို ဆိုးဆိုးရွားရွား ဖြစ်စေခဲ့တဲ့

Copyright © 2026. Economic Education Program, Inya Economics.

နီယိုလစ်ဘရယ် မူဝါဒတွေကနေ လမ်းခွဲတာကို၊ ဒီကာလအတွင်း မြင်တွေ့ခဲ့ရပါတယ်။ ဘရာဇီးလ်က လူလာ၊ ဘိုလစ်ဗီးယားက မိုရေးလ်စ်၊ ဗင်နီဇွဲလားက ချေးဗဇ်၊ အာဂျင်တီးနားက ကာချနီနာ၊ အီကွေဒေါက ကော်ရီးရားနဲ့ ဥရုဂွေးက ဗက်ကွက်ဇ်တို့က အထင်ရှားဆုံးသောနမူနာတွေ ဖြစ်ခဲ့တာပါ။

## နံရံပေါ်က အက်ကြောင်းတစ်ခု၊ ၂၀၀၈ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်း

၂၀၀၇ အစောပိုင်းမှာတော့ အပေါင်စာချုပ် ချေးငွေတွေ ပြန်မပေးကြတဲ့အပေါ် စိတ်ပူသူတွေကနေပြီး အချက်ပေး ခေါင်းလောင်းတွေ တီးလာခဲ့ကြပါတယ်။ အဲ့ဒီလိုမျိုး ချေးငွေတွေကို စကားတန်ဆာအရ ဆဘ်ပရိုင်း Subprime လို့ ခေါ် ပြီး (အကြွေးပေးတာ ပျက်ကွက်ဖို့ အလားအလာများသောလို့ ဖော်ပြပါတယ်)၊ ရှေ့က အိမ်ယာစီးပွားစန်းပွင့်ချိန်မှာ အမေရိကန် ဘဏ္ဍာရေး လုပ်ငန်းတွေက ဖန်တီးခဲ့ကြတာပါ။ ပုံမှန် ဝင်ငွေမရှိတဲ့ သူတွေနဲ့ အကြွေးမှတ်တမ်း ရှိတဲ့သူတွေကို သူတို့ ပြန်ပေးဖို့ တတ်နိုင်တာထက် ပိုပြီး ငွေချေးခဲ့ကြပါတယ်။ အိမ်ဈေးနှုန်းတွေ ထပ်တတ်နေအုံးမှာပဲလို့ ယူဆပြီး ဒီလို ဆောင်ရွက်ခဲ့ကြတာပါ။ အဆိုးဆုံး အခြေအနေ ဆိုတာမျိုး ဖြစ်လာခဲ့ရင်တောင် သူတို့ အိမ်တွေ ရောင်းပြီး အကြွေးတွေ ပြန်ပေးနိုင်မှာပဲ ဆိုပြီး ယူဆခဲ့ကြတာ ဖြစ်ပါတယ်။ အဲ့တာအပြင် ဒီလိုမျိုး အင်မတန် စွန့်စားရတဲ့ အပေါင်စာချုပ် ချေးငွေ သောင်းနဲ့ချီပြီး မဟုတ်ရင် သောင်းကိုမှ ရာနဲ့ချီပြီးကို၊ MBS နဲ့ CDO လိုမျိုး မျိုးစုံ ပေါင်းစပ်ထားတဲ့ ဘဏ္ဍာရေး ထုတ်ကုန်တွေအဖြစ် တွဲထားခဲ့ကြတာပါ။ ပြီးတော့မှ အဲ့တာတွေကို စွန့်စားမှုနည်းတဲ့ အက်ဆက်တွေအဖြစ် ရောင်းခဲ့ကြတာ ဖြစ်ပါတယ်။ ချေးငှားထားသူ တပြုံတမကြီး တပြိုင်နက်တည်း ဒုက္ခရောက်ကြဖို့ဆိုတာက တစ်ဦးချင်း ချေးငှားသူတွေ ဒုက္ခရောက်ဖို့ထက် ပိုပြီး အခွင့်အလမ်း နည်းတယ်ဆိုပြီး ယူဆခဲ့ကြတာပါ။

ကနဦးမှာတော့ အမေရိကန်ရဲ့ အပေါင်စာချုပ် ချေးငွေ ပြဿနာက ဒေါ်လာ ၅၀-၁၀၀ ဘီလီယံလောက် ရှိမယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒီပမာဏက သေးငယ်တဲ့ အရွယ်အစား မဟုတ်ပေမဲ့ စနစ်ကနေ လွယ်လွယ်ကူကူ စုပ်ယူလို့ရတဲ့ ပမာဏဆိုပြီး ယူဆခဲ့ကြတာပါ (မဟုတ်ရင်တောင် အများစုက အဲ့အချိန်တုန်းက ဒီလိုပဲ ကြွေးကြော်ခဲ့ကြတာ ဖြစ်ပါတယ်)။ ဒါပေမဲ့ ၂၀၀၈ နွေရာသီမှာတော့ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေ ဖြစ်တဲ့ Bear Stearns နဲ့ Lehmann Brothers တို့ရဲ့ ဒေဝါလီခံမှုနဲ့အတူ အကျပ်အတည်းက ကျကျနနကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ရောမ ဘဏ္ဍာရေး ထိတ်လန့်မှုက တကမ္ဘာလုံးကို ရိုက်ခတ်သွားခဲ့တာပါ။ နောက်ပိုင်း ထွက်ပေါ်လာခဲ့တာက ဘဏ္ဍာရေး လုပ်ငန်းစုထဲ အချို့သော လူရိုသေရှင်ရိုသေဖြစ်တဲ့ နာမည်ကျော်တွေတောင် ကြီးမားတဲ့ အန္တရာယ်ထဲကို ရောက်နေခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့က စိတ်မချရတဲ့ မျိုးစုံပေါင်းစပ်ထားတဲ့ ဘဏ္ဍာရေး ထုတ်ကုန်တွေကို ထုတ်လုပ်ခဲ့၊ ဝယ်ထားခဲ့တာမျိုးကြောင့် အဲ့လို ဖြစ်သွားခဲ့ရတာပါ။



Copyright © 2026. Economic Education Program, Inya Economics.

## ကိန်းဝါဒီတို့ရဲ့ နွေဦးနဲ့ လွတ်လပ်တဲ့ဈေးကွက်ဆိုတဲ့ သမာရိုးကျအတွေးအခေါ် အငြိုးတကြီးဖြင့် ပြန်ပေါ်လာခြင်း

အရေးပါတဲ့ စီးပွားရေးရပ်ဝန်းတွေရဲ့ ကနဦး တုံ့ပြန်မှုက မဟာစီးပွားပျက်ကပ် အပြီးတုန်းကနဲ့ ယှဉ်ရင် အတော်ကို ကွာခြားခဲ့ပါတယ်။ မက်ခရို စီးပွားရေးမူဝါဒတွေက ကိန်းဝါဒီတွေရဲ့ သဘောအတိုင်း ဖြစ်လာခဲ့ပြီး ကြီးမားတဲ့ ဘက်ဂျက်လိုငွေ ပြတာကို ခွင့်ပြုခဲ့ကြတာပါ။ အနိမ့်ဆုံးအနေနဲ့ အခွန်ကရတဲ့ အမြတ်ငွေတွေ ကျသွားတာတောင် အသုံးစရိတ် မဖြတ်ချခဲ့ပဲ၊ တချို့အခြေအနေတွေမှာဆို အစိုးရအသုံးစရိတ်ကိုပါ တိုးခဲ့ကြတာပါ (တရုတ်ကတော့ ဒီအပိုင်းကို တက်တက်ကြွကြွနဲ့ ဆောင်ရွက်ခဲ့ပါတယ်)။

အရေးပါတဲ့ ဘဏ္ဍာရေး အင်စတီကျူးရှင်းတွေ (ဥပမာ ဗြိတိန်ရဲ့ စကော့တလန် တော်ဝင်ဘဏ်)နဲ့ စက်မှုလုပ်ငန်းတွေ (ဥပမာ အမေရိကန်က GM နဲ့ Chrysler တို့) ကို ပြည်သူ့ဘဏ္ဍာတွေ သုံးပြီး အကျပ်အတည်းက ကယ်ထုတ်ခဲ့ကြပါတယ်။ ဗဟိုဘဏ်တွေက အတိုးနှုန်းကို သမိုင်းဝင် အနိမ့်ကျဆုံး ဆိုတဲ့အထိ ဆွဲချခဲ့ကြတာပါ။ နမူနာပြရရင် အင်္ဂလန်ဗဟိုဘဏ်ဆို စတင်တည်ထောင်တဲ့ ၁၆၉၄ ထဲက အနိမ့်ဆုံးဆိုတဲ့ အဆင့်အထိ အတိုးနှုန်းကို လျှော့ချခဲ့တာ ဖြစ်ပါတယ်။ အတိုးနှုန်းတွေကို ထပ်လျှော့ချလို့ မရတော့တဲ့ အခါမှာတော့ အရေအတွက်အားဖြင့် လျှော့ပေါ့စေခြင်း (quantitative easing QE) ဆိုတာကို ဗဟိုဘဏ်တွေက ဝင်လုပ်ခဲ့ကြတာပါ။ အခြေခံအားဖြင့် QE ဆိုတာက ဘာမှမရှိတဲ့ အခြေအနေကနေ ဗဟိုဘဏ်က ပိုက်ဆံတွေ ဖန်တီးပြီး အစိုးရငွေချေး စာချုပ်တွေ ဝယ်တာကနေ စီးပွားရေးရပ်ဝန်းထဲ ပြန်ဖြန့်ချိတာမျိုး ဖြစ်ပါတယ်။

ဒါပေမဲ့ သိပ်မကြာခင်ပဲ သမာရိုးကျ အတွေးအခေါ် ဖြစ်တဲ့ လွတ်လပ်တဲ့ ဈေးကွက် အယူအဆက အငြိုးတကြီး ပြန်ရောက်လာခဲ့ပါတယ်။ ၂၀၁၀ မေလကတော့ အလှည့်အပြောင်းသဘော ဖြစ်ခဲ့တာပါ။ အဲ့ဒီလမှာပဲ ဗြိတိန်က ကွန်ဆာဗေးတစ် ဦးဆောင်တဲ့ ညွန့်ပေါင်းအစိုးရ ရွေးကောက်ပွဲနဲ့ ဂရိအတွက် ဥရောပဇုန် ငွေကြေး အကျပ်အတည်းမှ ကယ်ထုတ်ခြင်း အစီအမံကို ပြဋ္ဌာန်းခဲ့တာတွေက မူလလက်ဟောင်း မျှတတဲ့ အသုံးစရိတ် ဒေသနာ ပြန်ရောက်လာတာကို ညွှန်ပြနေခဲ့ပါတယ်။ ဗြိတိန်နဲ့ PIIGS စီးပွားရေးရပ်ဝန်းတွေမှာ အသုံးစရိတ် အများအပြား ဖြတ်ချမယ့် ခြိုးခြံချွေတာရေး ဘက်ဂျက်ဆိုတာကို ပြဋ္ဌာန်းခဲ့ကြတာပါ (PIIGS – ပေါ်တူဂီ၊ အီတလီ၊ အိုင်ယာလန်၊ ဂရိနဲ့ စပိန်)။ ၂၀၁၁ မှာ ရောမ အသုံးစရိတ် ဖြတ်ချတဲ့ အစီအစဉ်ကို လက်ခံဖို့ အိုဘားမား အစိုးရကို တွန်းအားပေးနိုင်ခဲ့တဲ့ အမေရိကန်က ရီပတ်ဘလီကန်တွေရဲ့ အောင်မြင်မှုနဲ့၊ အမာခံ ဥရောပနိုင်ငံတွေရဲ့ လိုငွေပြမှုကို ဆန့်ကျင်တဲ့ဘက် သဘောထား ယိမ်းယိုင်တာကို ဥရောပ ဘဏ္ဍာရေးလမ်းညွှန် European Fiscal Compact ဆိုတာအဖြစ် ၂၀၁၂ မှာ လက်မှတ်ထိုးပြီး ထပ်လောင်း အတည်ပြုခဲ့တာတွေက၊ အပေါ်ကပြောတဲ့ လမ်းကြောင်းကို သွားဖို့ ထပ်ပြီး တွန်းအားပေးခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီနိုင်ငံတွေ အားလုံးနဲ့ အထူးသဖြင့် ဗြိတိန်မှာဆို၊ လက်ယာနိုင်ငံရေး ဘက်ကနေပြီး မျှတတဲ့ ဘက်ဂျက် အဆိုပြုချက်ကို ဆွဲကိုင်ပြီး လူမှုဖူလုံရေး



Copyright © 2026. Economic Education Program, Inya Economics.

အစိုးရကို ပြင်းပြင်းထန်ထန် ဖြတ်တောက်ဖို့ ဆင်ခြေတစ်ခု အနေနဲ့တောင် သုံးခဲ့ကြတာပါ။ အဲ့ဒီ လူမှုဖူလုံရေး အစိုးရ ဆိုတာကို သူတို့က အမြဲတမ်း လျော့ချချင်ခဲ့တာလည်း ဖြစ်ပါတယ်။

## အကျိုးဆက်များ၊ ပျောက်ဆုံးသွားသော ဆယ်စုနှစ်လား

၂၀၀၈ အကျပ်အတည်းက အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိခဲ့ပြီး သူ့ရဲ့ အဆုံးသတ်ကတော့ အခုထိ မြင်ကွင်းထဲမှာ ပေါ်မလာသေးပါဘူး။ အကျပ်အတည်းပြီးလို့ လေးနှစ်အကြာ ၂၀၁၂ အကုန်မှာတော့ ချမ်းသာတဲ့ နိုင်ငံတွေ(နဲ့ လက်တဆုပ်စာသော အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ) ပါဝင်တဲ့ ပဲရစ်အခြေစိုက် OCED အဖွဲ့ဝင် ၃၄ နိုင်ငံထဲက ၂၂ နိုင်ငံမှာဆို၊ တစ်ဦးချင်း ထွက်ကုန်က ၂၀၀၇ မှာ ရှိတာထက်ကို နည်းနေပါသေးတယ် (OCED- စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး အဖွဲ့စည်း)။ ဈေးနှုန်း ဖောင်းပွတဲ့ သက်ရောက်မှုကို စစ်ထုတ်လိုက်ရင် ၂၀၁၂ မှာရှိတဲ့ တစ်ဦးချင်း ဝင်ငွေက ဂရိမှာဆို ၂၀၀၇ အနေအထားထက် ၂၆ ရာခိုင်နှုန်း၊ အိုင်ယာလန်မှာဆို ၁၂ ရာခိုင်နှုန်း၊ စပိန်မှာဆို ၇ ရာခိုင်နှုန်းနဲ့ ဗြိတိန်မှာဆို ၆ ရာခိုင်နှုန်းအထိ နိမ့်ကျနေသေးတာပါ။ အကျပ်အတည်းကနေပြီး တခြားနိုင်ငံတွေထက် ကောင်းကောင်းမွန်မွန် နာလန်ထနိုင်ခဲ့ပါတယ် ဆိုတဲ့ အမေရိကန်တောင်မှ ၂၀၁၂ မှာရှိတဲ့ တစ်ဦးချင်း ဝင်ငွေက ၂၀၀၇ မှာ ရှိတဲ့ အဆင့်ထက် ၁.၄ ရာခိုင်နှုန်း နိမ့်ကျနေပါသေးတယ်။

ခြိုးခြံချွေတာရေး ဘက်ဂျက်နဲ့အတူ အဲ့ဒီနိုင်ငံအများစုရဲ့ စီးပွားရေး နာလန်ထဖို့ အလားအလာက မှေးမှိန်နေသေးတာပါ။ ပြဿနာက တုံ့ဆိုင်းနေတဲ့ (သို့မဟုတ် ကျုံ့လာနေတဲ့) စီးပွားရေးရပ်ဝန်းမှာ အစိုးရ အသုံးစရိတ် လုံးလုံးလျားလျား ဖြတ်ချတာက နာလန်ထမှုကို ထိန်းထားသလို ဖြစ်စေခဲ့တာ ဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးကို မဟာစီးပွားပျက်ကပ် အတွင်းတုန်းကလည်း ကျွန်ုပ်တို့ မြင်ခဲ့ကြပြီးပါပြီ။ အကျိုးဆက်က အဲ့ဒီ နိုင်ငံအများစု အနေနဲ့ သူတို့ရဲ့ ၂၀၀၇ တုန်းက အနေအထားကို ပြန်မရောက်မီ ဆယ်စုနှစ်ရဲ့ အစိတ်အပိုင်း တစ်ခုလောက် အချိန်ယူကောင်း ယူရနိုင်တာမျိုးပဲ ဖြစ်ပါတယ်။ ဂျပန်ရဲ့ ၁၉၉၀ နှစ်တွေနဲ့ လက်တင်အမေရိကရဲ့ ၁၉၈၀နှစ်တွေမှာ ကြုံတွေ့ခဲ့ရသလိုပဲ ဒီနိုင်ငံတွေလည်း ပျောက်ဆုံးသွားသော ဆယ်စုနှစ်တစ်ခုရဲ့ အလယ်မှာ ဖြစ်နေလောက်ပါတယ်။

ခန့်မှန်းကြတာတော့ အနက်ရှိုင်းဆုံး အနေအထားမှာ ကမ္ဘာတဝှမ်း ထပ်ဆောင်း အလုပ်လက်မဲ့ သန်း၈၀လောက် အခု အကျပ်အတည်းကနေ ဖန်တီးခဲ့တာပါ။ စပိန်နဲ့ ဂရိမှာဆို အကျပ်အတည်း မတိုင်ခင် အလုပ်လက်မဲ့ ၈ ရာခိုင်နှုန်း ရှိတာကနေပြီး ၂၀၁၃ နွေရာသီမှာတော့ ၂၆ ရာခိုင်နှုန်းနဲ့ ၂၈ ရာခိုင်နှုန်း အသီးသီးကို တစ်ဟုန်ထိုး တတ်သွားခဲ့တာ ဖြစ်ပါတယ်။ အလုပ်လက်မဲ့ လူငယ်တွေဆို ၅၅ ရာခိုင်နှုန်းကို ကျော်သွားခဲ့တာပါ။

အမေရိကန်နဲ့ ဗြိတိန်လိုမျိုး အပျော့စား အလုပ်လက်မဲ့ ပြဿနာပဲ ကြုံခဲ့ရတဲ့ နိုင်ငံတွေမှာတောင် တရားဝင် အလုပ်လက်မဲ့နှုန်းက အမြင့်ဆုံးအချိန်မှာ ၈-၁၀ ရာခိုင်နှုန်းကို ရောက်ခဲ့တာ ဖြစ်ပါတယ်။



Copyright © 2026. Economic Education Program, Inya Economics.

## သိပ်နည်းပြီး သိပ်နောက်ကျနေသလား၊ ပြုပြင်ပြောင်းလဲရေးရဲ့ အလားအလာများ

အကျပ်အတည်းရဲ့ အတိုင်းအတာ ဒီလောက်အထိ ရှိတာတောင်မှ မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရေးတွေ ရောက်လာတာက နှေးနေပါသေးတယ်။ အကျပ်အတည်း ဖြစ်စေတဲ့ အကြောင်းအရင်းထဲမှာ ဘဏ္ဍာရေး ဈေးကွက်ကို အလွန်အကျွံ လွှတ်ပေးတဲ့ အချက်ပါနေတာတောင် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေက အားပျော့နေသေးပြီး၊ အလွန်နှေးကွေးစွာနဲ့ပဲ အပြောင်းအလဲအတွက် တင်သွင်း ပြဋ္ဌာန်းတာမျိုးပဲ ဖြစ်နေပါတယ် (နှစ်တွေ အများကြီး ကြာခဲ့တုန်းက အမေရိကန်ဘဏ်တွေ အနေနဲ့ ပိုတင်းကျပ်တဲ့ အစီအမံအသစ်က ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲရေးကို လိုက်နာဖို့ တစ်နှစ် အချိန်ရခဲ့တာလိုမျိုးပါ)။ ဒါတောင် အပျော့စားနဲ့ နှေးကွေးတဲ့ ပြုပြင်ပြောင်းလဲရေးကိုမှ မတင်သွင်း မပြဋ္ဌာန်းရသေးတဲ့ ဘဏ္ဍာရေး နယ်ပယ်တွေ ရှိနေသေးတာပါ။ ရှုပ်ထွေးတဲ့ ဘဏ္ဍာရေး ထုတ်ကုန်တွေကို ရောင်းဝယ်တဲ့ နယ်ပယ်လိုမျိုးတွေပေါ့။

အခုလက်ရှိ အလားအလာ ရေစီးကြောင်းက ပြောင်းပြန်လှန်သွားနိုင်တာလည်း အမှန်ပါပဲ။ တကယ်တော့ မဟာစီးပွားပျက်ကပ် အလွန်ကာလ အမေရိကန်နဲ့ ဆွီဒင်နှစ်နိုင်ငံလုံးမှာဆို ပြုပြင်ပြောင်းလဲရေးက နှစ်အနည်းငယ်ကြာ စီးပွားရေး ကျဆင်းမှုနဲ့ ဆင်းရဲဒုက္ခတွေ ပြီးတော့မှ ရောက်လာခဲ့တာပါ။ အမှန်တကယ်လည်း နယ်သာလန်၊ ပြင်သစ်နဲ့ ဂရိမှာရှိတဲ့ မဲဆန္ဒရှင်တွေက ခြိုးခြံချွေတာရေးကို ထောက်ခံတဲ့ ပါတီတွေကို ၂၀၁၂ ဆောင်းဦးမှာ ဖြုတ်ချခဲ့ကြပါတယ်။ အီတလီမှာလည်း ၂၀၁၃ မှာ အဲ့လို ထပ်ဖြစ်ခဲ့တာပါ။ ဥရောပသမဂ္ဂကလည်း လူအများစု မျှော်လင့်ထားတာထက် ပိုတင်းကျပ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း အချို့ကို စတင်တင်သွင်းလာခဲ့ပါတယ် (ဥပမာ ဘဏ္ဍာရေးဆိုင်ရာ အရောင်းအဝယ်ခွန်နဲ့ ဘဏ္ဍာရေး နယ်ပယ်က အပိုဆုကြေးကို ကန့်သတ်တာ)။ ထိပ်တန်းသူဌေးတွေရဲ့ နိဗ္ဗာန်ဘုံလို့ မကြာခဏ ရည်ညွှန်းလေ့ ရှိကြတဲ့ ဆွစ်ဇာလန်ကလည်း ၂၀၁၃ မှာ ဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့ပါတယ်။ ရွက်ကြမ်းရေကျို လုပ်ရည်ကိုင်ရည်ပဲရှိတဲ့ ထိပ်သီး မန်နေဂျာတွေ အတွက် ဆုငွေ မြင့်မြင့်မားမား ပေးတာကို တားဆီးဖို့ဆိုပြီး ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး လုပ်စရာတွေ အများကြီး ကျန်နေသေးပေမဲ့လို့ အကျပ်အတည်း မတိုင်ခင်တုန်းက မဖြစ်နိုင်ဘူး ယူဆခဲ့ကြတဲ့ အချို့အရာတွေ ဘက်မှာ အစစ်အမှန် တိုးတက်မှုတွေလည်း ရှိလာနေပါပြီ။

---

(**Ha-Joon Chang** ၏ **Economics: The User's Guide** စာအုပ်မှ **Chapter (2) From Pin to PIN Capitalism 1776 and 2014** နဲ့ **Chapter (3) How Have We Got Here? A Brief History of Capitalism** ကို ထုတ်နုတ်ပြန်ဆိုထားခြင်း ဖြစ်သည်။)

Copyright © 2026. Economic Education Program, Inya Economics.

# မညီမျှမှု၏ သမိုင်း၊ ကျေးကျွန် လူ့အဖွဲ့အစည်းများ

**မောင်လူအေး**

လူ့အဖွဲ့အစည်းတို့တွင် မညီမျှမှုတို့ ရှိသည်ဆိုလျှင် ထိုမညီမျှမှုတို့ကို အများသူငါ လက်ခံလာနိုင်သည် အထိဖြေရှင်းရန် လိုအပ်သည်။ မညီမျှမှုများကို မဖြေရှင်းပေးနိုင်သော နိုင်ငံရေးနှင့် စီးပွားရေးစနစ်တို့ မှာ သမိုင်းတွင် ပျောက်ကွယ်သွားရ၏။ သမိုင်းတလျှောက်တွင် အုပ်ချုပ်သူလူတန်းစားများမှာ တည်ဆဲ မညီမျှမှု များကို တရားဝင်မှုပြုရန် နိုင်ငံရေးအတွေးအခေါ် အသီးသီးကို ဖန်တီး တီထွင်ခဲ့၏။ ယင်းတို့မှတစ်ဆင့် နိုင်ငံရေး စည်းမျဉ်းများ၊ စီးပွားရေးစနစ်များ၊ လူမှုဓလေ့များ ပေါ်ပေါက် ခဲ့၏။ နိုင်ငံရေးအတွေးအခေါ်တို့ ပဋိပက္ခ ဖြစ်ကြရာမှ ပိုမိုအင်အားကောင်းသော နိုင်ငံရေးအတွေးအခေါ် အပေါ်မူတည်၍ လူ့အဖွဲ့အစည်းတွင် မည်မျှ မညီမျှမှုက တရားနည်းလမ်းကျသည်၊ မကျသည်ကို ဆုံးဖြတ်ခဲ့၏။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် မညီမျှမှု အကြောင်း ဆွေးနွေးငြင်းခုံကြလျှင် မညီမျှမှုမှာ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ စီးပွားရေးအရ ဆန်းသစ်တီထွင်နိုင်မှု၊ တစ်ဦးချင်း အရည်အချင်း စသည့် ဇာတ်ကြောင်းများ (narratives) စွဲကိုင်ကာ ထောက်ခံပြောဆိုကြ၏။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မညီမျှမှုမှာ အတိုင်းအတာတစ်ခုအထိ လိုအပ်သည်ဟူသော အယူအဆ များလည်းရှိ၏။ ယနေ့ခေတ် ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း ကိုယ်ပိုင်အမြင်နှင့် လွတ်လွတ်လပ်လပ် စီးပွားရေး လုပ်ပိုင်ခွင့်ပြုထားရာ အစွမ်းအစ ရှိလျှင် ရှိသလောက် ဓနဉစ္စာကို စုဆောင်းနိုင်မည်ဟု ဆိုကြ၏။ တစ်ဖန် အများသူငှာ နေ့စဉ်ဘဝတွင် သုံးဆောင် နေသော ရုပ်ဝတ္ထုပစ္စည်းများ စဉ်ဆက်မပြတ် ဆန်းသစ် ထုတ်လုပ်နိုင်ရန်မှာ အချမ်းသာဆုံး လက်တစ်ဆုပ်စာ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု အပေါ် မှီတည် နေသည်ဖြစ်ရာ မညီမျှမှုကို ရှောင်လွဲ၍ မရဟုဆို၏။ ခေတ်ဟောင်းသမိုင်းတွင် နိုင်ငံရေးအာဏာစက်နှင့် လက်နက်အင်အားဖြင့် ဓနဉစ္စာ ရှာဖွေစုဆောင်းမှုနှင့်ယှဉ်လျှင် ခေတ်သစ် မညီမျှမှုမှာ များစွာ သိမ်မွေ့၍ တရားနည်းလမ်းကျသည်ဟု ဆို၏။

Copyright © 2026. Economic Education Program, Inya Economics.

သို့သော် မကြာသေးသော အတိတ်ကိုကြည့်လျှင် အဆိုပါ ပြောဆိုရေးသားချက်များမှာ မမှန်ကန်ကြောင်း တွေ့ရပေမည်။ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ပြိုကျ၍ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် သဟဇာတဖြစ်သည့် လစ်ဘရယ်ဝါဒ အောင်ပွဲခံပြီဟု ကြွေးကြော် ခဲ့သော ဖွံ့ဖြိုးပြီးဝင်ငွေမြင့်နိုင်ငံများတွင် အရင်းရှင်စနစ် ရင့်ကျက်လာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း တုံ့ဆိုင်း နေခဲ့သည်မှာ ဆယ်စုနှစ်ချီခဲ့ပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဟု ဆိုနိုင်သော တရုတ်၊ ဘရာဇီး၊ အိန္ဒိယ၊ ဗင်နီဇွဲလားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် မညီမျှမှုများမှာ ပုဂ္ဂလိက အစွမ်းအစ နှင့် စီးပွားရေးအမြင်ကျယ်မှုကြောင့်လော၊ အခြား အလွယ်တကူ မမြင်နိုင်သော နိုင်ငံရေးနှင့် စီးပွားရေး အခြေခံ အဆောက်အအုံတို့ကြောင့်လော မေးစရာရှိလာ၏။ အမှန်တကယ်ပင် ၁၉၈၀ ဝန်းကျင်မှ စ၍ လူမှုစီးပွား မညီမျှမှုမှာ အများပြည်သူအကျိုးစီးပွားအတွက် မသင့်တော်သော ပမာဏတစ်ခုအထိ တဟုန်ထိုးမြင့်မား လာခဲ့၏။ ငွေနှင့်သာ ဝယ်နိုင်သော အဆင့်မြင့်ပညာရေး ထွန်းကားသည့် ခေတ်တွင် ကိုယ်စွမ်းကိုယ်စအလျောက် နေရာရရှိမှု (Meritocracy) ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ အမေ့လျော့ခံ လူတန်းစားအတွက် ခါးသီးသော ပြက်လုံးတစ်ခုဖြစ်လာ၏။ အမှန်တကယ်ပင် လူဆင်းရဲများ ဆင်းရဲရသည်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရန် မကြိုးစားသဖြင့်၊ လုံ့လဝီရိယနည်းပါးသဖြင့်၊ အစွမ်းအစ မရှိသဖြင့် စသော အမြင်များကို မိမိကိုယ်ကို စီးပွားရေးအမြင်ကျယ်၍ အလုပ်ကြိုးစားသည်ဟု ဆိုထားသော အချမ်းသာဆုံး လူတန်းစားများထံမှ အများဆုံး ကြားရပေမည်။ သမိုင်းခေတ်ဦးတွင် လူမွဲများ ဆင်းရဲကြသည်မှာ သဘာဝ၏ အလိုအရဟု ခံယူခဲ့ကြသော်လည်း ယဉ်ကျေး ဖွံ့ဖြိုးပါသည်ဆိုသော ယနေ့ခေတ်တွင်မူ လူမွဲများဆင်းရဲရသည်မှာ ၎င်းတို့ ကိုယ်တိုင် အသုံးမကျမှု ကြောင့်ဟု လက်ခံပြောဆိုလာ၏။ ကိုယ်စွမ်းကိုယ်စအလျောက် ကြွယ်ဝချမ်းသာနိုင်သည်ဟူသော ကတိမှာ ယနေ့ခေတ် တည်ဆဲ ပိုင်ဆိုင်မှု၊ လူမျိုး ဖြစ်တည်မှု၊ ဘာသာဝင်ဖြစ်မှုတို့ အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံသော စီးပွားရေးစနစ်အောက်တွင် ပြိုလဲခဲ့ရ၏။ အိမ်ခြေမဲ့များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အသားရောင်ကွဲပြား သူများ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှုများကို ကြည့်ရုံမျှနှင့် တရားနည်းလမ်းကျမှုတို့ ဆိတ်သုဉ်းနေသည်ကို တွေ့နိုင်၏။ လူတန်းစေ့ ဘဝရပ်တည်နိုင်မှု မျှော်လင့်ချက်အနောက် လိုက်ရင်း မြေထဲပင်လယ်အတွင်း ရေနစ်သေခဲ့ပြီဖြစ်သော ရွှေ့ပြောင်းအလုပ်သမား ပမာဏကိုလည်း စာဖတ်သူ မှန်းဆကြည့်နိုင်၏။ စီးပွားရေး မညီမျှမှု၏ နောက်ဆက်တွဲ အဖြစ် ရွှေ့ပြောင်း အလုပ်သမားများမှာ ပစ်မှတ်ထား နှိမ်နင်းခံနေရပြီး အမျိုး၊ ဘာသာ ထိန်းသိမ်းရေးခေါင်းစဉ်အောက်တွင် လက်ယာစွန်း ဝါဒီတို့ ခေါင်းထောင် လာခဲ့၏။ မိမိတို့နိုင်ငံတွင် မိမိတို့ လူမျိုးများကို မည်သူမျှ လာရောက်အစားမထိုးရဟူသော အမြင်ဖြင့် လူမျိုးခြားများကို အနောက်ဒီမိုကရေစီနိုင်ငံများတွင် ရရာနည်းဖြင့် နှိမ်နင်းလျက်ရှိ၏။ ဤသည်မှာ ပထမဦးဆုံး အကြိမ်တော့ မဟုတ်။ ဤအမြင်နှင့်ပင် ၂၀ ရာစုအလယ်၌ ဂျူးခြောက်သန်း မီးလောင်တိုက် အသွင်းခံခဲ့ရ၏။ သမိုင်းဘီးသည် တကျော့ပြန် မလည်ပတ်နိုင်ဟု မည်သူအာမခံနိုင်မည်နည်း။ ထို့ပြင် မိမိတို့၏ သားစဉ်မြေးဆက်ကို ဒုက္ခ ကောင်းကောင်းပေးမည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု အန္တရာယ်ကလည်း စီးပွားရေးမညီမျှမှု နှင့်အတူ တရိပ်ရိပ်မြင့်တက်လာ၏။ ပြဿနာတစ်ခုကို ဖြေရှင်းရန်အတွက် ပထမဦးဆုံး အဆင့်မှာ ပြဿနာ တည်ရှိမှုကို အသိအမှတ်ပြုရန်ဖြစ်၏။ ယနေ့ခေတ်ကြုံတွေ့နေရသော စီးပွားရေးမညီမျှမှုမှာ စီးပွားရေးဖွံ့ဖြိုးမှု အချိုးနှင့် ယှဉ်လျှင် တရားနည်းလမ်းကျ၊ မကျ အခြားသောကာလများနှင့် ယှဉ်ပြိုင်လေ့လာရန် လိုအပ်၏။

Copyright © 2026. Economic Education Program, Inya Economics.

ထို့အတွက် ဘောဂဗေဒသမိုင်းကို လေ့လာရမည်ဖြစ်၏။ တရားနည်းလမ်းကျသည်၊ မကျသည်ကို ဆုံးဖြတ်ပေးသည်မှာ လူတို့ပြုလုပ်သော လူမှုနိုင်ငံရေး အတွေးအခေါ် ဖြစ်လေရာ အမှန်တရားနှင့် ချဲ့ကားပြောဆိုမှု၊ အပြောင်းအလဲနှင့် ထိန်းသိမ်းကာကွယ်လိုမှု၊ စံတန်ဖိုးများနှင့် လူတန်းစားအကျိုးစီးပွား စသည်တို့ ရောပြွန်းနေကြောင်းကိုတော့ သတိချပ်ရပေမည်။

စီးပွားရေး အခြေခံအဆောက်အအုံများကို ပြဌာန်းသော နိုင်ငံရေးစနစ်တိုင်းတွင် အားနည်းချက်များရှိရာ အုပ်ချုပ်သူလူတန်းစားတို့သည် အင်အားသုံး အကြမ်းနည်းဖြင့်လည်းကောင်း၊ အတွေ့အကြုံနှင့် လေ့လာသင်ယူဖြေရှင်းသော နည်းဖြင့်လည်းကောင်း၊ မိမိတို့ ရွေးချယ်ခဲ့သော နိုင်ငံရေးစနစ်ကို ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ရ၏။ ထို့ကြောင့် လက်ရှိ စီးပွားရေးမညီမျှမှုကို လေ့လာရန်မှာ အတိတ်သမိုင်းတွင် ယင်းကို တရားဝင်ပြုမှုပြုခဲ့သော နိုင်ငံရေးစနစ် (inequality regime) အသီးသီးကို ဦးစွာ လေ့လာရန် လိုအပ်၏။ ဤတွင် နိုင်ငံရေးစနစ်ဟု ဆိုရာ၌ လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူမှုစီးပွားရေးနှင့် နိုင်ငံရေး အခွင့်အရေး မညီမျှမှုများကို တရားဝင်မှုပြုသော နိုင်ငံရေးအယူအဆများ၊ နိုင်ငံရေး အင်စတီကျူးရှင်းများ၏ ဖွဲ့စည်းပုံများကို ဆိုလို၏။ သမိုင်းဆိုင်ရာ အမြင်နှင့်သာလျှင် လူသားမျိုးနွယ်တို့အတွက် မည်မျှ ဖွံ့ဖြိုးတိုးတက်မှုမှာ ဖြစ်နိုင်သည်၊ မည်မျှကတော့ မဖြစ်နိုင်ဟု သိနိုင်မည်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် မည်မျှ မညီမျှမှုကတော့ လက်ခံနိုင်စရာရှိသည်၊ မည်မျှကတော့ လက်ခံနိုင်စရာမရှိဟု သိနိုင်မည်ဖြစ်၏။


## လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တကျော့ပြန် စီးပွားရေးမညီမျှမှု

အကောင်းဖက်ကကြည့်လျှင် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မသေချာမရေရာမှုများရှိသည့်တိုင် သမိုင်းတွင် အတိုင်းအတာတစ်ခုအထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အခြေခံဖြစ်သော ကျန်းမာရေးနှင့် ပညာရေးကို ကြည့်လျှင် သိနိုင်၏။ ပျမ်းမျှလူ့သက်တမ်းမှာ ၁၈၂၀တွင် နှစ်ဆယ့်ခြောက်နှစ်သာရှိရာမှ ၂၀၂၀တွင် ခုနှစ်ဆယ့်နှစ်နှစ် ဖြစ်လာ၏။ ၁၉ ရာစုအစတွင် မွေးသောကလေးများမှာ ငါးဦးလျှင် တစ်ဦး တစ်နှစ်အတွင်းသေဆုံး သော်လည်း ၂၀၂၀တွင် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းမှာ တစ်ရာခိုင်နှုန်းဝန်းကျင်တွင်သာရှိ၏။ ဆယ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း၊ အရွယ်ရောက်ပြီးသူတို့ အသက်ခြောက်ဆယ်အထိ ရောက်ရှိနိုင်ခြေ စသည့် အခြားညွှန်းကိန်းများတွင်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရ၏။ ထို့ကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာနှင့်ကြည့်လျှင် လူသားတို့မှာ ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ပြီဟု ဆိုနိုင်၏။ မိမိတို့ဘိုးဘွားများနှင့် ယှဉ်လျှင် ကျန်းမာရေး၊ ပညာရေး နှင့် ယဉ်ကျေးမှု လက်ဆင့်ကမ်းနိုင်စွမ်းတို့မှာ များစွာတိုးတက်ခဲ့၏။ စာတတ်မြောက်မှုကို UNESCO က ပုံနှိပ်ထားသော (သို့) အခြားနည်းလမ်းများဖြင့် တင်ပြထားသော အကြောင်းအရာ စာမျိုးစုံကို နားလည်တတ်မြောက်နိုင်မှု၊ တစ်ဆင့်ပြန်လည် ရေးသားတင်ပြနိုင်မှု၊ အခြေခံ အတွက်အချက် ပိုင်နိုင်မှု အဖြစ်



Copyright © 2026. Economic Education Program, Inya Economics.

အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ဤသတ်မှတ်ချက်အတိုင်းဆိုလျှင် ၁၉ ရာစုအစ၌ တစ်ကမ္ဘာလုံး စာတတ်မြောက်မှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းသာသာ သာရှိပေမည်။ (ယနေ့ တွင်တော့ ၈၅ ရာခိုင်နှုန်း ကျော်ရှိပေပြီ)။ ကလေးသူငယ် ပျမ်းမျှစာသင်နှစ်ကာလကို ကြည့်လျှင် လွန်ခဲ့သော နှစ်နှစ်ရာခန့်တွင် တစ်နှစ်ခန့်သာရှိရာမှ ယနေ့ တစ်ကမ္ဘာလုံး ပျမ်းမျှမှာ ရှစ်နှစ်ဖြစ်လာပြီး ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ဆယ့်နှစ်နှစ်ကို တင်းပြည့်ကျပ်ပြည့် စာသင်နိုင်၏။ ပညာရေးနှင့် ကျန်းမာရေး ညွှန်းကိန်းများ၏ ရာခိုင်နှုန်းမြင့်တက်လာမှုမှာ တိုးပွားလာသော လူဦးရေနှုန်းနှင့် တွက်လျှင် ပိုမို အထင်ကြီးစရာကောင်း၏။ ယနေ့ခေတ် တစ်ကမ္ဘာလုံးရှိ လူဦးရေမှာ ၁၈ ရာစု ထက် ဆယ်ဆများ၍ လူတို့၏ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာလည်း ဆယ်ဆနီးပါးမြင့်မားလာ၏။ ၁၇၀၀ ပြည့်နှစ်တွင် လူဦးရေ သန်းခြောက်ရာသာရှိရာမှ ယနေ့တွင် ခုနှစ်ဘီလီယံအထိ တိုးပွားလာ၏။ တစ်ဦးချင်း ပျမ်းမျှ တစ်လ စာဝင်ငွေမှာ (၂၀၂၀ ယူရိုတန်ဖိုးနှင့် ထွက်လျှင်) ၁၇၀၀ ပြည့်နှစ်၌ ယူရိုတစ်ရာအောက်သာ ရှိရာမှ ယနေ့တွင် ယူရိုတစ်ထောင် ဝန်းကျင်အထိ ဖြစ်လာ၏။ ဤ နှစ်သုံးရာကာလ၏ တစ်နှစ်တာ ပျမ်းမျှ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမှာ ၀.၈ ရာခိုင်နှုန်းသာရှိ၏။ (တစ်နှစ်တာ ပျမ်းမျှ ဝင်ငွေ ၅ ရာခိုင်နှုန်း မရှိပဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှာ ဖြစ်နိုင်ခြေ တစ်ခုဖြစ်၏။) သို့သော် တိုးပွားလာသောလူဦးရနှင့် အတူ ပျမ်းမျှဝင်ငွေနှင့် ကျန်းမာရေး၊ ပညာရေး ညွှန်းကိန်းများ ကောင်းမွန်လာမှုတို့က လူသား တို့၏ ဖွံ့ဖြိုးတိုးတက်မှုဟု ပြောဆိုနိုင်၊ မနိုင်ကတော့ မေးခွန်းထုတ် စရာရှိ၏။




**၁၈၂၀ မှ ၂၀၂၀၊ အနှစ် ၂၀၀ ကာလအတွင်း ပျမ်းမျှ လူ့သက်တမ်း၊ မွေးဖွားပြီးကလေး တစ်နှစ်အထိ ရှင်သန်နိုင်ခြေနှင့် ပျမ်းမျှစာတတ်မြောက်မှုနှုန်း** (ပုံ - piketty.pse.fr/ideology)


သို့သော် ဤညွှန်းကိန်းများကို ကြည့်၍ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ဖြစ်ပေါ်မည်ဟု ပြောဆို၍ မရချေ။ ဥပမာ လူဦးရေတိုးပွားလာမှုမှာ စီးပွားရေးဖွံ့ဖြိုးမှုထက် ကလေးသူငယ် သေဆုံးမှု လျော့ကျလာမှုနှင့်

Copyright © 2026. Economic Education Program, Inya Economics.

ကလေးအား အစွယ်ရောက်သည်အထိ ပြုစုစောင့်ရှောက်နိုင်သောမိဘများ၏ သက်တမ်းစေ့နေထိုင်နိုင်မှုတို့နှင့် ပို၍ ဆိုင်၏။ ၁၈ရာစု အစမှ ၂၁ရာစုအထိ နှစ်သုံးရာကာလတွင် တစ်ကမ္ဘာလုံး လူဦးရေမှာ ဆယ်ဆခန့် တိုးပွားခဲ့၏။ အကယ်၍ နောက်နှစ်သုံးရာတွင် ဆယ်ဆ ဆက်တိုးမည်ဆိုလျှင် လူဦးရေ ၇၀ ဘီလီယံခန့်ဖြစ်လာမည်ဖြစ်ရာ ကမ္ဘာမြေရှိ အရင်းအမြစ် အကန့်အသတ် များနှင့် မည်သို့မျှ မဖြစ်နိုင်ချေ။ တစ်ဦးချင်း ပျမ်းမျှဝင်ငွေကို ကြည့်လျှင် ၁၈ ရာစု၌ လူလေးဦးတွင် သုံးဦးမှာ မသေရုံတမည်ဝင်ငွေ (subsistence income) သာရှိရာမှ ယနေ့ခေတ်တွင် လူငါးဦးလျှင် တစ်ဦးအောက်သာ ရှိတော့၏။ (သို့သော် ဤပျမ်းမျှဝင်ငွေ ညွှန်းကိန်းများမှာ တစ်နိုင်ငံလုံး အဆင့်ကို ပျမ်းမျှတွက်ချက်ထားခြင်းဖြစ်ပြီး စီးပွားရေးမညီမျှမှု ကို မပြောပြနိုင်ချေ။ ထို့အပြင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုအတွက် ကုန်ကျစရိတ်၊ လူသားအရင်းအမြစ်၊ သဘာဝ အရင်းအမြစ်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပေ။ ထိုညွှန်းကိန်းများမှာ စီးပွားရေးတစ်ခုလုံးကို ကိန်းဂဏန်းတစ်ခုနှင့် အလွယ်တကူ ဖော်ပြနိုင်ရန်သာ ရည်ရွယ်တွက်ချက်ထားရာ ရေရှည် အပြောင်းအလဲများနှင့် ရှုထောင့်ပေါင်းစုံဖွံ့ဖြိုးမှုကို လေ့လာရန်အတွက် များစွာ အထောက်အကူ မပြုချေ။ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ပညာရေး၊ ကျန်းမာရေးနှင့် ပျမ်းမျှဝင်ငွေတို့မှာ မြင့်မားလာသည်ဟု ဆိုနိုင်သော်လည်း နေရာဒေသအလိုက် ကွဲပြားခြားနားမှု များ ရှိ၏။ ၂၀၁၈တွင် ဥရောပ၊ တောင်အမေရိကနှင့် ဝင်ငွေမြင့် အာရှနိုင်ငံများတွင် မွေးကင်းစကလေး သေဆုံးမှုနှုန်းမှာ ၀.၁ ရာခိုင်နှုန်း အောက်တွင်သာ ရှိသော်လည်း ဝင်ငွေနိမ့်

အာဖရိကနိုင်ငံများတွင်မူ ၁၀ ရာခိုင်နှုန်းအထိ ရှိ၏။ ပျမ်းမျှ တစ်လတာ ဝင်ငွေမှာ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ယူရို ၁၀၀၀ ဝန်းကျင်ရှိသော်လည်း ဆင်းရဲသော နိုင်ငံများတွင် ယူရို တစ်ရာ၊ နှစ်ရာဝန်းကျင်သာရှိ၍ ချမ်းသာသောနိုင်ငံများတွင်မူ ယူရို သုံးလေးထောင်ဝန်းကျင် အထိ ရှိ၏။ (Tax haven နိုင်ငံများနှင့် ရေနံကို အမှီသဟဲပြုထားသော ပဒေသရာဇ်နိုင်ငံများတွင် ပျမ်းမျှ ဝင်ငွေမှာ ထိုထက်ပင် များသေး၏။) လွန်ခဲ့သော နှစ်သုံးရာ ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုများရှိသော်လည်း လူမှုစီးပွား မညီမျှမှုမှာ အဆိုးဆုံး အခြေအနေအထိ ရောက်ခဲ့သော ကာလများလည်း ရှိခဲ့၏။ အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် စက်မှုတော်လှန်ရေး အထွတ်အထိပ် ကာလ၌ ပုဂ္ဂလိကပိုင်ဆိုင်မှု အခြေခံအဆောက်အအုံများမှာ ကျွန်စနစ်၊ နယ်ချဲ့ဝါဒနှင့် ပြင်းထန်တင်းကြပ်သော ဥပဒေများအပေါ် မှီတည်ခဲ့၏။ ၁၉၁၄မှ ၁၉၄၅အထိ ကြားကာလတွင် ဥရောပအင်အားကြီးများ စီးပွားရေး အရင်းအမြစ်များ အဝေမတည့်ရာမှ ကမ္ဘာစစ်နှစ်ခုနှင့် လူ့သမိုင်း တွင် အဆိုးဆုံး လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ ပေါ်ပေါက်ခဲ့၏။

Copyright © 2026. Economic Education Program, Inya Economics.





**လွန်ခဲ့သော နှစ်သုံးရာကျော်ကာလအတွင်း လူဦးရေနှင့် ဝင်ငွေ ဖွံ့ဖြိုးမှုနှုန်း နှိုင်းယှဉ်ချက်** (ပုံ - piketty.pse.fr/ideology)

၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များ ရောက်သည့်အခါတွင်မှ ဥရောပနိုင်ငံများမှာ ကိုလိုနီနယ်မြေများကို မတတ်သာသည့်အဆုံး လွတ်လပ်ရေးပေးလိုက်ရ၏။ ထိုကာလဝန်းကျင်မှ ဒီမိုကရေစီဘိုးအေ အမေရိကန်တွင် ကျေးကျွန်တို့၏ သားမြေးလူမည်းများ တန်းတူနိုင်ငံသားအခွင့်အရေး ရ၏။ ထို့နောက် စစ်အေးခေတ်တွင် အိုင်ဒီယာနှစ်ခုအားပြိုင်ရာမှ နယူကလီးယားစစ်ဘေးကို တစ်ကမ္ဘာလုံး လန့်ဖြန့်ခဲ့ရ၏။ ၁၉၉၁တွင် ဆိုဗီယက်ယူနီယံ ပြိုလဲပြီး စစ်အေးခေတ် အဆုံးသတ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နိုင်ငံရေးပဋိပက္ခများ ကျဆင်းခဲ့၏။ ၁၉၉၄ တွင် တောင်အာဖရိက၌ တရားဝင် လူမျိုးရေးခွဲခြားမှုမှာ ချုပ်ငြိမ်းခဲ့၏။ ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အထိ ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးနှင့် ဒီမိုကရက်တိုက်ဇေးရှင်းလုပ်ငန်းစဉ်များမှာ တဟုန်ထိုး တိုးတက်ခဲ့၏။ ၂၁ ရာစု အစတွင် မူ သမိုင်း တဆစ်ချိုးခဲ့ပြန်၏။ လူတို့မှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို မျက်မြင် ခံစားလာရ၏။ ဘာသာရေးအစွန်းရောက် ဝါဒီများနှင့် စီးပွားရေး မညီမျှမှုတို့ကြောင့် ဒီမိုကရေစီထက် အမှတ်သရုပ်ကို အခြေခံသည့် နိုင်ငံရေးမှာ ပင်မရေစီးကြောင်း ဖြစ်လာ၏။ နိုင်ငံခြားသား ဆန့်ကျင်ရေးကို အခြေခံ၍ မဲဆွယ်သော လက်ယာစွန်းဝါဒီများ အောင်ပွဲခံ လာတော့၏။ လွန်ခဲ့သာ နှစ်သုံးရာ သမိုင်းကို ပြန်ကြည့်လျှင် လူ့သားတို့၏ ဖွံ့ဖြိုး တိုးတက်မှု ဖြစ်စဉ်မှာ တသမတ်တည်း မဟုတ်ပေ။ နိုင်ငံအချင်းချင်း လွတ်လွတ်လပ်လပ် စီးပွားရေး ယှဉ်ပြိုင်မှုမှ ကမ္ဘာသူ ကမ္ဘာသားတို့၏ ဘုံအကျိုးစီးပွားဖွံ့ဖြိုးမည်ဟူသော အရင်းရှင်စနစ်၏ မဖြစ်နိုင်သော ကတိကိုတော့ လက်ခံ သဘောပေါက် လာခဲ့ပြီ ဖြစ်သည်။ ၁၉၈၀ မှစ၍ တည်ဆဲ နိုင်ငံရေး အင်စတီကျူးရှင်းများ ပြောင်းလဲရာမှ စီးပွားရေးမညီမျှမှုမှာ တကျော့ပြန် ပြန်လည်ဆိုးဝါးလာခဲ့၏။ တစ်နိုင်ငံလုံး ဝင်ငွေတွင် အချမ်းသာဆုံး ၁၀ ရာခိုင်နှုန်းသော လူဦးရေ၏ ဝင်ငွေ ရှယ်ယာကို ကြည့်ခြင်းဖြင့် မညီမျှမှု မည်မျှရှိ သည်ကို သိနိုင်၏။ (စီးပွားရေး

Copyright © 2026. Economic Education Program, Inya Economics.

တန်းတူညီမျှမှု အပြည့်အဝရှိလျှင် ထို ဆယ်ရာခိုင်နှုန်း၏ ဝင်ငွေရှယ်ယာမှာလဲ ဆယ်ရာခိုင်နှုန်းသာ ရှိရမည်ဖြစ်ပြီး အဆိုးဝါးဆုံး မညီမျှမှု ဖြစ်ပါက ၁၀၀ ရာခိုင်နှုန်း၊ တစ်နည်း တစ်နိုင်ငံလုံး ဝင်ငွေကို ဆယ်ရာခိုင်နှုန်းက ပိုင်သည့်သဘောဖြစ်၏။) ဤညွှန်းကိန်းမှာ လွန်ခဲ့သော အနစ်သုံးဆယ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် တရုတ်၊ ရုရှားကဲ့သို့သော နိုင်ငံများတွင် တရိပ်ရိပ် မြင့်တက်ခဲ့၏။ (ရေနံ စီးပွားရေး နိုင်ငံများတွင်တော့ ဤညွှန်းကိန်းမှာ အစဉ်အမြဲမြင့်မားခဲ့၏။) တကျော့ပြန် စီးပွားရေးမညီမျှမှု အလွယ်တကူ ပြန်လည်ခေါင်းထောင်လာသော ဖြစ်စဉ်ကို နားလည်ရန်အတွက် သမိုင်းတလျောက် မညီမျှမှုကို တရားဝင်မှု ပြုခဲ့သော နိုင်ငံရေးစနစ်များ (inequality regimes) ကို လေ့လာရန် လိုအပ်၏။




**၁၉၈၀ မှစ၍ စီးပွားရေး မညီမျှမှု ပြန်လည်ခေါင်းထောင်လာပုံ** (ပုံ - piketty.pse.fr/ideology)

## ကျေးကျွန် လူအဖွဲ့အစည်း (သို့) အဆိုးဝါးဆုံး မညီမျှမှု

လူတစ်ဦးမှ အခြားလူတစ်ဦးကို အဓမ္မနည်းဖြင့် ဖမ်းဆီးစေခိုင်းခြင်းဖြင့် အမြတ်ထုတ်သော ကျေးကျွန် စနစ်မှာ သမိုင်းတွင် အကျည်းတန်ဆုံး မညီမျှမှု ဖြစ်သည်မှာ ငြင်းဖွယ်ရာ မရှိချေ။ ကျေးကျွန်စနစ်မှာ ဥရောပ ကိုလိုနီဝါဒ မကျယ်ပြန့်ခင် လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကပင် လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်ခဲ့သော စနစ်ဖြစ်၏။ ခေတ်ဟောင်းသမိုင်းအစ ဖာရိုဘုရင်တို့ အုပ်စိုးသော အီဂျစ်ပြည် မှသည် မက်ဆိုပိုတေးမီးယားပြည် အထိ ပထမ ဘီစီ ထောင်စုနှစ်အတွင်း ကျေးကျွန် စနစ်မှာ လူ့အာဖွဲ့အစည်းအတွက် အရေးပါသော ဒေါက်တိုင်တစ်ခု ဖြစ်ခဲ့၏။ ဟာမူရာဘီ၏ ကိုဓ ဥပဒေ (၁၇၅၀ ဘီစီ) တွင် ကျွန်အား ခိုးယူခြင်းမှာ သေဒဏ်ထိုက်သော ပြစ်မှုဖြစ်ပြီး ကျေးကျွန်များအား အမှတ်သညာ ပြုရန် အလို့ငှာ သတ်မှတ်ထားသော ဆံပင်ပုံစံကို ပြုပြင်ခြင်းမှာ ဆံသဆရာ၏



Copyright © 2026. Economic Education Program, Inya Economics.

လက်များအား ဖြတ်တောက်နိုင်သော ပြစ်မှုဖြစ်၏။ ခေတ်ဟောင်းတွင် ကျေးကျွန်များအား လူထက် တစ်ဆင့်နိမ့်သော ပိုင်ဆိုင်မှု (property) အဖြစ်သာ ရှုမြင်ခဲ့၏။ ဓမ္မဟောင်းကျမ်းတွင်လည်း စစ်ရှုံးသူများအား စစ်နိုင်သူ များက ကျွန်ပြုသိမ်းသွင်းခြင်း၊ အကြွေးထောင်းသော မိဘတို့က သားသမီးများအား ကျွန်အဖြစ် ရောင်းချခြင်း စသော ကျွန်စနစ်၏ အထောက်အထားများကို တွေ့ရ၏။ အေဒီ တစ်ထောင် ဝန်းကျင်တွင် မြေရှင်ပဒေသရာဇ်စနစ် (လယ်သမား၊ ဘုန်းတော်ကြီးနှင့် မင်းဆွေမင်းမျိုး၊ လူတန်းစား အလွှာ သုံးလွှာဖြင့် လည်ပတ်သော လူ့အဖွဲ့အစည်း) ဥပရာတွင် ပေါ်ပေါက်လာသည့်တိုင် ကျေးကျွန် စနစ်မှာ မချုပ်ငြိမ်းသွားခဲ့ချေ။

ကျေးကျွန်စနစ်ကျင့်သုံးသော လူ့အဖွဲ့အစည်း (Societies with slaves) နှင့် ကျေးကျွန် လူ့အဖွဲ့အစည်း၊ (Slave societies) ဝေါဟာရနှစ်ခု ကွဲပြားပုံကို ဦးစွာ ရှင်းလင်းရပေမည်။ ပထမ ဝေါဟာရမှာ ကျွန်ပိုင်ရှင်တို့၏ နိစ္စဓူဝကို လိုက်လံ လုပ်ကျွေး ပြုပေးသည်ထက် မပိုသော ကျေးကျွန်စနစ်ကို ကျင့်သုံးသည့် လူ့အဖွဲ့အစည်းကို ဆိုလို၍ ဒုတိယ ဝေါဟာရမှာ လူ့အဖွဲ့အစည်း တစ်ခုလုံး၏ အကျိုးအမြတ်နှင့် ရပ်တည်နေထိုင်မှုအတွက် ကျွန်များအား အလုံးစုံ မှီခို အမြတ်ထုတ်သော လူ့အဖွဲ့ အစည်းကို ဆိုလို၏။ ပထမ စနစ်တွင် ကျေးကျွန်များမှာ လူနည်းစုဖြစ်၍ ဒုတိယစနစ်တွင်မူ ကျေးကျွန် များမှာ လူဦးရေ စုစုပေါင်းတွင် ပမာဏ ကြီးကြီးမားမား ရှိ၏။ ခေတ်ဟောင်း အေသင် မြို့ပြနိုင်ငံတော်၊ ရောမအင်ပါယာနှင့် ၁၈ နှင့် ၁၉ ရာစု ဘရာဇီး၊ အမေရိကန်တောင်ပိုင်းနှင့် အနောက်အန္ဒိယ ( ကာရေဗီယန်ကျွန်း) ကိုလိုနီများ မှာ ထင်ရှားသော ကျေးကျန်လူ့အဖွဲ့အစည်းများ ဖြစ်၍ ကျွန်စုစုပေါင်းမှာ လူဦးရေ၏ ၃၀ မှ ၅၀ ရာခိုင်နှုန်း အထိ ရှိ၏။ အခြား မထင်မရှား ဥပမာများမှာ မြေထဲပင်လယ် ဒေသမှ ရောမတို့နှင့် ခေတ်ပြိုင် ကာသေ့ပြည်၊ အစ္စရေး၊ ၁၅ ရာစု အာဖရိကတွင် ကွန်ဂိုပြည်ထောင်၊ ဆိုကိုတို စော်သွားပြည် (ယခုခေတ် နိုင်ဂျီးရီးယား) နှင့် ဆူမားတြားကျွန်း (ယခု အင်ဒိုနီးရှား) တို့မှာ ဥရောပ ပြင်ပမှ ကျေးကျွန် လူ့အဖွဲ့အစည်းများဖြစ်၏။ သမိုင်းပညာရှင်တို့ မှတ်တမ်းမတင်နိုင်ခဲ့သော ရာဇဝင်တွင် ပျောက်ကွယ် သွားသည့် ကျေးကျွန် လူ့အဖွဲ့အစည်းများလည်း ရှိ၏။ အခြား ငြင်းမရသော အထောက် အထားမှာ ၁၅၀၀၀န်းကျင်မှ ၁၈၀၀၀န်းကျင်အထိ တွင်ကျယ်ခဲ့သော အတ္တလန်တိတ် ဖြတ်ကျော် ကျွန်ကုန်သွယ်မှုဖြစ်၏။ အာဖရိကရှိ အုပ်ချုပ်သူလူ တန်းစားများက ပြိုင်ဖက်မျိုးနွယ်များနှင့် စစ်ပွဲအတွင်း ဖမ်းဆီးရမိသော လူမည်းများ အား လူဖြူဥပရာပကုန်သည်တို့ တင်သွင်းသည့် လက်နက်ခဲယမ်း၊ လူ့အသုံးအဆောင်တို့နှင့် လဲလှယ်ရောင်းချ၏။ တဖန် လူဖြူကုန်သည်တို့က လူမည်းတို့အား အတ္တလန်တိတ် သမုဒ္ဒရာကို ဖြတ်သန်း သယ်ဆောင်၍ တောင်အမေရိကနှင့် မြောက်အမေရိက တို့ရှိ သကြား၊ ဆေးရွက်ကြီးနှင့် ဝါဂွမ်း လုပ်ငန်းရှင်များထံတွင် ရောင်းချ၏။ ကျွန်ပြုခံ လူမည်းများမှာ စိုက်ခင်းများအတွင်း သေသည်အထိ လုပ်ကိုင်ရပြီး ယင်းအတွက် မသေရုံတမည် အစားအစာမှအပ မည်သည့်လုပ်အားခမှ မရရှိခဲ့ပေ။ ကျွန်ပိုင်ရှင်တို့၏ စိတ်နေစိတ်ထား အလျောက် အချို့ကျေးကျွန် များမှာ လူလိုသူလို ပြုမူဆက်ဆံခံရသော်လည်း အများစုမှာ မည်သည့် အခြေခံအခွင့်အရေးမှ မရှိသော **ရွေ့လျားစွန့်ပစ်နိုင်သည့် ပိုင်ဆိုင်မှု** သဖွယ် ပြုမူဆက်ဆံခံရ၏။



Copyright © 2026. Economic Education Program, Inya Economics.




**အာဖရိကမှ အမေရိကားတိုက်များထံ အတ္တလန်တိတ်ဖြတ်ကျော် ကျွန်ကုန်သွယ်မှု**

(Pic - Eltis & Richardson, Atlas of the Transatlantic Slave Trade, 2010).

ကျေးကျွန်များမှာ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်မရှိ၊ အိမ်ထောင်ပြုခွင့်မရှိ၊ လုပ်အား ထုတ်လုပ်ရန်မှအပ အခြား မည်သည့် လုပ်ငန်းဆောင်တာများမှ လုပ်ပိုင်ခွင့်မရှိ၊ ယုတ်စွအဆုံး နာမည်ပင် မရှိကြချေ။ မိုးလင်းမှသည် မိုးချုပ်အထိ စိုက်ခင်း များတွင် အာဟာရချို့တဲ့စွာ လုပ်ကိုင်ကြရာ ၎င်းတို့၏ သေဆုံးမှုနှုန်းမှာ အလွန်မြင့်၏။ ကျွန်ပြုခံရသော လူမည်းတို့၏ ငါးပုံတစ်ပုံမှာ ပင်လယ်ကူးခရီးတွင် သေကြ၍ နောက်တစ်ပုံမှာ စိုက်ခင်းများ အတွင်း လုပ်ကိုင်ရန် ရောင်းချခံရပြီး တစ်နှစ်အတွင်း သေကြရ၏။ သေဆုံးသွားသော ကျေးကျွန်များအား အသစ်ရောက်လာသော ကျေးကျွန်များနှင့် ပြန်လည်ဖြည့်တင်းပေးရာ ဤလူကုန်ကူးလုပ်ငန်းကြီးမှာ နှစ် ၃၀၀ နီးပါး ကြာညောင်းခဲ့ပြီး လူမည်း သန်း၂၀နီးပါးမှာ ဆာဟာရအောက်ပိုင်းအာဖရိကဒေသမှ အမေရိကတိုက်များထံ ရောင်းချခံခဲ့ရ၏။ .ကျွန်ပြုခံ လူမည်း (slave) နှင့် ခေတ်ပြိုင် မြေရှင်ပဒေသရာဇ် စနစ်တွင် ပေါ်ပေါက်ခဲ့သော အခိုင်းအစေ (serf) တို့မှာ မတူညီကြချေ။ အခိုင်းအစေများမှာ မြေရှင်များ၏ လယ်ယာများတွင် လုပ်ကိုင်ရပြီး တစ်နှစ်တာ ထုတ်ကုန်၏ အချို့တဝက်ကို ခံစားခွင့်ရရှိ၏။ မြေရှင်တို့၏ ခွင့်ပြုချက်ဖြင့် တစ်အိုး တစ်အိမ် ထူထောင်ခွင့်ရှိပြီး တန်ဖိုးနည်း ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိ၏။ သို့သော် မြေရှင်များ မကြည်ဖြူသည့်အခါတွင် ၎င်းအခွင့်အရေးများကို ရုတ်သိမ်းနိုင်ပြီး အခိုင်းအစေမှသည် ကျေးကျွန် လုံးလုံး ဖြစ်သွားနိုင်၏။

Copyright © 2026. Economic Education Program, Inya Economics.

၁၉ ရာစုအစတွင် အတ္တလန်တိတ် ဖြတ်ကျော် ကျွန်ကုန်သွယ်မှုမှာ သိသိသာသာ လျော့နည်းသွားပြီး အမေရိက၊ ဘရာဇီးနှင့် အနောက်အိန္ဒိယကျွန်းများရှိ ကျွန်ပိုင်ရှင်များမှာ စရိတ်စက ကြီးမားသော ကျွန်ကုန်သွယ်မှုထက် ရောက်ရှိနှင့်ပြီးသား ကျွန်များကို သားစဉ်မြေးဆက် ခိုင်းစေခြင်းဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ပိုမို လျော့ချနိုင်ခဲ့၏။ ထို့ကြောင့် ကျွန်ပိုင်ရှင်များမှာ ကျေးကျွန်လူဦးရေးတိုးပွားလာစေရန် အလို့ငှာ လူမည်း အမျိုးသမီးများအား အတင်းအဓမ္မ ကလေးမွေးသည့်အလုပ်ကိုပါ လုပ်ကိုင်စေ၏။ အမေရိကန်တွင် ၁၈၀၀ ပြည့်နှစ်၌ ကျွန်တစ်သန်းရှိရာ ၁၈၆၀ တွင် ကျွန်လေးသန်းအထိ တိုးပွားလာ ၏။ လူဦးရေး တိုးပွားအားကောင်းလာသည့်အလျောက် ကျေးကျွန်ပုန်ကန်မှုများ မပေါ်ပေါက် လာစေရန် ပိုမို ပြင်းထန်တင်းကျပ်သောဥပဒေများကို ပြဋ္ဌာန်းခဲ့၏။ ဥပမာ ၁၈၃၀ ဝန်းကျင်တွင် ဗာဂျီးနီးယား၊ ကယ်ရိုလိုင်းနားနှင့် လူဝီဆီးယားနားတို့တွင် ကျွန်များကို စာဖတ်တတ်စေရန် သင်ကြားပေးသူမည်သူ့ကိုမဆို နှစ်ရှည်ထောင်ချနိုင်၏။ သို့သော် ကျွန်ကုန်သွယ်ရေး ကာလနှင့် နှိုင်းယှဉ်လျှင် လူမည်းများမှာ မိသားစုဘဝကို အတိုင်းအတာတစ်ခုအထိ ရရှိလာ၏။ ၁၈၆၀ ဝန်းကျင် ပြည်တွင်းစစ်မတိုင်မှီ အမေရိကန်နိုင်ငံတွင် ကျွန်လူဦးရေမှာ လေးသန်းခန့် ရှိပြီး သမိုင်းတွင် အကြီးဆုံး ကျွန်ပြုမှုဖြစ်၏။

ရောမအင်ပါယာ အထွတ်အထိပ် (ဘီစီ တစ်ရာစု) တွင် ကျွန်တစ်သန်းခန့်သာ ရှိပြီး ဘီစီ ငါးရာစု အေသင်တွင် ကျွန် နှစ်သိန်းခန့် ရှိမည်ဟု ခန့်မှန်းကြရာ ၁၈၆၀ အမေရိကန်ရှိ လေးသန်းဟူသော ပမာဏမှာ ခေတ်ဟောင်းသမိုင်းတွင် လူလူချင်း ကျွန်ပြုမှုထက် အဆများစွာ ပိုမို ကျယ်ပြန့်၏။ ထို့အပြင် ခေတ်ဟောင်း သမိုင်းတွင် ကျွန်ပြုမှုများမှာ အဓိကအားဖြင့် ကျွန်ပိုင်ရှင်များကို အလုပ်ကျွေးပြုရန်၊ အမျိုးသမီးများကို လိင်လုပ်သားအဖြစ် သိမ်းသွင်းရန်၊ အခါအားလျော်စွာ ကျွန်ပိုင် ရှင်များနှင့် စစ်ထွက်လိုက်ရန်ဖြစ်သာဖြစ်ပြီး ထွက်သမျှ လုပ်အားကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့ခြင်းမျိုး မဟုတ်ပေ။ ကျွန်ပိုင်ရှင် မင်းမျိုးမင်းနွယ်များမှာ ကျွန်တို့၏ အခန်းကဏ္ဍာကို အသိအမှတ်ပြု၍ အခါအားလျော်စွာ ချီးမြှောက်၏။ ဂရိမြို့ပြ နိုင်ငံများတွင် ကျွန်အနည်းစုမှာ အစိုးရရုံးဌာနများတွင် အရာရှိများ ဖြစ်ပြီး အရည်အချင်းအလိုက် ဗိသုကာလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ငွေကြေးနှင့် အကောက်ခွန် ကောက်ခံစုဆောင်းခြင်း၊ ငွေဒင်္ဂါး စစ်မှန်မှုကို ကြီးကြပ်ခြင်း၊ အစိုးရ စာရွက်စာတမ်း များကို ထိန်းသိမ်းခြင်း စသည့်အလုပ်များကို လုပ်ကိုင်ကြ၏။ ခေတ်ပြိုင် ၁၉ ရာစု အော်တိုမန် အင်ပါယာတွင်ပင် ကျွန်စစ်သည်များကို သာမန်စစ်သည်များ တန်းတူ အများက လေးစားကြ၏။ သို့သော် အတ္တလန်တိတ်ဖြတ်ကျော် ကျွန်ကုန်သွယ်မှုမှ အမေရိကသို့ရောက်ရှိလာသော လူမည်း ကျွန်အားလုံးနီးပါးမှာ ခွင်းချက်မရှိ စိုက်ခင်းများတွင် မိုးလင်းမိုးချုပ်လုပ်ကိုင်ရပြီး လူမည်းများကို လူဖြူများနှင့် သီးသန့်ခွဲထုတ်ကာ ကုန်ထုတ်ကိရိယာသဖွယ် ဖိနှိပ်ခိုင်းစေခဲ့၏။ ဤသည်မှာ ပေါ်ပေါက်ခဲ့ပြီးသော ကျေးကျွန် လူ့အဖွဲ့အစည်းများနှင့် အမေရိကတိုက်များရှိ ကျွန်ပြုခိုင်းစေမှု တို့အကြား အဓိက ကွာခြားချက်ဖြစ်၏။

Copyright © 2026. Economic Education Program, Inya Economics.



**ဝါဂွမ်းစိုက်ခင်းများတွင် လုပ်ကိုင်ရသော လူမည်းကျွန်များ**
(pic- BBC History)

## ဗြိတိန်တွင် ကျွန်စနစ် ဖြတ်သိမ်းခြင်းနှင့် လွတ်မြောက်မှု၏ ကုန်ကျစရိတ် (၁၈၃၃ - ၁၈၄၃)

၁၈၃၃ တွင် ဗြိတိသျှ ပါလီမန်က ကျွန်စနစ်ဖြတ်သိမ်းရေး ဥပဒေကို ပြဌာန်းပြီး ဗြိတိသျှ ကြီးစိုးရာ ကိုလိုနီနယ်များရှိ လုပ်ငန်းရှင်များ၏ ကျေးကျွန် သုံးစွဲခွင့်ကို ပိတ်ပင်ခဲ့၏။ ၁၈ ရာစု နှောင်းပိုင်းမှ စ၍ ခရစ်ယာန် ဘာသာရေး ခေါင်းဆောင်များက ကျွန်စနစ်ကို ဖြတ်သိမ်းရန် စတင်လှုံ့ဆော်ခဲ့ပြီး ကျွန်စနစ် ဆန့်ကျင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အနောက်အိန္ဒိယကျွန်းများမှ ကျေးကျွန်များ ကိုသုံး၍ စိုက်ပျိုးထုတ်လုပ်သော သကြားကို သပိတ်မှောက်ခြင်းတို့ကို ပြုလာ၏။ ခရစ်ယာန် အင်ပါယာအတွင်းတွင် လူလူချင်း မညှာမတာ ကျွန်ပြုမှုမှာ လူ့ကျင့်ဝတ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော အကျည်းတန်မှု ဖြစ်သည်ဟု အရေးဆိုလာ၏။ ထို့အပြင် ဗြိတိသျှ စီးပွားရေးမှာ ကျွန်အလုံးအရင်းဖြင့် စိုက်ပျိုးရေးအခြေခံ စီးပွားရေးမှ အရင်းနှင့် လုပ်အားကျွမ်းကျင်မှုကို အခြေခံသော စက်မှု စီးပွားရေးသို့ တက်လှမ်းနေချိန်ဖြစ်ရာ ကျွန်များ၏ စီးပွားရေးအရအရေးပါမှုမှာ ယုတ်လျော့လာ၏။ ၁၈ ရာစုတွင် ကျမ်းရိုးဟောင်း ဘောဂဗေဒ အတွေးအခေါ်သစ်အရ လုပ်ငန်းကျမ်းကျင်မှုနှင့် ထုတ်လုပ်နိုင် စွမ်းမြင့်၍ ပြောင်းလွယ် ပြင်လွယ်ရှိသည့်လုပ်အားကို ပိုမိုအရေးပေးလာ၏။ လုပ်ငန်းရှင်များမှာ ကျွန်အလုံးအရင်းကို ကျွေးမွေး ထိန်းသိမ်း ရသည်မှာ ရေရှည်တွင် စီးပွားရေး တွက်ချေမကိုက်ကြောင်း နားလည်လာရာ အစိုးရက နစ်နာကြေးပေး၍ ကျွန်စနစ် ဖြတ်သိမ်းရန်

Copyright © 2026. Economic Education Program, Inya Economics.

ကြိုးပမ်းသောအခါ အသာတကြည် လိုက်လျောခဲ့၏။ ၁၇၉၁ တွင် ပြင်သစ်ပိုင်ဟေတီမှ ကျွန်ပြုခံ လူမည်းများ တော်လှန် ပုန်ကန်ပြီး ၁၈၀၄ တွင် လူမည်းများက သမိုင်းတွင် ပထမဦးအကြိမ်အဖြစ် လွတ်လပ်ရေး ကြေညာနိုင်ခဲ့၏။ လက်တွေ့တွင် ကျေးကျွန်များ အလုံးအရင်းဖြင့် ပုန်ကန်လျှင် ရေခြားမြေခြားရှိ အုပ်ချုပ်သူ လူဖြူလူနည်းစုမှ နှိမ်နှင်းရန် မဖြစ်နိုင်သည်ကို သင်ခန်းစာယူကာ အင်ပါယာနယ်မြေ မဆုံးရှုံးစေရေးအတွက် ဗြိတိသျှအစိုးရက ကျွန်စနစ် ဖြတ်သိမ်းရေးကို ကမကထ ပြုခဲ့၏။ **၁၈၃၃ တွင် ဥပဒေ ပြဋ္ဌာန်းပြီး ဆယ်နှစ်အတွင်း ဗြိတိသျှအစိုးရမှ ကျွန်ပိုင်ရှင်များအား အဆမတန် နစ်နာကြေးများကို အကျေပေးခဲ့ရသော်လည်း လက်တွေ့ ဆွေစဉ်မျိုးဆက် ခေါင်းပုံဖြတ်ခံခဲ့ရသော ကျေးကျွန်များမှာ ရာစုနှစ်ပေါင်းများ နေပူစပ်ခါး တွင် လုပ်ကိုင်ခဲ့ ရသော လုပ်အားခ အတွက် နစ်နာကြေး တစ်ပြားတစ်ချပ်မှ မရရှိခဲ့ပေ။** (သို့သော် အခြားနိုင်ငံများ ကျွန်စနစ်ကို ဖြတ်သိမ်းသောအခါ နစ်နာကြေးကို အစိုးရမှ တာဝန်မယူပဲ လွတ်မြောက် လိုသော ကျွန်များမှ မသေရုံတမည် လုပ်အားခ သာပေးသည့် အလုပ်များကို နှစ်ရှည်လုပ်ကိုင်ခြင်းဖြင့် ပြန်ပေးဆပ်ကြရာ အတင်းအဓမ္မ ခိုင်းစေခြင်းနှင့် မည်သို့မျှ မကွာခြားပေ။ ဗြိတိန်တွင် အစိုးရ တာဝန်ယူ သဖြင့် တော်သေးသည်ဟု ဆိုနိုင်၏။)

ကျွန်ပိုင်ရှင်များကို နစ်နာကြေးပေးရန်ဖြစ်လာသောအခါ ဗြိတိသျှအစိုးရမှာ ကျွန်တစ်ဦး၏ ကာလ ပေါက်ဈေးကို အသက်အရွယ်၊ လိင်၊ ထုတ်လုပ်နိုင်စွမ်း စသည်တို့အပေါ် အခြေခံ၍ စနစ်တကျ တွက်ချက်ပြီး အရစ်ကျပေးသည့်နည်းဖြင့် ကျွန်တို့အား လွတ်မြောက်စေခဲ့၏။ ထိုစဉ်က ဗြိတိသျှ ကိုလိုနီနယ်များတွင် ကျွန်ပိုင်ရှင် လုပ်ငန်းရှင် စုစုပေါင်း လေးထောင်ခန့်ကို စတာလင်ပေါင် သန်းနှစ်ဆယ် (ထိုစဉ်က ဗြိတိန်၏ တစ်နှစ်တာ ဂျီဒီပီ၏ ငါးရာခိုင်နှုန်း) ကို အစိုးရက နစ်နာကြေး အဖြစ် ထုတ်ပေးခဲ့၏။ ဤပမာဏမှာ ၂၀၁၈ ငွေကြေးတန်ဖိုးနှင့် တွက်လျှင် ယူရို ၁၂၀ ဘီလီယံ ရှိပြီး ကျွန်ပိုင်ရှင် တစ်ဦးကို ယူရို သန်းသုံးဆယ် ပေးခဲ့ရသည်ဟု ဆိုနိုင်၏။ ထို့ကြောင့် ကျွန်ပိုင်ရှင် လူတန်းစားမှာ လက်တစ်ဆုပ်စာ လူနည်းစုမျှသာဖြစ်သော်ငြား အဆမတန် နစ်နာကြေးများကို ခံစားခွင့်ရခဲ့၏။ တစ်ဖန် ထိုသို့ နစ်နာကြေးပေးနိုင်ရန်အတွက် သာမန် လက်လုပ်လက်စား ဗြိတိသျှ မိသားစုများမှာ ကြီးလေးသော အကောက်ခွန်နှင့် သုံးစွဲခွန်များကို ပေးခဲ့ရ၏။ ထင်သာမြင်သာ ရှိအောင် ဆိုရလျှင် ထိုစဉ်က ဗြိတိသျှအစိုးရ၏ ပညာရေး အသုံးစရိတ်မှာ တစ်နှစ်တာ နိုင်ငံလုံး ဝင်ငွေ၏ ၀.၅ ရာခိုင်နှုန်းသာရှိရာ ကျွန်ပိုင်ရှင်တို့ ရရှိခဲ့သော ပေါင်သန်းနှစ်ဆယ်မှာ ဆယ်နှစ်စာ ပညာရေး အသုံးစရိတ်နှင့် ညီမျှလေသည်။ (၂၁ ရာစုရောက်မှ ကျွန်ပိုင် လုပ်ငန်းရှင်များ၏ ဆွေစဉ်မျိုးဆက် မိသားစုအလိုက် မတရား ကြွယ်ဝ ချမ်းသာလာခဲ့မှုကို လူ့အခွင့်အရေးအဖွဲ့များက ထုတ်ဖော်ခဲ့ရာ *ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်ကင်မရွန်း*၏ မိသားစုပင် ပါဝင်ခဲ့၏။ ထိုမိသားစုများမှ အမှန်တကယ် နစ်နာခဲ့သူ ကျေးကျွန်တို့၏ သားမြေးများအတွက် တစ်စုံတရာ ပြန်လည် ဆောင်ရွက်ပေးရန် တောင်းဆို ခဲ့ကြသော်လည်း လက်ရှိအချိန်အထိ မည်သည့် တရားမျှတမှုမှ မရရှိသေးပေ။)

ကျွန်စနစ်ဖျက်သိမ်းရေးဥပဒေ (၁၈၃၃) ပေါ်ပေါက်လာပြီးသည့်နောက် အနောက်အိန္ဒိယကျွန်းများရှိ ကျွန် ခုနှစ်သိန်းခန့် လွတ်မြောက်ခဲ့၏။ အလားတူ ဗြိတိသျှတို့ ထိန်းချုပ်ထားရာ တောင်အာဖရိက ကိတ်တောင်းနှင့်



Copyright © 2026. Economic Education Program, Inya Economics.

မောရေးတီးရက်ကျွန်းမှ ကျွန်များလည်း လွတ်မြောက်ခဲ့၏။ ၁၈၃၀ ဝန်းကျင်တွင် လွတ်မြောက်ခဲ့သော ကျွန်အရေအတွက်မှာ ဗြိတိန်နိုင်ငံ (အိုင်ယာလန်၊ ဝေးလ်နှင့် အင်္ဂလန်နှင့် စကော့တလန်) ၏လူဦးရေ ၂၄သန်းနှင့် ယှဉ်လျှင် သုံးရာခိုင်နှုန်းသာရှိ၏။ သို့သော် ထို သုံးရာခိုင်နှုန်း သော လူဦးရေအား ကျွန်ပြုထားသော လုပ်ငန်းရှင် လေးထောင်အတွက် နစ်နာကြေးခံစားမှုများကို ကိုးဆယ်ရာခိုင်နှုန်းသော ဗြိတိသျှနိုင်ငံသားတို့က နှစ်ပေါင်းများစွာ အခွန်အတုတ်များမှ တစ်ဆင့် ပေးဆပ်ခဲ့ရသည်။ တစ်နည်းအားဖြင့် ဗြိတိသျှအစိုးရမှာ ၎င်းတို့ အင်ပါယာ ဆက်လက်ခိုင်မြဲရေး အတွက် လူများစု၏ ကြွယ်ဝချမ်းသာမှုကို လူနည်းစုထံသို့ လွှဲပြောင်းစေရန် ဝန်မလေးခဲ့ချေ။

ကျွန်ပိုင်ရှင် လူနည်းစုကို နစ်နာကြေးအများအပြား ချီးမြှင့်သည့် ပါလီမန် ဆုံးဖြတ်ချက် နောက်တွင် နိုင်ငံရေးအကြောင်းအရင်းများရှိ၏။ ပထမမှာ ထိုစဉ်က ကျေးကျွန်တို့မှာ တည်ဆဲဥပဒေ များအရ ပုဂ္ဂလိကပိုင်ဆိုင်မှု (Property) ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ အစိုးရက နိုင်ငံရေးအာဏာကို သုံး၍ နိုင်ငံသား၏ ပုဂ္ဂလိကပိုင်ဆိုင်မှုကို သိမ်းပိုက်ခြင်းမှာ ဗြိတိသျှနိုင်ငံရေးအစဉ်အလာအရ လက်ခံ နိုင်စရာမရှိကြောင်းကို ထိုခေတ် အုပ်ချုပ်သူလူ တန်းစားများ ကော၊ ကျွန်ဖြတ်သိမ်းရေး ကမကထပြုသူ များကပါ တညီတညွတ် လက်ခံထား၏။ ဒုတိယမှာ အုပ်ချုပ်သူလူတန်းစားများ ကိုယ်တိုင်ကိုယ်က ကျွန်ပိုင်ရှင် (သို့) ကျွန်ပိုင်ရှင်တို့၏ အထောက်အပံ့ မကင်းသူများ ဖြစ်ခြင်းကြောင့်ဖြစ်၏။ တတိယမှာ အကယ်၍ ကျွန်စနစ်ကို နစ်နာကြေးမပေးစေပဲ ဖျက်သိမ်းမည်ဆိုလျှင် ယခင်က ကျွန်ပိုင်ဖူးသော (ကျွန်စနစ်မှ အမြတ်အစွန်း မြောက်များစွာ ရရှိပြီးနောက်မှ ကျွန်သုံးလုပ်ငန်းများကို ဆက်မလုပ်တော့သော (သို့) ယင်းလုပ်ငန်းများကို တခြားသော အိမ်ခြံမြေ တို့နှင့် ဝယ်ရောင်းလုပ်လိုက်သော) သူဌေးသူကြွယ် များထက် လက်ရှိ ကျွန်လုပ်ငန်းများကို လုပ်ကိုင်နေသော လုပ်ငန်းရှင်တို့က များစွာ နစ်နာသည်ဟူသော စဉ်းစားချက်ဖြစ်သည်။ ထို့အပြင် ထိုခေတ်က လွတ်လပ်သော ဈေးကွက် စီးပွားရေးကို ထောက်ခံသည့် လစ်ဘရယ် နိုင်ငံရေးဂုရု အများစုမှာလည်း ပုဂ္ဂလိကပိုင်ဆိုင်မှုကို အတင်းအဓမ္မ ဖျက်သိမ်း စေခြင်းမှာ မတရားမှုဟု ကန့်ကွက်ရေးသားခဲ့၏။ ထို့ကြောင့် ကျွန်စနစ်အား ဖြတ်သိမ်းရာဝယ် လူကိုလူခြင်း ကျွန်ပြုသည်မှာ အကျည်းတန်သည်ဟူသော ကိုယ်ကျင့်တရားနှင့် ဘာသာရေးဆိုင်ရာ စဉ်းစားချက်ထက် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အခြေခံသော စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ စဉ်းစားချက်က ပိုမို အခရာကျခဲ့၏။ (သမ္မာကျမ်းစာအရ ခရစ်ယာန်ဘာသာရေး အဆုံးအမများကြောင့် ခေတ်ဟောင်း ကျေးကျွန်စနစ် ချုပ်ငြိမ်းခဲ့သည်ဟု ဆိုကြသော်လည်း လက်တွေ့တွင် ခုနစ်ရာစုအထိ ဘုန်းတော်ကြီးများကိုယ်တိုင် သာသနာပိုင်ကျွန်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချခဲ့၏။) အေဒီ ၁၀၀၀ ဝန်းကျင်တွင်မှ ခရစ်ယာန် ဥရောပနိုင်ငံများတွင် ကျေးကျွန်တို့မှာ လုံးလုံးလျားလျား ပပျောက်ပြီး အခိုင်းအစေ အဆင့် ဖြစ် လာ၏။ တဖန် အခိုင်းအစေစနစ် ပပျောက်ရန် နောက်ထပ် ရာစုနှစ်ပေါင်းများစွာ ကြာ၍ ၁၉ ရာစု အကုန်၊ အောသိုဒေါ့ ရုရှားတွင် ပြုပြင်ပြောင်းလဲရေး ပြီးသည့်အခါမှသာ လူတစ်ဦးမှ တစ်ဦး အတင်းအဓမ္မ ခိုင်းစေသော စနစ် ခရစ်ယာန်ဥရောပတွင် လုံးလုံးချုပ်ငြိမ်းသွား၏။ အတွေးအခေါ်အရလည်း ခေတ်ဟောင်း ရောမနှင့် ဂရိမှသည် ဂျာမန် ဘာသာရေးဂိုဏ်းအထိ အသိဉာဏ်မြင့်မားသော လူတန်းစားတို့ နိုင်ငံရေးနှင့်

Copyright © 2026. Economic Education Program, Inya Economics.

စီးပွားရေးလုပ်ငန်းများတွင် ပိုမိုလွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ရန် အတွက် ကျေးကျွန်လူတန်းစားမှာ မဖြစ်မနေလိုအပ်သည်ဟူသော အယူအဆကို လက်ခံခဲ့၏။




**ဗြိတိသျှပိုင် အနောက်အိန္ဒိယကျွန်းများ** (အင်္ဂလိပ်တို့မှာ ထိုကျွန်းများကို ပထမကမ္ဘာစစ်မစမီကာလ အထိ ကိုလိုနီပြုခဲ့၏။ ဂျာမေကာ၊ တရီနီဒတ်၊ တိုဘာဂို၊ ဂါရာနာနှင့် ဘဟားမားစ်ကျွန်းစုများတွင် ကျွန်တို့၏ လုပ်အားဖြင့် ဝါဂွမ်း၊ သကြားနှင့် ဆေးရွက်ကြီးလုပ်ငန်းများ ထွန်းကားခဲ့၏။)

မည်သို့ပင်ဆိုစေ ၁၈၃၀ ဝန်းကျင်တွင် ဗြိတိန်သည် ကျွန်စနစ်ကို ပထမဦးဆုံးအကြိမ် ဖြတ်သိမ်းခဲ့သော အင်အားကြီး နိုင်ငံဖြစ်လာ၏။ ဤသည်မှာလည်း တရားမျှတမှုထက် စီးပွားရေးနှင့် နိုင်ငံရေး အရ တွက်ချက်မှုဖြစ်၏။ ကျွန်စနစ်အား ဖြတ်သိမ်း၍ နစ်နာကြေးအဖြစ် ဗြိတိသျှနိုင်ငံသားတို့ ပေးဆောင်ခဲ့ ရသော အခွန်များမှာ အကယ်၍ ကျွန်စနစ်အား ဆက်လက် ကျင့်သုံးလျှင် အတ္တလန်တိတ် တစ်ဖက်တွင် ပေါ်ပေါက် လာမည့် တော်လှန်ရေးများကို နှိမ်နင်းရန်အတွက် စစ်စရိတ်နှင့် ယှဉ်လျှင် များစွာ နည်းပါး၏။ တစ်ဖန် အရှိန်အဟုန်ရနေပြီဖြစ်သော စက်မှုလုပ်ငန်းရှင် များကလည်း လုပ်အားလိုအပ်ချက် အတွက် ကျွန်စနစ် ဖြတ်သိမ်းရေးကို မတုံ့မဆိုင်းထောက်ခံခဲ့၏။ ကျေးကျွန် အခြေခံသော စိုက်ပျိုးရေးလုပ်ငန်းများ၏ အမြတ်များ

Copyright © 2026. Economic Education Program, Inya Economics.

နှစ်စဉ် လျော့နည်းလာသည်ကို သုံးသပ်မိသော ကျွန်ပိုင်ရှင် များမှာလည်း အစိုးရက ချီးမြှင့်သော နစ်နာကြေးတနင့်တပိုးကို အသာတကြည် လက်ခံပြီး ၄င်းတို့ပိုင် ကျွန်စနစ်ကို စွန့်လွှတ်ခဲ့၏။ **လက်တစ်ဆုပ်စာ လူနည်းစု၏ ဆွေစဉ်မျိုးဆက် ကြွယ်ဝချမ်းသာမှုအတွက် သာမန်အခွန်ထမ်း အများစုက ပေးဆပ် ခဲ့ရသည်မှာ ခေတ်၏ မညီမျှသော နိုင်ငံရေး စနစ်ကို ထင်ဟပ်စေ၏။**

## ပြင်သစ်၏ နှစ်ခါပြန် ကျွန်စနစ်ဖြတ်သိမ်းရေး (၁၇၉၄ နှင့် ၁၈၄၈)

ပြင်သစ်နိုင်ငံ၏ ကျွန်စနစ် ဖြတ်သိမ်းရေးမှာ အများနှင့်မတူ နှစ်ကြိမ်ဖြစ်ခဲ့၏။ ပထမအကြိမ် ကျွန်ဖြတ်သိမ်းရေး မှာ ပြင်သစ်တော်လှန်ရေးအပြီး ပေါ်ထွက်လာသော အမျိုးသားလွှတ်တော် (ကွန်ဗင်းရှင်း) လက်ထက်တွင် ဖြစ်၏။ ပြင်သစ်အရေးတော်ပုံ ပေါ်ပေါက်ပြီး နိုင်ငံရေး ရှုပ်ထွေးနေသော ကာလကို အခွင့်ကောင်းယူကာ စိန့်ဒေါမင်ကျွန်း (ဟေတီ) ရှိ ကျွန်လူမည်းများက တော်လှန်ရေးတစ်ရပ် ဆင်နွှဲကာ လွတ်လပ်ရေး ကြေညာနိုင်ခဲ့ ၏။ လူလူချင်းတန်းတူညီမျှရေး ဟု ကြွေးကြော်ခဲ့သော ပြင်သစ်နိုင်ငံရေးသမားများကိုယ်တိုင် နောက်ထပ် ကိုလိုနီနယ်များ မဆုံးရှုံးရလေအောင် မတတ်သာသည့်အဆုံးတွင် ကျွန်စနစ်ကို ဖြတ်သိမ်းပေးခဲ့ရ၏။ သို့သော် ပြင်သစ်တော်လှန်ရေး အဆုံးတွင် နပိုလီယံ အာဏာရ လာသောအခါ ကျွန်စနစ်ကို ဆက်လက် ကျင့်သုံးစေခဲ့၏။ ၁၈၃၈တွင် ပြင်သစ်ပဒေသရာဇ်စနစ် ချုပ်ငြိမ်း၍ ဒုတိယ သမ္မတနိုင်ငံ ပေါ်ပေါက်လာသည့်အခါတွင်မှ ကျွန်စနစ်ကို အပြီးအပိုင် ဖြတ်သိမ်းခဲ့၏။ ဟေတီတော်လှန်ရေး ပေါ်ပေါက်ပြီးနောက် ၁၉ရာစုအစတွင် မအောင်မြင်သော တော်လှန်ရေးများ အင်္ဂလိပ်ပိုင်ကျွန်းများတွင် ပေါ်ပေါက်ခဲ့၏။ ၁၈၁၅တွင် ဂီအာနာကျွန်း အုံကြွမှု၊ ၁၈၃၁တွင် ဂျာမေကာ၌ ခရစ်စမတ် တော်လှန်ရေးတို့ ပေါ်ပေါက်ခဲ့ရာ အင်္ဂလိပ်အစိုးရက ရက်ရက်စက်စက် နှိပ်ကွပ်သဖြင့် ကျွန်ပေါင်းထောင်ချီ သေဆုံးသောကြောင့် ကျွန်ဖြတ်သိမ်းရေးအတွက် လှုပ်ရှားမှုများမှာ ပိုမို ပြင်းထန်လာပြီး ၁၈၃၃တွင် ကျွန်ဖြတ်သိမ်းရေးဥပဒေ ပေါ်ပေါက်လာ၏။ ပြင်သစ်စီးပွားရေးအတွက် အလွန် အခရာကျသော ဂွာဒီလိုပေ ကျွန်းတွင် ၁၈၀၂ ၌ ဆူပူပုံကြွမှုကြီး ပေါ်ပေါက်ခဲ့ရာ ပြင်သစ်အစိုးရက ပြင်းပြင်း ထန်ထန် နှိပ်ကွပ်ခဲ့ပြီး ပုန်ကန်သူ တစ်သောင်း (ကျွန်းလူဦးရေ၏ ဆယ်ပုံတစ်ပုံ) အနက် အချို့တဝက်မှာ ကွပ်မြတ်ခံရပြီး ကျန်ပုန်ကန်သူများမှာ အခြားကိုလိုနီနယ်များထံသို့ ရွှေ့ပြောင်းခံရ၏။ ကျွန်းရှိ လုပ်အား ဆယ်ပုံတစ်ပုံခန့် လျော့ကျသွားသဖြင့် ပြင်သစ်ပိုင် သကြားလုပ်ငန်းများမှာ အမြတ်အစွန်း လျော့နည်းသွားရာ နပိုလီယံက ကျွန်စနစ်ကို ပြန်လည်အသက်သွင်းရန် ခွင့်ပြုခဲ့၏။

ဥရောပအင်အားကြီးနိုင်ငံများအနက် ပြင်သစ်မှာ ကိုလိုနီနယ်များတွင် ကျွန်လုပ်အားကို အများဆုံး အသုံးချခဲ့သော နိုင်ငံ ဖြစ်၏။ ၁၇၈၀ ဝန်းကျင်တွင် အနောက်အိန္ဒိယနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ပြင်သစ်ပိုင် ကိုလိုနီကျွန်း များတွင် ကျွန်ပေါင်း ခုနှစ်သိန်းခန့် (ထိုစဉ်က ပြင်သစ်နိုင်ငံ လူဦးရေ ၂၈ သန်း၏ သုံးရာခိုင်နှုန်းခန့်) ရှိခဲ့၏။

Copyright © 2026. Economic Education Program, Inya Economics.


ဗြိတိသျှပိုင် ကိုလိုနီနယ်များတွင် ဒုတိယအများဆုံးအဖြစ် ကျွန်ခြောက်သိန်းခဲ့ရှိပြီး လွတ်လပ်ရေးရပြီးခါစ အမေရိကန် တောင်ပိုင်းတွင်မူ ကျွန်ပေါင်း ငါးသိန်းခန့်ရှိခဲ့၏။ ပြင်သစ်ပိုင်ကျွန်းများ အနက် မာတီနီ၊ ဂွာဒီလိုပေ နှင့် စိန့်ဒေါမင်ကျွန်းတို့မှာ ၁၈ ရာစု တစ်လျှောက် လုံးတွင် စီးပွားရေးအမြတ်အစွန်း အများဆုံးထွက်သော ကိုလိုနီနယ်များဖြစ်ပြီး သကြား၊ ကော်ဖီနှင့် ဝါဂွမ်းတို့ကို ကျွန်လုပ်အားဖြင့် အလျှံအပယ် ထုတ်လုပ်ခဲ့၏။ ၁၄၉၂ တွင် ကိုလံဘတ် ပထမဦးဆုံး ခြေချခဲ့သည့် ဟစ္စပန်နီအိုးလား ကျွန်း၏ အနောက်ဖက် အခြမ်းကို စိန့် ဒေါမင်အမည်ဖြင့် ပြင်သစ်တို့က ၁၆၂၆မှစ၍ ကျွန်ပြုခဲ့ချုပ်ခဲ့ပြီး အရှေ့ခြမ်းကိုမူ ကျူးဘား နှင့်တကွ စပိန်တို့က ခွဲဝေထိန်းချုပ်ခဲ့၏။ စပိန်တို့အုပ်ချုပ်ခဲ့သော ကျူးဘားတွင်မူ ၁၈၈၆ မှ ကျွန်စနစ်ကို တရားဝင် ဖြတ်သိမ်း၏။

ကမ္ဘာတစ်ဖက် အိန္ဒိယသမုဒ္ဒရာတွင်မူ ပြင်သစ်ပိုင် ကိုလိုနီကျွန်းကြီးနှစ်ခုရှိပြီး ကျွန်းကြီး အဲလ်ဒီဖရင့် မှာ ၁၈၁၅ နပိုလီယံ အရေးနိမ့်ပြီးနောက် မောရေးတီးယက်စ် အမည်ဖြင့် အင်္ဂလိပ်တို့က လက်လွှဲယူ သိမ်းပိုက်ခဲ့၏။ ကျွန်းငယ် ဘာဘွန်းကိုမူ ပြင်သစ်တော်လှန်ရေးကာလတွင် ရီယူနီယံ ဟု အမည်ပြောင်းကာ ယနေ့ခေတ်အထိ ပြင်သစ်ပိုင် ပင်လယ်ရပ်ခြားနယ်မြေ အဖြစ် တည်ရှိ၏။ ၁၇၈၀ ဝန်းကျင်တွင် ထိုကျွန်းနှစ်ခုရှိ စိုက်ပျိုးရေး လုပ်ငန်းများတွင် ကျွန် တစ်သိန်းခန့်၊ စိန့်ဒေါမင်ကျွန်း တွင် ကျွန်လေးသိန်းခွဲခန့်၊ ကျန် အနောက်အိန္ဒိယ ကျွန်းများတွင် ကျွန်တစ်သိန်းခွဲခန့်ဖြင့် ပြင်သစ် ထိန်းချုပ်ရာ ဒေသများတွင် စုစုပေါင်း ကျွန်ခုနစ်သိန်းခန့်ရှိခဲ့၏။

ပြင်သစ်တို့ ကျင့်သုံးခဲ့သော ကျွန်စနစ်တွင် သတိပြုစရာအချက်မှာ ကျွန်နှင့် အုပ်ချုပ်သူ လူဖြူတို့၏ လူဦးရေ အချိုး ဖြစ်သည်။ ၁၇၈၀ မှ ၁၈၃၀ ကာလအထိ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ကိုလိုနီပြုထားသော ကျွန်းများရှိ ကျွန်နှင့် ကျွန်မဟုတ်သူတို့၏ လူဦးရေအချိုးကို ပြန်လည် တွက်ချက်လျှင် ကျွန်ပမာဏမှာ ဂျာမေကာတွင် တစ်ကျွန်းလုံးရှိ လူဦးရေ ၏ ၈၄ ရာခိုင်နှုန်း (အင်္ဂလိပ်)၊ ဘာဘာဒိုတွင် ၈၀ ရာခိုင်နှုန်း (အင်္ဂလိပ်)၊ မာတီနီ တွင် ၈၅ ရာခိုင်နှုန်း (ပြင်သစ်)၊ ဂွာဒီလိုပေတွင် ၈၆ ရာခိုင်နှုန်း (ပြင်သစ်) တို့ရှိကာ အဆိုးဆုံးအနေဖြင့် ပြင်သစ်ပိုင် စိန့်ဒေါမင် (ဟေတီ) တွင် ၉၀ ရာခိုင်နှုန်းရှိ၏။ ကျွန်း၏ လူဦးရေ၏ ၉၀ ရာခိုင်နှုန်း (တခြား လူမည်းမဟုတ်သော အစေခံများကိုပါ ထည့်တွက်လျှင် ၉၅ ရာခိုင်နှုန်း) ခန့်မှာ ကျန် လူဖြူငါးခိုင်နှုန်း၏ အကျိုးစီးပွားအတွက် လုပ်အားကို ဆက်သခဲ့ရပြီး လူ့သမိုင်းတလျှောက် အဆိုးဝါးဆုံး လူလူချင်း ကျွန်ပြုမှုဖြစ်၏။ (ခေတ်ဟောင်း၌ ရောမအင်ပါယာနှင့် ဂရိမြို့ပြများတွင်ပင် ကျွန်လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ တဝက်ခန့်သာရှိခဲ့၏။) အင်္ဂလိပ် နှင့် ပြင်သစ် တို့လက်အောက်တွင် တစ်ကျွန်းလုံးနီးပါးရှိလူများကို ကျွန်ပြု အုပ်ချုပ်ခဲ့သည်မှာ သမိုင်းတွင် ငြင်းချက် ထုတ်စရာသော အမှန်တရားပင်ဖြစ်သည်။

Copyright © 2026. Economic Education Program, Inya Economics.

**Figure 6.1. Atlantic slave societies, 18th-19th societies**





**Interpretation**. Slaves made about one third of the popultion in south U.S. between 1800 and 1860. This proportion dropped from about 50% to less than 20% in Brasil from 1750 to 1850. It was higher than 80% in the slave islands of the British and French West Indies in 1780-1830, and exceeded 90% in Saint-Domingue (Haïti) in 1790. **Sources and series**: see piketty.pse.ens.fr/ideology.

**၁၈ရာစု နှင့် ၁၉ ရာစု၏ ကျေးကျွန် လူ့အဖွဲ့အစည်းများ၏ ကျွန်ပမာဏနှင့် စုစုပေါင်းလူဦးရေအချိုး။ ကာရေဘီယံဒေသရှိ အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ အနောက်အိန္ဒိယ ကိုလိုနီကျွန်းများတွင် ကျွန်စနစ်မှာ လူဦးရေ အချိုးနှင့်ယှဉ်လျှင် အဆိုးဆုံး ဖြစ်၏။** (ပုံ - piketty.pse.fr/ideology)

ကျွန်လူဦးရေနှင့် အုပ်ချုပ်သူ လူဖြူလူနည်းစုတို့အကြား လူဦးရေပမာဏ အဆမတန်ခြားနားလာသည့် အလျောက် ကျွန်တော်လှန်ရေးများ ပေါ်ပေါက်လာနိုင်ခြေမှာ မြင့်မားလာခဲ့၏။ စိန့်ဒေါမင်ကျွန်းတွင် ၁၈ ရာစု အလယ်တွင် ကျွန်ပေါင်း တစ်သိန်းနှစ်သောင်းခန့် (ကျွန်းလူဦးရေ၏ ၇၇ ရာခိုင်နှုန်းခန့်) ရှိရာမှ ၁၇၈၀ တွင် ကျွန်ပေါင်း လေးသိန်းခုနှစ်သောင်း (လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်) အထိ ရှိလာ၏။ ဤသို့ ကျွန်လူဦးရေ အဆမတန် တိုးပွားလာရခြင်းမှာ ပြင်သစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးအမြတ် တိုးပွားလာသည့် အလျောက် လုပ်အားလိုအပ်ချက်နှင့် သေဆုံးသွားသောကျွန်များကို ပြန်လည် ဖြည့်တင်းရန်အတွက် အဆမတန် ကျွန်တင်သွင်းမှုကြောင့် ဖြစ်၏။ အတ္တလန်တိတ်ဖြတ်ကျော် ကျွန် ကုန်သွယ်မှု အထွတ်အထိပ် ကာလ ၁၇၈၀ ဝန်းကျင်တွင် ပေါ့အာပရင့်မြို့ (ယခု ဟေတီနိုင်ငံ၏ မြို့တော်) တွင် တစ်နှစ်ကို ပျမ်းမျှ အားဖြင့် လူမည်းကျွန်အသစ်ပေါင်း လေးသောင်းခန့် လုပ်ငန်းရှင် များထံတွင် ရောင်းချခံခဲ့ရ၏။ ပြင်သစ် တော်လှန်ရေး ရောင်နီသမ်းချိန်ကာလတွင် လူလူချင်း ကျွန်ပြု အမြတ် ထုတ်သော စီးပွားရေးစနစ် အကျယ်ပြန့်ဆုံး ဖြစ်ခဲ့သည်မှာ သမိုင်း၏ ပြက်လုံးတစ်ခုဟုပင် ဆိုနိုင်၏။ ၁၇၉၀ ဝန်းကျင်မှ စ၍ စိန့်ဒေါမင်ရှိ ကျွန်မဟုတ်သော လူမည်းများမှာ ပါရီရှိပြင်သစ် တို့နှင့် တန်းတူ နိုင်ငံသားအခွင့်အရေးများပေးရန် တောင်းဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ၁၇၉၁ ဩဂုတ်တွင် ကျွန်းရှိ တောင်တန်းများတွင် နှစ်ပေါင်းများစွာ ခိုလှုံနေသော ကျွန်ပြေးများမှ ပြင်သစ်တို့အား စတင်တိုက်ခိုက်ခဲ့ရာမှ ဟေတီတော်လှန်ရေး စတင်ခဲ့၏။ ပြင်သစ်မှ စစ်ကူ အချို့တဝက် ရောက်ရှိလာ

Copyright © 2026. Economic Education Program, Inya Economics.

ခဲ့သော်လည်း ကျွန်အများအပြားမှာ စိုက်ပျိုးရေး လုပ်ငန်းများကို လျှင်မြန်စွာ သိမ်းပိုက်လိုက်ပြီး ပြင်သစ် လုပ်ငန်းရှင်များ ဒရောသောပါး ထွက်ပြေးခဲ့ရ၏။ လူမည်း ခေါင်းဆောင်များနှင့် ညှိနှိုင်းရန် ပါရီမှ စေလွှတ်လိုက်သော ကော်မရှင်နာနှင့် အဖွဲ့မှာ မတတ်သာသည့် အဆုံး ၁၇၉၃ ဩဂုတ် တွင် စိန့်ဒေါမင်ကျွန်းပေါ် ရှိ ကျွန်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ရ၏။ နောက်လအနည်းငယ် အကြာ ၁၇၉၄ ဖေဖော်ဝါရီတွင် ပြင်သစ်တော်လှန်ရေးအစိုးရက ကိုလိုနီနယ်များရှိ ကျွန်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်၏။ (ဤအချက်မှာ ပြင်သစ်တော်လှန်ရေးအစိုးရအတွက် အတွေးအခေါ်အရ အောင်မြင်မှုတစ်ရပ်ဖြစ်၏။) သို့သော် ၁၈၀၂ တွင် ဟေတီမှအပ ကျန်ပြင်သစ်ကိုလိုနီနယ်များရှိ ကျွန်များ မလွတ်မြောက်ခင် တော်လှန်ရေးအစိုးရ ပြုတ်ကျပြီး နပိုလီယံ အာဏာရလာသောအခါ ကျွန်စနစ်ကို ပြန်လည်အသက်သွင်းခဲ့၏။ ၁၈၀၄တွင် ဟေတီရှိ လူမည်းများက လွတ်လပ်ရေး ကြေညာခဲ့သော်လည်း ဒသမမြောက်ချားလ်ဘုရင်လက်ထက် ၁၈၂၅ တွင်မှ ပြင်သစ် အစိုးရက ဟေတီ လွတ်လပ်ရေးကို တရားဝင် အသိအမှတ်ပြုခဲ့၏။ ပဒေသရာဇ်စနစ် ပျက်သုဉ်းချိန် ၁၈၄၈ ၌ တကျော့ပြန် ကျွန်ဖြတ်သိမ်းရေး ဆောင်ရွက် သောအခါတွင်မှ ပြင်သစ်ကိုလိုနီနယ်များရှိ ကျွန်များ အားလုံး အပြီးသတ် လွတ်မြောက်ခဲ့၏။




**၁၈ ရာစုတွင် စိန့်ဒေါမင်ကျွန်း (ဟေတီ) ရှိ ကျွန်နှင့် ကျွန်မဟုတ်သူတို့၏ လူဦးရေတိုးပွားနှုန်း နှိုင်းယှဉ်ချက်**

(ပုံ - piketty.pse.fr/ideology)

**(ဆက်လက်ဖော်ပြပါမည်။)**

ပြင်သစ် ဘောဂဗေဒပညာရှင် Thomas Piketty ၏ Capital and Ideology (2020) မှ ဘာသာပြန်၍ ထုတ်နှုတ် ဖော်ပြပါသည်။

Copyright © 2026. Economic Education Program, Inya Economics.

**ဘောဂဗေဒစာပေ စာရေးဆရာ(လောင်း)အပေါင်းတို့ခင်ဗျာ**

တိုင်းပြည်တိုးတက်ရေးအတွက် ဘောဂဗေဒစာပေလိုအပ်တယ်ဆိုတာ ငြင်းမရပါဘူး။ ဘောဂဗေဒစာပေ အခိုင်အခံ့ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းကြိုးပမ်းလို့ ရတာ မဟုတ်လို့ ဘောဂဗေဒကို ချစ်မြတ်နိုးတဲ့ ဘောဂဗေဒစာပေ ရေးသားချင်သူများအနေနဲ့ စာမူများရေးသားပေးပို့နိုင်ပါတယ်ခင်ဗျာ။ မူရင်းစာရေးသူများရဲ့ အာဘော် မချွတ်ယွင်းစေဘဲ တည်းဖြတ်မှု အနည်းငယ် ရှိနိုင်ပြီး ဘောဂဗေဒပညာရေးနဲ့ ဘောဂဗေဒအတွေးအခေါ်ဝေဖန်ဆန်းစစ်ရေးကို အထောက်အကူပြုတဲ့ ဆောင်းပါး သို့မဟုတ် စာပေလက်ရာ တိုင်းကို ကျနော်တို့ ကြိုဆိုပါတယ်။

Thanhtunsoe.ie.mm@gmail.com ကို စာမူများ ရေးသားပေးပို့နိုင်ပါတယ်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2026. Economic Education Program, Inya Economics.